


ဇာတ်နိပါတ်တော်လာ

# ဆင်ဖြူတော်များ

ဦးညွန့်မောင် (ဓမ္မာစရိယ၊ B.A., R.L)



ဇာတ်နိပါတ်တော်လာ

ဇာတ်နိပါတ်တော်လာ

# ဆင်ဖြူတော်များ

ဦးညွှန့်မောင်

မဟာစရိယ၊ **BA,RL**

သာသနာ-၂၅၄၇;-    ကောဇာ-၁၃၆၅    ခရစ်-၂၀၀၃

၂၆၀၃၂

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
ညွှန်ကြားရေးမှူး ဦးညွန့်မောင်
(မှတ်ပုံတင်အမှတ်-၀၃၈၄၃/၀၂၄၀၅) က
ပုံနှိပ်ထုတ်ဝေသည်။

၁၂-၂-၂၀၀၃ နေ့တွင်

# "ရတီမာလာ" ရတနာဆင်ဖြူတော် အား

## ရိက္ခာတော် ပေးအပ်လှူဒါန်းခြင်း

### အခမ်းအနား



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် (ယခုနိုင်ငံတော်ဝန်ကြီးချုပ်)
နှင့် အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ
သူဌေးသူကြွယ်မောင်နှံစုံများ မှတ်တမ်းတင်ဓာတ်ပုံ

“ရာဇဂဟသိရီပစ္စယဂဇရာဇာ” ရတနာဆင်ဖြူတော်အား
ရိက္ခာတော်ပေးအပ်ခြင်း (၁၉-၄-၂၀၀၂)



“သိင်္ဂီမာလာ” ရတနာဆင်ဖြူတော်အား ရိက္ခာတော်ပေးအပ်ခြင်း (၂၁-၇-၂၀၀၂)



ဦးစိန်လှဝင်း – ဒေါ်ဖြူဖြူခင် သူဌေးသူကြွယ်ဇနီးမောင်နှံ

# ဓာတ်ပုံပါတ်တော်လာ ဆင်ဖြူတော်များနှင့်
# အရှင်နာဂသိန်ပုံပြဆေးအဘိန်ခါန်မှ
# ဆင်အကြောင်း
# သိကောင်းဖွယ်ရာများ

## မာတိကာ

(အပိုင်း-၁)


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | စာရေးသူ၏ရှေးဦးစကား | က |
| ၂။ | အိန္ဒိယသစ်တောမှတွေ့ရသော ဂန္ဓဆင်ဖြူတော် | ၁ |
| ၃။ | ကောင်းကင်၌ပျံနိုင်သော ဆင်ဖြူတော် | ၁၂ |
| ၄။ | မိခင်ကိုလုပ်ကျွေးသော ဆင်ဖြူတော် | ၁၇ |
| ၅။ | ဆင်ဖြူတော် ဆဒ္ဒန်ဆင်မင်း | ၂၄ |
| ၆။ | ဆင်ဖြူတော် သီလဝဆင်မင်း | ၄၇ |
| ၇။ | စကြဝတေးမင်း၏ဆင်ဖြူတော်ရတနာ | ၅၃ |
| ၈။ | ဝေဿန္တရာမင်း၏ဆင်ဖြူတော် | ၅၅ |
| ၉။ | နိဂုံး | ၅၉ |
| | (အပိုင်း-၂) | |
| ၁၀။ | မြန်မာနိုင်ငံတွင် ခွဲခြားလေ့ရှိသော ဆင်လေးမျိုး | ၇၃ |
| ၁၁။ | ဆင်နှင့်ဒုမင်္ဂလ | ၈၃ |
| ၁၂။ | မင်္ဂလာဆင်ဖြူတော် အတ္ထုပ္ပတ် | ၁၀၄ |
| ၁၃။ | ဆင်ဖြူတော်ကား အလွန်ရှား၏ | ၁၀၅ |
| ၁၄။ | ဆင်ဖြူတော်နှင့်မြန်မာ့ယဉ်ကျေးမှု | ၁၁၁ |

# ဇာတ်နိပါတ်တော်လာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၅။ | ကုန်းဘောင်ဆက် ဘိုးတော်ဘုရားနှင့်ဆင်ဖြူတော် | ၁၁၃ |
| ၁၆။ | ဆင်ဖြူအရှင်ရအောင် မည်သို့ဖမ်းမည်နည်း | ၁၁၈ |
| ၁၇။ | တွင်းသင်းမင်းကြီး မဟာစည်သူလျှောက်တင်ချက် | ၁၃၀ |
| ၁၈။ | ဆင်ဖြူတော်ကို သကြီးခေါ်ခြင်း | ၁၃၃ |
| ၁၉။ | ဆင်ဖြူတော်ကို မင်းတရားကြီး ဘိသိက်သွန်းခြင်း | ၁၃၆ |
| ၂၀။ | ဆင်မင်း၏ သဘာဝနှင့်အစားအသောက် | ၁၄၀ |
| ၂၁။ | ဆင်မင်းကောင်းမှုအုဌ်တံတား | ၁၄၂ |
| ၂၂။ | ဆင်မင်းငွေနှင့် စစ်လျော်ကြေး | ၁၄၃ |
| ၂၃။ | ကြိုတင်၍ သိနိုင်သော ဆင်မင်း | ၁၄၄ |
| ၂၄။ | ဆင်မင်းကြီးတောသို့ဝင်ခြင်း | ၁၄၅ |
| ၂၅။ | ဆင်ဖြူတော် ကံကုန်ခြင်း | ၁၄၆ |
| ၂၆။ | သီပေါမင်း၏ ဆင်ဖြူတော် | ၁၅၀ |
| ၂၇။ | ဆင်ဖြူတော်ကို သတ်ပစ်ခြင်း | ၁၅၅ |
| ၂၈။ | ကျမ်းထွက်ဆင်နှင့်ဆင်ဖြူတော် | ၁၅၇ |
| ၂၉။ | ဆင်ဖြူတော်ပေါင်းချုပ် | ၁၅၈ |
| ၃၀။ | ဆင်ဖြူတော်၏ လက္ခဏာ | ၁၆၀ |
| ၃၁။ | ပြက်ရယ်မပြုသင့် | ၁၆၁ |
| ၃၂။ | တောဆင်ရိုင်းနှင့်ဆင်ဖြူ | ၁၆၃ |
| ၃၃။ | စကြာမင်း၏ ဆင်ဖြူရတနာ | ၁၆၄ |
| ၃၄။ | ပါဠိတ်ပါဠိတော်လာစစ်တပ်ဖွဲ့ပုံ | ၁၆၆ |
| ၃၅။ | ဆင်လိမ္မာဗကမတ် | ၁၆၉ |

ဆင်ဖြူတော်များ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၆။ | ရေဆင် | ၁၇၅ |
| ၃၇။ | ရေဆင်ကျက်စားရာအရပ် | ၁၇၆ |
| ၃၈။ | ရေဆင်၏ ထူးခြားချက် | ၁၇၇ |
| ၃၉။ | ရေဆင်၏သတ္တိ | ၁၈၂ |
| ၄၀။ | သဘာဝ၏ ဆန်းကြယ်မှု | ၁၈၄ |
| ၄၁။ | ဆင်ဖြူဝပ်ရာ၌ စေတီတည်ထားခြင်း | ၁၈၅ |
| ၄၂။ | ပိဋကတ်တော်များကို ဆင်ဖြူနှင့်တင်ယူခြင်း | ၁၈၈ |
| ၄၃။ | သီဟိုဠ်ကျွန်းနှင့် ဆင်ဖြူတော် | ၁၉၈ |
| ၄၄။ | ရတနာစေတီဆင်များရှင်ဘုရား | ၁၉၂ |
| ၄၅။ | ဆင်ဥပမာဒေသနာတော်များ | ၁၉၆ |
| ၄၆။ | ယောကျ်ားမိန်းမတို့၏ အကျိုးပြုလက္ခဏာ | ၂၀၄ |
| ၄၇။ | ဆင်ဖြူတော်နှင့်စပ်လျဉ်းသော အိပ်မက်နှင့်အကျိုး | ၂၀၆ |
| ၄၈။ | ဆင်ပါသော မြို့ရွာရပ်ကွက် အမည်များ | ၂၀၈ |
| ၄၉။ | ဆင်မုန်ယိုခြင်းနှင့် မုန်အာသောက် | ၂၁၈ |
| ၅၀။ | တောဆင်နှင့်အိမ်ဆင် | ၂၂၃ |
| ၅၁။ | ဆင်စွယ်အကြောင်း | ၂၂၅ |
| ၅၂။ | ဆင်လိမ္မာဦးပေါ | ၂၃၀ |
| ၅၃။ | ဆင်နှင့်ပတ်သက်သော မြန်မာစကားပုံများ | ၂၃၆ |
| ၅၄။ | ဆင်ပါသော ဆေးပင်များ | ၂၃၉ |
| ၅၅။ | ဆီးရောဂါနိုင် ဆင်သိုဆေးနည်း | ၂၄၆ |
| ၅၆။ | ဆင်အကြောင်းအရာနိဂုံး | ၂၅၀ |

## "ရတီမာလာ" ရတနာဆင်ဖြူတော်အား ရိက္ခာတော်ပေးအပ်ခြင်း (၁၂-၂-၂၀၀၃)



ဦးထွန်းထွန်း - ဒေါ်ဝေဝေ သူဌေးသူကြွယ်ဇနီးမောင်နှံ



ဦးစိန်လှဝင်း - ဒေါ်ဖြူဖြူခင် သူဌေးသူကြွယ်ဇနီးမောင်နှံ

# စာရေးသူ၏ရှေးဦးစကား

ယခုအခါ မြန်မာနိုင်ငံတော်တွင် ဆင်ဖြူတော်ရတနာများ ဆက်ကာဆက်ကာ ပေါ်ထွက်လာလျက်ရှိရာ ကောင်းသော လက္ခဏာများ ဖြစ်ပါသည်။ ပထမရောက်ရှိလာသည့် ဆင်ဖြူတော်ကို အလုံဆိပ်ကမ်းမှ ကြိုဆိုရာတွင် မိမိတို့ပါဝင်ကြိုဆိုခဲ့ရသည့် အခါမှစ၍ ဆင်ဖြူတော်အကြောင်းကို စိတ်ဝင်စားမိပါသည်။ ဆင်ဖြူတော်နှင့်ပတ်သက်သည့် ဆောင်းပါးများကို သတင်းစာများ တွင် ဖတ်ရှုခဲ့ရပါသည်။ ထိုအချိန်မှစ၍ ဇာတ်နိပါတ်တော်များကို ဖတ်ရှုရာတွင် ဆင်ဖြူတော်အကြောင်းပါရှိလျှင် တေးမှတ်ခဲ့ပါ သည်။ ဇာတ်နိပါတ်တော်လာ ဆင်ဖြူတော်များ အကြောင်းကိုပင် စာအုပ် ပြုစုထုတ်ဝေရလျှင် ဆင်ဖြူတော် အကြောင်း လေ့လာ သူများအတွက် တစ်ဖက်တစ်လမ်းမှ အထောက် အကူဖြစ်လိမ့် မည်ဟု သဘောရရှိပါ၍ ရေးသား ထုတ်ဝေရခြင်း ဖြစ်ပါသည်။

ဆင်တို့သည် လူတို့နှင့်အလွန်နီးစပ်သော သတ္တဝါများဖြစ် ပါသည်။ လူတို့သင်ကြားသည့်အတိုင်း နားလည်တတ်မြောက်

လွယ်ပါသည်။ သစ်ဆွဲခြင်းအလုပ်တွင် ပါဝင်ဆောင်ရွက်နေသကဲ့သို့ ဆပ်ကပ်ပွဲပြသရာတွင် ထူးချွန်စွာ တင်ဆက်ပြသနိုင်သည်ကို အများတွေ့မြင်နေကြရသည်ပင် ဖြစ်ပါသည်။

ဆင်တို့သည် သခင်ကိုလည်း ခင်တတ်သည်၊ အပေါင်းအသင်းကိုလည်း ခင်မင်တတ်သည်။ အလီနစိတ္တဇာတ်တွင် ဆင်ဖြူတော်အား နေပြည်တော်သို့ခေါ်ဆောင်ရာတွင် မိမိအား ကျွေးမွေး ထားသော လက်သမားများ၊ ကစားဖော် ကလေးများကို ထိုက်သင့်သလို ချီးမြှောက်မှ နေပြည်တော်သို့ လိုက်ပါသွားသည်ကို တွေ့နိုင်သည်။ အဘိဏှဇာတ်တွင် မိမိ၏စားကြွင်းကို စားနေသော ခွေးနှင့်မခွဲနိုင်ဘဲရှိသည်ကို တွေ့နိုင်သည်။

ဆင်တို့သည် လူ၏စကားကိုနားလည်လွယ်သည်။ ကုသနာလိဇာတ်တွင် ဆင်ဖြူတော်အား သေကြောင်းကြံသည့် ဘုရင်၏အကြံကို သိစေရန် ဆင်ဆရာက နားအနီးကပ်၍ ပြောရာအကြောင်းစုံ သိရှိလေသည်။ ထို့အပြင် ဆင်တို့သည် ပတ်ဝန်းကျင်လူများ၏ အမူအကျင့်ကိုလည်း အတုခိုးတတ်သည်။ မဟိဋ္ဌာမုခဇာတ်တွင် သူခိုးများ တိုင်ပင်သည့် စကားကို ကြားနေရ၍ စိတ်ကြမ်းဝင်ကာ ဆင်ထိန်းကိုသတ်ကြောင်းတွေ့ရသည်။

များသောအားဖြင့် ဆင်တို့သည် လိမ္မာသည်၊ ကုသိုလ်တရားကိုဆည်းပူးတတ်သော အလေ့အကျင့်ရှိသည်။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည် ဆဒ္ဒန်အိုင်အနီးတွင် သီတင်းသုံးတော်မူကြပြီး ဆင်တို့၏ လုပ်ကြွေးပြုစုမှုကို ခံယူကြသည်။ ဤသာသနာတွင် ပထမဦးဆုံး ရဟန်းဖြစ်တော်မူသော အရှင်ကောဏ္ဍညသည်လည်း ထိုဆဒ္ဒန်အိုင်အနီးတွင် ဆင်တို့၏ လုပ်ကြွေးပြုစုခြင်းကို ခံယူတော်မူခဲ့ကြောင်း ပရိနိဗ္ဗာန် စံတော်မူသော အခါတွင်လည်း ဆင်တို့ကပင် သဂြိုဟ်ပူဇော်ခဲ့ကြောင်း တွေ့ရမည်ပင် ဖြစ်ပါသည်။ ထို့အပြင် မြတ်စွာဘုရားသခင်သည် ပါလိလေယျတောတွင် ဝါဆိုတော်မူသောအခါ ပါလိလေယျက ဆင်၏ ပြုစုလုပ်ကျွေးမှုကို ခံယူခဲ့သည်ကို တွေ့ရသည်။

ဝေဿန္တရာဇာတ်နှင့် ကုရုဓမ္မဇာတ်တို့တွင် ဆင်ဖြူတော်ရှိသည့်အရပ်၌ မိုးကောင်းစွာ ရွာသွန်း၍ အစာရေစာ ပေါများကြောင်း သိနိုင်သည်။ ဆင်ဖြူတော်ကို လှူဒါန်းမိ၍ ဝေဿန္တရာမင်းကို တိုင်းပြည်မှ နှင်ထုတ်ကြသည်မှာ ပြည်သူ အများသည် ဆင်ဖြူတော်ကို လွန်စွာ တန်ဖိုးထား၍ မြတ်နိုးလှသောကြောင့် ဖြစ်သည်။

## ဆင် (၁၀) မျိုး

မဇ္ဈိမနိကာယ်၊ သီဟနာဒသုတ် အဋ္ဌကထာတွင် ဆင်ဆယ်မျိုး ဖော်ပြထားပါသည်။ ဘုရားရှင်၏အားတော် (၁၀) ပါးကို ဖော်ပြသော အခြားကဋ္ဌကထာများ၌လည်း တွေ့နိုင်ပါသည်။ ယင်း (၁၀) မျိုးမှာ-

(၁) ကာလာဝကဆင်
(၂) ဂင်္ဂေယျဆင်
(၃) ပဏ္ဍရဆင်
(၄) တမ္ဗဆင်
(၅) ပိင်္ဂလဆင်
(၆) ဂန္ဓဆင်
(၇) မင်္ဂလဆင်
(၈) ဟေမဆင်
(၉) ဥပေါသထဆင်
(၁၀) ဆဒ္ဒန္တဆင် တို့ဖြစ်ပါသည်။

ကာလာဝကဆင်ဆိုသည်မှာ ပကတိဆင်၊ သာမန်ဆင်ကို ဆိုလိုပါသည်။ သာမန်ဆင် တစ်ကောင်သည် ပကတိ ယောကျ်ား (၁၀) ယောက်အားနှင့် ညီမျှသော အားရှိသည်ဟု ဆိုပါသည်။

ဂင်္ဂေယျဆင်သည် ကာလာဝကဆင် (၁၀) စီးအားရှိသည်။ ပဏ္ဍရဆင်သည် ဂင်္ဂေယျဆင် (၁၀) စီးအားရှိသည်။ တမ္ဗဆင်သည် ပဏ္ဍရဆင် (၁၀) စီးအားရှိသည်။ ပိင်္ဂလဆင်သည် တမ္ဗဆင်(၁၀) စီးအားရှိသည်။ ဂန္ဓဆင်သည် ပိင်္ဂလဆင် (၁၀) စီးအားရှိသည်။ မင်္ဂလဆင်သည် ဂန္ဓဆင် (၁၀) စီးအားရှိသည်။ ဟေမဆင်သည် မင်္ဂလဆင် (၁၀) စီးအားရှိသည်။ ဥပေါသတဆင်သည် ဟေမဆင် (၁၀) စီးအားရှိသည်။ ဆဒ္ဒန္တဆင်သည် ဥပေါသတ ဆင် (၁၀) စီးအားရှိသည်။ ဆင်ဆယ်မျိုးမှာ အားဆယ်ဆစီ ကွာခြားလျက်ရှိသည်။ မြတ်စွာဘုရား၏ အားတော်သည် ဆဒ္ဒန် ဆင် (၁၀) စီးအား ဆောင်နိုင်သဖြင့် ယောကျ်ားကုဋေ တစ်သောင်းအားနှင့် ညီမျှသည်ဟု ဆိုရပါသည်။ ဘုရားရှင်၏ ပကတိအားတော်ကို ဆိုခြင်းဖြစ်ပါသည်။ တန်ခိုးတော်အားကို ဆိုလိုခြင်းမဟုတ်ပါ။ ဘုရားမဖြစ်မီ အလောင်းတော်ဘဝ၌ပင် ပြည့်စုံကြောင်းကို ကျီးသဲလေးထပ်ဆရာတော်က စွယ်စုံကျော်ထင် ကျမ်း၌ "ပကတိဆတ်ဆတ်အားတော်မြတ်၊ ပေါင်းလတ်သချာ်၊ ဘယ်မျှနည်း" ဟူသော ကြည့်ကန်ရှင်ကြီး၏အမေးကို ဖြေဆိုရာ၌ ရှင်းလင်းထားလေသည်-

ဆဒ္ဒန်ဆင်မင်းကို အဆိပ်မြားဖြင့် ပစ်ခွင်းခဲ့သည့် သောနုတ္တိုရ်မုဆိုးသည် ဆင်ပြောင်ငါးစီးအားကို ဆောင်နိုင်သည် ဟု ဆိုပါသည်။ ဆင်ပြောင်ငါးစီးမှာ သာမန်ဆင်၊ ကာလာဝက အမျိုးအစား ဆင်ငါးစီးအားကိုဆောင်နိုင်ကြောင်း မှတ်ယူသင့် ပါသည်။ ဆဒ္ဒန်ဆင်မင်း၏အား နှင့်နှိုင်းဆလျှင် အလွန်ပင် ကွာ ခြားလျက်ရှိပေသည်။ ဆင်ပြောင် (၅) စီး အားကို ဆောင်နိုင် သည့် အမျိုးသမီးများလည်း ရှိခဲ့ဖူးပါသည်။ မဟာလတာ တန်ဆာ ကို ဆင်မြန်းရသော ကျောင်းအမကြီး ဝိသာခါသည် ဆင်ပြောင် ငါးစီးအားကို ဆောင်နိုင်ကြောင်း တွေ့နိုင်ပါသည်။

ဆင်တိုင်း ရတနာတန်းဝင် မဖြစ်သော်လည်း ရတနာ တန်းဝင် ဆင်များကိုလည်း တွေ့ရမည်ဖြစ်ပါသည်' စကြဝတေး မင်း၏ ရတနာခုနစ်ပါးတွင် ဆင်ရတနာသည် တစ်ပါးအပါ အဝင်ဖြစ်ပါသည်။ ဘုရင်မင်းမြတ်တို့သည် စီးတော်ဆင်ကို အဘိသိက်သွန်းကာ မင်္ဂလာဆင်အဖြစ် ပြုလုပ်ကြသည်။ ဆင်ဖြူ တော် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ လိမ္မာယဉ်ကျေး အောင် ဆုံးမသင်ကြားပြီး၍ မင်းစီးထိုက်သောဆင်ဖြစ်လျှင် အဘိသိက် သွန်း၍ မင်္ဂလာဆင်ပြုနိုင်သည်ကို တွေ့ရမည်ဖြစ် ပါသည်။

ဆင်တိုင်း အာဇာနည်မဖြစ်နိုင်သော်လည်း အာဇာနည်ဆင်များ ရှိကြောင်းကို တွေ့နိုင်ပါသည်။ အာဇာနည် လေးမျိုးရှိပါသည်။ ဆင်အာဇာနည်၊ မြင်းအာဇာနည်၊ နွားလားဥသဘ အာဇာနည်နှင့် လူယောကျ်ား အာဇာနည်တို့ ဖြစ်ပါသည်။ ဆင်အမျိုးအစား (၁၀) မျိုးအနက် နောက်ဆုံး (၂) မျိုးဖြစ်သည့် ဥပေါသကဆင်မျိုးနှင့် ဆဒ္ဒန်ဆင်မျိုး တို့သာလျှင် အာဇာနည်ဖြစ်နိုင်ကြောင်းကို ဖွင့်ဆိုကြပါသည်။

ဆင် (၁၀) မျိုးအနက် စကြဝတေးမင်း၏ ရတနာဆင်ဖြူတော်မှာ ဥပေါသသဆင်မျိုးဖြစ်ကြောင်း ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ဆဒ္ဒန်ဆင်သည် အားအကြီးဆုံးဖြစ်သော်လည်း စကြဝတေးမင်း၏ ဆင်ဖြူတော်ရတနာဖြစ်ကြောင်း ဖော်ပြခြင်းမပြုပါ။ ဆဒ္ဒန်ဆင်တို့သည် လူတို့နှင့်မနီးသည့် တောင်စင်ခုနစ်ထပ်ရံပတ်ထားသည့် ဆဒ္ဒန်အိုင်အနီးမှာသာ နေထိုင်ကြခြင်း၊ ဆင်မင်းအဖြစ် အစိုးတရ နေထိုင်ကြခြင်း၊ ခန္ဓာကိုယ်အလွန်ကြီးမားခြင်းတို့ကြောင့် လူမင်းတို့၏အသုံးအဆောင် မင်္ဂလာဆင် မပြုလုပ်ခြင်းဖြစ်သည်ဟု ယူဆမိပါသည်။

ဧရာဝဏ်ဆင်ကို အများကြားဖူးကြပေလိမ့်မည်။ ဧရာဝဏ်ဆင်မှာ တကယ့်ဆင်မဟုတ်ပေ။ သိကြားမင်း၏အသုံးအဆောင်အဖြစ် နတ်သားတစ်ဦး၏ဆင်အဖြစ် ဖန်ဆင်းသရုပ်

ဆောင်သော ဆင်ကြီးဖြစ်ပါသည်။ လက်သစ်တောင်တာဖြင့် တိုင်းဆခြင်းမပြုဘဲ ယူဇနာဖြင့် တိုင်းတာရသော ဧရာမဆင်ကြီး ဖြစ်ကြောင်း အလျှင်းသင့်၍ ဖော်ပြရပါသည်။

ဆင်ပျံခြင်းနှင့်ပတ်သက်၍ စဉ်းစားဖွယ်ရှိသည်မှာ ဆင်တွင်အတောင်ပါ၍ ပျံသည်ဟု ထင်စရာရှိပါသည်။ တောင်ပံပါသည့် အထောက်အထား မတွေ့ရပါ။ ပကတိ ခွန်အား (အတွင်းအား) ကြီးမားခြင်းကို အခြေခံ၍ ပျံသန်းနိုင်ခြင်း ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ဒုမ္မေဇာတ်လာ ဆင်ဖြူတော် အကြောင်းကို ဖတ်လျှင် ထင်ရှား ပါမည်။

ဆင်များ မုန်ယိုတတ်သည်မှာ တောင်လေလာသော အခါတွင် ဖြစ်တတ်ကြောင်း ကုန္ဒသမာနဂေါတ္တဇာတ်တွင် ဖော်ပြ ထားပါသည်။ ဆင်နှင့်ပတ်သက်၍ မှတ်သားဖွယ်ရာ များစွာပင် ရှိပါသော်လည်း ဤစာအုပ်တွင် "ဇာတ်နိပါတ်တော်လာ ဆင်ဖြူတော်များ" ဟု အမည်ပေးထားသည့်အတိုင်း ဆင်ဖြူတော် ပါရှိသော ဇာတ်တော်တို့ကိုသာ ရွေးနုတ်၍ တင်ပြလိုက်ခြင်း ဖြစ်ပါသည်။

အပိုင်း(၂)မှာ ဆရာတော်ဦးသဒ္ဓိယ က ဆင်-ဆိုင်ရာ ကျမ်းများမှ ကူးပေးသည့်အတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။ ပိုမို ပြည့်စုံစေရန် ဆရာတော်က ဖြည့်စွက်ပေးသဖြင့် ဆင်နှင့် ပတ်သက်သော ဗဟုသုတများ တိုးပွားရရှိနိုင်မည်ဟု ယုံကြည်မိ ပါသည်။


**ဦးညွန့်မောင်**

၁၂-၁၁-၂၀၀၂


# ကျေးဇူးတင်လွှာ

စာအုပ်ဖြစ်မြောက်ရေးအတွက် အားပေးချီးမြှောက်သည့်အပြင် စာအုပ်အပိုင်း(၂) စာမူကိုပါ ချီးမြှင့်သည့် ပုညနိမ္မိတာရုံ ရွှေသုဝဏ်ကျောင်း ဆရာတော် ဦးသဒ္ဒိယအား များစွာကျေးဇူးတင်ရှိ ပါကြောင်း ဦးစွာဖော်ပြအပ်ပါသည်။

ဇာတ်နိပါတ်တော်လာ ဆင်ဖြူတော်များ စာမူကြမ်းကို ဖတ်ရှုပေးသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီရုံး အကြံပေးပုဂ္ဂိုလ် ဦးအုံးမောင်အားလည်းကောင်း၊ ဆင်ဖြူတော်ခတ်ပုံ ရရှိရေးအတွက် အကူအညီပေးသော သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်ဆွေ အားလည်းကောင်း၊ စာအုပ်ဖြစ်မြောက်ရေးအတွက် ကူညီကြသော ဦးစိန်လှဝင်း (သီရိသုဓမ္မမဏိဇောတဓရ)၊ ဒေါ်ဖြူဖြူခင်စိန်နှင့်စန်းကုမ္ပဏီနှင့် ဦးထွန်းထွန်း (အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ)၊ ဒေါ်ဝေဝေ၊ သိရောမဏိကုမ္ပဏီ အားလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဖော်ပြ အပ်ပါသည်။



"ရာဇဂဟသိရီပစ္စယဂဇရာဇာ"
ရတနာဆင်ဖြူတော်



"ရတီမာလာ"
ရတနာဆင်ဖြူတော်



"သိင်္ဂီမာလာ"
ရတနာဆင်ဖြူတော်

ဇာတ်နိပါတ်တော်လာ

# ဆင်ဖြူတော်များ

## အပိုင်း–၁

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### ၁။ အိန္ဒိယသစ်တောမှတွေ့ရသောဂန္ဓဆင်ဖြူတော်

အလီနစိတ္တ ဇာတ်တော်လာ ဆင်ဖြူတော်အကြောင်းကို ဦးစွာ တင်ပြလိုပေသည်။ ဆင်ဖြူတော်ရရှိသည့်နေရာမှာ အိန္ဒိယပြည် ဗာရာဏသီမြို့၏ အထက်အညာဖြစ်သောသစ်တော အတွင်းမှ ရရှိခြင်းဖြစ်သည်။ ဆောက်လုပ်ရေးလုပ်သား များသည် သစ်တောအတွင်း သစ်များ ရှာဖွေ ခုတ်ထွင်ရာမှ ရရှိခဲ့ခြင်း ဖြစ်သည်။ ဆင်ဖြူတော်ကို တိုက်ရိုက်တွေ့ဆုံ ဖမ်းဆီးရရှိခြင်းကား မဟုတ်ပေ။

တစ်နေ့သောအခါတွင် ဆင်ကြီးတစ်ကောင်သည် တော တွင်း၌ ရှားငုတ်တို့ကို နင်းမိသဖြင့် ဆင်၏ခြေထောက်တွင် စူးဝင်၍ ဝေဒနာ ခံစားနေရသည်။ ဆင်ကြီးသည် သစ်ခုတ်သည့်

**ဆင်ဖြူတော် (၁)**

လက်သမားများ၏ သစ်ရွှေနေကြသည့် အသံကိုကြား၍ လက်သမားများထံ ခြေသုံးချောင်းထောက်ဖြင့် သွား၍ ဝပ်သည်။ လက်သမားများက ဆင်ခြေထောက်၌ စူးဝင်နေသောရှားငုတ်ကို ပဲခွပ်ဖြင့် အရစ်ပြုလုပ်ကာ ကြိုးဖြင့်ချည်၍ ဆွဲနုတ်ပေးကြသည်။ ပြည်ကို ညှစ်၍ ရေနွေးဖြင့်ဆေးကာ ဆေးကုပေးကြသဖြင့် သက်သာရာ ရရှိသွားသည်။

ဆင်တို့သည် ကျေးဇူးသိတတ်သော သတ္တဝါများ ဖြစ်ကြသည်။ မိမိအား ဆေးကုသပေးသော လက်သမားများအား ကျေးဇူးဆပ်သင့်သည်ဟုအကြံရသည့်အတိုင်း လက်သမားတို့၏ သစ်ထုတ်လုပ်ငန်းကို ကူညီဆောင်ရွက်ပေးသည်။ တဖြည်းဖြည်း လက်သမားများနှင့် ပိုမိုရင်းနှီးလာသည်။ လက်သမားငါးရာတို့သည် မိမိတို့စားသော ထမင်းမှ တစ်ဆုပ်စီစုဆောင်း၍ ဆင်အား ကျွေးမွေးကြသည်။ ဆင်ကြီးသည် အိုမင်းရင့်ရော်လာပြီဖြစ်၍ လက်သမားတို့၏ ကျေးဇူးကိုကြာရှည်စွာ လုပ်ကျွေး ပေးဆပ်နိုင်တော့မည်မဟုတ်သည်ကို သိသည်။ တောတွင်းမှာ ကျန်ရစ်ခဲ့သည့် မိမိ၏သားကို လက်သမားတို့အား ပေးအပ်၍ မိမိမှာ တောထဲမှာပင် နေတော့မည်ဟု အကြံရသဖြင့် လက်သမား တို့ကို အသိမပေးဘဲ တောထဲသို့ဝင်သွားလေသည်။

## လက်သမားများ ဆင်ဖြူတော်ရပြီ

ဆင်ကြီးခေါ်လာသော ဆင်ကြီး၏သား ဆင်ငယ်မှာ ဆင်ဖြူတော်အစစ်ပင်ဖြစ်သည်။ ဆင်ကြီးသည် မိမိ၏ကျေးဇူးရှင် လက်သမားတို့အား မိမိကိုယ်စား အလုပ်အကျွေးပြုရန် သားငယ်အား ပြောဆိုဆုံးမကာ လက်သမားတို့အား အပ်နှံ၍ တောတွင်းသို့ ဝင်သွားတော့သည်။ လက်သမားတို့သည် ဆင်ဖြူတော်အား ထမင်းဆုပ် ငါးရာတို့ဖြင့် နေ့စဉ် ကျွေးမွေးသည်။ ဆင်ဖြူတော်ကလည်း လက်သမားတို့ စကားကို နားထောင်ကာ ဆောင်ရွက်စရာရှိသည် များကို ဆောင်ရွက်ပေးသည်။ အလုပ်ပြီးဆုံးချိန်တွင် မြစ်သို့ဆင်း၍ ရေချိုးသည့်အခါ လက်သမားငါးရာတို့၏ သားငယ်များနှင့် ကစားကြသည်။ ကလေးတို့သဘာဝဆင်၏ နှာမောင်းစသည် တို့ကိုဖက်၍ ကစားကြသည်။ ကုန်းပေါ်တွင်လည်း ထိုကလေး ငယ်များနှင့် ကစားဖက်ဖြစ်၍ ရင်းနှီးကျွမ်းဝင်လျက်ရှိသည်။

## ဗာရာဏသီမင်း ဆင်ဖြူတော်ရရှိခြင်း

တစ်နေ့သောအခါတွင် ဗာရာဏသီမင်း၏ ဆင်ထိန်းတို့သည် ဆင်ငါးရာတို့ကို မြစ်၌ရေချိုးပေးရန် ခေါ်ဆောင်လာကြသည်။ ဆင်များသည် ခါတိုင်းရေချိုးနေကျ မြစ်အတွင်းသို့

မဆင်းရဲဘဲ ရှိနေကြသည်။ အမြီးကိုထောင်၍ပြေးဟန်ပြုနေကြသည်။ ဆင်ထိန်းတို့က ဆင်ဆရာအား အကြောင်းကြားသည်။ ဆင်ဆရာက " ရေ၌အန္တရာယ်တစ်စုံတစ်ခုရှိ၍ဖြစ်မည်" ဟု ယူဆသည်။ အန္တရာယ် ရှိ, မရှိ စစ်ဆေးစေသော် ခြုံတစ်ခု၌ အာဇာနည်ဆင်ချေးကို တွေ့ရသည်။ ဆင်များမဆင်းဝံ့သည့် အကြောင်းရင်းကို တွေ့ရပေပြီ။ ထိုအခါ အာဇာနည် ဆင်ချေးကိုရေ၌ဖျော်စေပြီး ရေအိုးများ၌ထည့်ကာ ဆင်ငါးရာတို့၏ ကိုယ်ပေါ်တွင် လောင်းချလိုက်ကြသည်။ ထိုအခါကျမှ ဆင်ငါးရာတို့သည် မြစ်အတွင်းသို့ဆင်း၍ ရေချိုးကြတော့သည်။

အာဇာနည်ပုဂ္ဂိုလ်များ ရေ၌ကျင်ကြီးကျင်ငယ်စွန့်ရိုးမရှိ

အာဇာနည်လူပုဂ္ဂိုလ်များ၊ ဆင်အာဇာနည်၊ မြင်းအာဇာနည်များသည် ရေ၌ကျင်ကြီးကျင်ငယ်စွန့်ရိုးထုံးစံမရှိပါ။ ယခု ရေ၌တွေ့ရသော ဆင်ဖြူတော်ချေးတုံးမှာ အထက်အညာတွင် မိုးသဲသဖြင့် မိုးရေဖြင့်မြစ်အတွင်း မျောပါလာသော ဆင်ဖြူတော်ချေးတုံးများသာဖြစ်ပါသည်။ ရိုးရိုးဆင်များသည် ဆင်ဖြူတော်၏ ချေးတုံးမျှကိုပင် ကြောက်ရွံ့လျှက်ရှိကြောင်း တွေ့နိုင်ပါသည်။

## ဗာရာဏသီမင်း ဆင်ဖြူတော်အရှာထွက်တော်မူခြင်း

ဆင်ဆရာတို့သည် ဆင်ငါးရာတို့ရှေ့၌ ရေချိုးမဆင်းပုံနှင့် အထက်အညာတွင် ဆင်ဖြူတော်ရှိကြောင်း သိနိုင်ပုံတို့ကို တင်လျှောက်ကြသည်။ မင်းကြီးသည် ကိုယ်တော်တိုင်ထွက်တော်မူ၍ မြစ်အညာသို့ဆန်ကာ ဆင်ဖြူတော်ကိုရှာလေသည်။ ဆင်ဖြူတော်ကလေးသည် မင်း၏စည်သံကို ကြား၍ လက်သမားများ ထံသွား၍နေသည်။ လက်သမားတို့သည် မင်းကြီးအား ခရီးဦးကြိုဆိုပြုလျက် ထွက်တော်မူလာခြင်း၏အကြောင်းကို မေးမြန်းလျှောက်တင်ကြသည်။ မင်းကြီးက ဆင်ဖြူတော်ကို အလိုရှိ၍ လာကြောင်း မိန့်ကြားသည့်အခါ လက်သမားတို့က မင်းကြီးအား ဆင်ဖြူတော်ကို ပေးအပ်ကြသည်။ ဆင်ဖြူတော်သည် မင်းကြီးထံ မလိုက်လိုကြောင်း သိရသည့်အခါ ဆင်ငယ်သည် အဘယ်ကိုပြုစေလိုသနည်းဟု ပညာရှိ အမတ်တို့အား မေးတော်မူသည်။ ဆင်ဖြူတော်သည် လက်သမားတို့အား မွေးကျေးဖူးဆပ်စေလိုကြောင်း လျှောက်တင်ကြသည်။ မင်းကြီးသည် ဆင်၏ခြေလေးချောင်း၊ နှာမောင်းနှင့် အမြီးတို့၏အနီး၌ အသပြာတစ်သိန်းစီ ထားစေသည်။ ဆင်ဖြူ တော်သည် ဤမျှသောဥစ္စာကို ထားကာမျှဖြင့်လည်း မလိုက်လိုသေးပေ။ ဆင်ဖြူတော်၏

ကစားဖော် ကလေးငယ်များကိုပါ ချီးမြှောက်မှ လိုက်လေသည်။ လိုက်ပင်လိုက်ငြားသော်လည်း လက်သမားများနှင့် ကစားဖော် ကလေးများကို လှည့်ကြည့် လှည့်ကြည့်ဖြင့် လိုက်ပါ သွားသည်မှာ လွမ်းမောဖွယ်ရာပင် ဖြစ်ပေသည်။

## မင်္ဂလာဆင်ဖြူတော်အား အဆွေခင်ပွန်းအရာထားခြင်း

ဆင်ဖြူတော်ကိုမြို့သို့ခေါ်ဆောင်လာသည့်အခါ မြို့ကိုလည်း တန်ဆာဆင်သည်။ ဆင်တင်းကုပ်ကိုလည်း တန်ဆာဆင်သည်။ ဆင်ဖြူတော်ကို ဆင်တင်းကုပ်သို့သွင်း၍ တန်ဆာဆင်ကာ အဘိသိက်သွန်းပြီး မင်္ဂလာဆင်ဖြူတော်ပြုလုပ်လေသည်။ ဆင်ဖြူတော်ကို မိမိ၏အဆွေခင်ပွန်းအရာထားလျက် ပြည်ထက်ဝက်ကို ပေး၍ချီးမြှောက်လေသည်။ ထိုဆင်ဖြူတော်ရောက်သည့်နေ့မှစ၍ ဘုန်းတန်ခိုး တိုးတက်ခဲ့သည်။

## ဗာရာဏသီမင်းနှင့် ကောသလမင်း စစ်ဖြစ်ခြင်း

ဆင်ဖြူတော်ရောက်ပြီးနောက် အချိန်ကြာသော ကာလတစ်နေ့တွင် ဗာရာဏသီမင်း နတ်ရွာစံလေသည်။ ဗာရာဏသီမင်း၏မိဖုရားတွင် သားတော်မရှိသေး၊ ကိုယ်ဝန်အရင့်အမာမူကားရှိလေသည်။ ဗာရာဏသီမင်း နတ်ရွာစံခြင်းကို ဖုံးအုပ်ထား

သည်။ ဆင်ဖြူတော်ကိုလည်း အသိမပေးသေးပေ။ ဆင်ဖြူတော်သည် မိမိ၏အဆွေခင်ပွန်းဖြစ်သော မင်းကြီး ကွယ်လွန်သည်ကို သိရပါက အကြီးအကျယ် စိတ်ဆင်းရဲရမည်ကိုလည်းကောင်း၊ တိုင်းပြည်မငြိမ်မသက်ဖြစ်မည်ကိုလည်းကောင်း စိုးရိမ်သဖြင့် ဖုံးဖိထားကြခြင်းဖြစ်သည်။

မည်သို့ပင် ဖုံးဖိထားစေကာမူ ကောသလမင်းသည် ဗာရာဏသီမင်း နတ်ရွာစံကြောင်းသိရှိသွားသည်။ ကောသလမင်းသည် ဗာရာဏသီမြို့ကို စစ်သည်ဗိုလ်ပါများစွာဖြင့် လာရောက်ဝန်းရံလေသည်။ ဗာရာဏသီမင်း၏ မိဘုရားနှင့် မှူးမတ်တို့ တိုင်ပင်၍ ဗာရာဏသီမြို့တံခါးကိုပိတ်ကာ ကောသလမင်းထံ အကြောင်းပြန်ကြသည်။ ခုနစ်ရက်ခန့် ဆိုင်းငံ့ပေးစေလိုကြောင်း၊ ခုနစ်ရက်မြောက်တွင် ဗာရာဏသီမင်း၏မိဘုရားဖွားမြင်သည့် အခါသားတော်မွေးဖွားပါက ငါတို့စစ်ထိုးမည် ဗာရာဏသီပြည်ကို မပေးနိုင်ကြောင်းပြောဆိုပြန်ကြားသည်ကို ကောသလမင်းက လက်ခံကာ ခုနစ်ရက်ဆိုင်ငံ့ခဲ့သည်။ မင်းသားကလေးဖွားမြင်သော နေ့တွင် ဗာရာဏသီမြို့သူမြို့သားတို့သည် ကောသလမင်းနှင့် စစ်ထိုးကြတော့သည်။ ဗာရာဏသီမှ စစ်သည်ဗိုလ်ပါ များပြားပါသော်လည်း အကြီးအမှူးမရှိသဖြင့် တွန့်ဆုတ်လျက်ရှိကြသည်။

ဗာရာဏသီမြို့သားများသည် စစ်ရှုံးမည်ကို စိုးရိမ်လာကြတော့သည်။

## မင်္ဂလာဆင်ဖြူတော်ကို အကြောင်းကြားပြီ

ဗာရာဏသီမင်း နတ်ရွာစံကြောင်းကို ဆင်ဖြူတော်အား စောစောပိုင်းက အသိမပေးဘဲ ထားခဲ့သည်။ ယခုအခါ မင်းသားကလေးလည်း ဖွားမြင်ပြီးဖြစ်သည်။ တိုင်းပြည်မှာလည်းအရေးကြုံလာပြီဖြစ်သည်။ မင်္ဂလာဆင်ဖြူတော်အား အကြောင်းကြားမှ သင့်မည်ဟု မိဖုရားအား လျှောက်တင်ကြရာ သဘောတူလေသည်။ ကလေးအရွယ်မင်းသားငယ်ကို အဆင်တန်ဆာများဝတ်ဆင်ပေးပြီး ဘွဲ့ဖြူပုဆိုးအခင်း၌ အိပ်စေ၍နန်းတော်ပြာသာဒ်မှဆင်းသက်ကာ အမတ်အပေါင်းခြံရံလျက် ဆင်ဖြူတော်တင်းကုပ်သို့ သွားကြသည်။ မင်္ဂလာဆင်ဖြူတော်အား ဤသို့အသိပေးကြသည်။ သင်၏အဆွေတော် မင်းကြီးသည် နတ်ရွာစံလေပြီ၊ သင်စိတ်မကောင်းဖြစ်မည်စိုး၍ ငါတို့မပြောခဲ့ခြင်းဖြစ်သည်။ ဤသူငယ်သည် သင့်အဆွေတော်၏သားဖြစ်သည်။ ကောသလမင်းသည် ဗာရာဏသီမြို့ကိုလာ၍ စစ်ထိုးနေလေပြီ။ ငါတို့၏ ရဲမက်ဗိုလ်ပါတို့မှာတွန့်ဆုတ်လျက်ရှိနေကြသည်။ အသင်စောင့်ရှောက်ပါလော့၊

ဤ သားငယ်အား မင်းအဖြစ်ကို ယူပေးပါလော့ဟု တိုက်တွန်း ပြောဆိုကြသည်။

ထိုအခါ ဆင်ဖြူတော်သည် မင်းသားကလေးကို နှာမောင်းဖြင့်သုံးသပ်သည်။ အထက်သို့ ပင့်ချီပြီး ဦးကင်းထိပ်၌ ထားကာ ငိုကြွေးသည်။ ထို့နောက် မင်းသားငယ်ကို မိဖုရား၏ လက်သို့ပြန်လည်အပ်သည်။ ကောသလမင်းကို ဖမ်းမည်ဟု ဆင်တင်းကုပ်မှထွက်သည်။ ထိုအခါ အမက်တို့သည် ဆင်ကို တန်ဆာဆင်ပေးသည်။ မြို့တံခါးကို ဖွင့်သည်။ စစ်သည်ဗိုလ်ပါ တို့သည် ဆင်ဖြူတော်ကို ခြံရံ၍ မြို့မှထွက်သည်။ မင်္ဂလာ ဆင်ဖြူတော်သည် မြို့မှထွက်မိသည့်အခါ ကြိုးကြာသံနှင့်တူသော ဟည်းသံကိုပြု၍ ရန်သူစစ်သည်များကို ထိတ်လန့်ကာ ပြေးစေ၍ ဗိုလ်ထုကို ဖျက်ဆီးပစ်လိုက်သည်။ ကောသလမင်းကို ဦးသျှောင်၌ ဆွဲ၍ ဆောင်ယူခဲ့သည်။ မင်းသားငယ်ကလေး၏ ခြေရင်း၌ ဝပ်နေစေသည်။ ကောသလမင်းကို သတ်မည်ဟု လာကြသော သူတို့ကို တားမြစ်သည်။ မင်းသားသည် ငယ်သေး၏ဟု အထင် သေးမှု မပြုလေနှင့်ဟု ဆုံးမကာကောသလမင်းကို လွှတ်လိုက် သည်။ ထို့နေ့မှစ၍ ဗာရာဏသီမင်းသားသည် ဇမ္ဗူကျွန်းအလုံးကို အုပ်စိုးရလေသည်။ မင်းသားငယ်သည် ခုနစ်နှစ်အရွယ်တွင်

အဘိသိက်သွန်း၍ အလီနစိတ္တမင်းဟု ထင်ရှားလေသည်။ ဖော်ပြပါဇာတ်လမ်းသည် နှစ်ပေါင်းမည်မျှ ကြာပြီကို မိမိတို့ဘာသာ ခန့်မှန်းရန်သာ ဖြစ်ပါသည်။ အလီနစိတ္တမင်းသည် ဂေါတမ ဘုရားအလောင်းပင် ဖြစ်သဖြင့် နှစ်တို့ဖြင့်ရေတွက် ခန့်မှန်းရန် မသင့်ဟုသာ ဆိုချင်ပါသည်။

## လူ့ဘဝနှင့် နီးစပ်ခြင်း

ဆင်တို့သည် လူတို့နှင့် နီးနီးစပ်စပ်ရှိသကဲ့သို့ လူဘဝနှင့် လည်း နီးစပ်ကြောင်း တွေ့ရသည်။ မြတ်စွာဘုရားရှင် ပလလည်း တော၌ ဝါကပ်သောအခါက ပလလည်းဆင်သည် မြတ်စွာဘုရား အား တစ်မိုးတွင်းလုံး ပြုစုလုပ်ကျွေးခဲ့သည်။ အရှင် ကောဏ္ဍည မထေရ်သည် ဆဒ္ဒန်အိုင်အနီးတွင် ၁၂- နှစ်တာ ကာလ နေခဲ့ရာ ဆင်များက ပြုစုလုပ်ကျွေးကြောင်း တွေ့ရသည်။ ယခုဖော်ပြခဲ့ သည့် အလီနစိတ္တဇာတ်တွင် ဆင်ဖြူတော် ဘခင် ဆင်ကြီးနှင့် ဆင်ဖြူတော်တို့သည် လက်သမားတို့အား အလုပ်အကျွေး ပြုခဲ့ကြ သည်။ ဤသည်မှာ လူတို့နှင့်နီးစပ်ကြောင်း သာဓကများပင် ဖြစ်ကြသည်။

ဆဒ္ဒန္တဇာတ်တွင် အစွယ်ကို ကိုယ်တိုင်ဖြတ်၍ လှူခဲ့သော ဆဒ္ဒန်ဆင်မင်းသည် နောက်ဆုံးဘဝတွင် ကျွန်ုပ်တို့၏ဆရာဘုရားဖြစ်လာသည်။ လက်သမား ၅၀၀ တို့အား အလုပ်အကျွေးပြုကာ ကျေးဇူးဆပ်ခဲ့သော ဆင်ကြီးသည်ဘုရားရှင် လက်ထက်တော်တွင် အရှင်သာရိပုတ္တရာဖြစ်လာသည်။ ယခုတင်ပြခဲ့သော ဆင်ဖြူတော်သည် ဘုရားရှင်လက်ထက်တွင် ရဟန်းတော်တစ်ပါးဖြစ်လာခဲ့သည်။ ဤသည်မှာ လူ့ဘဝနှင့် နီးစပ်ကြောင်း သာဓကများပင် ဖြစ်ပေသည်။

## ၂။ ကောင်းကင်၌ပျံနိုင်သောဆင်ဖြူတော်

အိန္ဒိယနိုင်ငံ၊ ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်မဂဓမင်း၏ ဆင်ဖြူတော်မှာ တစ်ကိုယ်လုံးဖြူသည်။ ကြံအင်လက္ခဏာတို့နှင့် ပြည့်စုံသည်။ မဂဓမင်းသည် ယင်းဆင်ဖြူတော်ကို အဘိသိက် သွန်း၍ မင်္ဂလာဆင်ပြုလုပ်ထားသည်။ ရာဇဂြိုဟ်ပြည် တစ်ခုသော ပွဲသဘင်နေ့တွင် တစ်မြို့လုံး အိမ်တိုင်းစေ့ အလှအပ ပြင်ဆင်ထား ကြသည်။ မဂဓမင်းသည် မင်္ဂလာဆင်ဖြူတော်ကို အဆင်တန်ဆာ ဆင်ယင်စေပြီး စီးတော်မူကာ မြို့ကို လက်ယာရစ် လှည့်သည်။

မင်းကြီးထွက်တော်မူလာသောအခါ မြို့သူမြို့သားတို့ သည် မင်္ဂလာဆင်ဖြူတော်၏ တင့်တယ်ခြင်းကို အမျိုးမျိုးချီးမွမ်း ပြောဆိုကြလေသည်။ မဂဓမင်းသည် ဆင်ဖြူတော်ကိုသာ ချီးမွမ်း ကြပြီး မိမိ၏ဘုန်းကံကို ချီးမွမ်းပြောဆိုခြင်း မရှိသဖြင့် ဆင်ဖြူတော် အပေါ် မနာလို ဝန်တိုမှုဖြစ်လေသည်။ မိမိ၏ မင်္ဂလာဆင်ဖြူတော် အား ချီးမွမ်းကြသည်ကို ဝမ်းမသာသည့်အပြင် မနာလိုဝန်တိုမှု ဖြစ်သဖြင့် ဆင်ဖြူတော်အား သေစေရန်အကြံထုတ်တော့သည်။

မဂဓမင်းသည် ဆင်ဦးစီးကို ခေါ်၍ မင်္ဂလာ ဆင်ဖြူတော်အား ဝေပုလ္လတောင်ထိပ်ရောက်အောင် တက်စေ နိုင်မည်လောဟုမေးသည်၊ တက်စေနိုင်ပါကြောင်း လျှောက်ထားရာ ဝေပုလ္လတောင်ထိပ်သို့ တက်စေရန်အမိန့် ပေးလေသည်။ ဆင်ဦးစီးသည် ဆင်ဖြူတော်ကိုစီး၍ ဝေပုလ္လတောင်ထိပ်သို့ အရောက် တက်သည်။ မဂဓမင်းသည် အမတ်အပေါင်းခြံရံလျက် ဝေပုလ္လတောင်ထိပ်သို့ တက်ရောက်သည်။

ဝေပုလ္လတောင်ထိပ်သို့ရောက်သောအခါ ဆင်ဖြူတော်ကို တောင်ကမ်းပါးပြတ်ဘက်သို့ လှည့်ရပ်၍ နေစေသည်။ ဆင်ဦးစီးသည် ဆင်ကျောက်ကုန်း၌ စီးလျက် မဂဓမင်း၏ အမိန့်ကိုနာခံရန် အသင့် ဖြစ်နေလေသည်။ မဂဓမင်းက အမိန့်ပေးသည်။ “ အမောင် ခြေသုံးဖက်ဖြင့်ရပ်လော့” ဟု အမိန့်ပေးရာ ဆင်ဦးစီး၏ အမှတ်ပေးချက်ဖြင့် ဆင်ဖြူတော်သည် ခြေသုံးဖက်ဖြင့် ရပ်ပြလေသည်။ တစ်ဖန် ရှေ့ခြေနှစ်ဖက်ဖြင့် ရပ်စေရန်အမိန့်ပေးရာ ဆင်ဖြူတော်သည် နောက်ခြေနှစ်ဖက်ကို ကြွ၍ ရှေ့ ခြေနှစ်ဖက်ဖြင့်သာ ရပ်ပြလေသည်။ တစ်ဖန်နောက်ခြေ နှစ်ဖက်ဖြင့်သာ ရပ်ပြစေရန် အမိန့်ပေးလေရာ ရှေ့ခြေနှစ်ဖက်ကို ကြွ၍ နောက်ခြေနှစ်ဖက်ဖြင့်သာ ရပ်ပြလေသည်။ တစ်ဖန် ခြေတစ်ဖက်ဖြင့်သာ ရပ်ရန် အမိန့်ပေးပြန်ရာ ခြေသုံးဖက်တို့ကို ကြွ၍ ခြေတစ်ဖက်ဖြင့်သာ ရပ်ပြလေသည်။

ကမ်းပါးပြတ်ထိပ်တွင် ဆင်ဖြူတော်အား ခြေတစ်ဖက်သာ အရပ်ခိုင်းသည့်တိုင်အောင် ချောက်ကမ်းပါးထဲသို့ ကျမသွားဘဲ ရှိလေသည်။ ထိုအချိန်အထိ ဆင်ဆရာသည် မဂဓမင်း၏ အကြံကို သိပုံမရပေ။ ဆင်ဖြူတော်၏ အစွမ်းကို လည်းကောင်း၊ မိမိ၏သင်ကြားပြသမှု အစွမ်းကိုလည်းကောင်း၊ ထုတ်ဖော်ပြသခွင့် ရသည်ဟု ထင်မှတ်နေပုံရပါသည်။

မဂဓမင်းသည် နောက်တစ်ဆင့်တိုး၍အမိန့်ပေးပြန်သည်။ အကယ်၍စွမ်းနိုင်မည်ဆိုလျှင် ခြေလေးဖက်လုံးလွှတ်၍ ကောင်းကင်၌ ရပ်တည်စေရန် အမိန့်ပေးလေသည်။ ထိုအမိန့် အတိုင်းလိုက်နာလျှင် ဆင်ဖြူတော်သည် မလွဲမသွေ ချောက် ကမ်းပါးထဲသို့ ကျသွားစေရန်ဖြစ်သည်။ ထိုအချိန်ကျမှ ဆင်ဆရာ သည် မဂဓမင်း၏အကြံကို နားလည်သွားတော့သည်။ ဘုရင့် အမိန့်ကို မနာခံ၍လည်းမဖြစ်ပေ။ ထို့ကြောင့်ဆင်ဆရာ သည် ဆင်ဖြူတော်၏ နားရင်းသို့ကပ်၍ "အမောင် ဤမင်းသည် သင့်ကို ဤတောင်စောင်းမှကျ၍ သေစေလိုသည်၊ အမောင်သည် ဤမင်းနှင့် မထိုက်တန်တော့ချေ။ ကောင်းကင်မှ သွားရန် အမောင် စွမ်းနိုင်ပါက စီးမြဲတိုင်းဖြင့် ကျွန်ုပ်ကိုယူဆောင်၍ ကောင်းကင်သို့ ပျံတက်ကာ ဗာရာဏသီပြည်သို့ သွားပါလော့" ဟု ပြောဆိုလိုက်သည်။

ဘုန်းတန်ခိုးနှင့် ပြည့်စုံသော ဆင်ဖြူတော် သည် ဆင်ဆရာပြောပြီးသည်နှင့်တစ်ပြိုင်နက် ကောင်းကင်သို့ ပျံတက်ကာ ရပ်တည်သည်။ ဆင်ဆရာသည် "မင်းကြီး ဤဆင်ဖြူတော်သည် ဘုန်းတန်ခိုးနှင့် ပြည့်စုံ၏။ သင်ကဲ့သို့ ဘုန်းပညာနည်းသော သူအား မထိုက်တန်၊ ဘုန်းပညာနှင့် ပြည့်စုံသော မင်းအားသာ ထိုက်တန်လှပေသည်။ ဆင်ဖြူတော်၏ ကျေးဇူးကို မသိတတ်" ဟု ပြောဆိုကာ ကောင်းကင်ခရီးဖြင့် ဗာရာဏသီသို့ သွားလေတော့သည်။

ဆင်ဖြူတော်သည် ဗာရာဏသီပြည်သို့ ရောက်သည့်အခါ မင်းရင်ပြင်ကောင်းကင်၌ ရပ်လေသည်။ ဗာရာဏသီ တစ်မြို့လုံး အုတ်အုတ်၊ကျက်ကျက်ဖြစ်ကာ ဆင်ဖြူတော် ရောက် သည့်သတင်းမှာ တမုဟုတ်ချင်း ပြန့်နှံ့သွားလေသည်။ ဗာရာဏသီမင်းအားလည်း ကြားလျှောက်ကြသည်။ မင်းကြီးသည် နန်းတော်မှ ထွက်လာ၍ ငါ၏ အသုံးအဆောင်အဖို့ လာရောက်သည်ဆိုပါက မြေ၌ ဆင်းသက် ရပ်တည်နေပါလော့ဟု ဖိတ်ကြားလေသည်။ ဆင်ဖြူတော်သည် ကောင်းကင်မှ ဆင်းသက်၍ မြေ၌ ရပ်တည်သည်။ ဆင်ဆရာသည် ဆင်မှဆင်းသက်ကာ ဗာရာဏသီမင်းအားရှိခိုးလျက်နေသည်။အမောင် အဘယ်ကလာ သနည်းဟု

မင်းကြီးမေးသောအခါ ရာဇဂြိုဟ်ပြည်မှ လာခဲ့ကြောင်းကို အစုံအလင် လျှောက်တင်လေသည်။

ဗာရာဏသီမင်းကြီးသည် ဝမ်းမြောက်ဝမ်းသာ ကြိုဆို လက်ခံလေသည်။ ဗာရာဏသီမြို့ကိုတန်ဆာဆင်စေ၍ ဆင်ဖြူ တော်ကိုလည်း မင်္ဂလာဆင်အရာ ထားလေသည်။ မြို့ကို သုံးစု ပြု၍ တစ်စုကို ဆင်ဖြူတော်အား လည်းကောင်း၊ တစ်စုကို ဆင် ဆရာအား လည်းကောင်း ပေး၍ ချီးမြှောက်လေသည်။ ဆင်ဖြူ တော်ရောက်သည့်အချိန်မှစ၍ ဗာရာဏသီမင်းမှာ ဘုန်းတန်ခိုး တိုးတက်ပြီး ဇမ္ဗူဒိပ်အလုံး၌ မင်းအဖြစ်ကို ရရှိခဲ့သည်။ မင်းကောင်း မင်းမြတ်တို့၏ ထုံးကိုနှလုံးမူ၍ဒါနစသော ကောင်းမှု တို့ကို ပြုလုပ်ကာ တရားသဖြင့် အုပ်ချုပ်သွားခဲ့လေသည်။

ဆင်ဆယ်မျိုးတွင် မည်သည့်အမျိုးဟု ဖေါ်ပြမထားသော် လည်း ဥပေါသထဆင်မျိုးဟု ခန့်မှန်းရပါသည်။ ဘုရား အလောင်းဖြစ်ကြောင်းကိုမူ ဇာတ်ပေါင်းခန်းတွင် ဖော်ပြ ထားလေသည်။

-----------

## ၃။ မိခင်ကိုလုပ်ကျွေးသောဆင်ဖြူတော်

အိန္ဒိယနိုင်ငံ ဟိမဝန္တာတောအတွင်း၌ ကိုယ်လုံးဖြူသော ဆင်ဖြူတော် တစ်စီး ရှိခဲ့ဖူးသည်။ ထိုဆင်ဖြူတော်သည် ရုပ်ဆင်း အင်္ဂါ လှပတင့်တယ်ရုံသာမက စိတ်သဘောထားလည်း ဖြူစင် သဖြင့် ချစ်ခင်ဖွယ်ရာ ရှိသည်။ ဟိမဝန္တာတောတွင် ဆင်ပေါင်း ရှစ်သောင်း အခြံအရံဖြင့် နေထိုင်လျက်ရှိသည်။

ထိုဆင်ဖြူတော်၏ မိခင်ဆင်မကြီးမှာ အရွယ်ကြီးသည့် အပြင် မျက်စိကလည်းမမြင်ရှာပေ။ ဆင်ဖြူတော်သည် မိခင် ဆင်မကြီးကို လုပ်ကျွေးပြုစုစောင့်ရှောက်နေသည်။ ကောင်းနိုး ရာရာ အစားအစာများကို မိမိ၏အခြံအရံဆင်တို့ထံအပ်၍ မိခင်ထံပေးပို့စေသော်လည်း မိခင်ဆင်မကြီးထံမပို့ဘဲ မိမိတို့သာ စားပစ်ကြသဖြင့် မိခင်ဆင်မကြီးထံ မရောက်တော့ပေ။ ထို အကြောင်းအရာကို ဆင်ဖြူတော် သိရှိသွားသောအခါ အခြံအရံ ဆင်များကို စွန့်ခွါ၍ မိခင်ဆင်မကြီးကိုသာ လုပ်ကျွေးပြုစုတော့ မည်ဟု စိတ်ပိုင်းဖြတ်ကာ မိခင်ဆင်မကြီးကို စဏ္ဍောရဏတောင် ခြေရင်းသို့ ခေါ်ဆောင်သွားသည်။ ပဒုမ္မာကြာတောရှိသော

တောင်ဝှမ်းတစ်ခု၌ မိခင်ဆင်မကြီးကိုထား၍ ပြုစုလုပ်ကျွေးလျက် နေလေသည်။

တနေ့သောအခါတွင် ဗာရာဏသီပြည်၌ နေသော မုဆိုးတစ်ယောက်သည် ခရီးမှား၍ပဒုမ္မာကြာတောအနီးသို့ ရောက်လာကာ ပြန်လမ်းကို မသိတော့သဖြင့် ပြင်းထန်စွာ ငိုကြွေးလေသည်။ ဆင်ဖြူတော်ရတနာသည် မုဆိုး၏အသံကို ကြား၍ "ဤလူကား ကိုးကွယ်ရာမဲ့ဖြစ်နေလေပြီ၊ ငါရှိနေပါလျက် ထိုသူ၏ပျက်စီးခြင်းသည် မသင့်" ဟု စဉ်းစားမိ၍ မုဆိုး၏အနီးသို့ သွားသည်။ မုဆိုးသည် ဆင်ကိုမြင်၍ကြောက်ရွံ့ကာ ပြေးလေသည်။ ထိုအခါ ဆင်ဖြူတော်က " အိုယောကျ်ား ငါ့ကိုမှီ၍ သင့်အား ဘေးမရှိ၊ မပြေးပါလင့်၊ အဘယ့်ကြောင့် သင်ငိုကြွေးနေသနည်း " ဟု မေးလေသည်။ " ကျွန်ုပ်သည် ခရီးမှားခဲ့သည်မှာ ခုနစ်ရက်ပင်ရှိပါပြီ " ဟု ပြောလေသည်။ " အိုယောကျ်ား၊ သင် မကြောက်လင့်၊ ငါလိုက်ပို့မည် " ဟု ဆိုကာ ကျောကုန်း၌တင်၍ လိုက်ပို့လေသည်။

မုဆိုးသည် မိမိအား ကယ်တင်သည့် ဆင်ဖြူတော်၏ ကျေးဇူးကိုမသိတတ်ပေ။ ဗာရာဏသီမင်းအားလျှောက်ကြားလျှင် ရရှိမည့်အခွင့်အရေးကို မျှော်မှန်းလျက် လမ်းခရီးကိုမှတ်ခဲ့လေ

သည်။ မုဆိုးသည်ခရီးလမ်းတစ်လျှောက်ရှိသော တောတောင် သစ်ပင်တို့ကိုမှတ်၍ လာခဲ့ရာ ဗာရာဏသီမြို့သို့ ပြန်လည် ရောက်ရှိလေသည်။

ဗာရာဏသီမင်း၏ မင်္ဂလာဆင်တော် သေဆုံးချိန်နှင့် တိုက်ဆိုင်နေသည်။ မင်္ဂလာဆင်ဖြူတော် အသစ်ပြုလုပ်ရန် သင့်တော်သော ဆင်ဖြူတော်ကို ရလိုကြောင်းကြေငြာနေသော ကာလဖြစ်သည်။ ဤအခွင့်အရေးကို စောင့်မျှော်နေသော မုဆိုးသည် အခြေအနေပေးနေပြီဖြစ်၍ ဘုရင်မင်းမြတ်ထံ ဝင်ရောက် ခစားသည်။ "အရှင်မင်းကြီး၊ အရှင်မင်းကြီး၏ မင်္ဂလာ ဆင်ဖြူတော် ဖြစ်ထိုက်သောဆင်ကို တွေ့ထားပါသည်။ ထိုဆင် သည် ကိုယ်လုံးဖြူသည့် ဆင်ဖြူတော်ရတနာဖြစ်ပါသည်။ အကျင့် သီလနှင့်လည်း ပြည့်စုံပါသည်။ အကျွန်ုပ်လမ်းညွှန်ပေးနိုင်ပါသည်၊ ဆင်ဆရာတို့ကို အကျွန်ုပ်နှင့်အတူ လိုက်ပါစေ၍ ဆင်ဖြူတော် ရတနာကို ယူတော် မူပါ " ဟု လျှောက်ထားလေသည်။

ဗာရာဏသီမင်းသည် မုဆိုးကိုခရီးလမ်းညွှန်ပြု၍ များစွာ သော အခြံအရံတို့ဖြင့် ဆင်ဆရာကို စေလွှတ်တော်မူသည်။ ဆင် ဆရာသည် မုဆိုးနှင့်အတူ သွားသည်။ ပဒုမ္မာကြာတောသို့ ရောက်သောအခါ အစာစားနေသော ဆင်ဖြူတော်ကိုတွေ့လေ

သည်။ ဆင်ဖြူတော်သည် ဆင်ဆရာနှင့်မုဆိုးတို့ကိုမြင်သောအခါ ဘေးအန္တရာယ် ရောက်ပြီဆိုသည်ကို သိသည်။ ဤအန္တရာယ်သည် မုဆိုးကြောင့်ဖြစ်ရသည်ကိုလည်း နားလည်သည်။ သီလရှိသော ဆင်ဖြူတော်က "အန္တရာယ်ကို ဖြိုခွင်းနိုင်သော အင်အား ငါ့မှာ ရှိသည်မှန်သော်လည်း ငါအမျက်ထွက်လိုက်ပါက သီလပျက်ချေ တော့မည်။ ငါ၏ဦးခေါင်းကို လှံဖြင့်ထိုးသော်လည်း ငါအမျက် မထွက်ဘဲနေမည်" ဟု စဉ်းစား ဆင်ခြင်ကာ အဓိဋ္ဌာန်၍ ဦးခေါင်း ကို ညွတ်ကာ ငြိမ်ငြိမ်နေလိုက်သည်။

ဆင်ဆရာသည် ပဒုမ္မာကြာအိုင်သို့ သက်ဆင်းကြည့် ရှုသည့်အခါ ကြန်အင်လက္ခဏာနှင့် ပြည့်စုံသောဆင်ဖြူတော် ဖြစ်ကြောင်း သိလေသည်။ ဆင်ဆရာက "ချစ်သား လာလှည့်" ဟု ခေါ်ကာ ငွေပန်းဆိုင်းနှင့်တူသော နှာမောင်း၌ကိုင်၍ ဆင်ဖြူ တော်ကို ယူလေသည်။ ခုနစ်ရက်ကြာသောအခါ ဗာရာဏသီသို့ ရောက်သည်။

ဆင်ဖြူတော်၏ မယ်တော် ဆင်မကြီးသည် သား ပြန်မလာသဖြင့် " ငါ့သားကို မင်း၏အမတ်ကြီးစသည့် မင်းချင်းယောကျ်ားတို့ ဖမ်းယူသွားလေပြီ " ဟု မှတ်ယူကာ ငိုကြွေးမည်တမ်း၍ နေလေသည်။

ဆင်ဆရာသည် ဆင်ကိုဆောင်ယူလာသည့်သတင်းကို ဘုရင်မင်းမြတ်ထံ ကြိုတင်လျှောက်ထားစေသည်။ ဗာရာဏသီမင်းသည် မြို့ကို တန်ဆာဆင်စေသည်။ ဆင်ဆရာသည် နံ့သာဖြင့် ပက်ဖျန်းတန်ဆာဆင်ထားသော ဆင်တင်းကုပ်သို့ ဆင်ဖြူတော်ရတနာကို ယူဆောင်ခဲ့သည်။ ဘုရင်မင်းမြတ်သည် အထူးထူးသော အရသာရှိသော စားသောက်ဖွယ်ရာတို့ကို ယူဆောင်သွားကာ ဆင်ဖြူတော်အား ကျွေးစေသည်။ ဆင်ဖြူတော်သည် ရှင်ဘုရင် ကျွေးသော စားသောက်ဖွယ်ရာတို့ကို လက်မခံဘဲနေသည်။ မယ်တော်ဆင်မကြီးနှင့် ကင်းကွာ၍ အစာကို လက်မခံလိုခြင်း ဖြစ်သည်။

ဘုရင်မင်းမြတ်က အစာကိုလက်ခံရန် ဆင်ဖြူတော်အား တောင်းပန်စကားဆိုလေသည်။ "ဆင်မင်း အစာကိုလက်ခံပါ၊ ခန္ဓာကိုယ် ကြုံလှီပိန်ခြိုးအောင် မလုပ်ပါနှင့်၊ မင်းမှုကိစ္စတို့မှာ များပြားလှပါသည်။ ထိုအမှုကိစ္စတို့ကို သင်ထမ်းရွက်ရပေလိမ့်ဦးမည်" ဟု ဘုရင်မင်းမြတ်က ပြောဆိုသည်။

ဆင်ဖြူတော်သည် မျက်မမြင် တစ်ကိုယ်တည်း ကျန်ရစ်သည့် ဆင်မကြီးဒုက္ခရောက်မည့် အခြေအနေကို မင်းကြီးအား ပြောကြားလေသည်။ မင်းကြီးက အဲဒီကျန်ရစ်သော မျက်မမြင် ဆင်မကြီးသည် သင်နှင့်ဘယ်လိုတော်စပ်သလဲဟုမေးရာ မိမိ၏ မိခင်ဆင်မကြီးဖြစ်ကြောင်း ပြန်ပြောင်းပြောပြလေသည်။

ထိုအခါ ဘုရင်မင်းမြတ်သည် စာနာတော်မူ၍ "အိုအမတ်တို့၊ ဤဆင်မြတ်သည် မိခင်ကိုလုပ်ကျွေးနေသည်၊ မိခင်, ဆွေမျိုးတို့နှင့် အတူနေပါစေ" ဟု ပြောဆိုကာ လွှတ်စေတော်မူသည်။

ဆင်ဖြူတော်သည် အနှောင်အဖွဲ့မှလွတ်သည်ဖြစ်၍ လွတ်ဆုကိုယူကာ တစ်ခဏမျှနားနေပြီး စဏ္ဍောရဏတောင်သို့ ပြန်သွားလေတော့သည်။ ဆင်ဖြူတော်သည် ပဒုမ္မာကြာတောသို့ သွားကာ နှာမောင်းဖြင့်ရေကိုယူ၍ မယ်တော်ဆင်မကြီးအပေါ်သို့ သွန်းလောင်းလေသည်။ မိခင်ဆင်မကြီးသည် မိမိသား ဆင်ဖြူတော် သွန်းလောင်းသည်ဟု မသိဘဲ အချိန်မဟုတ် မိုးရွာသွန်းသည်ဟု ထင်မှတ်ကာ ရေရွတ်ပြောဆိုမိလေသည်။

"အိုမိခင် ထပါလော့၊ အဘယ်ကြောင့်ဤမျှလောက် အိပ်နေဘိသနည်း၊ မိခင်၏သားဖြစ်သော အကျွန်ုပ်သည် ပြန်လာခဲ့ပါပြီ၊ ဉာဏ်အမြော်အမြင်ရှိ၍ အခြံအရံများသော ကာသိကရာဇ်မင်းသည် ကျွန်ုပ်အား ပြန်လွှတ်လိုက်ပါပြီ" ဟု ဆင်ဖြူတော်က မိခင်ကြီးအား ပြောသည်။

မိခင်ဆင်မကြီးသည် ဝမ်းမြောက်လှသည် ဖြစ်၍ တိုင်းပြည်ကြီးပွားချမ်းသာအောင် ဆောင်ရွက်တော်မူသော မင်းကြီးသည် မိခင်ကို ရိုရိုသေသေ လုပ်ကျွေးနေသော ငါ၏သားကို လွှတ်လိုက်

ပေ၏၊ "ထိုမင်းမြတ်သည် သက်တော်ရှည်ပါသတည်း" ဟူ၍ ဝမ်းမြောက်စကား မြွက်ဆိုလေသည်။

မင်းကြီးသည် မိခင်ကိုလုပ်ကျွေးနေသော ဆင်ဖြူတော်၏ ကျေးဇူးကို ကြည်ညိုလေးမြတ်အသိအမှတ်ပြုသောအားဖြင့် ပဒုမ္မာကြာတော၏မနီးမဝေး၌ ရွာတည်၍ ဆင်ဖြူတော်နှင့် မယ်တော်ဆင်မကြီးတို့အား .အမြဲဝတ်ထားကာ ကျွေးမွေး စောင့်ရှောက်လေသည်။

ဆင်ဖြူတော်သည် မယ်တော်ဆင်မကြီး သေသောအခါ မယ်တော်၏အလောင်းကို သဂြိုဟ်ပြီးနောက် ရသေ့ငါးရာတို့၏ နေရာ ကာရဏ္ဍကအမည်ရှိသောနေရာသို့ သွားလေသည်။ ဆင်ဖြူတော်သည် မိမိရရှိသောဝတ်ကို ရသေ့ငါးရာတို့အား ပေးလှူလေသည်။

မင်းကြီးသည် ဆင်ဖြူတော်နှင့်ပုံတူ ကျောက်ဆစ်ရုပ်ကို ထုလုပ်၍ကြီးစွာသော ပူဇော်သက္ကာရကိုပြုလေသည်။ လူတို့သည် နှစ်စဉ်နှစ်တိုင်းကျောက်ဆစ်ရုပ်၌ စုဝေး၍ဆင်ပူဇော်ခြင်းကို ပြုကြလေသည်။

ဇာတ်တော်ပေါင်းသည့်အခါ မိခင်ကိုပြုစုလုပ်ကျွေးသော ဆင်ဖြူတော်ရတနာမှာ ဘုရားအလောင်းတော်ဖြစ်ကြောင်း ဖော်ပြထားသည်။

## ၄။ ဆင်ဖြူတော်ဆဒ္ဒန်ဆင်မင်း

**ဆဒ္ဒန်ဆင်မင်း**သည် ကိုယ်လုံးဖြူသည်။ လက်ခြေများ နီရဲသောအရောင်ရှိသည်။ စွယ်တော်မှာ ခြောက်ရောင်စုံမြူးလျက် ရှိသည်။ နှာမောင်းမှာ ငွေပန်းသဏ္ဌာန် ရှူချင်ဖွယ်ရှိသည်။ ဆင်၏အရွယ်အစားမှာ ကြီးမားလှသည်။ အရပ်အမြင့် ရှစ်ဆယ့်ရှစ်တောင်ရှိသည်။ ရှေ့နောက်အလျား အတောင်တစ်ရာ့နှစ်ဆယ် ရှိသည်။ နှာမောင်းအရှည် ငါးဆယ့်ရှစ်တောင်ရှိသည်။ အစွယ်လုံးပတ် တစ်ဆယ့်ငါးတောင်၊ အရှည် အတောင်သုံးဆယ် ရှိသည်။

ယင်းဆဒ္ဒန်ဆင်ကို "နာဂရာဇာ၊ ဆင်မင်း" ဟူသော အသုံး အနှုံးဖြင့်ဖော်ပြထားသည်။ ဆင်သတ္တဝါပင်ဖြစ်လင့်ကစား ဆင်မင်းမျိုးဖြစ်လေသည်။ ဆဒ္ဒန်ဆင်မင်း၏ဖခင်မှာလည်း ဆင်မင်းပင်ဖြစ်သည်။ ဖခင်ဆင်ကြီး ကွယ်လွန်သောအခါတွင် ဆင်မင်း ဖြစ်လာသည်။ ဆင်မိဖုရားနှစ်ပါးကို လက်ဝဲလက်ယာ ထား၍ ခံစားသည်။ အလုပ်အကျွေး အခြံအရံ ဆင်ပေါင်း ရှစ်ထောင်ရှိသည်။ လူသူအရောက်အပေါက်မရှိသော ဆဒ္ဒန်အိုင် အနီး တောကြီး၌နေသည်။ ထိုနေရာတစ်ဝိုက်တွင် စားသောက်

ဖွယ်ရာ သယံဇာတအသီးအပွင့်အပင်များ ပေါကြွယ်ဝလေသည်။ ဆဒ္ဒန်ဆင်မင်းဇာတ်မှာ လူသိများပါသည်။ စလေဆရာကြီးဦးပုည ၏ ကျော်ကြားသော ဝတ္ထုလေးပုဒ်တွင် တစ်ပုဒ်အပါအဝင် ဖြစ်သဖြင့် တက္ကသိုလ် မြန်မာစာ ကျောင်းသားများအားလုံး သိရှိကျွမ်းဝင်ကြပြီး ဖြစ်ပါသည်။ ဦးပုည၏ လက်ာသွားဖြင့် ရေးဖွဲ့ရာမှာ စကားလုံး အသုံးအနှုန်း နှစ်သက်ဖွယ်ရာ လွန်စွာ ပြောင်မြောက် ကောင်းမွန်လှသဖြင့် ကျောင်းသားများ အလွတ် ကျက်မှတ်ကြသည်အထိ စွဲလမ်းကြသည်။

## ဆဒ္ဒန်အိုင်သာ

ဆဒ္ဒန်အိုင်သည် အလွန်သာယာလှသည်။ ဆဒ္ဒန်အိုင်၏ အလျားနှင့်အနံမှာ ယူဇနာငါးဆယ်စီရှိသည်။ ဆဒ္ဒန်အိုင်၏ အလယ် တစ်ဆယ့်နှစ်ယူဇနာရှိသော အရပ်၌ ရေသည် မြအဆင်း ရှိသည်။ မှော်၊ ရေညှိစသည် လုံးဝမရှိပေ။ ထိုရေကြည် တစ်ဆယ့် နှစ်ယူဇနာ ၏အပြင်ဘက် ပတ်ပတ်လည် တစ်ယူဇနာမှာ ကြာသိမ်တော တည်ရှိသည်။ ထိုကြာသိမ်တောကို တစ်ယူဇနာ ဝိုင်းပတ်လျက် ကြာနီတော တည်ရှိသည်။ ယင်းကြာနီတောကို ဝိုင်းပတ်လျက်ရှိသော တစ်ယူဇနာမှာ ကြာပုဏ္ဍရိက်တောဖြစ် သည်။ ကြာပုဏ္ဍရိက်တောကို ဝိုင်းရံပတ်လျက် ရှိသော

တစ်ယူဇနာတွင် ကြာပဒုမ္မာနီတောရှိ သည်။ ကြာပဒုမ္မာနီတောကို တစ်ယူဇနာစီ ဝိုင်းပတ်လျက် ကြာပဒုမ္မာဖြူတောရှိသည်။ ယင်းကြာပဒုမ္မာဖြူတောကို တစ်ယူဇနာ ဝိုင်းပတ်လျက် ကုမုဒြာကြာတောရှိသည်။ ယင်းကုမုဒြာကြာတော ၏အပြင်ဘက်၌ ကြာမျိုးစုံရောနှော ပေါက်ရောက်လျက်ရှိသော ကြာတောတည်ရှိသည်။ ကြာတောခုနစ်တို့၏ အပြင်ဘက် တစ်ယူဇနာ ပတ်လည်တွင် သလေးနီတော တည်ရှိသည်။ သလေးနီတော၏ ရေမှာ ဆင်တို့၏ ခါးလောက်သာ နက်သည်ဟု ဆိုပါသည်။ သလေးနီတော၏ အပြင်ဘက် ရေအဆုံး၌ အညို၊ အရွှေ၊ အနီ၊ အဖြူရောင်စုံရှိသည့် အမွှေးအနံ့ ကြိုင်လှိုင်၍ နူးညံ့သော ပန်းချုံတောတည်ရှိလေသည်။ ဤဆယ်ထပ်သော တောတို့မှာ တစ် ယူဇနာစီ အနံရှိကြ သည်။ ထိုပန်းချုံတော၏ အပြင်ဘက်တွင် ပဲလွန်းငယ်၊ ပဲလွန်းကြီး၊ ပဲနောက်တောများ တည်ရှိသည်။ ပဲနောက်တော၏ အပြင်ဘက်တွင် သခွားပြေ့တ်၊ သခွား ငကြောင်၊ အိမ်ဗူး၊ ဖရုံနွယ်တောတို့ တည်ရှိသည်။ ထိုတော၏ အပြင်ဘက်တွင် ကွမ်းသီးပင်ခန့်ရှိသော ကြံတောရှိသည်။ ကြံတော၏ အပြင်ဘက်တွင် ဆင်စွယ်ပမာဏ အသီးသီးသော ငှက်ပျောတောရှိသည်။ ငှက်ပျောတော၏ အပြင်ဘက်တွင် အင်ကြင်းတောရှိသည်။ အင်ကြင်းတော၏ အပြင်ဘက်တွင် အိုးစရည်းခန့်

အသီးရှိသော ပိန္နဲတောရှိသည်။ ပိန္နဲတော၏ အပြင်ဘက်၌ အသီးချိုသော မန်ကျည်းတောရှိသည်။ မန်ကျည်းတော၏ အပြင်ဘက်၌ သရက်တောရှိသည်။ သရက်တော၏ အပြင်ဘက်၌ သီးတောရှိသည်။ သီးတော၏ အပြင်ဘက်တွင် ဝါးတောရှိသည်။ ထို့ကြောင့် ဆဒ္ဒန်ဆင်မင်း၏ နေရာ ဆဒ္ဒန်အိုင် သာတွင် သယံဇာတပန်းမန် သစ်သီးတို့ ပေါကြွယ်ဝသည်ဟု ဆိုနိုင်ပေသည်။ ဝါးတောကို တောင်စင်ခုနစ်ထပ် ခြံရံလျက် ရှိသည်။

တောင်စဉ်ခုနစ်ထပ်

တောင်စဉ်ခုနစ်ထပ်ကို အပြင်အပမှစ၍ ဖော်ပြလိုသည်။ အပြင်အပတောင်မှသည် အတွင်းပိုင်းတောင်များအထိ တစ်ယူဇနာစီ မြင့်သွားသည်ကိုတွေ့ရသည်။ လူ့ရပ်ဒေသမှသွားလျှင် အစဦးဆုံး တွေ့ရမည့်တောင်မှာ စူဠကာဠတောင်ဖြစ်သည်။ တစ်ယူဇနာ မြင့်သည်။ ဒုတိယ နှစ်ယူဇနာရှိသော မဟာကာဠတောင်ကို တွေ့ရမည်။ တတိယ ဥဒကပဗ္ဗတတောင်၊ စတုတ္ထ စန္ဒပသသတောင်၊ ပဉ္စမ သူရိယပဿတောင်၊ ဆဋ္ဌ မဏိပဿတောင်၊ သတ္တမ သုဝဏ္ဏ-ပဿတောင် တည်ရှိသည်။

ထိုသုဝဏ္ဏပသာဒတောင်သည် အမြင့်ခုနစ်ယူဇနာရှိသည်။ သောနုတ္တိုရ် မုဆိုးသွားသည့်အခါ ဤတောင်စဉ်ခုနစ်ထပ်ကို ကျော်ရမည် ဖြစ်သည်။ တောင်စဉ်ခုနစ်ထပ်ကို ကျော်မိသည့်အခါ တော အထပ်ထပ် ခြံရံအပ်သော ဆဒ္ဒန်အိုင်ကို တွေ့ရမည်ဖြစ်သည်။ သုဝဏ္ဏပသာဒတောင်၏ အတွင်းနံပါးသည် ရွှေအဆင်းရှိသည်။ ထိုတောင်နံပါးမှ ထွက်သော အရောင်ဟပ် လျက်ရှိသော ဆဒ္ဒန် အိုင်သာသည် ထွက်ခါစ နေလုလင်ကဲ့သို့ ရှိကြောင်း ဖော်ပြထားသည်။

## ပညောင်ပင်

ဆဒ္ဒန်အိုင်၏ အရှေ့မြောက်ထောင့်တွင် ပညောင်ပင်ကြီးရှိသည်။ ပညောင်ပင်၏ ပင်စည်လုံးပတ်မှာ ငါးယူဇနာရှိသည်။ ပင်စည်အမြင့်မှာ ခုနစ်ယူဇနာရှိသည်။ ဘေး ဘယ်ညာရှိ ခက်မလေးဖြာတို့မှာ ခြောက်ယူဇနာစီရှိကြသည်။ အထက်သို့ တက်သော ခက်မသည်လည်း ခြောက်ယူဇနာပင် ရှိသည်။ အမြစ်ရင်းမှ ယူလျှင် အရပ်အမြင့် တစ်ဆယ့်သုံးယူဇနာရှိသည်။ ထိုညောင်ပင်တွင် ပါးဖျဉ်းရှစ်ထောင်ပါရှိသည်။ မြတောင်ကြီး

အလား အလွန်တင့်တယ်လှပေသည်။ ဆဒ္ဒန်အိုင်ရေမှ တက်လာသောလေသည် ပဒုမ္မာပင်သို့ သာသာညင်းညင်းတိုက်ခတ်လေသည်။ ဆဒ္ဒန်ဆင်မင်းသည် နွေအခါတွင် လေညင်းခံ စံပယ်နိုင်ရန် ဆင်ရှစ်ထောင်အခြံအရံဖြင့် ပဒုမ္မာပင်ကြီး၏ ပါးဖျဉ်းကြား၌နေလေသည်။

ဆဒ္ဒန်ဆင်မင်းသည် မိုးကာလ၌ ရွှေဂူတွင်နေသည်။ ရွှေဂူမှာ ဆဒ္ဒန်အိုင်၏ အနောက်အရပ်တွင်ရှိသည်။ ဆဒ္ဒန်အိုင်၏ အနောက်အရပ်ရွှေတောင်တွင် တစ်ဆယ့်နှစ်ယူဇနာရှိသော ရွှေဂူကြီးရှိလေသည်။

## အစိုးတရနေထိုင်ခြင်း

ဆဒ္ဒန်ဆင်မင်းသည် ဆင်မင်း၏စည်းစိမ်ဖြင့် အစိုးတရနေထိုင်ကြောင်း တွေ့ရသည်။ ဆင်မိဖုရားနှစ်ပါးကို လက်ဝဲလက်ျာထား၍ ခံစားသည်။ ဆင်ပေါင်းရှစ်ထောင်အခြံအရံရှိသည်။ ဆဒ္ဒန်ဆင်မင်းနှင့်တကွ အားလုံးသော ဆင်တို့သည် ကောင်းကင်သို့ ပျံသန်းသွားနိုင်ကြသည်။ ဘုန်းတန်ခိုးအာနုဘော် ကြီးမားကြောင်း တွေ့ရမည်ဖြစ်ပါသည်။ ရာသီအလိုက်စံနန်းများလည်း အဆင်သင့် ရှိသည်။ ထို့ကြောင့် လူတို့၏အသုံးအဆောင်မင်္ဂလာဆင်

မဖြစ်ထိုက်ဟု ယူဆပါသည်။ အဘယ့်ကြောင့်ဆိုသော် ထိုဆင်များသည် လူရပ်ဌာနေသို့ သွားလာကျက်စား၍ အစာရှာရန်မလိုဘဲ အစာရေစာ လုံလောက်ပြည့်စုံနေခြင်း၊ ထိုဆင်တို့နေရာသို့ မုဆိုးများပင် ရောက်ပေါက်မှုမရှိခြင်း၊ ဆင်၏အရပ်အမောင်းလည်း လွန်စွာကြီးမားခြင်း စသည့် အကြောင်းများကိုလည်း ထောက်ဆ မိသောကြောင့် ဖြစ်ပါသည်။

## ကုသိုလ်တရား ဆည်းပူးခွင့်ရခြင်း

ဆဒ္ဒန်အိုင်အနီးတွင် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ သီတင်းသုံးတော်မူကြသဖြင့် ထိုပစ္စေကဗုဒ္ဓါအရှင်မြတ်တို့အား ပြုစုလုပ်ကျွေးခွင့်ရခြင်း၊ လက်တွေ့အားဖြင့်လည်း ပြုစုလုပ်ကျွေးသည်ကို တွေ့ရခြင်းကြောင့် ကုသိုလ်တရား ဆည်းပူးခွင့် ရသည်ကို သိနိုင်ပါသည်။

ဘုရားရှင်လက်ထက်တော်က ပထမဦးစွာ ရဟန်းဖြစ်သည့် ရတ္တညူ ဧတဒဂ်ဘွဲ့ရ အရှင်ကောဏ္ဍညသည် (၁၂) နှစ်တာ ကာလပတ်လုံး ဆဒ္ဒန်အိုင်အနီးတွင် သွားရောက် သီတင်းသုံးကာ ဆင်တို့၏ ပြုစုလုပ်ကျွေးမှုကို ခံယူခဲ့သည်။ ပရိနိဗ္ဗာန်စံသည့်အခါတွင်လည်း ယင်းဒေသ၌ပင် ပရိနိဗ္ဗာန် ပြုတော်

မှုခဲ့သည်။ သာစုကီဠနသဘင်ကိုလည်း ဆင်များက ပြုလုပ်ပူဇော်ခဲ့ကြသည်ကို ပိဋကစာပေတွင် တွေ့နိုင်ပေသည်။

## ဆဒ္ဒန္တဇာတ်ကိုဟောရခြင်း၏အကြောင်းရင်း

မြတ်စွာဘုရားသခင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ တရားဟောတော်မူစဉ်က ဖြစ်ပါသည်။ တရားနာပရိသတ်တွင် ဘိက္ခုနီရဟန်းမတစ်ပါးသည် တရားနာလျက်အတွေးဝင်နေသည်။ တရားဟောတော်မူသော မြတ်စွာဘုရား၏ရူပကာယအဆင်းတော်ကို တစိမ့်စိမ့်ကြည့်၍ တွေးမိခြင်းဖြစ်သည်။ ငါသည် သံသရာတွင် ကျင်လည်ခဲ့ရသော ဘဝတို့၌ ဤယောက်ျားမြတ်၏ မယားဖြစ်ဖူးသလောဟု တွေးကြံမိသည်။ ယင်းရဟန်းမသည် ဇာတိဿရဉာဏ် ရသူဖြစ်သဖြင့် ရှေးဘဝများကို ပြန်လည်အောက်မေ့ ဆင်ခြင်သည့်အခါ ဆဒ္ဒန်ဆင်မင်းဘဝတွင် စူဠသုဘဒ္ဒါမိဖုရား ဖြစ်ခဲ့ကြောင်း သိရသဖြင့် အလွန်ဝမ်းသာသွားလေသည်။ တစ်ဖန်ဆက်၍ ဆင်ခြင်ပြန်ရာ ဆဒ္ဒန်ဆင်မင်းအပေါ် ရန်ငြိုးဖွဲ့မိသော ကာသိမင်းကြီး၏ မိဖုရားသုဘဒ္ဒါဘဝကို မြင်ရသောအခါ ဝမ်းနည်းပက်လက်ဖြစ်ရပြန်သည်။ ထိုရဟန်းမ၏ ဝမ်းသာဝမ်းနည်းဖြစ်မှုကို အကြောင်းပြု၍ ဆဒ္ဒန်ဆင်မင်းဇာတ်ကို ဟောတော်မူခဲ့ခြင်းဖြစ်သည်။

## စူဠသုဘဒ္ဒါရန်ငြိုးဖွဲ့ခြင်း

အင်ကြင်းတောလှိုင်လှိုင်ပွင့်ချိန် တစ်နေ့သောအခါတွင် ဆဒ္ဒန်ဆင်မင်းသည် အခြံအရံများနှင့်တကွ အင်ကြင်းတောသို့ သွား၍ ပျော်မြူးကြသည်။ အင်ကြင်းပင်ကို ဦးဖြင့်ခိုက်၍ အင်ကြင်းပွင့်များကို ခြွေချသည်။ စူဠသုဘဒ္ဒါမိဖုရားသည် လေညာနံပါးတွင်နေသည်။ မဟာသုဘဒ္ဒါမိဖုရားသည် လေအောက်နံပါး၌ နေသည်။ စူဠသုဘဒ္ဒါ၏ ကိုယ်ပေါ်၌ သစ်ခက်ခြောက်များ၊ သစ်ရွက်ခြောက်များနှင့် ခါချဉ်တို့သည် ကျလေသည်။ မဟာသုဘဒ္ဒါကိုယ်ပေါ်၌ အင်ကြင်းပန်းဝတ်မှုံ၊ ဝတ်ဆံ၊ ပွင့်ချပ်တို့ ကျသည်။ စူဠသုဘဒ္ဒါသည် မဟာသုဘဒ္ဒါအပေါ်တွင် ပန်းပွင့်များကျသော်လည်း မိမိအပေါ်၌ သစ်ရွက်ခြောက်နှင့် ခါချဉ်များကျသည်ကို မကျေနပ်နိုင်ဘဲ ဆဒ္ဒန်ဆင်မင်းအပေါ် ရန်ငြိုးဖွဲ့လေသည်။

တစ်နေ့သော အခါတွင်လည်း ဆဒ္ဒန်ဆင်မင်းသည် အခြံအရံနှင့်တကွ ဆဒ္ဒန်အိုင်သို့ ရေချိုးသွားကြသည်။ ရှေးဦးစွာ ဆဒ္ဒန်ဆင်မင်းရေချိုးသည်။ နောက်မဟာသုဘဒ္ဒါနှင့် စူဠသုဘဒ္ဒါမိဖုယားတို့ရေချိုးကြသည်။ ထို့နောက်မှ အခြံအရံဆင် ရှစ်ထောင်တို့ ရေချိုးကြသည်။ ဆင်ရှစ်ထောင်တို့ရေချိုးပြီးနောက် အမျိုးမျိုး

သော ပန်းတို့ကိုခူး၍ ဆဒ္ဒန်ဆင်မင်းကို တန်ဆာဆင်ကြသည်။ ဆက်လက်၍ ဆင်မိဖုရားနှစ်ပါးကို တန်ဆာဆင်ကြသည်။ ဆင်တစ်စီးသည် ပွင့်ချပ်ခုနစ်ဆင့်ရှိသော ပဒုမ္မာကြာပွင့်ကြီးကို ထူးထူးခြားခြား ရရှိလာပြီး ဆဒ္ဒန်ဆင်မင်းအား ဆက်သသည်။ ဆဒ္ဒန်ဆင်မင်းသည် ထိုကြာပွင့်ကြီးကို နှာမောင်းဖြင့်ယူ၍ ဝတ်ဆံ၊ ဝတ်မှုံတို့ကိုဦးကင်း၌ကြဲပြီးနောက် မဟာသုဘဒ္ဒါ မိဖုရားကြီးအား ပေးသည်။ ထိုအခါ စူဠသုဘဒ္ဒါက ဆဒ္ဒန်ဆင်မင်းသည် မိဖုရားကြီး အပေါ် အချစ်ပိုသည်ဟု ယူဆကာ ဒုတိယအကြိမ် ရန်ငြိုး ဖွဲ့လေသည်။

## ဆုတောင်းမှားလေပြီ

တနေ့သောအခါတွင် ဆဒ္ဒန်ဆင်မင်းသည် သစ်သီးဝလံများ၊ ကြာစွယ်ကြာရင်းများနှင့် ကြာပျားရည်တို့ဖြင့် ပစ္စေကဗုဒ္ဓါ အရှင်မြတ်ငါးရာတို့အား လုပ်ကျွေးပြုစုကာ ကုသိုလ်လုပ်သည်။ စူဠသုဘဒ္ဒါမိဖုရားသည်လည်း မိမိအတွက်ရရှိသောသစ်သီး စသည်တို့ဖြင့် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့အား ဆက်ကပ်ကာ ကုသိုလ်ပြုသည်။ လှူဒါန်းပြီးနောက်ဆုတောင်းသည့်အခါ နိဗ္ဗာန် ရည်မှန်း၍ဆုတောင်းသည်မဟုတ်၊ ရိုးရိုးလူ့စည်းစိမ် နတ်စည်းစိမ်

ကိုသာဆုတောင်းသည်လည်းမဟုတ်ပေ။ ဆဒ္ဒန်ဆင်မင်းကို ရန်တုံ့ပြန်ရန်သာ စိတ်အားသန်နေသည်။ ဤဘဝမှ စုတေသည် ရှိသော် မဒ္ဒရာဇ်မင်းမျိုး၌ သုဘဒ္ဒါအမည်ရှိသော မင်းသမီးဖြစ်ရန် လည်းကောင်း၊ အရွယ်ရောက်သည့်အခါ ဗာရာဏသီမင်း၏ မိဖုရားကြီးဖြစ်ရန်လည်းကောင်း၊ ဗာရာဏသီမင်း၏ချစ်ခြင်းကို ရ၍ မိမိစီစဉ်သည့်အတိုင်း မုဆိုးကိုလွှတ်၍ ဆဒ္ဒန်ဆင်မင်းအား အဆိပ်လူးသောမြားဖြင့် ပစ်သတ်၍ဆင်စွယ်ကိုရယူနိုင်ရန် လည်းကောင်း၊ ဇာတိဿရဉာဏ်ရရှိရန်လည်းကောင်း ဆုတောင်း လေသည်။ စူဠသုဘဒ္ဒါသည် မကြာမတင်ပင် ကွယ်လွန်ခဲ့သည်။ အကျဉ်းအားဖြင့်ဆိုရလျှင် စူဠသုဘဒ္ဒါ၏ ဆုတောင်းသည် တောင်းတိုင်း ပြည့်လေသည်။ မှားယွင်းသော ဆုတောင်း ဖြစ်ကြောင်း စလေဦးပုညက အပြစ်တင်ရေးဖွဲ့ခဲ့သည်ကို တွေ့နိုင် သည်။

လူ့ဘဝသုဘဒ္ဒါ

ဗာရာဏသီမင်း၏ မိဖုရားကြီးသုဘဒ္ဒါသည် တစ်နေ့ သောအခါတွင် နာမကျန်းဟန်ပြုလျက် ကျက်သရေရှိသော တိုက်ခန်းသို့ဝင်ကာ ညောင်စောင်းတွင်အိပ်၍ နေလေသည်။

ဗာရာဏသီမင်းသည် မိဖုရား သုဘဒ္ဒါထံ သွား၍ ကျောကို ပွတ်သပ်ကာ အကျိုးအကြောင်းမေးမြန်းသည်။ သုဘဒ္ဒါမိဖုရားက မိမိမှာ ချဉ်ခြင်း တပ်သည့်အကြောင်းကို လျှောက်တင်သည်။ အိပ်မက် မြင်မက်သည့်အတိုင်း လိုချင်သည့် ချဉ်ခြင်းမှာ လွယ်ကူမည် မဟုတ်ကြောင်း တင်လျှောက်သည့်အခါ မင်းကြီးက လိုက်လျောလေ သည်။ သုဘဒ္ဒါမိဖုရားသည် မင်းကြီးအား မိမိ၏ ချဉ်ခြင်းကို မပြောသေးဘဲ မုဆိုးများကို ဦးစွာဆင့်ခေါ်ပေးရန် တောင်းဆိုသည်။

ကာသိတိုင်း၌ရှိသော မုဆိုးတို့ စည်းဝေးရန် စည်လည် စေသည်။ မုဆိုးတို့သည် တတ်စွမ်းသမျှ လက်ဆောင်များ ယူ ဆောင်ကာ စည်းဝေးတက်ရောက်ကြရာ ရှစ်သောင်းရှိလေသည်။ မုဆိုးများ စည်းဝေးမိသောအခါ ဗာရာဏသီမင်းသည် လေသွန် တံခါး၌ရပ်၍ လက်ဖြင့်ညွှန်ပြကာ မုဆိုးတို့၏ စွမ်းရည်ကို ချီးမွမ်း ပြောဆိုပြီး မိဖုရားကြီးအား လွှဲအပ်လေသည်။

သုဘဒ္ဒါမိဖုရားသည် မုဆိုးတို့ကိုခေါ်၍ မိမိချဉ်ခြင်း တပ်သည့်အကြောင်းကို ပြောကြားသည်။ အရောင်ခြောက်ပါးနှင့် ပြည့်စုံသော အစွယ်ရှိသော၊ တစ်ကိုယ်လုံးဖြူသော ဆင်မင်းကို အိပ်မက်၌ မြင်မက်ကြောင်း၊ ထိုဆင်မင်း၏ အစွယ်တို့ကို

အလိုရှိကြောင်း၊ မရလျှင် အသက်ရှင်နိုင်မည်မဟုတ်ကြောင်း ပြောဆိုလေသည်။

မုဆိုးများက မိဖုရားကြီးအိပ်မက်၌ မြင်မက်သော ဆင်ကို မိဘတို့လက်ထက်မှစ၍ မကြားဖူး၊ မမြင်ဖူးကြပါ၊ အရှင် မိဖုရားကိုယ်တိုင်ပင် ပြောကြားရန်နှင့် ထိုဆင် နေထိုင်သည့် အရပ်ဒေသကိုလည်း ညွှန်းဆိုပေးပါရန် တောင်းဆို ကြသည်။

မိဖုရားသုဘဒ္ဒါသည် ထိုမုဆိုးတို့အလယ်တွင် သူများ ထက် ထူးကဲသော ကိုယ်ကာယရှိသည့် မုဆိုးကြီးတစ်ဦးကို မျက်စိကျသွားလေသည်။ ဤကိစ္စကို အခြားမုဆိုးများ စွမ်းဆောင် နိုင်မည် မဟုတ်သော်လည်း ထိုမုဆိုးကြီးမှာမူ စွမ်းဆောင်နိုင် လိမ့်မည်ဟု ယုံကြည်မိသည်။ မင်းကြီးထံခွင့်ပန်၍ ထိုမုဆိုးကြီး အား ရွေးချယ်လိုက်သည်။ ထိုမုဆိုးကြီး၏အမည်မှာ သောနုတ္တိုရ် ဖြစ်သည်။

## သောနုတ္တိုရ်မုဆိုး

သောနုတ္တိုရ်မုဆိုး၏ ခြေဖဝါးသည် အလွန်ကြီးမားသည်။ သောနုတ္တိုရ်မုဆိုး၏ ပုံသဏ္ဌာန်ကို ပေါ်လွင်စေရန် ဦးပုည၏ စာကို ဖော်ပြလိုပါသည်။

ဤယောက်ျားသည် အများနှင့်မတူ၊ အမူကြမ်းခက်၊ ကွဲအက်ညစ်တော၊ လိပ်ကျောက်ရေနှင့်၊ ဆင်ခြေဖဝါး၊ ထန်းပလပ်ပြားကဲ့သို့ ကြီးမားသောဖဝါးရှိသည်။ မြင်းခေါင်းကောက်ကွေး၊ မွေးမှင်သဲသဲ၊ ဆန်ထုပ်ဆွဲသကဲ့သို့ တွဲလျားကျသော သလုံးသားလဲရှိသည်။ ဒူးဆက်လိမ်တွေ့၊ မနေ့မစပ်၊ ကျင်ဖုတပ်သကဲ့သို့ မသပ်မပါယ် ရွံ့ဘွယ်စသီး၊ အလွန်ကြီးသော ဒူးဆစ်လည်းရှိသည်။ ဇရပ်ဟောင်းကျောင်းဆိုး၊ အမိုးပျက်ပြို၊ ရနယ်အိုကဲ့သို့ ဖရိုဖရဲ၊ ကြိုးကြဲယို့ယိုင်းသော နံကိုင်းနံရိုးလည်းရှိသည်။ ထန်းစစ်ကြောဝက်မှင်၊မဲခင်ကြွက်သိုက်၊ တံမြက်ချေးမှိုက်ကဲ့သို့ ဖုတ်သိုက်ထူပျစ်၊ ကောက်ကျစ်လိမ်ရှုတ်သော မုတ်ဆိတ်ပမုန်းလည်းရှိသည်။ တယ်လူးကုပ်ကွေး၊ ပြောင်းဖူးမွေးကဲ့သို့ နီထွေးသော ကျင်စွယ်လည်းရှိသည်။ ခပ်ဝါနီကြန်၊ ကြောင်မျက်ဆန်ကဲ့သို့ လုံးဖန်သိမ်ဖျင်း၊ မျက်နက်ကင်း၍၊ တုတ်ချင်းခတ်ကြောင်သော မျက်စိလည်းရှိသည်။ စာသူငယ်ကြား လင်းတနားသကဲ့သို့ မုဆိုးများအလယ်တွင် ကြောက်ဖွယ်ကျားတား ကြီးမားမြင့်မောက်သော ကိုယ်လည်းရှိသည်-

ဟူ၍ စာဆိုတော်ဦးပုညက သရုပ်ပေါ်အောင် ရေးဖွဲ့ခဲ့သည်။ သောနုတ္တိုရ် မုဆိုးသည် ခွန်အားကြီးမားသည့် ဆင်ပြောင်ငါးစီး အားကို ဆောင်နိုင်သည်။

## သောနုတ္တိုရ်မုဆိုးအားလမ်းညွှန်ပြီ

သုဘဒ္ဒါမိဖုရားသည် သောနုတ္တိုရ်မုဆိုးအား ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်၏ အထက်ဘုံဆင့်သို့ ခေါ်၍ ခြင်္သေ့ခံသော မြောက်လေသာပြူတင်းကိုဖွင့်လျက် မြောက်ဘက် ဟိမဝန္တာ အရပ်သို့ ညွှန်ပြကာ ဆင်မင်းရှိရာ အရပ်ကိုမုဆိုးအား ပြလေသည်။ အစပိုင်းတွင် ဖော်ပြခဲ့သည့် တောအထပ်ထပ် တောင်အထပ်ထပ် ကို ဖြတ်ကျော်၍ နောက်ဆုံး သုဝဏ္ဏပဿ ရွှေတောင်ကို ရောက် သည့်အခါ တောင်ထိပ်မှနေ၍ တောင်ခြေရင်းကို ကြည့်လိုက်လျှင် တိမ်ညိုရောင်ရှိသော ပညောင်ပင်ကြီးကို မြင်ရမည်။ ထိုပညောင် ပင်ရင်း၌ ဆင်မင်းသည် နွေရာသီကာလ၌ နေလေ့ရှိကြောင်း ရှင်းပြလေသည်။ ထိုဆင်မင်း၌ အစောင့်အရှောက်ဆင်ပေါင်း ရှစ်ထောင်ရှိကြောင်း၊ စွယ်စုံဆင်ကြီးဖြစ်ပြီး အလွန်လျင်မြန်စွာ ရန်သူကို သတ်တတ်ကြောင်း၊ လူကိုတွေ့သွားလျှင် ပြာဖြစ်သွား အောင် နင်းခြေပစ်မည်ဖြစ်ကြောင်း၊ သတိပေး စကား ပြောကြားသည်။

မိဖုရား၏ သတိပေးစကားကို ကြားရသောအခါ သောနုတ္တိုရ်မှုဆိုးသည် ကြောက်စိတ်ဝင်လာသည်။ အရှင်မိဖုရားနှင့်ဘုရင့်နန်းတော်၌ ရွှေ၊ ငွေ၊ ပုလဲ၊ ပတ္တမြား၊ ကျောက်မျက်ရွဲတို့ဖြင့် ပြုလုပ်သော အဆင်တန်ဆာများ ပေါကြွယ်ဝလျက် အဘယ်ကြောင့် ဆင်စွယ်တန်ဆာကို လိုချင်ရပါသနည်း။ ကျွန်ုပ်တို့ မုဆိုးများကိုပင် သေစေလိုသလား၊ သို့မဟုတ် ဆင်မင်းကိုပင် သေစေလို၍လားဟူ၍ ပွင့်ပွင့်လင်းလင်း မေးလျှောက်လေသည်။ မိဖုရားကလည်း ပွင့်ပွင့်လင်းလင်းပင် ဖွင့်ဟပြောဆို တိုင်ပင်သည်။ ဆဒ္ဒန်ဆင်မင်းနှင့် ရန်ငြိုးရှိခဲ့ပုံ၊ အိပ်မက်များ မက်သည်ဆိုသည်မှာလည်း တကယ်မဟုတ်ပုံ၊ ရန်တုံ့မူလို၍ စေခိုင်းရပုံတို့ကို ဖွင့်ဟပြောဆိုသည်။ ဆဒ္ဒန်ဆင်မင်းကို သတ်၍ အစွယ်တို့ကို ယူနိုင်ရန်အတွက် ပစ္စေကဗုဒ္ဓါအရှင်ထံ ဆုတောင်းခဲ့ပြီးဖြစ်သည်။ ဤကိစ္စမှုချအောင်မြင်မည်ဖြစ်၍ ဤတာဝန်ကို မကြောက်မရွံ့ ထမ်းဆောင်ရန် ပြောကြားသည်။ သင်မုဆိုးအား ဆုတော်လာဘ်တော်အပြင် တစ်နှစ်လျှင်အခွန် တစ်သိန်းစီထွက်သော ရွာငါးရွာတို့ကို ချီးမြှင့်မည်ဖြစ်ကြောင်း ပြောဆိုသောအခါ မုဆိုးသည် သဘောတူဝန်ခံလေသည်။ ထို့နောက် မိဖုရား သုဘဒ္ဒါထံမှ ဆင်မင်းနှင့်ပတ်သက်သော အသေးစိတ် အချက်အလက်များ မေးမြန်းမှတ်သားလေသည်။

သုဘဒ္ဒါမိဖုရားသည် မုဆိုးအား အသပြာတစ်ထောင်ကို ပေး၍ အိမ်ပြန်လွှတ်ကာ ခုနစ်ရက်ပြင်ဆင်ချိန် ပေးလိုက်သည်။ မိဖုရားသုဘဒ္ဒါသည် ပန်းဘဲသမားတို့ကို ခေါ်စေပြီး ပဲခွပ်၊ ပုဆိန်။ ပေါက်တူး ၊ ဆောက်ပုတ် ၊ ဆောက်၊ ဓားမ ၊ တံစဉ်၊ သံမယ်န၊ လွှ၊ သံတံတင်း။ သံကက္ကုစူးတို့ကို အမြန်လုပ်ခိုင်းသည်။ သားရေနယ်သမားတို့ကိုလည်း ခေါ်စေပြီး တစ်ကုမ္ဘရှိသော ဝန်ကို ဆောင်နိုင်သည့် သားရေအိတ်ကို လုပ်ခိုင်းသည်။ တစ်ကုမ္ဘမှာ နှစ်ဆယ့်ခုနစ်တင်း နှစ်စိတ်ရှိသည်ဟု ဆိုပါသည်။ ထို့အပြင် သားရေလွန်ကြိုး၊ သားရေလွန်ငယ်၊ ဆင်ခြေဖိနပ်၊ သားရေထီး တို့ကိုလည်း အမြန်လုပ်ခိုင်းသည်။ မိဖုရား သုဘဒ္ဒါသည် သောနုတ္တိုရ်မုဆိုးအတွက် စားနပ်ရိက္ခာကိုလည်း တာရှည် အထားခံသည့် အစားအစာများကို စီရင်ပေးသည်။ လမ်းခရီး၌ လိုအပ်မည့် ပစ္စည်းများ စုဆောင်းပြီးသောအခါ သားရေအိတ်နှင့် ထည့်ကာ အဆင်သင့် လုပ်ထားသည်။

ခုနစ်ရက်ပြည့်မြောက်သောအခါ သောနုတ္တိုရ်မုဆိုးသည် သုဘဒ္ဒါမိဖုရားထံ ဆည်းကပ်ရောက်လာသည်။ သုဘဒ္ဒါမိဖုရား သည် ရိက္ခာနှင့်အတူ ပစ္စည်းကိရိယာအစုံပါသော သားရေအိတ် ကြီးကို မုဆိုးအား လွှဲအပ်သည်။ ဤမျှ များပြားလေးလံသော အိတ်ကြီးကို သောနုတ္တိုရ်မုဆိုး ကောက်ယူလွယ်လိုက်သောအခါ

ကွမ်းအစ်ငယ်တစ်လုံးကို သယ်ဆောင်ရသကဲ့သို့သာ ရှိသည်ဟု ဆိုပါသည်။ ဆင်ပြောင်ငါးစီးအားရှိသူဖြစ်ကြောင်း ပေါ်လွင်လှပေသည်။

သောနုတ္တိုရ်မှုဆိုးသည် မင်းမိဖုရား နှစ်ပါးတို့အား ရှိခိုးနှုတ်ဆက်ကာ နန်းတော်မှဆင်း၍ ခရီးထွက်ခဲ့လေသည်။ ရထားစီး၍သွားနိုင်သည့်ခရီးအဆုံး ပစ္စန္တရစ်ဒေသ အထိ အခြံအရံများဖြင့် လိုက်ပို့ကြသည်။ ပစ္စန္တရစ် ရွာသားများက ဆက်လက်၍ တောအဝင်ထိ လိုက်ပို့ကြသည်။ ထို့နောက် တော အထပ်ထပ် တောင်အသွယ်သွယ် ဖြတ်ကျော်ကာ သောနုတ္တိုရ် မုဆိုးတစ်ယောက်တည်း သွားရသည်။ တံစဉ်ဖြင့် ရိတ်ရမည့် နေရာတွင် တံစဉ်ဖြင့် ရိတ်၍လည်းကောင်း၊ ဓားဖြင့် ဖြတ်ရမည့် နေရာတွင်ဓားဖြင့် ဖြတ်၍ လည်းကောင်း၊ ပုဆိန်ဖြင့် ပေါက်ရမည့်နေရာတွင် ပုဆိန်ဖြင့်ပေါက်၍ လည်းကောင်း၊ ဆောက်ဖြင့် ထွင်းရမည့်နေရာတွင် ဆောက်ဖြင့်ထွင်း၍ လည်းကောင်း၊ လှေကားဖြင့် တက်ရမည့်နေရာတွင် လှေကား ပြုလုပ် ထောင်တက်၍ လည်းကောင်း၊ ညွန်တောသို့ရောက်သောအခါ သစ်သားများခင်း၍လည်းကောင်း၊ ရေတွေ့သော အခါ လှေလုပ် ကူးခတ်၍ လည်းကောင်း၊ တောင်သို့ တက်ရမည့်နေရာတွင် အသင့်ယူဆောင်လာသော သံစို့ သာရေကြိုး စသည်တို့ကို အသုံး

ပြုကာ တက်၍ လည်းကောင်း၊ တောင်ဆင်းတွင်လည်း လွန်ကြိုးခွေကို ဖြည်လျှော့ကာ ဆင်း၍လည်းကောင်း၊ လိုအပ်လျှင် သားရေထီးကိုသုံး၍ လေဟုန်စီးကာ ခုန်ဆင်း၍လည်းကောင်း အခက်အခဲများကို ကျော်လွန်ခဲ့ရသည်။ ခုနစ်နှစ်၊ ခုနစ်လ၊ ခုနစ်ရက်ကြာသော အခါတွင်မှ အမြင့်ဆုံးဖြစ်သည့် သုဝဏ္ဏပဿတောင်သို့ ရောက်ရှိလေသည်။ ယင်းသုဝဏ္ဏပဿတောင်မှာ ကိန္နရာတို့ နေသောတောင်ဟု ဆိုပါသည်။

သုဝဏ္ဏပဿတောင်ထိပ်သို့ရောက်သောအခါ သုဘဒ္ဒါမှာ လိုက်သည့်အတိုင်း တောင်အောက်တွင် ဆင်းမင်း၏ သွားလာနေထိုင်လုပ်ရှားမှုကို ကြည့်ရှု လေ့လာသည်။ မိုးတိမ်ညိုအဆင်းရှိသည့် ပညောင်ပင်ကြီးကို တွေ့မြင်ရသည်။ ထိုပညောင်ပင်ရင်း၌ ဆင်ဖြူတော် ဆဒ္ဒန်ဆင်မင်းကို တွေ့ရလေသည်။ ဆင်ရှစ်ထောင်တို့ စောင့်ရှောက်နေသည်ကို တွေ့မြင်ရသည်။ ဆဒ္ဒန်ဆင်မင်း ရေချိုးသော ဆဒ္ဒန်အိုင်ကိုလည်း တွေ့မြင်ရသည်။ ဆင်မင်း၏ သွားလာလှုပ်ရှားမှုကို အသေးစိတ် လေ့လာပြီးနောက် ဆဒ္ဒန်ဆင်မင်းကို မြားဖြင့်ပစ်၍ သတ်နိုင်မည့်နေရာကို ရွေးချယ်ကာ တွင်းတူးသည်၊ တွင်းအပေါ်တွင် သစ်လုံးများ ပျဉ်များ ဖုံးကာ မြေဖို့၍ အနေအထား မပျက် ပြုလုပ်ထားသည်။ ဆောင်ရွက်ရသည့် ကိစ္စမှာ အန္တရာယ် များလှသဖြင့် အရေးကြုံ

လျှင် အသုံးပြုရန်အတွက် သက်န်းကိုလည်း အဆင်သင့် ပြုလုပ်ထားသည်။ အသင့်အနေအထားဖြင့် စောင့်နေစဉ် တစ်နေ့သောအခါတွင် ဆဒ္ဒန်မင်းသည် ရေချိုးပြီး မုဆိုး တူးထားသောတွင်း၏အထက်တွင် ရေများစစ်၍ အခြောက်ခံနေသည်။ ဆင်ကျောက်ကုန်းမှရေတို့သည် စီးဆင်းလျက် ချက်မှနေ၍ အောက်သို့ကျသည်။ ထိုအချိန်တွင် အသင့်စောင့်နေသော မုဆိုးသည် အဆိပ်လူးသော မြားကို တအားဆွဲပစ်လိုက်သည်။ မြားသည် ဆဒ္ဒန်ဆင်မင်း၏ ချက်မှဝင်၍ ကျောက်ကုန်းကို ဖေါက်ထွက်သွားလေသည်။

## ဆဒ္ဒန်ဆင်မင်းမြားမှန်ခြင်း

သောနုတ္တိုရ်မုဆိုး ပစ်လိုက်သော အဆိပ်လူးမြားသည် ဆဒ္ဒန်ဆင်မင်းအား ထိမှန်ဖောက်ထွင်းသွားသည့်အခါ အဖျဉ်း၊ သရက်ရွက်စသည်တို့ ကြေမွပျက်စီးသွားသည်။ သွေးများလည်း ဒလဟောယိုစီးသည်၊ ဆဒ္ဒန်ဆင်မင်းသည် ဆင်းရဲသောဝေဒနာကို ပြင်းထန်စွာ ခံစားရသဖြင့် တောတောင်တစ်ခုလုံး ပဲ့တင်ထပ်သော အသံကို သုံးကြိမ်ဟည်းလေသည်။ အခြံအရံဆင်အပေါင်းတို့သည်လည်း ဆင်မင်း၏အသံကို ကြားရသဖြင့် အသံပြုကြသည်။ ဆဒ္ဒန်ဆင်မင်းထံသို့ ဆင်များ ရောက်ရှိလာသောအခါ

ဆင်မင်းအား မြားထိမှန်ကြောင်း သိသည်နှင့် ရန်သူကို ရှာဖွေဖမ်းဆီးရန် နေရာအနှံ့ ပြေးသွားကြသည်။ မဟာသုဘဒ္ဒါမိဖုရားသည် ဆဒ္ဒန်ဆင်မင်း၏အနီး၌ ရပ်၍ ဆင်မင်းအား ဖေးမပြုစုပေးသည်။

မြားသည်ချက်ကို ဖောက်၍ ကျောမှထွက်သွားသည်ဖြစ်ရာ ရန်သူသည် အောက်တွင်ရှိကြောင်း ဆဒ္ဒန်ဆင်မင်းရိပ်မိလေသည်။ နောက်တစ်ချက် ပစ်လွှတ်လျှင် မိဖုရားကြီးကိုပါထိမှန်မည်ကိုလည်းကောင်း၊ ရန်သူကို မိဖုရားကြီးတွေ့လျှင် အရှင်မထားမည်ကိုလည်းကောင်း၊ ဆင်ခြင်မိသည့်အလျောက် မိဖုရားမဟာသုဘဒ္ဒါအား ရန်သူရှာထွက်ရန် နှင်ထုတ်လေသည်။ မဟာသုဘဒ္ဒါမိဖုရား ထွက်ခွာသွားသောအခါ မြေကြီးကို ခွာဖြင့်ရှပ်လိုက်ရာ သောနုတ္တိုရ်မုဆိုးကို တွေ့ရလေသည်။ သောနုတ္တိုရ်မုဆိုးသည် အသင့်ယူဆောင်လာသော သင်္ကန်းကို နှာမောင်းပေါ်ပစ်တင်လိုက်သည်။ ထိုအခါ ဆဒ္ဒန်ဆင်မင်းသည် ဒေါသကိုထိန်းချုပ်၍ "အရဟဒ္ဓဇ" ဖြစ်သော သင်္ကန်းကို ရိုသေသောအားဖြင့် သောနုတ္တိုရ်မုဆိုးအား မသတ်ဘဲ "အဘယ်ကြောင့် မိမိအားသတ်သနည်း၊ မည်သူက သတ်စေသနည်း" ဟု စစ်မေးလေရာ ကာသိမင်း၏ မိဖုရားကြီး သုဘဒ္ဒါက ဆင်စွယ်ကို အလိုရှိ၍ အသတ်ခိုင်းကြောင်း မုဆိုးက ပြောကြားသည်။ ဆဒ္ဒန်ဆင်မင်း

သည် သုဘဒ္ဒါဟူသော စကားကို ကြားရသောအခါ မိဖုရား စူဠသုဘဒ္ဒါ ၏ လက်ချက်ဖြစ်ကြောင်း၊ ဆင်စွယ်ကို လိုချင်သည်မှာ အမှန် မဟုတ်ဘဲမိမိအား ရန်ငြိုးထားကာ သတ်လိုခြင်းသာဖြစ် ကြောင်း သိရှိလေသည်။

ဆဒ္ဒန်ဆင်မင်းသည် သုဘဒ္ဒါမိဖုရားအား ပြောကြား စေလိုသော စကားများကို မှာကြားကာ မိမိ၏ ဆင်စွယ်ကို ဖြတ်ယူ ရန် ခွင့်ပြုသည်။ မုဆိုးသည် ဆင်စွယ်ကို မမီနိုင်သဖြင့် ဆင်မင်း သည် မိမိကိုယ်ကို မြေ၌ဝပ်တွားပေးသည်။ မုဆိုးသည် လွှကြီးဖြင့် ဆင်စွယ်ကို တိုက်ဖြတ်ပါသော်လည်း မပြတ်နိုင်ဘဲ ရှိနေသဖြင့် ဆဒ္ဒန်ဆင်မင်းသည် ကိုယ်တိုင်ဖြတ်၍ ပေးလေသည်။

ဆဒ္ဒန်ဆင်မင်းသည် ဆင်စွယ်ကို ဖြတ်လှူရာတွင် ရည်ရွယ်ချက် နှစ်ရပ်ထားသည်ကို တွေ့ရမည်ဖြစ်ပါသည်။ သုဘဒ္ဒါမိဖုရား၏ ရန်ကျေးကို ပြေစေလိုသည်တစ်ချက်နှင့် သဗ္ဗညုတ ဉာဏ်ကို ရရှိရန် ရည်သန်တောင့်တမှု တစ်ရပ်တို့ဖြစ် သည်။ စလေဆရာကြီး ဦးပုညက ဆုတောင်းခြင်းနှင့်စပ်လျဉ်း၍ ဆုတောင်းကောင်းရေးနှင့်ဆုတောင်းမမှားရေးကို သတိပေးကာ ထောက်ပြခဲ့သည်။ စူဠသုဘဒ္ဒါ၏ဆုတောင်းသည် လက်စား ချေရန် ဆုတောင်းခဲ့ခြင်းဖြစ်၍ ဆိုးကျိုးသာလျှင် အဖတ်တင် ခဲ့သည်။ ဆဒ္ဒန်ဆင်မင်း၏ဆုတောင်းမှာ လောကီစည်းစိမ်ကိုပင် ဆုတောင်းခြင်း မပြုဘဲ သဗ္ဗညုတဉာဏ်ရရှိရန်ကိုသာ ရည်သန်ခဲ့

ခြင်းဖြစ်သည်။ လောကသားအားလုံး၏ ကောင်းကျိုးကို ဖြစ်ထွန်းစေခဲ့သည်။

ဆဒ္ဒန်ဆင်မင်းသည် ရန်သူအရှာထွက်သော ဆင်ရှစ်ထောင်တို့ ပြန်မရောက်မီ သောနုတ္တိုရ်မုဆိုးအား ဆင်စွယ်ကိုပေးအပ်၍ လမ်းခရီးချောမောအောင် စီစဉ်ဆောင်ရွက်ပေးလိုက်သည်။ ခုနစ်နှစ်၊ ခုနစ်ရက်၊ ခုနစ်လ လာခဲ့ရသော ခရီးကို ဆဒ္ဒန်ဆင်မင်း အစွယ်တော်၏ အာနုဘော်ကြောင့် ခုနစ်ရက်တည်းဖြင့် သောနုတ္တိုရ်မုဆိုးသည် ဗာရာဏသီသို့ အရောက်ပြန်နိုင်ခဲ့သည်။

ဆဒ္ဒန်ဆင်မင်းသည် အဆိပ်လူးသော မြားဒဏ်ရာဖြင့်ပင် မဟာသုဘဒ္ဒါမိဖုရားကြီးနှင့် ဆင်အပေါင်းတို့ပြန်မရောက်မီပင် ကွယ်လွန်ရှာသည်။ ဆင်တို့သည် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့အား အသုဘရှုပင့်ဖိတ်၍ တရားတော်များရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ မီးသဂြိုဟ်ခြင်း ကိစ္စကို ဆောင်ရွက်ကြသည်။

သုဘဒ္ဒါ မိဖုရားကြီးသည် မိမိဆောင်ရွက်ခိုင်းသည့်အတိုင်း ပြီးမြောက် အောင်မြင်ခဲ့သော်လည်း ဝမ်းမြောက်ဝမ်းသာ မဖြစ်နိုင်ဘဲ နောင်တတရားကြီးစွာရကာ ရင်ကွဲနာကျ၍ ဘဝဇာတ်သိမ်းခဲ့ရသည်။

တိံသနိပါတ်ဇာတ်တော်မှာ ဖော်ပြသည့်အတိုင်း ပြည့်စုံစွာ ဖော်ပြထားခြင်းမဟုတ်ဘဲ အချို့နေရာများတွင် အကျဉ်းချုပ်၍ ရေးသားဖော်ပြထားပါသည်။

## ၅။ ဆင်ဖြူတော်သီလဝဆင်မင်း

အိန္ဒိယနိုင်ငံ ဟိမဝန္တာအရပ်တွင် မွေးဖွားကြီးပြင်းသော ဆင်ဖြူတော်ဖြစ်သည်။ မိခင်ဝမ်းမှဖွားမြင်ကတည်းက ဆင်ဖြူတော်ကလေးဖြစ်သည်။ တစ်ကိုယ်လုံးဖြူသည်၊ ငွေရောင်ပေါက်နေသည်။ ထိုဆင်ဖြူတော်၏မျက်လုံးမှာ ပတ္တမြားလုံးနှင့်တူသည်။ မျက်နှာမှာ နီသော ကမ္ဗလာနှင့်တူသည်။ နှာမောင်းမှာ နီသောရွှေဇာပေါက်ဖြင့်တန်ဆာဆင်ထားသော ငွေပန်းဆိုင်းနှင့်တူသည်။ ခြေလေးဘက်တို့မှာ ချိတ်ရည်ဆိုးထားသကဲ့သို့ ဖြစ်သည်။ ကြည့်ရှု၍ကောင်းသော ရုပ်ဆင်းအင်္ဂါ လက္ခဏာနှင့် ပြည့်စုံသည်။ ဤဆင်မင်း၏ အရောင်အသွေး ဖော်ပြချက်ကို ကြည့်လျှင် အားလုံးဖြူသည်ဟု ဆိုသော်လည်း အခြေလေးဘက်၊ နှာမောင်း၊ ဦးခေါင်းနှင့်မျက်လုံးတို့မှာ အဖြူရောင်မဟုတ်ကြောင်း သိသာလှ ပါသည်။

ဆင်မင်းဖြစ်သည့်အားလျော်စွာ ဟိမဝန္တာတွင် ဆင်အပေါင်း ရှစ်သောင်း အခြံအရံဖြင့် နေထိုင်လေသည်။ နောက်ပိုင်း

တွင် အဖော်အပေါင်းတို့နှင့် မနေလိုသောကြောင့် တစ်စီးတည်း အေးချမ်းစွာနေသည်။ တစ်နေ့တွင် ဗာရာဏသီနေ မုဆိုး တစ်ယောက်သည် တောခရီး၌ မျက်စိလည်လမ်းမှား၍ ဆင်မင်း နေရာအနီးသို့ ရောက်လာသည်။ မုဆိုးသည် သေဘေးမှကြောက် သဖြင့် လက်နှစ်ဖက်ကို မြှောက်ကာ ငိုကြွေးလေသည်။ ဆင်မင်း သည် မုဆိုးငိုသော အသံကိုကြား၍ မုဆိုးအား ကယ်တင်ရန် မုဆိုး အနီးသို့ သွားသည်။ မုဆိုးသည် ဆင်မင်းကိုမြင်သောအခါ ကြောက်၍ပြေးသည်။ ဆင်မင်းသည် မုဆိုးပြေးလျှင် မလိုက်ဘဲ ရပ်နေသည်။ ဆင်မင်းဆက်မလိုက်ဘဲ ရပ်နေသည်ကိုမြင်သဖြင့် မုဆိုးသည် ရပ်လေသည်။ မုဆိုးရပ်သောအခါ ဆင်မင်းသည် အရှေ့တိုး၍သွားပြန်သည်။ ထိုမုဆိုးသည် တဖန်ပြေးပြန်၏။ ဆင် သည်ရပ်နေ၏၊ ထိုအခါ "ဤဆင်သည် ငါ့အား ရန်ပြုလိုသည် မဟုတ်၊ ငါ့အားကူညီလိုသည် ဖြစ်ပေလိမ့်မည်"ဟု မုဆိုးသည် စဉ်းစားမိကာ ရပ်၍သာ နေတော့သည်။ ဆင်မင်းသည် မုဆိုးအနီး သို့ကပ်၍ "အသင်သည် အဘယ့်ကြောင့် ငိုကြွေးလျက် သွား သနည်း"ဟုမေးသည်။ အကျွန်ုပ်သည် မျက်စိလည် လမ်းမှားသည် ဖြစ်၍ သေဘေးမှ ကြောက်သောကြောင့် ငိုကြွေးလျက်သွားခြင်း ဖြစ်ကြောင်း မုဆိုးက ပြောသည်။

ဆင်မင်းသည် မုဆိုးအား မိမိနေရာသို့ ခေါ်ဆောင်ကာ နှစ်ရက်သုံးရက် အစာကျွေးမွေးထားသည်။ နှစ်ရက်သုံးရက် လွန်သောအခါ ဆင်မင်းသည် မုဆိုးကိုကျောကုန်း၌တင်၍လူတို့ လမ်းခရီးသို့ လိုက်ပို့လေသည်။ မုဆိုးသည် ဆင်ကျောကုန်းပေါ်မှ နေ၍ လမ်းခရီးကို မှတ်သားကာ လိုက်လာခဲ့သည်။ ဆင်မင်းသည် မုဆိုးအား ဗာရာဏသီသို့ သွားသော လမ်းခရီး၌ ချထား၍ "ငါ၏ နေရာကို သူတပါးတို့ မေးသည်ဖြစ်စေ၊ မမေးသည်ဖြစ်စေ မပြော ကြားပါနှင့်"ဟု မှာကြားကာ လွှတ်လိုက်သည်။

မုဆိုးသည် ဗာရာဏသီမြို့သို့ ရောက်သောအခါ ဆင်စွယ်ပွတ်သမားများထံ သွား၍ "အသက်ရှင်သော ဆင်စွယ် ကို ရလျှင်ယူမည်လား"ဟု မေးမြန်းစုံစမ်းရာ အသက်ရှင်သော ဆင်၏အစွယ်သည် သေသောဆင်၏ အစွယ်ထက် အဖိုးများစွာ ထိုက်တန်ကြောင်းသိရှိရသဖြင့် အသက်ရှင်သော ဆင်၏အစွယ် ကိုဆောင်ယူခဲ့မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့နောက် ရိက္ခာနှင့်လွှကို ယူကာ ဆင်မင်းရှိရာ ဟိမဝန္တာသို့ ခရီးထွက်ခဲ့ သည်။

သီလဝဆင်မင်းသည် မုဆိုးကို တွေ့မြင်ရသောအခါ အဘယ်ကြောင့် လာသနည်းဟု မေးသည်။ မုဆိုးက မိမိမှာ

အထီးကျန်ဖြစ်ကြောင်း၊ ဆင်းရဲသူဖြစ်ကြောင်း။ အရှင်၏ အစွယ်ကို ပိုင်းဖြတ်၍ ထိုဆင်စွယ်ကို ရောင်းပြီး အသက်မွေးဝမ်းကျောင်းပြုလုပ်လိုပါကြောင်း ပြောဆိုကာ ဆင်စွယ်ကို တောင်းခံလို၍ လာခြင်းဖြစ်ကြောင်း ပြောဆိုလေသည်။

သီလဝဆင်မင်းသည် ဘုရားအလောင်းဆင်မင်း ဖြစ်သည့်အားလျော်စွာ "သင့်မှာ ဆင်စွယ်ကို ဖြတ်စရာပါလျှင် ဆင်စွယ်ကို လှူပါမည်" ဟု အလွယ်တကူပင် ခွင့်ပြုလေသည်။ မုဆိုးက လွှယူလာပါကြောင်း ပြောသောအခါ ဆင်မင်းသည် ခြေတို့ကို ခွေကာ၊ ဦးခေါင်းကိုညွတ်ကာ အစွယ်ကိုဖြတ်သာအောင် နွားထိုင် ထိုင်ပေးသည်။ မုဆိုးသည် ဦးကင်းသို့တက်၍ ဆင်စွယ်နှစ်ချောင်းလုံး၏ အဖျားပိုင်းကိုဖြတ်သည်။ ဆင်မင်းသည် ဖြတ်ပြီးသော ဆင်စွယ်များကို နှာမောင်းဖြင့်ယူ၍ "အမောင်ယောကျ်ား၊ ငါသည် ဤအစွယ်တို့ကို မနှစ်သက်၍ သင့်အား ပေးသည်မဟုတ်၊ ဤဆင်စွယ်တို့ထက် အဆအရာ၊ အဆအထောင်၊ အဆအသိန်း မက ချစ်မြတ်နိုးအပ်သော သဗ္ဗညုတဉာဏ်တော်တည်းဟူသော အစွယ်ကို တောင့်တ၍ လှူဒါန်းခြင်းဖြစ်ပေသည်" ဟု ဆိုကာ ဆင်စွယ်နှစ်ချောင်းကို ပေးလှူလေသည်။

မုဆိုးသည် ထိုဆင်စွယ်တို့ကိုရောင်း၍ အသက်မွေးရာ ကုန်သွားသောအခါ ဆင်မင်းထံသွား၍ အစွယ်ကိုတောင်းပြန်သည်။ ယခင်ဖြတ်ယူသွားသည့်ဆင်စွယ်များ ရောင်းရငွေမှာ ကြွေးဆပ်၍ ကုန်သွားပါကြောင်း၊ ကျန်သောအစွယ်တို့ကို ပေးပါရန်တောင်းခံလေသည်။ ဘုရားလောင်းဆင်မင်းသည် ရှေးနည်းအတိုင်းပင် လှူလိုက်ပြန်သည်။ မုဆိုးသည် ထိုမျှဖြင့် မတင်းတိမ်ဘဲ နောက်ထပ်ရောက်လာပြန်ကာ အစွယ်ရင်းကိုပါတောင်းခံသည်။ ဘုရားလောင်းဆင်မင်းက မုဆိုး၏ အလိုကိုဖြည့်၍ ဟောင်းတိုင်းပေးပါသော်လည်း မုဆိုးသည် ဆင်မင်းကိုမငဲ့ညှာဘဲ မိမိအစွယ်ရရေးကိုသာ ဂရုပြု၍ မညှာမထောက် ဖြတ်တောက်ယူငင်၍ သွားလေသည်။

စိတ်ထားယုတ်မာသော ထိုမုဆိုးသည် ဘုရားလောင်းဆင်မင်း၏ မျက်ကွယ်အရပ်သို့ရောက်လျှင် မဟာပထဝီမြေကြီးသည် မြင့်မိုရ်တောင်၊ ယုဂန္ဓိုရ်ဘောင်စသော အလွန်လေးပင်လှသော ဝန်ကို ထမ်းထားနိုင်ပါလျက် မကောင်းသောအနံ့အသက်ရှိသော ကျင်ကြီး၊ ကျင်ငယ်တို့ကို ထမ်းဆောင်ထားနိုင်ပါလျက် ကျေးဇူးမဲ့လှသော ထိုသူယုတ်မာ မုဆိုး၏ကျေးဇူးမဲ့မှုကို မခံနိုင်သကဲ့သို့ပင် ရှစ်ဖြာကွဲကာ ဟင်းလင်းပွင့်သွားသည်။ ထိုအချိန်တွင် ငရဲမှ မီးလျှံတို့သည် ထွက်လာသည်။ အဆွေခင်ပွန်းကို ပြစ်မှား

သောလူယုတ်မာ မုဆိုးအား ကမ္ဘလာဖြင့် ရုံသကဲ့သို့ ရစ်ပတ်၍ မြေမြို သွားတော့သည်။

ဇာတ်တော်ပေါင်းသည့်အခါ သီလဝနာဂရာဇာ ဆင်ဖြူ တော်ဆင်မင်းသည် ဘုရားအလောင်းတော်ဖြစ်လေသည်။ ကျေးဇူး မသိတတ်သော မုဆိုးမှာ ဒေဝဒတ်အလောင်းဖြစ်ကြောင်း ဖော်ပြထားလေသည်။

## ၆။ စကြဝတေးမင်း၏ ဆင်ဖြူတော်ရတနာ

စကြဝတေးမင်းသည် လူ့ပြည်လောကတွင် ဘုန်းကံကြီးမားဆုံး၊ စည်းစိမ်ချမ်းသာ အပြည့်ဝဆုံး ပုဂ္ဂိုလ်ဖြစ်သည်။ စကြဝတေးမင်းသည် ရတနာခုနစ်ပါးပိုင်ဆိုင်သည်။

(၁) စကြာရတနာ

(၂) ဆင်ရတနာ

(၃) မြင်းရတနာ

(၄) ပတ္တမြားရတနာ

(၅) မိန်းမရတနာ

(၆) သူဌေးရတနာနှင့်

(၇) သားကြီးရတနာတို့ဖြစ်သည်။

စကြဝတေးမင်း၏ ဆင်ရတနာသည် ကိုယ်လုံးဖြူသည်၊ နှာမောင်း၊ အမြီး၊ အင်္ဂါဇာတ်၊ ခြေလက်လေးဘက်ဟု ဆိုအပ်သော အင်္ဂါခုနစ်ပါးတို့မှာ မြေ၌ထိလျက်တည်ကြသည်။ ဆင်ဆယ်မျိုးတွင် အမှတ် (၉) တွင်ရှိသော ဥပေါသထဆင် အမျိုးအစားဖြစ်သည်။ ကောင်းကင်သို့ ပျံတက်နိုင်သော အစွမ်းရှိသည်။ ကာလကြာမြင့်စွာ ဆုံးမသင်ကြားထားသော အာဇာနည်ဂန္ဓဆင်မျိုးကဲ့သို့ ယဉ်ကျေးလိမ္မာပြီးဖြစ်သည်။ စကြဝတေးမင်းသည်

ဆင်ဖြူတော်ရတနာ၏ အစွမ်းသတ္တိကို စုံစမ်းလို၍ နံနက်အခါတွင် ဆင်ဖြူတော်ရတနာကိုစီး၍ သမုဒ္ဒရာအဆုံးအပိုင်းအခြားရှိသော မြေအပြင်အားလုံးကို အစဉ်အတိုင်း လှည့်လည်ရာ နံနက်စာ ပွဲတော်သုံးဆောင်ချိန်အမီ ပြန်လာနိုင်လေသည်။

(ပါထိကဝဂ်၊ စက္ကဝတ္တိသုတ်နှင့်
ဉပရိပဏ္ဏာသ၊ ဗာလပဏ္ဍိတသုတ်)

## ၇။ ဝေဿန္တရာမင်း၏ ဆင်ဖြူတော်

ဝေဿန္တရာမင်းဆိုလျှင် ဗုဒ္ဓဘာသာဝင်တိုင်း ကြားဖူးနားဝ ရှိကြပါသည်။ အလှူပေးရာတွင် သူမတူအောင် ရက်ရောလှသဖြင့် ထင်ရှားပါသည်။ မွေးဖွားစကပင် မိခင်ထံ လှူစရာပစ္စည်းကို တောင်းခံခဲ့ပြီး မွေးဖွားစပင် စကားပြောသူ သုံးဦးအနက် တစ်ဦးဖြစ်သည်။

ဆင်ဖြူတော်ရပုံမှာ အလွန်ဆန်းကြယ်သည်။ ဟိမဝန္တာစသည့်အရပ်ဒေသများမှ တမင်ရှာဖွေခဲ့ရသည် မဟုတ်ပေ။ ဝေဿန္တရာမင်းသား ဖွားမြင်သည့်နေ့မှာပင် ရောက်လာခြင်းဖြစ်သည်။ ရောက်လာပုံမှာလည်း ဆန်းသည်။ ကောင်းကင်တွင် ပျံသန်း ကျက်စား သွားလာနေသော ဆင်ပျံမ တစ်စီးသည် တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူသော ဆင်ဖြူတော်ကလေး တစ်စီးကို ဆောင်ယူလာပြီး မင်္ဂလာဆင်တင်းကုပ်၌ ထားသွားခြင်း ဖြစ်သည်။ ဝေဿန္တရာမင်းကို အထောက်အပံ့ပြုသောအားဖြင့် ပေါ်ပေါက် လာခြင်းဖြစ်၍ "ပစ္စယဆင်ဖြူတော်" ဟု အမည်ပေးလေသည်။ ခမည်းတော် သိဥ္စည်းမင်းကြီး၏ ဘုန်းတန်ခိုးကြောင့် ပေါ်ပေါက်လာခြင်း မဟုတ်ပေ။

ဝေဿန္တရာမင်းသား ၁၆-နှစ်အရွယ်တွင် မဒ္ဒရာဇ်မင်း၏ သမီးတော် မဒ္ဒီဒေဝီနှင့် ထိမ်းမြားပေးပြီး ထီးနန်းလွှဲအပ်သဖြင့် မင်းဖြစ် လာသည်။ အလှူမဏ္ဍပ်ကြီးခြောက်ခု လုပ်ထားရာ ဝေဿန္တရာမင်းသည် ပစ္စယဆင်ဖြူတော်ကို စီးလျက် တစ်လ

လျှင် ခြောက်ကြိမ် အလှူမဏ္ဍပ် ခြောက်ခုသို့ လှည့်လည် ကြည့်ရှုသည်။

## ကလိင်္ဂတိုင်း၌မိုးခေါင်ခြင်း

ကလိင်္ဂတိုင်း၌ မိုးခေါင်သဖြင့် ဝတ်မွတ်ခေါင်းပါးသော ဒုဗ္ဘိက္ခန္တရကပ်ဆိုးကြီး ဆိုက်ရောက်သောအခါနှင့် ကြုံလာသည်။ ကလိင်္ဂရာဇ်မင်းသည် မိုးရွာစေရန်အတွက် ခုနစ်ရက်တိုင်တိုင် ဥပုသ်ဆောက်တည်သော်လည်း မိုးမရွာဘဲ ရှိလေသည်။ ထိုအခါ ပညာရှိတို့က "ဆင်ဖြူတော် ရောက်ရာအရပ်၌ မိုးရွာပါသည်။ သိဝိတိုင်း၊ စေတုတ္တရာပြည် ဝေဿန္တရာမင်းထံ၌ ဆင်ဖြူတော် ရှိပါသည်။ ဝေဿန္တရာမင်းသည် အလှူပေးရာ၌ ရက်ရောလှပါသည်။ ဝေဿန္တရာမင်းထံ တမန်စေလွှတ်၍ ဆင်ဖြူတော်ကို အလှူခံတော်မူပါ" ဟု အကြံပြု စကား လျှောက်ထားကြသည်။ ကလိင်္ဂရာဇ်မင်းသည် ဆင်ဖြူ တော်ကို အလှူခံရန်အတွက် ပုဏ္ဏားရှစ်ယောက်ကို တာဝန်ပေးကာ စေလွှတ်လေသည်။

ပုဏ္ဏားရှစ်ယောက်တို့သည် စေတုတ္တရာပြည်သို့ ရောက်သောအခါ အလှူခံမဏ္ဍပ်၌ပင် ထမင်းစားသောက်ကြလျက် ဝေဿန္တရာမင်း ထွက်တော်မူလာသောအခါ ဆင်ဖြူတော်ကို အလှူခံရန် အရှေ့တံခါးမှ စောင့်နေကြသည်။ ဝေဿန္တရာမင်းသည် လပြည့်နေ့ ဖြစ်သဖြင့် ဆင်ဖြူတော်ကိုစီးလျက် အလှူမဏ္ဍပ်သို့ လှည့်လည်ရန် ထွက်တော်မူလာသည်။ ပုဏ္ဏားရှစ်ယောက်တို့သည် အရှေ့တံခါးတွင် အလှူခံရန် အခွင့်မသာ

သေးသောကြောင့် တောင်တံခါးသို့ သွားရောက်စောင့်နေကြ ပြန်သည်။ တောင်တံခါးသို့ ရောက်သောအခါ ဆင်ဖြူတော်ကို ပေးလှူတော်မူပါရန် တောင်းခံကြလေသည်။ ပုဏ္ဏားတို့က ဆင်ဖြူတော်ကို အလှူခံသောအခါ ဝေဿန္တရာမင်းသည် ဆင်ဖြူတော်မှဆင်း၍ ဆင်ဖြူတော်၌ ဆင်ယင်ထားသော တန်ဆာရတနာ စုံလင်စွာ ရှိ မရှိ ကြည့်ရှုစစ်ဆေးလျက် ဆင်ဖြူ တော်၏ နှာမောင်းကို ကိုင်၍ အလှူခံပုဏ္ဏားတို့လက်၌ထည့်ကာ ဝမ်းမြောက်ဝမ်းသာ လှူဒါန်းလေသည်။

**အဆင်တန်ဆာများ**

ပစ္စယဆင်ဖြူတော်၏ ခြေလေးဘက်၌ဆင်သော တန်ဆာသည် အဖိုးလေးသိန်းထိုက်သည်။ နံပါးနှစ်ဘက်၌ ဆင်သော တန်ဆာသည် နှစ်သိန်းထိုက်သည်။ ဗိုက်အောက်၌ ဆင်သော ကမ္ဗလာသည် တစ်သိန်းထိုက်သည်။ ကျောက်ကုန်း၌ ဆင်သော ပုလဲကွန်ယက်၊ ပတ္တမြားကွန်ယက်၊ ရွှေကွန်ယက် သုံးခုသည် သုံးသိန်းထိုက်သည်။ နားနှစ်ဘက်၌ ဆင်သော တန်ဆာသည် နှစ်သိန်းထိုက်သည်။ ကျောက်ကုန်း၌ခင်းသော ကမ္ဗလာ၊ ရေခမိုး၌ဆင်သော တန်ဆာ၊ ဦးကင်းသုံးခု၌ဆင်သော တန်ဆာသုံးခု၊ နားစွန်နားဖျား နှစ်ဘက်၌ ဆင်သော တန်ဆာနှစ်ခု၊ အစွယ်နှစ်ချောင်း၌ဆင်သော တန်ဆာနှစ်ခု၊ နှာမောင်း၌ဆင်သော တန်ဆာ၊ မြီးထူး၌ဆင်သော တန်ဆာ၊ ဆင်တက်လှေကား၊ ဆင်တော်စားခွက် အပါအဝင် စုစုပေါင်း နှစ်ဆယ့်လေးသိန်း

ထိုက်သည်။ ထို့အပြင် ဆင်ဖြူတော် အကျွေးအမွေး အိမ်ထောင်စုငါးရာ၊ ဆင်ချေးကျုံး၊ ဆင်ထိန်းနှင့်တကွ ပေးလှူ တော်မူသည်။ ထိုအခါ လျှောင်ကြီး လှုပ်ကြောင်း မှတ်တမ်းပြု ထားလေသည်။

## ဆင်ဖြူတော်ကိုတိုင်းသူပြည်သားတို့ မြတ်နိုးကြခြင်း

ဝေဿန္တရာမင်းက ပစ္စယဆင်ဖြူတော်ကို ပုဏ္ဏားတို့အား ပေးလှူလိုက်သောအခါ တိုင်းသူပြည်သားတို့သည် မကျေမနပ်ဖြစ်ကြသည်။ ခမည်းတော် သိဥ္စည်းမင်းကြီးထံသွား၍ တိုင်တန်း ပြောဆိုကာ ကြွေးကြော်ကြလေသည်။ သိဥ္စည်းမင်းကြီးသည် တိုင်းသူပြည်သားတို့၏ ကြွေးကြော်သံကို ကြားသောအခါ သားတော် ဝေဿန္တရာတွင် အပြစ်မရှိ၍ သတ်ခြင်း၊ တိုင်းပြည်မှ နှင်ထုတ်ခြင်း မပြုနိုင်ဟု ဆိုလေသည်။ ထိုအခါ တိုင်းသူပြည်သား တို့က ဝေဿန္တရာမင်းအား ဝင်္ကပါတောင်သို့ နှင်ထုတ်ရန် တောင်းဆိုကြသည်။ ဝေဿန္တရာမင်းအား အကြောင်းကြားသော အခါ တိုင်းသူပြည်သားတို့၏ တောင်းဆိုချက်ကို လက်ခံလေသည်။ အလှူပေးခြင်းကိုမူ စွန့်လွှတ်တော်မမူပေ။

ဤဇာတ်တော်အရ ဆင်ဖြူတော်ရောက်လျှင် မိုးခေါင်ရေရှားခြင်းကြောင့်ဖြစ်သော ဒုဗ္ဘိက္ခန္တရဘေးမှ လွတ်မြောက်စေတတ်ကြောင်း၊ ဆင်ဖြူတော်ကို တိုင်းသူပြည်သားတို့ လွန်စွာ မြတ်နိုးကြောင်း သိရှိရပါသည်။

## နိဂုံး

မင်းဓမ္မကုန်းတော် အောင်မြေသို့ ပထမဦးဆုံး ရောက်ရှိလာသည့် ရာဇဂဟာသိရိပစ္စယဂဇရာဇာ ဆင်ဖြူတော်ကို ပရိသတ်အများ လာရောက်ကြည့်ရှုကြသည်။ ဆင်ဖြူတော်၏ အရောင်အသွေးကို ကြည့်၍ "ဘယ်နေရာက ဖြူသည်၊ ဘယ်နေရာက မဖြူဘူး"စသည်ဖြင့်ပြောဆိုနေကြသည်ကို ကြားခဲ့ရသည်။ သီလဝဆင်မင်းအကြောင်းကို ဖတ်လျှင် သံသယကင်းနိုင်ပါသည်။ သီလဝဆင်မင်းသည် ဆင်ဖြူတော်အစစ်ပင်ဖြစ်ပါသည်။ ဆင်ဖြူတော်၏ အရောင်အသွေးကို တိတိကျကျ ဖော်ပြထားပါသည်။ ကိုယ်လုံးမှာ အဖြူရောင်ဖြစ်သည်။ ဆင်၏မျက်နှာမှာ ကမ္ဗလာနီ အဆင်းရှိသည်။ နှာမောင်းမှာ ရွှေဇာပေါက်နီဖြင့် တန်ဆာဆင်ထားသော ငွေပန်းခိုင်နှင့်တူသည်။ ခြေလေးဘက်တို့မှာ ချိတ်ရည်ဆိုးထားသကဲ့သို့ ရှိသည်။ ဖော်ပြပါ အရောင်အသွေးကို ကြည့်လျှင် အင်္ဂါအစိတ်အပိုင်းအားလုံး ဖြူဖွေးနေသည်မဟုတ်ကြောင်း ထင်ရှားပါသည်။

ထို့ကြောင့် ဤဇာတ်နိပါတ်တော်လာ ဆင်ဖြူတော်များအကြောင်းကို ဖတ်ရှုခြင်းဖြင့် လက်ရှိဆင်ဖြူတော်များသည် ဆင်ဖြူတော်အစစ်ဖြစ်ကြောင်းကိုပါ ဆန်းစစ်လေ့လာနိုင်ရန်အတွက် အထောက်အကူဖြစ်စေလိမ့်မည်ဟု ယုံကြည်မိပါသည်။

အပိုင်း–၂

## အရှင်နာဂသိန်ပုံပြဆေးအဘိဓာန်မှ

# ဆင်အကြောင်းသိကောင်းဖွယ်ရာများ

ဆင်သည် တောတိရစ္ဆာန်တို့တွင် ကိုယ်နေကိုယ်ထား အကြီးမားဆုံး ဖြစ်သည့်ပြင် လူတို့၏ သွန်သင်မှုဖြင့် ယဉ်ကျေးလိမ္မာလာသောအခါ လူတို့အတွက် အသုံးအဝင်ဆုံး ကျေးဇူးအများဆုံးလည်း ဖြစ်ပေသည်။

လူ့လောကတွင် အထွတ်အထိပ်ဖြစ်သော ဘုရင်မှစ၍ သာမန်လူတန်းစားအထိ အသုံးပြုသော တိရစ္ဆာန်ဖြစ်၍ အတန်းအစားခွဲခြားသောအခါ ဆင် ၁၀-မျိုး, ဆင် ၄-မျိုး စသည်ဖြင့် ကွဲပြားလေသည်။

ဘုရင်တို့စံရာ နန်းတော်အတွင်း၌ ပလ္လင် ၈-ခန်း ရှိသည့်အနက် စကားသားဖြင့် ပြုလုပ်သော ဂဇာသနပလ္လင်ကို ဗြဲတိုက်ဆောင်တွင်ထားပြီး ထိုပလ္လင်ပေါ်မှာ စံတော်မူ၍ ဘုရင်ကိုယ်တိုင် အမှုထမ်းတို့အား ချီးမြှင့်ခြင်း, နှိမ့်ချခြင်း ပြုတော်မူသည်။ ဂဇာသနပလ္လင် ဆိုသည်မှာ ဆင်ရုပ်ခံထားသော ရာဇပလ္လင်တည်း။

ဆင့်အတ္ထုပ္ပတ်ကို ပြရာ၌ ၁-ဆင့်သဘာဝ၊ ၂-ဆင် လောက ကျယ်ပြန့်ပုံ၊ ၃- ဆင်နှင့်ပတ်သက်သော ယဉ်ကျေးမှု၊ ၄- ဆင်ဖြူတော်၊ ဤသို့ ၄-ကဏ္ဍ ပိုင်းခြား၍ ပြထားပါသည်။

ဆင်နှင့် ပတ်သက်သော ယဉ်ကျေးမှုတွင် ရှေးဘုရင် အဆက်ဆက် အသုံးပြုခဲ့ကြသော ရွှေနန်းသုံး အဘိဓာန်လာအရ ဝေါဟာရ အသုံးအနှုန်းပေါင်း ၃၆-မျိုးနှင့်တကွ ရှင်းပြထားပါ သည်။ မြန်မာဘုရင်များလက်ထက် ဆင်များကို အထူးအရေး ထားသည့် အလျောက် ဆင်နှင့်ပတ်သက်သော အမှုထမ်းပေါင်း မည်မျှရှိသည်ကိုလည်း ဖော်ပြထားပါသည်။ တောဆင်ရိုင်းကို ဖမ်းဆီးရာတွင် ကျော့ဖမ်းရန် အသုံးပြုသော လွန်ကြိုးနှင့် လွန် အမှုထမ်း (ရွှေလွန်အမှုထမ်း)များ အကြောင်းသည်လည်း စိတ် ဝင်စားဖွယ် ကောင်းလှသည်။

ကုန်းဘောင်ဆက် ဘိုးတော်ဘုရားလက်ထက် ဆင်ဖြူ တော်ရရှိပုံ, ဆင်တော်ကို ဖွဲ့ဆိုသော မော်ကွန်းများ, ဆင်ဖြူတော် ကို ဆောင်ယူပုံ, ဆင်ဖြူတော်သိမ်းယူပွဲ, ပညာရှိများ လျှောက်တင် ချက်, ဆင်ဖြူတော်ကို ဘိသိက်သွန်းခြင်း, ဆင်ဖြူတော်၏ အရည်အချင်း, ဆင်မင်းကြီးတောသို့ ဝင်သွားခြင်း, ဆင်မင်းကြီး ကွယ်လွန်ခြင်း။

ဘုန်းဘောင်ခေတ်နောက်ဆုံး သီပေါမင်း ဆင်ဖြူတော်ကံဆိုးပုံ, ယခု တိရစ္ဆာန်ဥယျာဉ်အတွင်းရှိ ဆင်ဖြူမကလေး, ကျမ်းထွက်နှင့်ဆင်ဖြူတော်အကြောင်း, ကုန်းဆင်ဟူသမျှ ကြောက်ရသော ရေဆင်, ဆင်ဖြူတော် ဝပ်သောနေရာ၌ ဘုရားစေတီတည်ထားပုံ၏ ထူးခြားချက်, သီဟိုဠ်ကျွန်းနှင့်ဆင်ဖြူတော်, ဒုဋ္ဌဂါမဏိမင်းကြီးက ဆင်ဖြူတော်ကဏ္ဍုလအား တနိုင်ငံလုံး အပ်နှင်းတော်မူခြင်း။

ဗုဒ္ဓကိုယ်တော်တိုင် ဆင်ကို ဥပမာထား၍ ဟောကြားတော်မူသော ဒေသနာတော်များ, မြန်မာနိုင်ငံတွင် ဆင်ပါသော မြို့ရွာရပ်ကွက်အမည်များ, ထိုတွင် "ဆင်ဖြူအစ မုတ္တမ" ဆိုသည်ကို ရှင်းပြခြင်း, ဣန္ဒိယနိုင်ငံ ဗုဒ္ဓဂယာရှိရာ ဂယာသီသဌာန၏ အဓိပ္ပါယ်၊ အချုပ်ကို ဆိုရသော် ရှေးရှေးဘုရင်တို့တွင် အထွတ်အမြတ်ဆုံး ဖြစ်သော စက္ကဝတ္တိ- စကြာမင်းတို့သည် အကောင်းဆုံး ရတနာ ၇-ပါးကို ရရှိမြဲဖြစ်ရာ ထိုရတနာ ၇-ပါးတို့တွင် ဒုတိယမြောက်ရတနာမှာ ဆင်ရတနာ ဖြစ်သောကြောင့် အခြားရတနာ ၆-မျိုးတို့နှင့် ပခုံးချင်းယှဉ်ကာ တန်းတူလိုက်ကြောင်း ထင်ရှားပေသည်။

ဆင်နှင့်ပတ်သက်သော သိဖွယ်မှတ်ဖွယ် အသွယ်သွယ်တို့ကို အကျယ် (နိဒ္ဒေသ) မပြမီ အကျဉ်းချုပ် (ဥဒ္ဒေသ) အားဖြင့် ရှေးဦး ကြိုတင်၍ ဖော်ပြလိုက်ပါသတည်း။

(၁) ဆင်၏ပုံသဏ္ဍာန်။။ ဆင်၏ ပုံသဏ္ဍာန် အရပ်အမောင်းနှင့် ပတ်သက်၍ အတိအကျ ဤမျှသာရှိသည်ဟု သတ်မှတ်ချက်မရှိချေ။ ဆင်တကောင် မွေးဖွားလာလျှင် ရှေးပညာရှိ ပုရောဟိတ်တို့သည် ကျမ်းဂန်ကိုးကား၍ အမျိုးအစားခွဲခြားတတ်ကြသည်။

၁။ ဆင်မွေးဖွားစတွင် အရပ် ၅-မိုက် ၂-သစ်ရှိက **အရပ်** ၇-တောင်ရှိသည့် အာဇာနည်ဆင်ဖြစ်လာလိမ့်မည်။

၂။ မွေးဖွားစတွင် ၄-မိုက်နှင့် လက်ခြောက်သစ်ရှိက အရပ် ၆-တောင်ရှိသော ဆင်အလတ်စား ဖြစ်လာလိမ့်မည်။

၃။ မွေးဖွားစတွင် ၄-မိုက်နှင့် လက် ၂-သစ်ရှိက အရပ် ၅-တောင်ရှိသော ဆင်အငယ်စား ဖြစ်လာလိမ့်မည်ဟု ဆင်တော်သန်မြန်စွာဘွဲ့မော်ကွန်း၌ အဆိုရှိသည်။

ဤအဆိုအရ ဆင်သည် အရပ် ၇-တောင်၊ ၆-တောင်၊ ၅-တောင် အသီးသီး ရှိသည်ဟု မှတ်ယူအပ်သည်။

(၂) ဆင်ဟူသောဝေါဟာရ။ ။ မြန်မာဝေါဟာရတွင် ဆင် [illegible] သတ္တိ (ဗျုပ္ပတ္တိ) အားလျော်စွာ မဂဓအဘိဓာန်၌ ဝေါဟာရ ၁၀-ပါး, အမရကောသအဘိဓာန်၌ ဝေါဟာရ ၁၅-ပါး, အဘိဓာန်ဋီကာ၌ ဝေါဟာရ ၁၇-ပါး ဖော်ပြထားသည်။

မဂဓအဘိဓာန်လာ ဆင်ဟော ပရိယာယ် ၁၀-ပါးကား-

ကုဉ္ဇရ, ဝါရဏ, မာတင်္ဂ, ဒွိရဒ, ဂဇ, နာဂ, ဒွိပ, ဣဘ, ဒန္တီ, ဤ ၁၀-ပါးတည်း။

အမရကောသ အဘိဓာန် လာ ဆင်ဟောပရိယာယ် ၁၅-ပါးကား-

ဒန္တီ, ဒန္တဝလ, ဟတ္ထိ, ဒိရဒ, အနေကပ, ဒွိပ, မာတင်္ဂဇ, ဂဇ, နာဂ, ကုဉ္ဇရ, ဝါရဏ, ကရီ, ဣဘ၊ ထမ္ဘေရမ, ပဒ္မီ, ဤ ၁၅-ပါးတည်း။

အဘိဓာန်ဋီကာလာ ဆင်ဟောပရိယာယ် ၁၇- ပါးကား-

* သဋ္ဌိဟာယန, ဒန္တာဝလ, အနေကပ, မာတင်္ဂဇ, ကရီ, ထမ္ဘေရမ, ပဒ္မီ, မဟာမိဂ, ပီလု, သိန္ဓုရ, ဒီဃမာရုတ, ရာဇီဝ, ဇလကဏ္ဍ, နိလ္လုရ, ကရဋီ, ဝရင်္ဂ, သုပ္ပကဏ္ဏ- ဤ ၁၇- ပါးပင်တည်း။

---

* သဋ္ဌိဝဿိကတ္တာ ဇာတိယာ သဋ္ဌိဝဿကာလေ ယာမေန ဟာယနတော ဝါ သဋ္ဌိဟာယနော။ (အဘိဓါန်ဋီကာ)

မဂဓအဘိဓာန်လာ ပရိယာယ်၁၀-ပါး၏ အနက်သဘောကို ဖော်ပြပါအံ့။

၁။ ကုဥ္စရ၊ တောင်ထိပ်မြင့်ရာ၌ ပျော်မွေ့တတ်သောကြောင့် ဆင်

၂။ ဝါရဏ၊ သူတပါး၏ခွန်အားကို တားမြစ်လွှမ်းမိုးတတ်သောကြောင့် ဆင်

၃။ ဟတ္ထီ၊ နှာမောင်းတည်းဟူသော စွဲကိုင်စရာလက်ရှိသောကြောင့် ဆင်

၄။ မာတင်္ဂ၊ မတင်္ဂရသေ့၏သားဖြစ်သောကြောင့် (တနည်း) ကြီးမားသော ကိုယ်အင်္ဂါရှိသောကြောင့် ဆင်

၅။ ဒွိရဒ၊ အစွယ်နှစ်ချောင်း ရှိသောကြောင့် ဆင် (စွယ်စုံဆင်)

၆။ ဂဇ၊ အသံကုန်ထုတ်၍ အော်မြည်တတ်သောကြောင့် ဆင်

၇။ နာဂ၊ တောင်ကုန်းကဲ့သို့ ထင်ရသောကြောင့် ဆင်

၈။ ဒွိပ၊ နှာမောင်းဖြင့် လည်းကောင်း၊ ခံတွင်းဖြင့် လည်းကောင်း သောက်တတ် သောကြောင့် ဆင်

၉။ ဣတ္ထာ၊ ခရီးသွားနိုင်သော စွမ်းအားရှိသောကြောင့် ဆင်

၁၀။ ဒန္တိ၊ ထင်ထင်ရှားရှား သွားတည်းဟူသော အစွယ်ရှိသောကြောင့် ဆင်

အဘိဓာန်ဋီကာလာ ပရိယာယ် ၁၇- ပါးအနက် သဋ္ဌိ-ဟာယနပုဒ်ကို ဤသို့အနက်ဖွင့်ပြထားသည်၊ ဆင့်အသက် အနှစ် ၆၀-ရှိသောကြောင့်လည်းကောင်း အမျိုးဇာတ်အားဖြင့် အနှစ် ၆၀-ရှိသော အခါကျမှ အားအစွမ်း ဆုတ်ယုတ်သောကြောင့် လည်းကောင်း ဆင်ကို သဋ္ဌိဟာယနခေါ်သည်ဟူ၏။

ဤပရိယာယ်တို့ကို သကတ်ဟူ၍လည်းကောင်း, ဝိသေသနဟူ၍ လည်းကောင်း, ဂုဏ်ပုဒ်ဟူ၍ငင်း ခေါ်သည်၊ ဒြဗ်တခုတည်း၌ သကတ်, ဝိသေသန, ဂုဏ်ပေါင်းများစွာရှိနိုင်သည်၊ ဥပမာ- လူတဦးတည်း၌ ကော်မီတီလူကြီး, ကျောင်းဒကာ, ဘုရားဒကာ, တရားသူကြီး စသောနာမည် ဂုဏ်ပုဒ်များရှိနိုင်သကဲ့သို့တည်း။ ဆင်သည်လည်း ဒြဗ်တခုတည်းဖြစ်စေကာမူ သကတ်, ဝိသေသန, ဂုဏ်တွေများစွာ ရှိသောကြောင့် ကုဋ္ဌရ, ဝါရဏစသည်ဖြင့် မဂဓဝေါဟာရများစွာရှိ လာရလေသည်။

(၃) ကုလေမရ သားမျိုး။ ။ ရေ ရေအနီးနေ ငါးမျှာန် ဟို့အနက် ဆင်, ကြံ့, ကျွဲ, ဝက်, စာမရီစသော သားတို့သည် အစုအသင်းနှင့် နေတတ်သော "ကုလေစရ"သားမျိုးဖြစ်ကြ၏။ ဆင်သည် ကုလေစရ သားမျိုးတွင် ပါဝင်သောကြောင့် တကောင်တည်းမနေဘဲ အစုအသင်းဖွဲ့ကာ နေလေ့ရှိ၏၊ ထို့ကြောင့် ဆင်ပေါင်း ၅၀၀,၁၀၀၀ စသည် ခြံရံလျက်နေသော "ဆင်မင်း" ဟု ဇာတ်နိပါတ်တော်တို့၌ လာခြင်းဖြစ်ပေသည်။

ဆင်သည် ရှေးပဝေဏီအခါကစ၍ ယခုခေတ်တိုင် အလွန်ထင်ရှားသော တိရစ္ဆာန်ဖြစ်၍ ပိဋကတ်တော် စာပေ၌ လည်းကောင်း, ရာဇဝင်စာပေ၌လည်းကောင်း, ကဗျာစာပေ၌ လည်းကောင်း, အခြားစာပေ၌လည်းကောင်း ဆင်မျိုးများကို တတ်နိုင်သမျှ ခွဲခြားပြသထားသည်ကို တွေ့ရပေသည်။

မုံရွေးဇေတဝန်ဆရာတော်၏ ဥတိန္နပျို့ ပိုဒ်ရေ ၃၂-အရ ဆင်မျိုးများကို အချုပ်အားဖြင့် ဖော်ပြပါအံ့--

(၁) ကာဠာဝကဆင်။ ဆင်မည်း၊ ညင်းညင်းသာသာ ပြည်တတ်သော အသံရှိသည့် ဆင်၊ ယောကျ်ား ၁၀-ဦး၏ အားအစွမ်းနှင့်ညီမျှသော အားရှိ၏။

(၂) ဂင်္ဂေယျဆင် - ဂင်္ဂါမြစ်အနီး၌ ပေါက်ဖွားသောဆင်၊ ယင်းဆင်သည် သရက်ရွက်နု အဆင်းရှိသည်၊ အပေါင်း အသင်းနှင့် မွေ့လျော်တတ်သောကြောင့် လည်းကောင်း, ဥဒေါင်းမြီးစည်းနှင့်တူသော တင့်တယ်သော အမြီး ရှိသောကြောင့်လည်းကောင်း "ကလာပ" ဟု ခေါ်တွင် သေး၏၊ ကာဠာဝကဆင် ၁၀-စီးအားနှင့် ညီမျှသော အားရှိ၏။

(၃) ပဏ္ဍရဆင်- သစ်ရွက်ရော်အဆင်းရှိ၏ (ဝါဖန့်ဖန့် ဟူလို) ဂင်္ဂေယျဆင် ၁၀-စီးအားနှင့်ညီမျှသော အားရှိ၏။

(၄) တမ္ဗဆင် - ကြေးနီရောင်အသွင် နီကျင်ကျင် အဆင်းရှိ၏၊ ပဏ္ဍရဆင် ၁၀-စီးအားနှင့် တမ္ဗဆင် တစီးအားနှင့် ညီမျှ၏။

(၅) ပိင်္ဂလဆင် - ဖြူနီရောင်စသည်တို့ဖြင့် ရောပြွမ်း ကြောင်ကျားနေသော အဆင်းရှိ၏၊ တမ္ဗဆင် ၁၀-စီးအားနှင့် ပိင်္ဂလဆင်တစီးအားညီမျှ၏။

(၆) ဂန္ဓဆင် - မွှေးကြိုင်သင်းပြန့် ကောင်းသော ရနံ့ ရှိသော ဆင်၊ အရောင်သည် အပြာရောင် အဖြူ

ရောင်ရောသော နှမ်းဆွတ်ဆုပ် အဆင်းနှင့်တူသော အဆင်းရှိသည်ဟု လောကီကျမ်းတို့၌ အဆိုရှိ၏၊ ဂန္ဓဆင်တစီးအားနှင့် ပိင်္ဂလဆင် ၁၀-စီးအားညီမျှ၏။

(၇) မင်္ဂလဆင် = တင့်တင့်တယ်တယ် ဖွယ်ဖွယ်ရာရာ သွားတတ်သောဆင်၊ နက်မှောင်သော အဆင်း ရှိလျက် ကြန်အင်လက္ခဏာနှင့် ပြည့်စုံသည်ဟု လောကီကျမ်းတို့၌ဆို၏၊ ဂန္ဓဆင် ၁၀-စီးအားကို မင်္ဂလဆင်တစီးအားဖြင့် ဆောင်နိုင်၏။

(၈) ဟေမဆင် = ရွှေအဆင်းကဲ့သို့ ဝါဝင်းသော အဆင်း ရှိ၏၊ မင်္ဂလဆင် ၁၀-စီးအားကို ဟေမဆင်တစီးအားဖြင့် ဆောင်နိုင်၏။

(၉) ဥပေါသထဆင်= ဥပေါသထဆင်မျိုး၌ ဖြစ်သော ကြောင့်လည်းကောင်း ဆန့်ကျင်ဘက်ရန်သူတို့ကို နိုင်စေတတ်သည့် လျောက်ပတ်သော အရပ်၌ ချဉ်းကပ်နေထိုင် တတ်သောကြောင့်လည်းကောင်း ဥပေါသထဟုခေါ်၏၊ ရှည်သွယ်ညီညွတ်သော အစွယ် ရှိ၏၊ ဟေမဆင် ၁၀-စီး အားနှင့်ညီမျှ၏။

(၁၀) ဆဒ္ဒန်ဆင်= အစွယ်၌ အရောင် ၆-မျိုးရှိ၏၊ (အစွယ်မှ အရောင်၆-မျိုးထွက်၏) ဥပေါသထ နှင့်ဆဒ္ဒန်ဆင်တို့သည် ဘော်သားအတူ ဖွေးဖွေးဖြူကြ၏၊ ဥပေါသထဆင်၁၀-စီးအားနှင့် ဆဒ္ဒန်ဆင်တစီးအား ညီမျှ၏။ ဤဆင် ၂-မျိုးကို ဆင်ဖြူတော်ဟုခေါ်သည်။

ဤ ဆင် ၁၀-မျိုးတို့တွင် ဥပေါသထမျိုးနှင့် ဆဒ္ဒန်မျိုးသည်သာ စကြာမင်းတို့၏ အသုံးအဆောင်ရတနာ (၇) ပါးတွင် တပါးအပါအဝင်ဖြစ်နိုင်သည်။ ယင်းဆင် ၂-မျိုး၏ လက္ခဏာကား တက်သစ်စနေကဲ့သို့ နီသောအဆင်းနှင့်ပြည့်စုံသော လက် ခြေ လည်ခံတွင်းရှိ၏၊ သန့်ရှင်းစင်ကြယ်စွာ ဖြူသောအဆင်းရှိသော ကိုယ်ခန္ဓာရှိ၍ အစွယ်နှစ်ချောင်း နှာမောင်း လက်ခြေတို့ မြေ၌တည်ကုန်(လိကုန်)၏၊ ကြန်အင်္ဂါကောင်းဟူသမျှနှင့် ပြည့်စုံ၏၊ အဘိညာဉ်တန်ခိုးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကဲ့သို့ ကောင်းကင်သို့ ပျံသွားနိုင်၏၊ ဆေးဒန်း မြင်းသီလာမှုန့်ဖြင့် ရေးသားပိုင်းခြားအပ်သော ငွေတောင်နှင့် အလားတူ၏-ဟု သုက်မဟာဝါ၊ မဟာသုဒဿနသုတ် အဋ္ဌကထာ၌ ဖွင့်ဆို၏။

* ပိဋကတ်တော်လာဆင် ၁၀-ပါးအပြင် ကာလိဒါသ ဆရာ စီရင်ခဲ့သော ဂဇသျှတ္တရာကျမ်းအရ ဆင်ပေါင်း ၁၂၀- တို့လည်း ရှိသေး၏။ ဆင်ဖြူ, ဆင်မည်း, ဆင်ကျား, ဆင်ဝါ, ဆင်ညို, မုန်ယိုဆင်, မုန်သောက်ဆင်, ဆင်ပေါက်, ဆင်ငယ်, ဆင်ပျို, ဆင်အို, ဆင်ပြောင်- စသည်တို့ဖြင့် ရေတွက်သော် ဆင်မျိုးပေါင်း ၃၀၀- ထိ ရှိနိုင်လေသည်။

---

* ဘုရားဟောမှတ်၊ ပိဋကတ်ကျမ်းလာ၊ ကာဠာဝက၊ ဂင်္ဂေယျနှင့်၊ ပဏ္ဍရ-တမ္ဗော်၊ ပိင်္ဂလော်ဂန္ဓ၊ မင်္ဂလ-ဟေမော်၊ ဥပေါ်- ဆဒ္ဒန်၊ အားအန်ကြီးမား၊ ဆင့်ဆင့်ပွား၍၊ ဆယ်ပါးမျိုးဖြာ၊ ဗေဒင်မှာလည်း၊ နာဂသုပဏ္ဏ၊ ဒေဝမနုဿာ၊ ဂဝါမဟိံသ၊ သီဟာယက္ခာ၊ ဂဇာဗျဂ္ဃ၊ ဒသဝံသာ၊ ဆင်းဝါအားအန်၊ ကြန်လက္ခဏာ၊ ကာလိဒါပုဂ္ဂိုလ်၊ ဆရာမြွက်ဟ၊ ဂဇသျှတ္တရာ၊ ကျမ်း၌မှာလည်း၊ ဘဒြာဂဇ၊ ဧက ဒဏ္ဍာ၊ ရုစာဂိရိ၊ ဟတ္ထိဟိန၊ အစလေးသွယ်၊ အလယ်ဆဲ့နှစ်ပါး၊ အကျယ်အားဖြင့်၊ ပိုင်းခြားပြသ၊ တရာ့နှစ်ဆယ်၊ စုံစွယ်-ဟိုင်းဟံ၊ တည်တံထွေပြား၊ ဆဲ့ငါးသုံးရာ၊ ပဉ္စာဝီသ---- ( ဥတိန္နပျို့၊ ပိုဒ် ၃၂)

## မြန်မာနိုင်ငံတွင်ခွဲခြားလေ့ရှိသော ဆင် ၄-မျိုး

ဆင် ၄-မျိုးကား -စွယ်စုံဆင်, ဟိုင်းဆင်, ဟန်ဆင်, တည်(တယ်) ဆင်တို့တည်း၊ ယင်း ၄-မျိုးအနက် တည်(တယ်) ဆင်သည် အရှားပါးဆုံးသော အမျိုးဖြစ်၏၊ ၎င်းကို တေဆင် ဟူ၍လည်း ခေါ်သေး၏။

(၁) တည်ဆင်မှာ - မွေးကတည်းကပင် အစွယ်တချောင်း တည်းသာပါလာ၏၊ ထိုတချောင်းသည် လွန်စွာ သန်စွမ်းထွားကျိုင်း ၍ ယင်းအစွယ်ကို အလွန်အားထားသော ဆင်ဖြစ်လေသည်။ ထို့ကြောင့် တည်ဆင်များသည် များသောအားဖြင့် ဆင်အုပ်နှင့် မနေ၊ တစီးတည်း လွတ်လွတ်နေတတ်ကြသည်၊ မည်သူ၏ ဩဇာ-အုပ်ချုပ်မှုကိုမျှ မခံ၊ အခြားဆင်များကိုလည်း အုပ်ချုပ်လိုဟန် မရှိချေ၊ ဘယ်ဘက်တွင် အစွယ်ရှိလျှင် ဘယ်တည်, ညာဘက်တွင် အစွယ်ရှိလျှင် ညာတည်ဟု ခေါ်လေ့ရှိကြ၏။

(၂) ဟိုင်းဆင်မှာ - ၎င်းဆင်သည် ဆင်မကဲ့သို့ အစွယ် တိုတို တိတိသာ ရှိသည်၊ သူ့သဘာဝတရားက သူ့အား သစ်ခေါက်သစ် ခွံများကို ခွာယူစားနိုင်ရုံလောက်သာ အစွယ်ကို ပေးထားသည်ဟု ယူဆရန်ရှိသည်၊ အစွယ်မှာ တုံးတိတိ ဖြစ်သော်လည်း တုတ်ခိုင် သန်မာသဖြင့် သစ်ခေါက်များကို ခွာစားရာ၌ အခြားဆင်များထက် လျင်မြန်သည်၊ သူ့အစွယ်တိုကလေးသည်သစ်ခေါက်ကို ခွာစားရာ ၌ အလောတော်ဖြစ်သည် စားသောအခါ စွယ်စုံဆင်များကဲ့သို့ ရှေ့တိုးနောက်ဆုတ် မဖြစ်ပဲ သစ်ပင် ပင်စည်နှင့် ပါစပ်ဟပ်ပြီး ခံပြီးသား ဖြစ်နေတတ်၏၊ နှာမောင်းမှာလည်း အလွန်တုတ်ခိုင် သန်မာသဖြင့် သစ်ခေါက် သစ်ခက်များကို ဖြောင်းကနဲ ဆောင့်ဆွဲ ချိုးခွာနိုင်သော အစွမ်းရှိ၏။

(၃) ဟန်ဆင်မှာ - စွယ်စုံလိုပင် အစွယ်နှစ်ချောင်းပါသည်၊ သို့ရာတွင် အစွယ်သည် ထွားကျိုင်းသန်မာခြင်းမရှိ အဖျင်း အညံ့သာဖြစ်၏၊ အသုံးမဝင်သော အစွယ်ပင်၊ အချို့ဟန်ဆင်များ သည် သစ်ပင်သစ်ခေါင်းများကို အစွယ်ဖြင့် ထိုးခွါစားရာတွင် မသန်သော အစွယ်တဖက် ကျိုးသွားတတ်သေးသည်၊ ထိုအစွယ် တဖက် ကျိုးသွား၍ အစွယ်တဖက်သာ ရှိသောဆင်ကို ဘယ်ဟန်, သို့မဟုတ် ညာဟန်ဟု ခေါ်ကြ၏။

(၄) စွယ်စုံဆင်မှာ- ဖြူဖွေးလျက် ရှေ့သို့ရှည်လျားစွာ ကော့တက်နေသော အစွယ်ရှိသည့် ဆင်ပြောင်ကြီးပင်တည်း၊ ဆင်တို့၏ ကြန်အင်လက္ခဏာအစုံပါသဖြင့် ဆင်မျိုးတွင် အလှဆုံး ထိပ်တန်း အကျဆုံး ဆင်ဖြစ်၏၊ များသောအားဖြင့် စွယ်စုံဆင်များသည် တောဆင်ထည်းတွင် ဆင်မင်း ဆင်ဦးစီးများဖြစ်ကြသည်၊ ၎င်းတို့၏ အစွယ်ကို အလွန်အားကိုးတတ်ကြသည်၊ ဆင်အုပ်မှ ထွက်၍ တစီးထီးထည်း (ထီးခိုးဟုလည်းခေါ်သည်) ဗိုလ်ဝင်ခံနေတတ်သည်လည်းရှိ၏။ စိတ်နေစိတ်ထား ခက်ထန်ကြမ်းကြုတ်သောကြောင့် အခြားဆင်များက ကြောက်ရွံ့တတ်ကြ၏၊ နိုင်ငံပိုင် သစ်ထုတ်လုပ်ရေးဌာနတွင် စွယ်စုံဆင်များသည် များသောအားဖြင့် ဆင်ဆိုးစာရင်းဝင် သံခလောက်ပိုင်ရှင်များ ဖြစ်ကြသည်ဟု ဆင်လုပ်သားစာအုပ်တွင် ပြဆိုထားလေသည်။

ဆင် ၄-မျိုးအနက် ဟိုင်းဆင်သည် စွယ်စုံဆင်, ဟန်ဆင်, တည်ဆင်စသော အခြားဆင်များနှင့် ထူးခြားသော အသွင်သဏ္ဍာန်ရှိ၏၊ အထီးဖြစ်စေ အမဖြစ်စေ နားရွက်နှင့် ခြေဆုံလက်ဆုံ ခြေသေးလက်သေး ခြေခွာ လက်ခွာများ ကြီးမား ဝိုင်းဝန်းသည်၊ ဦးကင်းနှင့် နားရွက် နှာမောင်းအိုးများ ထူးခြားကြီးမား၏၊ အသက်အရွယ်ချင်းတူသော အခြားဆင်များထက် ကြီးထွားမြင့်မား

သည်၊ အားသန်သည်၊ ဟိုင်းဆင်၏ အားကိုးရာ လက်နက်မှာ နှာမောင်းပင်တည်း၊ သူ၏ နှာမောင်းသည် အခြားဆင်များ၏ နှာမောင်းထက် ကြီးမားအားသန်၍ စွယ်စုံဆင်များ၏ အစွယ် ၂-ဖက်ကိုလည်း သစ်ကိုင်းကို ချိုးသလို ဆွဲယူချိုးပစ်နိုင်၏၊ ထို့ကြောင့် ဟိုင်းဆင်နှင့် စွယ်စုံဆင်တို့မှာ ဓမ္မာသောက ရန်သူ ဖြစ်ကြသည်၊ တစီးနှင့်တစီး ရန်ထောင်၍ သတ္တိချင်း ပြိုင်ကြသော ဆင်တို့မှာ များသောအားဖြင့် စွယ်စုံနှင့် ဟိုင်းဆင်တို့ ဖြစ်ကြသည်၊ ဟန်နှင့်တည်ဆင်တို့မှာ မလွဲမရှောင်သာသော အခါမှတပါး အခြားအခါများ၌ ဟိုင်းနှင့်စွယ်စုံတို့ကို ရင်မဆိုင်ဝံ့ချေ။

စွယ်စုံအုပ်ချုပ်သော ဆင်အုပ်ထဲတွင် ဟိုင်းဆင်ထီးက နောက်လိုက်အဖြစ် မနေသကဲ့သို့ ဟိုင်းဆင်ဦးစီးသော ဆင်အုပ် ထဲတွင်လည်း စွယ်စုံဆင်များကို မတွေ့ရတတ်ချေ၊ အရွယ်ရောက် လာသည်နှင့် တပြိုင်နက် ဆင်အုပ်မှ ခွဲထွက်သွားပြီး တကောင် တည်း နေတတ်လေသည်၊ သို့မဟုတ် ဆင်အချို့ကို ခွဲထုတ်သွား၍ ဆင်ပြိုင်အုပ်ထောင်လေ့ ရှိကြသည်၊ ဆင်မာန်ဟူ၍ ဆိုသင့်၏။

ဥပမာ- ဆင်ကောင်ရေ သုံးလေးဆယ်ရှိလျက် စွယ်စုံ ဆင်ပြောင်ကြီးတစီးက အုပ်ချုပ်နေသောဆင်အုပ်ထဲမှ ဆင်မ တကောင်သည် ဟိုင်းဆင်ဖြစ်လာမည့် ဆင်ကလေးတကောင်ကို

မွေးဖွားလာပါက အုပ်ချုပ်သော စွယ်စုံ ဆင်ပြောင်ကြီး၏ မျက်စောင်းထိုးခြင်းကို ခံရတတ်၏၊ ဆင်ပေါက်ဖြစ်လာလျှင် သူ့ကိုအာခံ၍ ခြေရာတိုင်းလာမည့် ဟိုင်းဆင်ကလေးကို စွယ်စုံဆင်ကြီးသည် မျက်ခြည်မပြတ် စောင့်ကြည့်နေတတ်၏၊ ဟိုင်းဆင် အရွယ်ရောက်လာသောအခါ အကယ်၍ အုပ်ထဲမှ ဆင်မတကောင်နှင့် နှာမောင်းချင်း ယှက်လိမ်၍ ကျီစယ်သမှု ပြုနေသည်ကို မြင်လျှင်အုပ်ချုပ်သူ ဆင်ပြောင်ကြီးသည် ထိုဟိုင်းဆင်ကလေးအား အစွယ်နှင့်ထိုးသတ်ရန် ကြိုးစားတတ်သည်၊ ထိုအခါ ဟိုင်းဆင်ပေါက်ကလေးသည် သူ့နှာမောင်းကိုအားကိုးကာ စွယ်စုံဆင်ပြောင်ကြီး၏ အစွယ်ကို လိမ်ချိုးရန် ဟန်ပြင်ခုခံတတ်၏၊ ဤသည်ကစ၍ ဆင်အုပ်ထဲတွင် ပဋိပက္ခဖြစ်ကာ ဆင်ပေါက်၏ အမေနှင့် ဟိုင်းဆင်ပေါက်၏ရည်းစားဆင်မက အုပ်မှထွက်ပြေး၍ တစင်ထောင်တတ်ကြသည်၊ လူများကဲ့သို့ပင် အုပ်ထဲက ဆင်များကလည်း ဟိုဘက်ဒီဘက်နီးစပ်ရာ လိုက်ပါကြ၍ ဆင်တအုပ်မှ နှစ်အုပ်ဖြစ်သွားတတ်၏၊ ဟိုင်းဆင်အုပ်ချုပ်နေသော ဆင်အုပ်ထဲတွင် စွယ်စုံဆင်ပြောင်ဖြစ်လာမည့် ဆင်ပြောင်ကလေးများ မွေးဖွားလာလျှင်လည်း ထိုနည်းတူဖြစ်တတ်၏၊ တခါတရံ အုပ်ချုပ်သူဆင်ကို တိုက်ခိုက်၍ နောက်ပေါက်ဆင်ပြောင်များက အုပ်ကိုလုယူသဖြင့် ဆင်အိုကြီးမှာ ကိုယ်ထီးတည်းထွက်ပြေးရသည်လည်းရှိသည်၊ လူ့လောကနှင့်တူလှ၏။

စင်စစ်မှာ- ဟိုင်းနှင့်စွယ်စုံဆင်တို့သည် ဆင်အုပ်ထဲ၌ အမြဲရန်မူနေတတ်ကြသည်၊ ဆင်အုပ်ထဲသာမဟုတ်၊ ထီးတည်းသွားလာနေကြသော ဟိုင်းဆင်နှင့်စွယ်စုံဆင်တို့ တွေ့ကြလျှင်လည်း ထိုနည်းအတိုင်းပင်ဖြစ်၏။

ဟိုင်းဆင်နှင့် စွယ်စုံဆင်တို့သည် မိတ်လိုက်ရာ၌လည်းကောင်း, ရည်းစားရှာကြရာ၌လည်းကောင်း, ကျစ်မြေကျင်းလှူကြရာ၌လည်းကောင်း ဆုံတွေ့ကြလျှင် တိုက်ခိုက်တတ်ကြသည်၊ ကျစ်မြေကျင်းဆိုသည်မှာ- ဆား ဓာတ်ပါသောမြေကိုခေါ်သည်၊ ဆင်ရိုင်းများသည် တောထဲ၌ ဆား ဓာတ်ပါသောမြေကို ရှာဖွေ၍ စားလေ့ရှိကြသည်။

ဟိုင်းနှင့်စွယ်စုံတို့ တွေ့ကြလျှင် ဟိုင်းဆင်က စွယ်စုံဆင်၏ အစွယ်ကို သူ၏ တုတ်ခိုင်သန်မာသော နှာမောင်းဖြင့် လိမ်ချိုးပစ် ရန် အတင်းပြေးဝင်လာတတ်သည်၊ ထိုအခါ သူနှင့်အားချင်းပြိုင်၍ မနိုင်မှန်းသိသော စွယ်စုံဆင်ကလည်း မိမိအစွယ်ကို တောင်ကမ်း ပါးယံ တောင်စောင်း စသည့် မြေထဲသို့ တအားထိုးနှစ်ထားပြီး ကိုယ်လုံးနှင့် လှည့်ပတ်ကာ တကျိုကျိုအော်မြည်လျက် ကာကွယ်တတ်သည်။

အစွယ်ကို လုချိုးမရသော ဟိုင်းဆင်သည် ရရာ ကျောက်ခဲ သစ်တုံးများကောက်၍ စွယ်စုံဆင်၏ ကိုယ်ပေါ်သို့

ပစ်ချထုရိုက်ခြင်း, အမြီးကို လှန်ချိုးခြင်း, အမြီးနား နားရွက်ဖျား တို့ကို ကိုက်ဖြတ် ဆုတ်ဖြဲခြင်း, သစ်ကိုင်း သစ်ခက်များကို ချိုးယူ၍ တင်းပုတ်ပမာ ကျောကုန်းဘေးစောင်းများကို နာနာရိုက်နှက်ခြင်း များ ပြုတတ်သည်။ သူ့အကြဲမှာ သူရိုက်နှက်သော ဒဏ်ကို မခံနိုင်၍ငင်း စိတ်ဆိုး၍ငင်း စွယ်စုံဆင်က မြေတွင်စိုက်ထားသော အစွယ်ကို ထုတ်ပြီး သူ့ကို ရုတ်တရက် ထိုးသတ်ရန် ကြံရွယ်လျှင် အစွယ်ကို ဖမ်းယူပြီး လိမ်ချိုးပစ်ရန် ဖြစ်သည်၊ သို့သော် ပါးနပ် သော စွယ်စုံဆင်ကလည်း သူ့ကို ဟိုင်းဆင်က မည်မျှရိုက်နှက် နေစေကာမူ အောင့်၍သာ ခံသည်၊ အစွယ်ကိုမူ မြေကြီးထဲမှ ဘယ်အခါမျှမထုတ်ချေ၊ မြေပြန့်တွင်လည်း ဖင်ဗူးတောင်းထောင် ၍သာ အော်ခံတတ်သည်၊ ဦးခေါင်းနှင့်အစွယ်ကိုကား သူ့အနီး၌ ဟိုင်းဆင်ကြီး ရှိနေသမျှ မဖော်ဝံ့ချေ၊ အစွယ်ကို အလွန်ခင်မင် ကြောင်း ထင်ရှားလှ၏။

မည်သည့်နည်းနှင့်မျှ အစွယ်ချိုးဘို့ အခွင့်မသာသော အခါ ဟိုင်းဆင်သည် သူ့ကို ကြောက်သွားလေပြီအထင်နှင့် လှည့်ပြန်သွားတတ်၏၊ ဟိုင်းဆင်က အမှုမဲ့ အမှတ်မဲ့ (သတိမထား) လှည့်လိုက်လျှင် စွယ်စုံဆင်သည် မြေ၌စိုက်ထားသော အစွယ်ကို ချက်ချင်းပြန်နှုတ်ပြီး ဟိုင်းဆင်၏ ဘေးစောင်းကို အစွယ်ဖြင့်

တအားထိုးသတ်တတ်၏၊ ထို့ကြောင့် အချို့တိုက်ပွဲပါးဝနေသော ဟိုင်းဆင်များသည် ငွယ်ခုံဆင်နားမှ နောက်ပြန် ၁၀-၁၅ ဥ-ငး ဆုတ်ခွာပြီးမှ သူလိုရာ အရပ်သို့ ထွက်ခွါသွားတတ်လေသည်။

ဟိုင်းဆင်၌ အထီး, အမ ၂-မျိုးရှိ၏၊ သို့ရာတွင် မျိုးရိုးဇာတိအားဖြင့် ဟိုင်းဆင်ဟူ၍ မရှိချေ၊ ဟိုင်းဆင်မများက စွယ်စုံဆင်ကလေးများ မွေးဖွားတတ်သကဲ့သို့ စွယ်စုံဆင်မများကလည်း ဟိုင်းဆင်ကလေးများ မွေးဖွားတတ်၏။

စွယ်စုံဆင်ထက် ဟိုင်းဆင်က အားကောင်းသည်၊ ကိုယ်လုံးကိုယ်ပေါက်ကြီးမားသည်၊ ယင်းသို့ကြီးခြင်းမှာ အမိနို့ကို သက်တမ်းကုန်အောင် စို့ရသောကြောင့်ဖြစ်၏၊ စွယ်စုံဆင်သည်ကား တနှစ် နှစ်နှစ်သားအရွယ် ရောက်သောအခါ အစွယ်သည် တစတစ ရှည်ထွက်လာသဖြင့် နို့တောင်း၍ စို့ရာတွင် အမိဗိုက်ကို အစွယ်ထိုးမိနေသဖြင့် စွယ်စုံဆင်များကို အမိဆင်မများက စောစောနို့ဖြတ်ပစ်တတ်သည်။ ဟိုင်းဆင်မှာ အစွယ်အန္တရာယ်မရှိသောကြောင့် အမိနို့ကို ၅-၆နှစ်အထိ စို့ရသည်၊ စွယ်စုံဆင်ကလေး၏ နို့စို့သက်မှာ ၃-၄ နှစ်မျှသာရှိသည်၊ နို့မဝသော စွယ်စုံသည် နို့ဝသော ဟိုင်းလောက် ခွန်အားဗလမရှိချေ။

ဆင်မတကောင်သည် သူ့တသက်တာ၌ သား- လေးကောင်မှ ငါးကောင်ထိသာ မွေးဖွားတတ်ကြ၏၊ တခါတရံ အမွှာမွေးခြင်းလည်းရှိ၏၊ ဆင်ကလေးတကောင် မကြီးပြင်းမီ နောက်ထပ်တကောင် မွေးဖွားလာတတ်၏၊ ထိုအခါ ဆင်ကလေး နို့မြက်ကာ အငယ်ကောင် သေဆုံးသွားတတ်သည်လည်း ရှိလေသည်၊ ဤကား ဆင်အမျိုးအစားကို ခွဲခြားပြခြင်းတည်း။

(၄) ဆင်အတ္ထုပ္ပတ်။ ။ ဆင်အတ္ထုပ္ပတ်ကို ဖေါ်ပြရာ၌ အမြင်ရှင်းစေရန် (က) ဆင်သဘာဝ၊ (ခ) ဆင်လောကကျယ်ပြန့်ပုံ၊ (ဂ)ဆင်နှင့်ပတ်သက်သော မြန်မာ့ယဉ်ကျေးမှုများ၊ (ဃ) ဆင်ဖြူတော်ဟူ၍ ခေါင်းစဉ် ၄-ချက်ထားကာ အစဉ်အတိုင်း ဖေါ်ပြပါမည်။

(က) ဆင်သဘာဝ။ ။ ဆင်ဟူသမျှ အပေါင်းအသင်းကို ကြိုက်သည်၊ အချုပ်အနှောင် မခံရပဲ လွတ်လွတ်လပ်လပ်နေရလျှင် အပေါင်းအသင်း အုပ်စုနှင့်သာ သွားလာကျက်စားတတ်သည်၊ ဆင်အုပ်တအုပ်တွင် ၁၀-ကောင်မှ ကောင်ပေါင်း ၁၀၀-အထိ ရှိတတ်သည်၊ အများအားဖြင့် ဆင်မကြီးက ဦးစီးခေါင်းဆောင်လေ့ရှိသည်၊ တောတွင်းရှိ စမ်းချောင်းများ အနီးအပါး၌ ဆင်များကို တစုတရုံးတည်း တွေ့ရတတ်သည်၊ မိုးရာသီကျ

ရောက်လျှင် လွင်တီးခေါင်ရှိရာသို့ လည်းကောင်း, တခါတရံ တောင်ပေါ်သို့ လည်းကောင်း ပြောင်းရွှေ့သွားလေ့ရှိသည်၊ မုန်ယိုလာသောအခါ အရှင်သခင်ဟူ၍ မသိတော့ပဲ လူကို ရန်မူတတ်လေသည်၊ မုန်ယိုနေသည့်အခါ ဆင်အုပ်ထဲမှခွဲ၍ သီးခြားနေတတ်သည်။

ဆင်သည် များသောအားဖြင့် ဥတုရာသီ အပြောင်းလဲကို လိုက်၍ အစာရှာဖွေရန် ကောင်းမည့်နေရာသို့ ပြောင်းရွှေ့နေလေ့ရှိသည်၊ အိပ်စက်ရာ၌ မြင်းကဲ့သို့ မတ်တတ်သော်လည်းကောင်း, ဝပ်လျက်သော်လည်းကောင်း အိပ်နေနိုင်သည်၊ ညသန်းခေါင်အချိန်နှင့် အပူပြင်းသည့်နေ့ အချိန်တို့၌သာ များသောအားဖြင့် အိပ်လေ့ရှိသည်၊ လူတို့၏ အချုပ်အနှောင်ကို ခံနေရသည့် အချိန်တွင် ဆင်သည် ရက်သတ္တပတ်ပေါင်းများစွာ မလဲမလျောင်းပဲနေတတ်သည်၊ ငါးနှစ်မျှ မလဲမလျောင်းပဲ နေနိုင်သော ဆင်များ ရှိသေးသည်ဟု သိရသည်၊ ဆင်သည် ရေကူးကျင်လျှင်သည်၊ ပေ ၃၀-ကျော်မျှနက်သော ရေထဲတွင် ၆-နာရီကျော်မျှ နေနိုင်ကြောင်း အမှတ်အသားများရှိသည်၊ ဆင်သည် ကိုယ်လုံးကိုယ်ထည်ကြီးသည့်အလျောက် မြေကြီးမှ ခြေလေးဘက်စလုံး ကြွတက်သွားအောင် မခုန်နိုင်ချေ၊ သို့ရာတွင် ပြေးသွားရာ၌ အံ့ချီးဘွယ်ကောင်းအောင် လျင်မြန်လှပေသည်။

## ဆင်နှင့်ဒုမင်္ဂလ

ဆင်သည် ဒုမင်္ဂလဖြစ်သော လူသေအလောင်းကို သူ ကျောပေါ်သို့ အတင်မခံချေ၊ အတင်မခံပုံ ဒိဋ္ဌတွေ့ရဘူးသည် မှာ လွန်ခဲ့သောအနှစ် ၄၀-ကျော်လောက်သော ရွှေဘိုခရိုင် ရေဦး တောင်ဘက် ရွာကြီးတရွာရှိ ရွာကျောင်း၌ ကိုရင်တပါး ပျံလွန် တော်မူရာ ကိုရင်ပျံသို့ ပင့်ဆောင်ထားသော ဘုန်းတော်ကြီးများ အနက် ဆင်ပေါက်ကလေးတစီးကို နောက်ပါခေါ်လာသော ဘုန်း တော်ကြီးတပါးနှင့်တွေ့ရ၏၊ ဆင်ကလေးမှာ ဘုန်းတော်ကြီး အနီးမှမခွာ၊ ဘုန်းတော်ကြီး ပြောသမျှစကားကို အကုန်နားလည် ၏၊ သူ့ကို "ကံကောင်း" ဟု အ မည်ပေးထား၏၊ ဆင်ကလေးကို ရရှိပုံမှာ- ယင်းဘုန်းတော်ကြီးကျောင်း အနီးတွင် ငှက်ပျောခြံကြီး တခြံရှိရာ အခါတပါး ညအချိန် ဆင်အုပ်ကြီးတအုပ်သည် ကျောင်းအနီး ငှက်ပျောခြံကြီးကို ဖြတ်ကျော်သွားသည်တွင် ဆင်ပေါက်စကလေးတကောင် ငှက်ပျောခြံထဲတွင် ကျန်ရစ်သည်၊ ဆင်အုပ်ကြီးကား ချီတက်သွားလေပြီ၊ နံနက်လင်းတွင် ငှက်ပျောခြံ တွင်းမှ ခွေးဟောင်သံကြား၍ သွားကြည့်သောအခါ ဆင်ကလေး ကို တွေ့ရသည်၊ ပဌမသော် ဆင်မှန်းမသိ ဝက်ကလေးဟု ထင် သည်၊ နောက်မှ နှာမောင်းကို မြင်ရသဖြင့် ဆင်မှန်းသိရတော့

သည်၊ ဆင်ကလေးကို ကျောင်းသို့ ယူဆောင်လာပြီး ကျွေးမွေးလာ လိုက်တာ ယနေ့သို့တိုင်ပါရော၊ ယခုလူတရပ်လောက် အမြင့်ရှိပြီ၊ မသေမပျောက်ကျန်ရစ်ပြီး ဘုန်းကြီးကျောင်းမှာ ချမ်းချမ်းသာသာ အသက်ရှင်နေရတဲ့အတွက် **သူ့ကို "ကံကောင်း" လို့** အမည်ပေး ထားတယ်- ဟု ဘုန်းတော်ကြီးအမိန့်ရှိသည်ကို မှတ်ခဲ့ရသည်၊ ဆင်ပေါက်ကလေးမှာ လူစကားကို အကုန်နားလည်ပုံရ၏။

ကိုရင်ပျံကို မသဂြိုဟ်ခင် အလောင်းကို ဆင်ကျောပေါ် တင်ပြီး ကျောင်းကို ၃-ပတ် လှည့်လိုကြောင်းနှင့် ဆင်ရှင် ဘုန်းတော်ကြီးအား လျှောက်ထားကြရာ ဆင်ရှင်ဘုန်းတော်ကြီးက ဆင်ကံကောင်းကို ပြောပြသည်တွင် ကံကောင်းကလက်မခံ သဘောမတူကြောင်း ခေါင်ခါပြနေ၏။ မည်သည့်နည်းနှင့်မှ ပြောလို့မရ ခေါင်းခါမြဲခါနေသဖြင့် လက်လျှော့လိုက်ကြရ လေသည်၊ ဆင်သည် ဒုမင်္ဂလကိုလက်မခံကြောင်း သင်ခန်းစာ တစ်ရပ်ရရှိလေသည်။

## ဆင်နှင့် သုမင်္ဂလ

မော်လမြိုင် မုတ္တမမှ သထုံမြို့ထိ ဤနယ်အတွင်း၌ တောင်ဝိုင်းကြီးဆင်ဆိုလျှင် လူတိုင်းသိကြ၏၊ မောင်းထောင်း,

ရေခပ်အရပ်ရပ်ကို နိုင်နင်းစွာလုပ်ကိုင်တတ်၏၊ အထူးထင်ရှားသည်မှာ ထိုနယ်အတွင်း ရှင်ပြုမင်္ဂလာပြု၍ ဆင်စီး၍ရှင်လောင်းလှည့်ရန် တောင်ဝိုင်းကြီးကို တောင်းဆိုလျှင် မည်သည့်အခါမျှငြင်းဆိုခြင်းမရှိ၊ အလှူ့ရှင်ဆန္ဒပြည့်အောင် ရှင်လောင်းကိုကျောပေါ်သို့တင်၍ ရှင်လောင်းလှည့်ပေးလေသည်၊ တန်ရာတန်ကြေးလည်းသူ့အားပေးရသည်၊ ၎င်းရရှိသောကြေးငွေကိုသူ့သခင် အမယ်ကြီးအား ပေးသည်ဟုသိရ၏၊ ထိုနယ်တွင်ရှင်ပြုမင်္ဂလာရှိသမျှ စွမ်းနိုင်သောအလှူဖြစ်ပါက တောင်ဝိုင်းကြီးဆင် ပါရမြဲဖြစ်လေသည်၊ ဤကိုထောက်၍ ဆင်သည် သုမင်္ဂလကိစ္စကို လက်ခံကြောင်း သင်ခန်းစာတရပ် မှတ်ယူအပ်ပေသည်၊ ဆင်သည် ဒုမင်္ဂလကို စက်ဆုပ်၍ သုမင်္ဂလကိုနှစ်သက်ခြင်းကားသဘာဝတရပ် ဖြစ်လေသည်။

(ခ) ဆင်လောကကျယ်ပြန့်ပုံ။ ။ ဆင်သည် တိရစ္ဆာန်ဇာတိဖြစ်သော်လည်း ပါးနပ်လိမ္မာခြင်း, ခွန်အားဗလ ကြီးမားခြင်း, အထက်တန်းဘုရင်မင်းမှ အောက်ဆုံး လူတန်းစားများအထိအသုံးဝင်ဆန်ခြင်းတို့ကြောင့် လောကတွင် အလွန်ထင်ရှား လူသိများသော သတ္တဝါထူး ဖြစ်လေသည်။ စစ်တိုက်ရာတွင် စစ်အင်္ဂါတပါးအဖြစ် ပါဝင်၏၊ သစ်ဆွဲရာ, ဝန်ရုံးရာတွင်လည်း သူ

မပါလျှင်မပြီး၊ နောက်ဆုံး အမျိုးသမီးများ အဆောင် အကွယ် အကာ အဖြစ်ဖြင့် ဆင်မြီးလက်စွပ်ကို အသုံးပြုကြသည်။

ပိဋကတ်စာပေအရ ဖေါ်ပြရသော် ဂေါတမရှင်တော်ဘုရား ဘုရားအဖြစ်သို့ ရောက်ခါနီးဆဲဆဲ ပလ္လင်လုပွဲဆင်နွဲရန် မာရ်နတ်မင်းသည် ဂိရိမေခလာဆင်ကြီးကိုစီး၍ စစ်သည်ဗိုလ်ပါ အများနှင့် တိုက်ခိုက်လာသည်။

ဒေဝဒတ်သည် ဘုရားရှင်ကို လုပ်ကြံလိုသဖြင့် အဇာတသတ်မင်းကို ချဉ်းကပ်ပေါင်းသင်းပြီးလျှင် နာဠာဂိရိ (ခနပါလ) ဆင်ကြီးကို အရက်ပြင်းစွာတိုက်၍ ဘုရားရှင်ကြွအလာတွင် တိုက်သတ်စေသည်။ ဘုရားကိုအသေသတ်ရန် ဆင်ကို အသုံးပြုခြင်းဖြစ်သည်။

ပသေနဒီကောသလမင်းကြီး၏ ပါဝေယျကဆင်းကြီးသည် ရွှံ့ညွန်တွင် ကျွံနစ်နေရာ မရုန်းနိုင် မထွက်နိုင်ဖြစ်နေသည်ကို ရှေးကစစ်ပွဲတွင် အသုံးပြုခဲ့သော စစ်ဆင်ကြီးဖြစ်သည့်အတိုင်း တိုက်စဉ်တိုက်မောင်းသံပေး၍ အားတက်လာအောင် လှုံ့ဆော်လိုက်လျှင် အားသစ်ဝင်ကာ ရုန်းလိုက်သည်တွင် ကုန်းထက်သို့ ရောက်လာဘူးသည်။

ဘုရားအလောင်းမာယဇာတ်တွင် ဘုရင်က အထင်လွဲ၍ မာယနှင့်တကွ လူပေါင်း ၃၀-ကျော်ကို ဆင်ဖြင့်နင်းသတ်စေရာ မာယတို့၏ မေတ္တာကြောင့် ဆင်မနင်းဝံ့ပဲ ရှိရုံမျှမက နောက်ဆုံးတွင် မာယ၏ အသင်းအပင်း ဖြစ်သွားရ၏၊ နောက်အဘို့ သူတို့ ကွယ်လွန်သွားကြသောအခါ တာဝတိံသာ နတ်ပြည်တွင် ဖြစ်ကြရာ၌ ဆင်ကြီးမှာ ဧရာဝဏ်ဆင်အဖြစ်ဖြင့် အမှုထမ်းရမည့် နတ်သားဖြစ်လာရလေသည်။ ဆင်သည် လူ့ပြည်တွင်မက နတ်ပြည်တိုင်အောင် ထင်ရှားကျော်စောခဲ့သည်။

ဝေဿန္တရာဇာတ်တော်တွင် မိုးခေါင်ရေရှားဖြစ်နေသော ကလိင်္ဂတိုင်းသားတို့က ဆင်ဖြူတော်ရှိလျှင် မိုးကောင်းသည်ဟု ဆိုရိုးရှိသည့်အတိုင်း မိုးကောင်းစေရန် ဝေဿန္တရာမင်းကြီးထံတွင် ပစ္စယဆင်ဖြူတော်ကို အလှူခံလာကြရာ မိမိအကျိုးထက် သူတပါး အကျိုးကို ပြည့်ဖြိုးစေလိုသဖြင့် ဆင်ဖြူတော်ကို လှူလိုက်သည်၊ ဆင်ဖြူတော်သည် မိုးကောင်း၍ စပါးဆန်ရေ ကြွယ်ဝစေသည်။

အချုပ်ကို ဆိုရသော် ဂေါတမဘုရားရှင်သည်ပင် ရှေးနုစဉ်အခါက ဆင်ဘဝသို့ ရောက်တော်မူခဲ့ရသည်၊ နိပါတ်စဉ် အရကြည့်လျှင် ဧကနိပါတ်တွင် ဆင်အဖြစ် ၂-ကြိမ်၊ ဒုကနိပါတ်တွင် တကြိမ်၊ တိကနိပါတ်တွင် တကြိမ်၊ ပဉ္စကနိပါတ်တွင် တကြိမ်၊

ကောဒသနိပါတ်တွင် တကြိမ်၊ တိံသနိပါတ်တွင် တကြိမ်၊ ပေါင်း ၇-ကြိမ် ဖြစ်တော်မူခဲ့ဘူးကြောင်း လာရှိပေသည်၊ ထိုနိပါတ်တို့၌ ကြည့်ရှုကြပါကုန်။

ဆင်သည် လူ့လောကတွင် ကျယ်ပြန့်သော သဘာဝရှိသည့်အလျောက် ဆင်နှင့်ပတ်သက်သော စကားပုံများသည်လည်း လူတို့နှုတ်ဖျားတွင် စကားလှိုင်းစီးလျက် ရှိလေသည်။ ယင်းစကားပုံတို့ကား-

၁။ အမြင်မတော် ဆင်တော်နှင့်ခလောက်
၂။ ဆင်အိပ်ရာဆိတ်နှိုး
၃။ ဆင်သေကို သားရေဖုံးလို့မလုံ
၄။ ထွက်ပြီးဆင်စွယ် ဝင်တယ်လို့မရှိ
၅။ ထိုးမည့်ဆင် နောက်သို့ တလှမ်းဆုတ်
၆။ ဆင်ဝန်ကတော် အကြောင့်ကြမဟုတ်
၇။ ဆင်ကြံ ကြံသည်
၈။ ဆင့်ဟာကို ခွေးမျှော်သလို
၉။ ဆင်ဖြူ့မျက်နှာ ဆင်မည်းမကြည့်ဝံ့သလို
၁၀။ ဆင်ဖြူတော်ဝင်မှာ ချည်တခင်နှင့် ကျိန်းကျေ
၁၁။ ဆင်ဖြူတော်မှီ ကြွံစုပ်

၁၂။ ဆင်တိုင်းဆင်တိုင်းမှာ အမြှုတေပုလဲမရှိ
၁၃။ ခြေရာဟူသမျှတွင် ဆင်ခြေရာ အကြီးဆုံး
၁၄။ ဆင်စမ်းသော အကန်း ၆-ယောက်
၁၅။ ဆင်ကန်းတောတိုး
၁၆။ အတက်လည်းစုံ ဆင်စွယ်စုံသို့
၁၇။ မျက်နှာကိုက ဆင်နင်းသရက်လို
၁၈။ ဆင်ခြေကို ဘာမှတ်၊ ဘိနပ်ဖြစ်သွားမည်
၁၉။ တောနက်လေ ဆင်ချေးထူလေ
၂၀။ တောဆင်ခမည်းပေး
၂၁။ ဆင့်ပါးစပ် နှမ်းပက်သလို
၂၂။ ကြီးကျယ်လိုက်တာ ဆင့်ဖင်
၂၃။ ဆင်လိုက်ရာမှာ ဝါကြီးဝါငယ် မရွေးရ
၂၄။ ဆင်မ လှမ်းဟန် ပြုဗ္ဗာသင်္ဂ
၂၅။ ဆင့်နောက် ခွေးပါ
၂၆။ ဆင်ကျိုစားရာ ဆိတ်မခံနိုင်
၂၇။ ဆင်ကျင်ငယ်စွန့် ပရွက်ဆိတ် ပင်လယ်ဝေ
၂၈။ ဆင်စွယ်မှန် ပိုးမစား
၂၉။ ရှမ်းနှင့်ဆင် လယ်ပြင်ကျမှ သိမည်
၃၀။ ဆင်ကျုံးသွင်းသလို

၃၁။ ဆင်စီးလို့ မြင်းရံတာ မြင်ချင်သည်

၃၂။ ဆင်ပြ ဆန်တောင်း

၃၃။ ဆင်ချေးတတုံး ဆိတ်ချေးတရာ

၃၄။ ဆင်သတ်ပြီး ခွေးနာဆေးကု

၃၅။ ဆင်သတ် - အရပဲဝေ

၃၆။ ဆင်သားကို ခြသေ့်မစား

၃၇။ ဆင်ပေါ်ကလူနှင့် ဆင်အောက်ကလူလို

၃၈။ ဆင်ခြေဖုံးရပ်ကွက်

၃၉။ ဆင်ပိန် ကျွဲလောက်

၄၀။ ဇာဝီတရစ် ဆင်တအစ်

၄၁။ ကောက်သင်းကောက် စပါး ဆင်စားလို့ကုန်။

(ဂ) ဆင်နှင့်ပတ်သက်သောမြန်မာ့ယဉ်ကျေးမှုများ။ ။ ယဉ်ကျေးမှုဆိုသည်မှာ တာဝန်ဝတ်တရား ကျေပွန်အောင် ဆောင်ရွက်ခြင်းပင် ဖြစ်၏။ ရှေးမြန်မာဘုရင်တို့သည် ဆင်များအပေါ်မှာ လွန်စွာမြတ်နိုး အားကိုးကြသည့်အလျောက် ဆင်နှင့်ပတ်သက်သောတာဝန်များကို ပိုင်းခြားဆောင်ရွက်တော်မူကြသည်။ ရွှေနန်းသုံးအဘိဓာန်အရ အချုပ်မျှကောက်နုတ်ဖော်ပြထားပါသည်။

ဆင်နှင့်ပတ်သက်သော ဝေါဟာရ အသုံးအနှုန်းတို့မှာ အရေအတွက် ၃၆-မျှရှိလေသည်။

အစဉ်အတိုင်း ဖေါ်ပြရသော်-

၁။ ဆင်မင်းမြွက်ပို့

၂။ ဆင်တိုင်

၃။ ကျုံးမှူး

၄။ ယရည်း

၅။ ဆင်စာချီ

၆။ ဆင်အစီအရင်

၇။ ဆင်မျုုး

၈။ ဆင်ကဲ

၉။ ဆင်ဆေးသမား

၁၀။ ဆင်ဆော်

၁၁။ ထူးဆင်

၁၂။ စီးစုဆင်မတော်

၁၃။ ထူးဆင်မတော်

၁၄။ စီးဆင်တော်

၁၅။ ရွေးဆင်

၁၆။ ဝင်းဆင်

၁၇။ ထမ်းဆင်တော်

၁၈။ ဝန်ရည်ဆင်တော်

၁၉။ မိုန်းသစ်ဆင်တော်

၂၀။ ကျင်းဆင်

၂၁။ ဆင်မျိုးခွဲခြားပုံ

၂၂။ ဆင်အမှုထမ်း

၂၃။ အောက်မားစာရေး

၂၄။ အောက်မားနှင့်ဆိုင်ရာ ဆင်အစီအရင်

၂၅။ အောက်မားနှင့်ဆိုင်သည့် ဆင်မှူး

၂၆။ အောက်မား အမှုထမ်း

၂၇။ ဆင်မင်း ဝန်ထောက်

၂၈။ ဆင်မင်း နာခံ

၂၉။ ဆင်မင်း စာရေးကြီး

၃၀။ ဆင်မင်း နောက်ထိုင်

၃၁။ ဆင်တော် ပျော်ဘွယ်

၃၂။ ခနက်ပလာ ဆင်ဝန်စာရေး

၃၃။ ခနက်ပလာ ဆင်အမှုထမ်း

၃၄။ ဆင်တော်ဦးစီး, ကုန်းလယ်, နောက်ပဲ့ ၃-ယောက် အမှုထမ်း

၃၅။ ဆင်တော်လက်ရှိ ဦးစီး နောက်ပဲ့အမှုထမ်း
၃၆။ မင်္ဂလာအိမ်တော်ပါဆင်

ဤ ၃၆-ချက်အနက် ထူးခြားရာအချက်ကို ကောက်နုတ်ဖော်ပြပါမည်။

၁။ ကျုံးမှူး။ ။ တောဆင်ရိုင်းများကို အောက်မားတော်များနှင့် အောက်ငင်ရာ ကြန်အင်လက္ခဏာ ကောင်းသော တောဆင်ရိုင်းကား အထီးသည်အမကို ဓမ္မတာ သဘာဝအတိုင်း တပ်မက်သောကြောင့် အောက်မားတော် ဆင်မ သွားရာသို့ မခွဲနိုင်၊ အမြဲလိုက်ပါနေသောအခါ ၎င်းအောက်မားဆင်အုပ်ကို တတောမှတတောသို့ တရွေ့ရွေ့ လူစီးခံသော အောက်မားဆင်သည် ရှေ့ကလမ်းပြလာခဲ့ရာ မြို့တော်ကျုံးအနီးသို့ ရောက်သောအခါ ဗလကောင်းသော ဆင်ပေါက်ကြီးများကို ဆင်ဦးစီး, နောက်ထိုင်, လုံ့ရှည်ကိုင် အပြည့်အစုံ တင်၍ ဆင်ရိုင်းထွက်မသွားနိုင်ရန် ခပ်လှမ်းလှမ်းက ဝိုင်းရံထားစေရသည်။ အကယ်၍ တောဆင်ရိုင်းထွက်ပြေးခဲ့လျှင် ဆင်ပေါက်ကြီးများကို ဆီး၍ ထိုးစေသည်။ လုံ့ရှည်ကိုင်တို့ကလည်း စွယ်ရောင်ပြဆင်ဘက်က ကူညီကြရသည်။ ဆင်ရိုင်းသည် ဤနည်းဖြင့် ကျုံးအတွင်းသို့ ဝင်ရောက်လျှင် ကျုံးရဲသားတို့က ဆင်ရိုင်းကို အမျိုးမျိုးကစားကြရသည်။ အကြိမ်ကြိမ် ကစားသဖြင့်

ဆင်ရိုင်း မောပန်းလောက်သည့်အခါ ဆင်တကောင်သာ သွားနိုင်သော အုတ်အင်္ဂတေတို့ဖြင့် ပြုလုပ်ထားသည့် လမ်းဖြင့် ဆင်မကို ထွက်သွားစေ၏။ ဆင်ရိုင်းလည်း နောက်ကလိုက်၍ လမ်းမြောင် အတွင်းသို့ ရောက်သည့်ကာလ အပေါ်က ဆွဲထားသော သစ်တုံးကြီးများကို ရှေ့နောက် ပိတ်မိအောင် ချလိုက်ရာ ဆင်ရိုင်းမှာ မဆုတ်သာ မတက်သာ မိနေလေတော့၏။ ဆင်ရိုင်းကို ယဉ်ကျေးအောင် အမျိုးမျိုး ဆုံးမ၍ ယဉ်ကျေးလာသောအခါ ၄င်းဆင်ကို ဆင်ဝန်သို့ အပ်ရသည်။ ကျုံးမှူးဆိုသည်မှာ ဆင်ကျုံးသို့ ရောက်လာသော ဆင်ရိုင်းကို ဆင်ယဉ်ဖြစ်အောင် ပြုလုပ်ရန် တာဝန်နှင့် ယရည်မှူး - ကျုံးစောင့်များအပေါ် ကြီးကြပ်ရသူဖြစ်သည်။

၄။ ယရည်း။ ။ ဆင်ကျုံးသို့ ရောက်လာသော ဆင်ရိုင်းကို လူစီးခံခြင်း, အဆုတ်အတက်, အနှိမ့် အမြောက်မှစ၍ တက်ကျွမ်း ယဉ်ကျေးလာအောင် သင်ကြားပေးရသော အမှုထမ်းကို "ယရည်း" ဟုခေါ်သည်။

၅။ ဆင်စာချီ။ ။ ဆင်ဝန်၏ လက်အောက်ခံ ဆင်နှင့်ပတ်သက်သော ကိစ္စမှန်သမျှကို စီမံဆင့်ဆိုခန့်ခွဲရသော အမှုထမ်းကို "ဆင်စာချီ" ဟုခေါ်သည်။

၆။ **ဆင်အစီအရင်။** ။ ဆင်တော်များ မကျန်းမာကြောင်း, မုန်ယို ကြောင်း, တောသို့ ပြန်ဝင်သွားကြောင်းမှစ၍ တစုံတရာ အကြောင်းထူးရှိတိုင်း စာဖြင့်ရေးသား၍ ဆင်စာချီထံ အစီရင်ခံရ သည်၊ ယင်းသို့ အစီအရင်ခံရသူကို "ဆင်အစီရင်" ဟုခေါ် သည်။

၇။ **ဆင်မှူး။** ။ ဆင်ကဲများနှင့် ဆင်ဦးစီး, နောက်ထိုင်, ကုန်းလယ်စီး, လှံကိုင်တို့အပေါ် ဆင့်ဆိုစီမံကြီးမှူးရသောသူကို "ဆင်မှူး" ဟု ခေါ် သည်။

၈။ **ဆင်ကဲ။** ။ ဆင်မှူး၏ လက်အောက်ခံ၍ ဆင်ဦးစီးများ အပေါ် အကြီးအကဲပြုလုပ် စီမံရသည်၊ "ဆင်မှူးဆင်ကဲ၊ ချွန်းစွဲ လှံကိုင်၊ နောက်ထိုင်ကိုယ် သယ်" ဆိုသည့်အတိုင်း ၅-ဦး ရှိသည်၊ ချွန်းစွဲ ဆိုသည်မှာ ဦးစီးကို ဆိုသည်။ လှံကိုင်ဆိုသည်မှာ ကုန်း လယ်စီးကို ဆိုသည်၊ နောက်ထိုင်ဆိုသည်မှာ ပဲ့စီးကိုဆိုသည်၊ ကိုယ် သယ်ဆိုသည်မှာ ကုန်းလယ်စီးမကျန်းမမာရှိ၍ ကိုယ်စားလှယ်လုပ် ရသူကို ဆိုသည်။

၉။ **ဆင်ဆေးသမား။** ။ ဆင်တော်များ တစုံတရာ မကျန်းမမာ ရှိလျှင် ဆေးဝါးတိုက်ကျွေးရသောသူကို "ဆင်ဆေးသမား"ဟုခေါ် သည်။

၁၀။ ဆင်ဆော်။ ။ **ဘုရင်မင်းမြတ်သည် ဏနှစ်** ၃-ကြိမ် သီဟာသနပလ္လင်သို့ ထွက်**တော်မူသည်၊ ထိုသို့သော** အခမ်းအနား ရှိသည့်အခါတွင် လည်း**ကောင်း၊ အလေးအလဲစစ်ချီ**ရန် ရှိသည့် အခါတွင် လည်းကောင်**း၊ မြို့သိမ်း နန်းသိမ်းအခါ**များတွင် လည်းကောင်း- ယင်း**သို့သော အခါ**များတွင် မည်သည့်မြို့က ဆင်ဘယ်နှစ်စီးစသည်ဖြင့် ဆင်ပို့လာရန် ဆင့်စာပေးအပ် နှိုးဆော်ရသည်။ ယင်းသို့ ဆော်ဩရသူကို "ဆင်ဆော်" ဟု ခေါ်သည်။

၁၁။ ထူးဆင်။ ။ ရတနာဆယ့်နှစ်မျိုးအဝင်အပါ လက္ခဏာများ နှင့်ပြည့်စုံသော မြီးဆံ့, နားရွက်, ဦးကင်း, ကျောက်ကုန်း, ခြေနှစ် ဘက်များတွင် အဖြူမွေးပေါက်ခြင်းဖြင့် လက္ခဏာချွတ်ယွင်းခြင်း မရှိ သန်**စွမ်း**ကြော့မော့သည့် မင်းတို့စီးထိုက်သော ဆင်ပေါက်ကို "ထူးဆင်တော်" ခေါ်၍ စာရင်းသီးခြား ထားရသည်။

၁၂။ **စီးစုဆင်မတော်**။ ။ ဆင်မပင် ဖြစ်သော်လည်း မင်းတို့ စီးထိုက်သော ကြန်အင်လက္ခဏာနှင့် ပြည့်စုံလျှင် ယင်းဆင်မ များကို "**စီးစုဆင်မတော်**" ဟုခေါ်၍ စာရင်းသီးခြားထားရသည်။

၁၃။ ထူးဆင်မတော်။ ။ အထက်ပါ ထူးဆင်ပေါက်များကဲ့ သို့ ရတနာဆယ့်နှစ်မျိုးအဝင်အပါ လက္ခဏာနှင့် ပြည့်စုံသော

ဆင်မတော်များကို "ထူးဆင်မတော်" ဟူ၍ စာရင်းသီးခြားထား ရသည်။

၁၄။ စီးတော်ကြီး။ ။ ထူးဆင်တော်များကဲ့သို့ ကြွန်အင် လက္ခဏာ မပြည့်စုံလှသော်လည်း မင်းစီးထိုက်သော လက္ခဏာ ပါရှိသော ဆင်ကို "စီးတော်ကြီး" ဟု စာရင်းသီးခြား ထားရသည်။

၁၅။ ရွေးဆင်။ ။ ဆင်တပ်တွင် ပါဝင်ထိုက်သော ခွန်အားဗလ နှင့် ပြည့်စုံသော ဆင်ကို "ရွေးဆင်" ဟု စာရင်းသီးခြားထားရသည်၊ ၎င်းဆင်တော်များမှာ မန္တလေးနန်းတော် သစ်တပ် အရှေ့မျက်နှာ တံခါးကသာ ဝင်ရထွက်ရ၏၊ ထို့ကြောင့် ယင်းတံခါးကို "ရွေးတော် ယူတံခါး" ဟု ခေါ်ခြင်းဖြစ်သည်။

၁၆။ ဝင်းဆင်။ ။ နန်းတော် သစ်တပ် မြောက်မျက်နှာ လက်ဝဲဝင်း တံခါးအဝင်တွင် ရှိသည့် ဆင်တင်းကုပ်၌ တလှည့်လျှင် ၁၅-ရက်ကြာအောင် အိပ်ဖန်တက်နေထမ်းရွက်ရသော ဆင်များ ကို "ဝင်းဆင်" ဟု ခေါ်သည်။

ထမ်းဆင်တော်။ ။ စစ်မက်ပေါ်၍ ချီတက်ရန် ကိစ္စ, အဝေး အလံသို့ ထွက်တော်မူမည့်ကိစ္စရှိလာသည့်အခါ ခဲယမ်းလက်နက် များကိုဖြစ်စေ, ဝန်စည်များကိုဖြစ်စေ တင်ဆောင်ရသည့်ဆင်ကို "ထမ်းဆင်" ဟုခေါ်သည်။

၁၇။ ဝန်ရည်ဆင်တော်။ ။ အတွင်းဝန်, ဝန်ထောက်, မြို့ဝန်, အဝေးဝန်တို့မှာ မင်းမှုကိစ္စနှင့် စပ်လျဉ်း၍ ဆောင်ရွက်ခွင့် ရှိသည့် အခါ ဆင်ဝန်ထံသို့ တောင်းဆိုခဲ့လျှင် ပေးအပ်ရန် အသင့်ရည်ရွယ် ထားသော ဆင်များကို "ဝန်ရည်ဆင်တော်" ဟု ခေါ်သည်။

၁၉။ မှိန်းသစ်ဆင်တော်။ ။ အများအားဖြင့် အရပ် ၂-တောင် ၂-မိုက်၊ သို့မဟုတ် ၃-တောင်မျှမြင့်သည့် နောက်ပေါက် ဆင် ကလေးများနှင့် ညှံ့ဖျင်းသည့် ဆင်ကြီးများကို "မှိန်းသစ် ဆင်တော်" ဟု ခေါ်သည်။

၂၀။ ကျင်းဆင်။ ။ ထီးဖြူသံကျင်းနှင့် စည်ရွမ်း အခမ်းအနား ကျင်းပခွင့်ရသော မသာတော် ကတ္တီပါရွှေမှော်ကြဲ, ခါသာ ရွှေမှော်ကြဲ ကြေးတဝန်း ပတ်တဝန်းတီးမှုတ်ချဆောင်ခွင့်ရသည့် မသာတော်များမှာ ရိုးတော်ကောက်က ဗောင်းဖြူမျောက်မြီး ဝတ်ဆင်လျက် အစွယ်တဖက်ကျိုး ဆင်ပေါက်ပေါ်က စီး၍လိုက် ရသည်၊ ၎င်းနောက် ဆင်မ လိုက်ရသည်၊ ဤကျင်းဆင် ၂-စီးကို အချို့က ဆင်ပေါက်ဆင်မ ခေါ်သည်။

၂၁။ ဆင်မျိုးခွဲခြားပုံ။ ။ ၎င်းမှာ ဟိုင်း, စွယ်စုံ စသည် ခွဲခြားပုံပင် ဖြစ်သည်။

၂၂။ ဆင်အမှုထမ်း။ ။ ကုန်းဘောင်ဆက်နောက်ဆုံး သီပေါမင်း လက်ထက်တွင် ဆင်တော်လက်ရှိ ဦးစီး, နောက်ပဲ့ အမှုထမ်း ၅၇၀-ရှိသည်။

၂၃။ အောက်မားစာရေး။ ။ နှစ်စဉ်ဝါကျွတ်သည့်ကာလ အောက်မား တော်များ တောဝင်ရန်ကိစ္စ၊ ထို့နောက် အောက်မား တော်များ အောက်ငင်ခဲ့၍ တောဆင်ပါလာသည့်အခါ ၎င်းတော ဆင်ပေါက်ကို ဆင်ကျုံးမရောက်မီကပင် လက္ခဏာကို သေချာစွာ ဖတ်၍ လက္ခဏာရှိတိုင်း ရေးမှတ်ပြီးလျှင် အောက်မားဝန်ထံ အစီရင်ခံရန် ကိစ္စမှစ၍ မင်းမှုကိစ္စကို စီမံခန့်ခွဲရသည်၊ ယင်း အမှုထမ်းကို "အောက်မားစာရေး" ဟု ခေါ်သည်။

၂၄။ အောက်မားနှင့်ဆိုင်သည့်ဆင်ဖာစီအရင်။ ။ ‌ေ ‌ောက် မား တော်များ မကျန်းမမာရှိသည့်အခါဖြစ်စေ, သေဆုံးသည့်အခါ ဖြစ်စေ, တောဆင်ရိုင်းနှင့်ကျ၍ ဆင်ငယ်များ တိုးပွားလာသည့် အခါဖြစ်စေ အောက်မားတော်များနှင့် စပ်လျဉ်းသည့် ကိစ္စ တစုံတရာ ပေါ်ပေါက်သည့်အခါတိုင်း စာနှင့်ရေးသား၍ အောက်မား စာရေးထံ အစီရင်ခံရသည်၊ ယင်းအမှုထမ်းကို ခေါ်သည်။

၂၅။ အောက်မားနှင့်ဆိုင်သည့်ဆင်မှူး။ ။ အောက်မားဝန်, အောက်မားစာရေး, ဆင်အစီရင်တို့ ဆင့်ဆိုရာနာခံ၍ အောက်မား ဆင်တော်ဦးစီး, နောက်ပဲ့, အမှုထမ်းလူပေါင်း ၂၂၀-တို့အပေါ် ဆင့်ဆို စီမံကြီးမှူးရသည်။

၂၆။ အောက်မားအမှုထမ်း။ ။ စလင်း ၇-သင်း၊ အဝ ၉-သင်း၊ မင်္ဂလာ ၄-သင်း၊ ရဲပတိုင်း ၄-သင်း၊ ပြည် ၄-သင်းဟူ၍ အသီး အသီးရှိသောကြောင့် ယင်းအောက်မားဆင်တော် ဦးစီး, နောက်ပဲ့ ၂-ယောက်ကျ အမှုထမ်းလူ ၂၂၀-ရှိသည်။

၂၇။ ဆင်မင်းဝန်ထောက်။ ။ "မောရိယပစ္စယနာဂရာဇာ" ကျောက်စီရွှေဘွဲ့ တပ်တော်မူပြီးလျှင် အရံကျေးရွာ ၃၀-ကျော်ရှိသော ပတ္တနဂိုရ်မြို့နှင့်တကွ ထည်မျိုး, အုပ်မျိုးများကို လက်ဖွဲ့ တော်မူ၍ ရွှေနန်းတော်အတွင်း မြေနန်းတော် အရှေ့တောင်ယွန်း၌ တန်ဆောင်းပြာသာဒ်နှင့်ထားတော်မူသော ဆင်မင်း၏ နာခံ စာရေးကြီး, နောက်တော်ထိုင် ဆင်မင်းပျော်ဘွယ် အမှုထမ်းတို့ကို မင်းမှုကိစ္စနှင့် ဆင့်ဆိုစီမံခွင့်, ဆင်မင်းကိစ္စရှိသမျှကို ဆောင်ရွက်ရန် အခွင့်ပေါ်လာသည့်အခါတိုင်း လစ်လပ်ကြွင်းကျန်မရှိရအောင် ဆင်မင်းဝန်အား အမြဲထောက်ပံ့ကူညီစေရန် ခန့်ထားသူဖြစ်၍ "ဆင်မင်းဝန်ထောက်" ဟုခေါ်သည်။

၂၈။ ဆင်မင်းနာခံ။ ။ ပြိတိုက်တော်ကဖြစ်စေ, လွှတ်တော်ကဖြစ်စေ ဆင်မင်းနှင့်စပ်လျဉ်းသမျှ အရပ်ရပ် အမိန့်ဆင့်ဆိုချက်ကို လက်ခံ ပြီးမှ ဆင်မင်းဝန်, ဆင်မင်းဝန်ထောက်တို့ရှေ့ တင်ပြရသည်၊ ၎င်းကိုမည်ကဲ့သို့ ဆောင်ရွက်ရန် အမိန့်ချမှတ် ပေး သည့် အခါ ဆင်မင်းနာခံက ပြီးမြောက်အောင် လိုက်နာဆောင်ရွက်ရသည်။

၂၉။ ဆင်မင်းစာရေးကြီး။ ။ ဆင်မင်းဝန်, ဆင်မင်းဝန်ထောက်, ဆင်မင်းနာခံတို့က ဆင့်ဆိုလွှဲအပ်သမျှ ဆင်မင်းနှင့်ဆိုင်ရာ ကိစ္စကို ဆောင်ရွက်ရသည်၊ ဆင်မင်းစာရေးနှင့် မဆိုင်သော ကိစ္စမရှိဖြစ် သည်။

၃၀။ ဆင်မင်းနောက်ထိုင်။ ။ ဆင်စီးခြင်း၌ ကျွမ်းကျင်သူတို့အား ရွေးကောက်၍ ဆင်မင်းနောက်ထိုင်အဖြစ် ထားသည်။

၃၁။ ဆင်တော်ပျော်ဘွယ်။ ။ အိပ်ဖန်တက်နေထမ်းရွက်ရသည့် ဆင်တော်များအဖို့ ဆောက်ထားသည့် ရွှေနန်းကြက်သရေ ဆင်တင်းကုပ်, ရွှေတင်းကုပ်, ဝင်းတင်းကုပ်များတွင် အစာဟောင်း, မြက်, အမှိုက်သုတ်သင်ရန် ကိစ္စရှိသမျှကို နေ့စဉ်ဝင်၍ ဆင်မင်းပျော်ဘွယ် အမှုထမ်းတို့က ရွက်ဆောင်ရသည်၊ ဆင်မင်းစိတ်ရွှင်ပျော်ပိုက်အောင် ဆောင်ရွက်ရသော အမှုထမ်းများဖြစ်၏။

၃၂။ ခနက်ပလာ ဆင်ဝန်စာရေး။ ။ ခနက်ပလာဆင်ဝန်ဆင့်ဆိုရာ နာခံ ရေးမှတ်ထမ်းရွက်ရသည့် ခနက်ပလာဆင်ဝန်၏စာရေး ဖြစ်၏။

၃၃။ ခနက်ပလာဆင်အမှုထမ်း။ ။ အောက်မားတော်များမှာ စိမ့်စမ်းဂနိုင် တောမြိုင်ကြီးရာ တောဆင်များရှိသည့်နေရာကို ရှာဖွေသွားရောက် အောက်ငင်ရသည်၊ ယင်းသို့ အောက်ငင်ရသဖြင့် အောက်မားတော်များ၌ တောဆင်ရိုင်းနှင့်ကျ၍ ရခဲ့သောဆင်ငယ် အရွယ်ရောက်လျှင် ကျော့ဖမ်းပြီးလျှင် ဆင်ဝန်ထံအပ်ရခြင်း၊ ထို့ပြင် တောတွင်းပေါက်ပွားကျက်စားရှိနေသော ဆင်ရိုင်းများအနက် အပြစ်ကင်းရှင်း၍ ကြော့မော့လှပသော ဆင်ပေါက်များကို ကျော့ဖမ်းပြီး ယဉ်ကျေးအောင် သင်ကြားရသည်၊ ယဉ်ကျေးပြီးမှ ဆင်ဝန်သို့ အပ်ရခြင်းကိစ္စများကို ဆောင်ရွက်ရသည့် အမှုထမ်းများဖြစ်သည်။

ဆင်တော်ဦးစီး, ကုန်းလယ်, နောက်ပဲ့ ၃-ယောက်ကျအမှုထမ်း၊ ထူးဆင်တော်, စီးစုဆင်မတော်, ထူးဆင်မတော်, စီးတော်ကြီး, ရွှေဆင်တော်, ဝင်းဆင်များမှာ ဦးစီး, ကုန်းလယ်, နောက်ပဲ့- တစီးလျှင် ၃-ယောက်ကျ တွဲဖက်၍ အပြည့်အစုံထမ်းရွက်ရသော အမှုထမ်းများဖြစ်သည်။

ဆင်တော်လက်ရှိဦးစီး, နောက်ပဲ့ အမှုထမ်း၊ ထမ်းဆင်တော်, ပန်းရည်ဆင်တော်, မှိန်းဆင်တော်များမှာ လက်ရှိဦးစီး, နောက်ပဲ့အမှုထမ်း ၂-ယောက်ကျ ထမ်းရွက်ရသည်၊ ယင်းအမှုထမ်းများဖြစ်သည်။

၃၄။ မင်္ဂလာအိမ်တော်ပါဆင်။ ။ မင်္ဂလာအိမ်တော်ပါဆင်တော် ဦးစီး, နောက်ပဲ့ ၈-ယောက်ထိထားသည်၊ နှစ်ယောက်တွဲ လေးလီ ဖြစ်၏။

## ရွှေလွန်အမှုထမ်း

တောဆင်ရိုင်းနှင့်ရ၍ အောက်မားတော်မက မွေးသော မနက်ပလာဆင်ငယ်မှစ၍ တောတွင် ကျက်စား ပျော်ပါးကာနေသော တောဆင်ရိုင်းကြီးများကို ကျော့ဖမ်းရန်-

၁။ စာမရီရေ

၂။ သစ်နက်ရေ

၃။ ပြောင်ရေ

၄။ ဆတ်ရေ

၅။ ကျွဲရေ

၆။ နွားရေ

၇။ ဝံရေ

ဟူသော သားရေ ၇-မျိုးကို ပေါင်းစု၍ ရွှေလွန်အမှုထမ်းတို့က ကျစ်လုပ်ရသည်၊ ကျစ်ပြီးလျှင် ဓနက်ပလာဆင်ဝန်သို့ အပ်ရသည်၊ လွန်ခုနစ်မည် ကြိုးကျစ်ရန် သားရေများကို ဓနက်ပလာဆင်ဝန်က လုံလောက်အောင် ပေးရသည်။

ဆင်မင်းမြက်ပို့။ ။ ရွှေနန်းတော်အတွင်း မြေနန်းတော် အရှေ့တောင်ယွန်းတွင် နှစ်ထပ် လည်ပေါ်တင်းကုပ်နှင့် ထားရှိသည့် ဆင်ဖြူတော်များအတွက် ကောင်းမွန်လတ်ဆတ်သော မြက်များကို အထုံးပြုလုပ်၍ နေ့စဉ်လုံလောက်အောင် ပို့သွင်းထမ်းရွက်ရသော အမှုထမ်းများကို ဆင်မင်းမြက်ပို့ အမှုထမ်းဟုခေါ်သည်။

## ရာဇဝင်လာ ဆင်ဖြူအတ္ထုပ္ပတ်

ဆင်ဆယ်မျိုးတွင် ပါဝင်သော ဆင်ဖြူကို "ဆင်ဖြူတော်" ဟု မြန်မာတို့ ခေါ်ဆိုကြပေသည်၊ ယင်းဆင်ဖြူတော်ဆိုက ပိုင်ဖို့မြင်ဖို့ မဆိုထားဘိ၊ ဆင်ဖြူတော်ဟူသော အသံကိုကြားရဖို့ပင် ခက်ခဲလှချေ၏၊ တိတ္ထုံကျမ်းများ၌ ဆင်ဖြူတော် အိပ်မက်မြင်မက်

က အလွန်ကောင်းသည်ဟု ဟောထား၏၊ ဆင်မည်းကို အိပ်မက် မက်ရုံနှင့်မျှဖြင့်ပင် ထီထိုးက ထီပေါက်နိုင်သည်ဟု ယူဆကြသည်၊ သိဒ္ဓတ်မင်းသား ဘုရားအလောင်းတော်၏ မယ်တော် မာယာ သည်ပင် ကောင်းကင်မှ ဆင်ဖြူတော် ရောက်လာသည်ဟု အိပ်မက် မြင်မက်ကြောင်း ဗုဒ္ဓဝင်တွင် ဆိုသည်၊ ဘုန်းကြီးပျံများ တွင် ပန်းချီဆရာတဦးတည်းက တပုံတည်းချိုး၍ ပြုလုပ်ထားသော ဆင်မည်းရုပ်, ဆင်ဖြူရုပ် ၂-ရုပ်အနက် ဆင်ဖြူကို ကြည့်ရခြင်းက သာ၍ မင်္ဂလာရှိသည်ဟု ထင်မြင်ကြ၏၊ ဘုရားအလောင်းတော် ဝေဿန္တရာမင်းကြီးကပင် ဆင်ဖြူတော် လှူခြင်းကို အကြောင်းပြု ၍ ဘုရားမဖြစ်ခင် ရှေးဘဝ၌ ထူးခြားသော ဒါနပါရမီကို ဖြည့်ကျင့်ခဲ့ ရပေသည်၊ သို့ဖြစ်၍ ဆင်ဖြူတော်သည် ဣဋ္ဌာရုံသဘောနှင့် အစဉ်အမြဲပင် ယှဉ်တွဲကြောင်း ထင်ရှားပေသည်။

## ဆင်ဖြူတော်ကားအလွန်ရှား၏

ဟိမဝန္တာ၌ ကျက်စားသော ဆင်မျိုးပေါင်း များစွာရှိရာ ဆင်ဖြူတော်ကား အလွန်ရှား၏၊ ဆင်တသိန်းထဲမှာ တစီးတွေ့ရန် ပင် ခဲယဉ်းလှ၏၊ ထိုဆင်ဖြူကို ဖမ်းဆီးရန်နှင့် ဖမ်းဆီးသော အခါလည်း အရှင်ဖမ်းမိဖို့ကား အထူးခက်ခဲ လှ၏၊ အောက်မား

တော်များက အောက်ဆင်မနှင့် တယ်ပြီး တောဆင်ရိုင်းကို လှည့်ဖြား သွေးဆောင်၍ ဖမ်းခြင်း, တောဆင်ပေါက်အရိုင်းများကို စီးဆင်များနှင့်လိုက်၍ ၎င်းတို့ ပြေးလွှားသွားလာနေခိုက် ရတနာ ၇-မည် လွန်ကြိုး (သားရေ ၇-မျိုးနှင့် ကျစ်ထားသောလွန်ကြိုး) ဖြင့် ကျော့ကွင်းလုပ်၍ ဆင်ခြေကို ကျော့ကွင်းတွင် စွပ်မိအောင် ပစ်ကာ ဓနက်ပလာဆင်ဝန်နှင့် အမှုထမ်းတို့က ဖမ်းခြင်း, နောက် ဖက်နှင့် ဘေးလက်ဝဲဖက်,လက်ယာဖက်များမှ ဝါးများကို မြည် အောင် မီးရှို့ဖောက်ခွဲ၍ အုပ်လိုက် ကျုံးသွင်းကာ ဖမ်းခြင်းနည်းများဖြင့် သာမန် ရိုးရိုးဆင်များကို ဖမ်းဆီးရန်ပင် မလွယ်ကူလှချေ၊ အန္တရာယ်အလွန်များ၏၊ ထိုထက်ပင် ဆင်ဖြူကို အမိဖမ်းရန်ကား အတိုင်းထက်အလွန်ခဲယဉ်းသော ကိစ္စပေတည်း။

ဆင်ကို ဖမ်းရာတွင် ဆင်အသေအပျောက် ရာခိုင်နှုန်းကား များလှ၏၊ ဆင်ဖြူကို အရှင်ရအောင် မည်သို့ ဖမ်းမည်နည်း၊ ဆင်ဖြူကို တွေ့ရန်ပင် ခဲယဉ်းလှ၏၊ တွေ့ပြန်ပါလည်း ဖမ်းမိရန် အလွန်ခဲယဉ်း၏၊ ထို့ထက်ပင် ဖမ်းသော အခါ ဆင်ဖြူမသေ အောင် ဖမ်းရခြင်းကား အထူးပင်ခက်ခဲလှချေသည်၊ လေ့ကျင့် ထားသည့် ဆင်ယဉ်မ (ဆင်အောက်မ)နှင့် ဆင်ရိုင်းကို အောက် ငင်ခြင်းက ဝါးများကို မီးရှို့ဖောက်ခွဲပြီး ဆင်အုပ်ကို ချောက်လှန့်

ကျုံးသို့သွင်း၍ ဖမ်းခြင်းလောက် အသေအပျောက်မများချေ၊ အောက်မားဝန် ဆင်အောက်မားဆရာက ဆင်အုပ်ထဲမှ အကြိုက်ဆုံး ဆင်ရိုင်းကို လှေ့ကျင့်ပြီး ဆင်မလက်အောက်ခံ အယဉ် (ဆင်အောက်မ)၏ နားရွက်အနီးကပ်၍ ချော့မော့ကာ ဆင်မနားလည်သောနည်းဖြင့် မှာကြားပြီးမှ ဆင်အုပ်ကြီးထဲက မိမိအကြိုက်ဆုံးသော ဆင်ကို ဆင်အောက်မက အကြိမ်ကြိမ်တောစပ်မှ ကိုယ်ရောင် ပြလိုက်, မူလိုက်နှင့် ရက်ပေါင်းများစွာ မက်မောအောင် ဖြားယောင်းစေ၍ ဆင်အုပ်မှ ခွဲထွက် လာသော အခါ မ-တို့၏ ပရိယာယ်မာယာဖြင့် ဆင်ကျုံးသို့ သွေးဆောင်မျှားခေါ်ပြီး ဖမ်းဆီးခြင်းပေတည်း၊ ဆင်ပေါက်တစီးစ နှစ်စီးစကို ကျော့ဖမ်းခြင်းမျိုး, ဆင်ကို အုပ်လိုက် ကျုံးသွင်း၍ ဖမ်းခြင်းမျိုး မဟုတ်ချေ။

ဆင်ဖြူကိုကား ဆင်အုပ်မှ ခွဲထွက်လာအောင် ဆင်အောက်မနှင့် အောက်ငင်၍ မလွယ်ကူချေ၊ အဘယ့်ကြောင့်ဆိုသော် ဆင်အုပ်ထဲတွင် ဆင်ဖြူတစီးရှိက ထိုဆင်ဖြူသည် ဆင်မင်းဖြစ်၏၊ ၎င်းဆင်မင်းကား ဆင်များက အထပ်ထပ် ဝန်းရံထားလေ့ရှိကြ၏၊ ရန်ဟူသမျှကို တွန်းလှန်လေ့ ရှိကြ၏၊ "ယောက်ျားဖောင်စီး-မိန်းမမီးနေ"ဟူသော စကားကဲ့သို့ပင်

ဆင်နှင့်ပတ်သက်၍ အမှုထမ်းကြရသော ဆင်ဝန်, အောက်မားဝန်, ခနက်ပလာဆင်ဝန်, ကျုံးဝန်, ဆင်မှူး, ကျုံးမှူး, ဆင်ကဲ, ယရည်း, ဦးစီးမှစ၍ ဆင်အမျိုးမျိုးတို့သည် အမြဲလိုပင် သင်းချိုင်းကို မျက်စောင်းထိုးလျက်ရှိကြ၏။

* "သမုဒ်မြစ်ကူး၊ တွင်းတူးတချက်၊ ထန်းတက် ယောကျာ်း၊ ဆင်ရုံသားနှင့်၊ မင်းပါးနေသူ၊ ကိုယ်ဝန်ယူတို့၊ ကိုယ်ဟူ၍မျှ၊ မဆိုရတည်း"

ဟု ရှေးပညာရှိများပင် စပ်ဆိုထားခဲ့ကြ၏။ ဆင်ဖြူသည် မင်းအဖြစ်ထားရှိခြင်းကြောင့် အခြားဆင်များသည် ၎င်းအတွက် မည်သည့်အန္တရာယ်မျှ မရရှိအောင် သတိကြီးစွာ ထားတတ်၏။ ဆင်ဖမ်းသူသည် ဆင်များ၏ လေအောက်က နေရ၏၊ လေလမ်းမမှန်၍ လေအောက်ဒေသသည် လေညာဖြစ်သွားပါက ဖမ်းသူများမှာ ဒုက္ခနှင့်ရင်ဆိုင်တတ်ကြရလေသည်။

ဆင်၏တန်ဖိုးကား ကြီးလှ၏၊ ဆင်ဖြူ၏ တန်ဖိုးကား အဖိုးမဖြတ်နိုင်ပေ၊ ရှေးအခါက ဆင်သည် စစ်တိုက်ရာတွင် အလွန်အရေးပါလှ၏၊ ထူးဆင်း, စီးစုဆင်, ရွှေဆင်, ဝင်းဆင်, ထမ်းဆင်, ဝန်ရည်ဆင် -စသည်ဖြင့် အမျိုးမျိုးရှိလေသည်။ ယင်းတို့သည် စစ်ရေးစစ်ရာတွင် ယခုအခါ အသုံးပြုသော သံချပ်

ကာ ကားနှင့်တူ၏။ စစ်သုံးပစ္စည်းအမျိုးမျိုးမှစ၍ စားနပ်ရိက္ခာနှင့် စစ်သားများ ပို့ဆောင်ရေးတွင်လည်း ဂျစ်ကား, ထရပ်ကားကြီး ကဲ့သို့ အသုံးဝင်လှကုန်၏။ တောင်ကိုလည်း တက်နိုင်၏၊ ချောက် ထဲသို့လည်း ဆင်းနိုင်၏။ ရေ၌လည်း ကူးသွားနိုင်၏။ မြင်းများက မြေပြန့်တွင် လျင်မြန်သလောက် ဆင်ကား မြင်းမသုံးနိုင်သော ဒေသတွင် အလွန်တွင်ကျယ်စွာ အသုံးဝင်၏၊ အရေးပါလှ၏။

## ဆင်ဖြူတော်

ဆင်ဖြူကို ရှေးက ဘုရင်တိုင်း လိုချင်ကြ၏၊ တောင့်တကြ ၏၊ မက်မောကြ၏၊ ဆင်ဖြူစစ်ကို မဆိုထားဘိ၊ နားမှာဖြစ်စေ, မြီးဆံမှာဖြစ်စေ, ကိုယ်၏အစိတ်အပိုင်းတနေရာရာမှာဖြစ်စေ အဖြူရောင်အမွေး အနည်းငယ်ပါသော ထူးဆင် (ထူးသောဆင်) ကိုပင် ဆင်ဖြူမျိုးနွယ်အဖြစ် တန်ဖိုးကြီးစွာထားပြီး မော်ကွန်းများ ထိုး၍ အထူးတလည် တခမ်းတနား ထားလေ့ရှိကြ၏။ လောက၌ ဘုန်းကံရှိသော မင်း, အစိုးရတို့သာလျှင် ဆင်ဖြူကိုရနိုင်သည်ဟု ယုံကြည်ကြ၏။ အကြောင်းကား ရဖို့ရန်မလွယ်ကူ။ အလွန်ခက် သောကြောင့် ဖြစ်ပေသည်။

မိုးနည်းပါးသော အရပ်ဒေသ မြန်မာနိုင်ငံအထက်ပိုင်းတွင်မူ ဆင်ဖြူသည် တောင်သူလယ်သမားတို့အတွက် (မင်းကျင့်တရား ၁၀-ပါးနှင့်ပြည့်ဝသော မင်းကဲ့သို့ပင်) အထူးအားထားဖွယ်ကြီး ဖြစ်လေတော့သည်။ ဆင်ဖြူကြောင့် မိုးကောင်း၏၊ မိုးမှန်၏၊ သီးနှံများဖွံ့ဖြိုး၏၊ နိုင်ငံငြိမ်ဝပ်ပိပြား၍ သာယာ၏။ သို့ဖြစ်၍ အဘယ်ဘုရင်မျှ ဆင်ဖြူကိုမလိုချင်ဟု မရှိခဲ့ချေ။ ဘုရင်လုပ်သူသည် မိဖုရားချောချောလှလှကို လိုချင်က လိုချင်သလောက်ရဖို့ကား လွယ်ကူ၏။ ဆင်ဖြူတော် တစီးရဖို့ကား ခဲယဉ်းလှ၏။ ထို့ကြောင့် ဆင်ဖြူကို ရတနာတပါးဟု သတ်မှတ်ပြီး တရိုတသေထားလေ့ရှိ၏။ ဆင်ဖြူကို "တကောင်" ဟုမဆိုဘဲ ဆင်ဖြူတော်တစီးဟု "တော်" တပ်၍ ခေါ်ဝေါ်ရေးသားပြောဆိုခဲ့ကြ၏။ ဆင်ဖြူတော်တစီး ရရှိသောမင်းကား အလွန်ကျက်သရေဂုဏ်ရှိလှ၏၊ မျက်နှာကြီး၏၊ အတိတ်နိမိတ်ကောင်း၏။ ဆင်ဖြူရှား၍ ရဖို့ရန်အလွန်ခက်ခဲသောကြောင့် ဆင်ဖြူတော်ရသော ဘုရင်အား နတ်များ, သိကြားများကပင် ဆက်သရသည်ဟု ယူဆ၍ ဘုန်းတန်ခိုးကြီးလှ၏။ နိုင်ငံ၏ အုပ်ချုပ်ရေးတွင် ဆင်ဖြူတော် ရှိသော ဘုရင်မှာ ဘုန်းတန်ခိုးကြီးသည်ဟု တိုင်းသူပြည်သားတို့က ယုံကြည်ကြသဖြင့် တဝက်မက ကိစ္စပြီးစီးနိုင်လေသည်။

## ဆင်ဖြူတော်နှင့်မြန်မာ့ယဉ်ကျေးမှု

ဆင်ဖြူတော်သည် ဗုဒ္ဓဘာသာမြန်မာယဉ်ကျေးမှုနှင့် အစဉ်မပြတ် ဆက်စပ်လျက်ရှိ၏၊ ဆင်ဖြူတော်နှင့် ဆင်တော်များကို ဖွဲ့ဆိုသည့်ကဗျာ, လင်္ကာ, သီချင်း အများပင် ပေါ်ထွက်လာခဲ့လေသည်၊ တွေ့သမျှတင်ပြရသော်-

၁။ ရှင်ထွေးညိုဆို ရွှေစာတိုင်ဆင်တော်မော်ကွန်း၊
၂။ တွင်းသင်းမင်းကြီးဆို ပုဏ္ဍရိကဆင်တော်မော်ကွန်း၊
၃။ ငှင်းမင်းကြီးဆို ဝရသေတဂိရိဆင်တော်မော်ကွန်း၊
၄။ ရှင်သံခိုဆို ရတနာပြောင်မွန်ဆင်တော်မော်ကွန်း၊
၅။ ဝန်ထောက်ဦးညိုဆို ရွှေမင်းဘုန်းဆင်တော်မော်ကွန်း၊
၆။ ဝက်မစွတ်နဝဒေးဆိုဝိလာသိနီမော်ကွန်း
(နိဗ္ဗာနပစ္စယနာဂရာဇာ ဆင်တော်မော်ကွန်း)
၇။ ရမ္မသီရိကျော်ထင်ဆို ဆဒ္ဒန်ပြောင်ကျော်ဆင်တော် မော်ကွန်း

## ဘွဲ့များ

ဘွဲ့များမှာ အင်းဝမင်းခေါင်ကြီး၏ ဆင်တော်ဟိုင်းနီလာဘွဲ့၊ နဝဒေးကြီးဆို ပြည်ရွှေဆင်းတုဘွဲ့၊ ဇေယျရန္တမိတ်ဆို ဆင်တော်ဘုန်းထွန်းပဘွဲ့၊ ရှင်ဓမ္မဇဆို ဆင်တော်စောရန်ဖြတ်ဘွဲ့၊ ဆင်တော်ဘုန်းတောက်ပဘွဲ့နှင့် အခြားကြိုးသီချင်းစသည်များလည်း ရှိ၏။

ဥပမာ- မြဝတီမင်းကြီးရေးသော ပတ်ပျိုးမှ သဖြန်တွင် "မတ်ပေါင်းငယ်ကာ၊ နရိန္ဒာခေါင်ဆင့်တဲ့၊ ရာမင့်မင့်ဘုန်း။ ။ တန်ခိုးတော်လျှံ၊ ပြောင်ဆဒ္ဒန်ပိုင်စိုးတဲ့၊ မြတ်မျိုးဇကေရာမို့၊ ကဲသာလို့နှုန်း" ဟု ဖွဲ့ဆိုထား၏။

"ရိန္ဒမာလုံ၊ သိန္ဓဝါပုံ၊ နတ်နှင်းဆက်သန်၊ စက်ထံတော်စုံရင်း၊ လှုံဝပ်စင်း၊ ဆင်မင်းပြောင် ဆဒ္ဒန်၊ ထင်လင်းနောင်မှတ်ရန်" စသည်ဖြင့် မင်းကြီဦးစပင် ဘိုးတော်ဘုရား၏ ဘုန်းတော်ဘွဲ့ပတ်ပျိုးတွင် ဖွဲ့ဆိုထား၏၊ ပြင်စည်မင်းသားကမူ ဘုန်းတော်ဘွဲ့ပတ်ပျိုးလတ်သဖြန်တွင် "ချီးအံ့မပိုင်၊ ပုလဲဆိုင်ဘူဇင်္ဂါသို့၊ ပစ္စယာက္ကန္ဒာဖန်သည့်၊ ပြောင်ဆဒ္ဒန်မျိုး" စသည်ဖြင့်လည်းကောင်း၊ ပုခန်းမင်းသားဖွဲ့ဆိုသော "ဘုန်းအကြီးဆုံး" အစချီဘုန်း

တော်ဘွဲ့ သီချင်းခံလတ်တွင် "မင်းတရားကြီး၊ စိုးအာဟိန်ထီး၊ ကြေညာကျော်ချီး၊ သဲခြိမ့်ခြိမ့်ကောင်းကြန်၊ ဆဒ္ဒန်တည့်မျိုးဆင်ဖြူ မိုးသိကြားမင်း၊ မြတ်ရွှေထံရင်း၊ ကြည်ဖြူဆောင်နှင်း၊ နှုန်းကင်း အံ့ရာ" စသည်ဖြင့်လည်းကောင်း ဆင်တော်များကို ထည့်သွင်းဖွဲ့ ဆိုသော ကြိုးဘွဲ့၊ ပတ်ပျိုး၊ သီချင်းခံ၊ သဖြန်မှစ၍ အများပင်ရှိ၏။

## ကုန်းဘောင်ဆက် ဘိုးတော်ဘုရားနှင့် ဆင်ဖြူတော်

မြန်မာနိုင်ငံတော်ကား မြစ်ကမ်း မတောတောင်တို့ဖြင့် အလွန်ကြည်နူးဖွယ်ကောင်းသော နိုင်ငံတော်ဖြစ်၏၊ ဟိမဝန္တာ တောင်ဘက်သို့ ဆင်းလာသော ဆင်များသည် အုပ်လိုက်ချီ၍ ရှမ်းရိုးမ, ရခိုင်ရိုးမ, ပဲခူးရိုးမများတွင် ကျက်စားလေ့ရှိကြသည်။ အချို့ဆင်အုပ်တွင် ဆင်အရေအတွက်များစွာ ရာထောင်ချီ၍ ရှိတတ်လေသည်၊ ထိုဆင်အုပ်များမှ ဆင်တသင်းသည် ပဲခူးမြတ်ဖျား ဇောင်းတူထန်းတောကြီးဒေသတွင် ကျက်စားလျက်ရှိလေသည်။

ထိုအခါကား ရာဇဝင်တွင် ထင်ရှားလှသော အမရပူရမြို့ တည် နန်းတည် ဘိုးတော်ဘုရားလက်ထက်ပေတည်း၊ အဆိုပါ ဆင်အုပ်သည် အရေအတွက်အားဖြင့် များပြားလှ၍ တထောင်

ထက်မနည်းရှိသည်ဟု မှန်းဆရ၏၊ ထိုဆင်အုပ်သည် ယခင့်ယခင်က ဆင်အုပ်များထက်ပင် ခက်ထန်ကြမ်းတမ်းသဖြင့် ထိုအရပ်တွင် တောင်ယာလုပ်ကိုင် နေထိုင်ကြသူများပင် မနေဝံ့ကြ၍ ဟံသာဝတီ ပဲခူးမြို့အနီးသို့ပင် ရွှေ့ပြောင်းနေကြရတော့သည်။

ထိုအကြောင်းကို ဆိုင်ရာမြို့ဝန်မင်း သိသဖြင့် ဆင်ဆရာများကို စေလွှတ်၍ စုံစမ်းကင်းထောက်စေရာ ထိုဆင်အုပ်ကြီးမှာ မရှိတော့ပြီဖြစ်ကြောင်းနှင့် ငုပ်သွားသော ဒေသကိုပင် ခြေရာခံ၍ မရတော့ကြောင်း သိရလေ၏၊ ပဲခူးမြို့ တောင်ဘက် ပဲခူးမြစ်အနီး ကဝနှင့်မဝေးသော ပဲခူးရိုးမ၏ တောင်ဘက် အစွန်ဆုံး ကုန်းမြေမြင့်ပေါ်တွင် တည်ထားသည့် ကျိုက်မတ်ကော်စေတီ (ဖလေးဘုရား) သို့ အရှယ်ကောင်းမင်းမှုထမ်း ၄-ယောက်သည် ပဲခူးမှ ရန်ကုန်သို့ တောလမ်းခရီးဖြင့် အသွားတွင် ဝင်ရောက်ဖူးမြော်ကြ၍ ခေတ္တနားနေခိုက်တွင် ပဲခူးမြစ်နှင့် ထိုစေတီတော်စပ်ကြားရှိ ပုဆိုးတပတ်မကက လုံးပတ်ရှိသော ကျွန်းပင်, ပျဉ်းမပင်, အင်ပင်မှစ၍ ဝါးရုံတို့ဖြင့် ပြည့်နှက်လျက်ရှိသော တောကြီးသည် ကြက်သီးဖြန်းဖြန်းထလောက်အောင် ပဲ့တင်ရိုက်ချုန်းလျက် ချိုးသံ, ဖဲ့သံ, နင်းသံ, ရိုက်သံများမှာ နားပွင့်မတတ်ရှိတော့၏။

လူငယ်များလည်း ကြောက်လန့်ကာ တောင်မြောက် လေးပါးကြည့်ရာ ကြက်သီးမွေးညင်းထလောက်သော ဆင်အုပ် ကြီးကို မြင်ရ၍ ဘေးကင်းရာ ဘုရားပစ္စယံပေါ်သို့ အမြင့်ဆုံး တက်နိုင်သလောက် တက်ကြ၍ ကြည့်ရှုသောအခါ ဆင်အုပ်ကြီး မှာ တထောင်ထက်မနည်းရှိပြီး ဘော်ငွေရောင်ကဲ့သို့ ဆွတ်ဆွတ်ဖြူ အကောင်ငယ်ကလေးတကောင်အား ဆင်ကြီးများက ဝိုင်းအုံခြံရံ ထားသည်ကို တွေ့ရလေ၏၊ တယောက်က "ဟေ့ - ဆင်အုပ် အလယ်မှာ ကြည့်စမ်းကွာ ကျွဲဖြူကို ဆင်တွေက ဝိုင်းပြီး သတ် တော့မယ်ထင်တယ်"၊ နောက်တယောက်က "မဟုတ်ပါဘူးကွာ- အဲဒီအနီးအနားမှာ တောင်သူကြီး စောဘိုးထီးရဲ့ ထုံးသက်န်းကပ် ထားတဲ့ စေတီငယ်ကလေးတဆူရှိတယ်ကွ၊ အဲဒီစေတီကို ဆင်အုပ် က ရှိခိုးတယ် ထင်တယ်" ဟု ပြော၏၊ ဤသို့ အမျိုးမျိုး ပြောဆိုနေကြရာ နောက်ဆုံးတွင် "ဟာ- မဟုတ်ဘူးဟေ့- မဟုတ်ဘူး၊ ဆင်ဖြူတော်ပေါက်စကလေးကွ" ဟု ကြောက်ရွံ့ခြင်းမှ အံ့ဩခြင်းစိတ်သို့ ကူးပြောင်းကာ လက်အုပ်ချီသူက ချီ, ခါးတောင်း မြောင်အောင် ကျိုက်သူကကျိုက် အယောင်ယောင် အမှားမှား ဖြစ်နေကြလေတော့၏၊ သေချာစွာထပ်၍ ကြည့်ကြပြန်ရာ ငွေရောင်အဆင်းရှိသော ဆင်ဖြူတော်ကလေးစစ်စစ် ဧကန်ဖြစ်၍ အချို့ဆင်မများက မြစ်ထဲကရေကို နှာမောင်းဖြင့်သယ်ယူ၍

ဆင်ဖြူတော်ကလေးအား ရေချိုးပေးခြင်း၊ အချို့က နှာမောင်းဖြင့် ပွတ်သပ်ပေးနေခြင်းတို့ကို တွေ့မြင်ရသည်မှာ မယုံကြည်နိုင်လောက်အောင်ပင် အံ့မခန်းဖြစ်တော့သည်။

ထိုအခါ ခေါင်းဆောင်ဖြစ်သူ မင်းလုလင်ပေန်းဦးက "ကဲ - ဒီလိုရပ်ကြည့်နေလို့ မဖြစ်ဘူး၊ ဒဂုန်သို့ ယခုမသွားသေးဘဲ ငတော်နှင့်ငမောင်က ဟံသာဝတီ ၃၂-ခရိုင်ချုပ် သေနာပတိအမတ်ကြီးနှင့် ဟံသာဝတီမြို့ဝန်၊ ရေဝန်တို့ထံ အမြန်ဆုံး ယခုတွေ့မြင်ရသည်ကို အသေအချာ လျှောက်ထားချေ၊ ငါနှင့် ငကနီတို့က မျက်ခြေမပြတ်အောင် နေ့ညဉ့်အလှည့်ကျ စောင့်၍ နောက်ယောင်ခံကြည့်မည်၊ ယခုချက်ချင်းပင် အုံးနွဲ့ဘက်က ပတ်၍ အမြန်သွားကြပေတော့၊ ယခုဆင်ဖြူတော်ကလေးရှိနေသောဒေသအမှန်မှာ ဟံသာဝတီမြို့တော် တောင်ဘက် ၃-ဂါဝုတ်ခွဲကွာဝေးသော နိဗ္ဗာန်ရွာရှေ့ သံတံခါးတော ကွင်းသာယာအရပ်ဟုသေချာစွာ လျှောက်ပေတော့ဟု မှာကြားပြီး တာဝန်ခွဲကာ လူစုခွဲလေ၏။ ငပေန်းဦး၊ ငကနီတို့လည်း မျက်ခြေမပျက် အလှည့်ကျစောင့်နေစဉ် ပင်လယ်စောင့်နတ်၊ ရေစောင့်နတ်၊ တောင်စောင့်နတ်၊ တောစောင့်နတ်များကို ပသ၍ ထိုဆင်ဖြူတော်ကလေးပျောက် ကွယ်မသွားအောင် ထိန်းသိမ်းစောင့်ရှောက်ထားရန်

တိုင်တည်ကာ မေတ္တာသုတ်ကို ရွတ်ဖတ်၍ နေကြ၏၊ ခုနှစ် သက္ကရာဇ်ကား ၁၁၆၈-ခု၊ နယုန်လ ဖြစ်ပေသည်။

## သေနာပတိအမတ်ကြီးနှင့် မြို့ဝန်တို့ထံသို့

ခြေမြန် ငတော်နှင့် ငမောင်တို့၏ လျှောက်တင်ချက် သည် သေနာပတိအမတ်ကြီးနှင့် မြို့ဝန်, ရေဝန်တို့ထံသို့ ရောက် လေပြီ၊ ဤသတင်းသည် ဖုံးဖိ၍ ရနိုင်မည့် သတင်းမျိုးမဟုတ်ချေ၊ သတင်းမှန် မမှန်သည် ငပန်းဦးနှင့်တကွ အပေါင်းပါ ၃-ယောက် တို့၏ ကံကြမ္မာကို ဖန်တီးပေးမည့် သတင်းပေတည်း၊ ဤသတင်း မှန်က အရှင်ဖမ်း၍ ဘိုးတော်ဘုရားအား ဆက်သနိုင်ရပေမည်။

ထိုဆင်ဖြူသတင်းကား အမှန်ဖြစ်၏၊ သို့သော် ဆင်ဖြူ တော်ကို အရှင်မရက သေနာပတိအမတ်ကြီးနှင့်တကွ မြို့ဝန်, ရေဝန်တို့ကား အကြီးအကျယ် ဒုက္ခရောက်ရှာကြတော့မည်၊ အရှင်ဖမ်း၍ ဘိုးတော်ဘုရားအား ဆက်သနိုင်ကလည်း ရာထူးနှင့် တကွ ဆုတော်လာဘ်တော်, ဂုဏ်ထူး, ဘွဲ့ထူးများပင် ထပ်ဆင့် ချီးမြှင့်ခြင်း ခံရမည်ကား မလွဲဧကန်ဖြစ်တော့သည်။

## ဆင်ဖြူအရှင်ရအောင် မည်သို့ဖမ်းမည်နည်း

ဆင်ဖြူကလေးကို ဆင်တထောင် ခြံရံလျက်ရှိ၏၊ ဖမ်းရမည့် တာဝန်မှာ မြို့ဝန်၏ တာဝန်ဖြစ်၏၊ ရေဝန်၏ တာဝန်မှာ ရေကြောင်းဘက်မှ ကူညီရမည်ဖြစ်၏၊ သေနာပတိအမတ်ကြီးနှင့်တကွ မြို့ဝန်, ဆင်ဝန်, အောက်မားဝန်, ခနက်ပလာဆင်ဝန်မှ အစ ပညာရှိများ, ဆင်ဆရာ, ဆင်ကဲ, ဆင်ထိန်း, ယရည်း, ဆင်ဦးစီးတို့ပါမကျန် ဆင်ဖြူတော်ကို မည်ကဲ့သို့ ဝိုင်းဝန်းဖမ်းရန် ဆွေးနွေး၍ စစ်ဆင်နည်းကဲ့သို့ အစီအစဉ်ရေးဆွဲကြ၏၊ အထက်၌ ဖေါ်ပြခဲ့သော နည်းလေးမျိုးဖြင့် မဟုတ်ဘဲ တထောင်ကျော်ရှိ ဆင်အုပ်ကို တစတစ ခွဲသောနည်းဖြင့် နောက်ဆုံး ဆင်ဖြူတော်ကလေးတစီးသာ ကျန်သည်အထိ ထိုခွဲနည်းကို အဆင့်ဆင့် အသုံးပြု၍ ဖမ်းရန်ဆုံးဖြတ် အတည်ပြုကြလေသည်။

ဤနည်းကား ကောင်းလှသည်၊ သို့သော် မည်ကဲ့သို့ ချီတက်၍ ဝိုင်းဝန်းမည်နည်း၊ ဆင်တစ်ထောင်ကျော် ပါသော ဆင်အုပ်ကို ဝိုင်းဝန်းရန်ကား ခဲယဉ်းလှ၏၊ ဟံသာဝတီမြို့တော်နှင့် အနီးတဝိုက်မှ ထမင်းအိုးတလုံးချက်ချိန်အတွင်း စုရုံးနိုင်မည့် အင်အားစုမှာ ဆင်အစီး( စီးဆင်) ၃ဝနှင့် ရဲမက် ၃ဝဝဝ-သာရှိနိုင်

ပေမည်၊ မုတ္တတ၊ တောင်ငူ၊ ရန်ကုန်၊ ပြည်မှဆင်များကို ခေါ်ယူရန်ကား အချိန်မရချေ၊ တောင်ဘက်သို့ ပဲခူးမြစ်ကြောင်းတဘက်မှ တကြောင်း၊ အရှေ့ဘက် အုံးနှဲမှ တကြောင်း၊ တောင် ကဝဘက်မှ တစ်ကြောင်း စီးဆင် ဆယ်စီးနှင့် ရဲမက် ၁၀၀၀-စီ ခွဲ၍ ဝိုင်းမှ ဖြစ်ပေမည်။ ဆင်းဦးစီးသည် ဆင်ဖြူတော်ရှိရာသို့ အလံဖြူဖြင့် ညွှန်၍ စစ်ကြောင်း အချင်းချင်း အချက်ပြရပေမည်၊ စစ်ကြောင်းသုံးကြောင်းလုံးပင် ဆင်ဖြူတော်ရှိရာမှ အခြားဆင်ရိုင်းများကို မောင်းထုတ်ပြီးနောက် မျက်ခြေမပြတ်ဦးတည်၍ ဝိုင်းကြရမည်၊ ရှေးဦးစွာ ဆင်ဖြူတော်ရှိသော ဆင်အုပ်မှ ဆင်ထီးများကို ခွဲထုတ်ရမည်၊ နောက် ဆင်မများကို ခွဲထုတ်ပစ်ရမည်၊ နောက်ဆုံး အထိန်းဆင်မများကို ခွဲထုတ်ပြီး ဆင်ဖြူတော်တစ်စီးတည်းသာ ကျန်သည်ထိ ဝိုင်းကြရမည်၊ စစ်ကြောင်းတစ်ကြောင်းမှလူ ၁၀၀၀-စီက ဆင်ရိုင်းအုပ်ကို ခွဲပြီးသောအခါ ၎င်းတို့သည် ဆင်ဖြူတော်ရှိရာသို့ ပြန်၍ မချဉ်းကပ်မိ မစည်းလုံးမိလေအောင် နည်းအမျိုးမျိုးဖြင့် ချောက်လှန့်ကြရမည်၊ ဆင်ဖြူတော်ကလေးကို ရရှိသောအခါ တိုက်ကျွေးရန် သန့်စင်သော မိန်းမငယ်ထိန်း နေ့ ၈-ယောက်၊ ည ၈-ယောက် ကိုလည်းရွေးချယ်၍ အသင့်ရှိစေရမည်၊ ကတ္တီပါ ရွှေနားသပ်သော ခိုင်ခံ့သည့်ကြိုးများ၊ ရွှေထီးများစသည့် လိုအပ်သော အစီအစဉ် အားလုံးလည်း အသင့်ရှိစေရမည်၊ ပြဿနာ

ကား ဆင်ဖြူတော်အရှင်ရရန် တခုတည်းပင်ဖြစ်သော်လည်း ၄င်းပြဿနာနှင့် ဆက်စပ်သော ကိစ္စများကား ၁၆၀၀၀-ရှိ၏၊ ထို ၁၆၀၀၀-သော ကိစ္စကို ထမင်းအိုးတလုံးချက်ခန့် ကာလအတွင်း အပြီးအစီးစီစဉ်ကြရ၏၊ ချောင်းဆိုးရောဂါရှိသော ရဲမက်များကို ဖယ်ထားပြီးလျှင်လက်ရွေးစင်ရဲမက်၃၀၀၀-ကျော် ရပေပြီ။

> "မယားငယ်အိမ်ရှင်၊ ဆံပင်ဖားလျား၊ မချအပ်စွာ၊ မင်္ဂလာဆောင်ရာ၊ လက်ထပ်များကို တဲ့လေး၊ ပုံးရည် တောင်းစား၊ သွားလာအိမ်ယာ၊ လော်လည်တခန်း၊ ကူးသန်း မကျင့်ရာ"

စသည့် တျာဘွဲ့တွင် ပါသည့် ဆင်အောင်းသူတို့ ရှောင်ကြည့် ရမည့်ကိစ္စများကို သက်ဆိုင်ရာတို့က လိုက်နာကျင့်သုံး ကြရန်ကို မြို့ဝန်က ကြပ်တည်းစွာ အမိန့်ထုတ်ဆင့်သည် သာမက ဆင်ဖြူ တော်ဖမ်းရန် ချီတက်ရာတွင် ဆေးလိပ်ကိုပင် မည်သူမျှ မသောက် ကြရဟု ကြပ်တည်းစွာ အမိန့်ထုတ်ဆင့်သည်။

စီးဆင် ၃၀-နှင့် ရဲမက် ၃၀၀၀-ပါသော ဆင်ဖမ်း တပ်ဖွဲ့ကြီးသည် ၃-ကြောင်းခွဲ၍ ချီတက်ရာတွင် လေသံမျှမကြားရ အောင် ငြိမ်သက်စွာ ချီတက်ကြရသည်၊ ဆင်ဖမ်းခြင်းနှင့်

သက်ဆိုင်သည့် ကိရိယာတန်ဆာပလာ ဟူသမျှလည်း လိုလေသေးသည်မရှိအောင် စုံလင်စွာပါရ၏။ ဆင်အောက်မားဆရာများ၊ ခနက်ပလာမှုထမ်းများ၊ ဆင်သမားတော်များ၊ နတ်ပသသော နတ်ဆရာများ၊ သပြေပန်းနှင့် ပရိတ်ရေအိုးများပါမကျန် ညနေဆည်းဆာအချိန်တွင် စတင်၍သာယာဖြည်းညင်းစွာ တရွေ့ရွေ့ အစီအစဉ်အတိုင်း ချီတက်ကြလေသည်။

ဆင်ဖမ်းရာတွင် ဥတိန်မင်းနတ်ကို ပသခြင်းကား အရေးကြီးလှ၏၊ ဆင်သမားများကလည်း၊ မန္တန်ဂါထာများကို စိတ်ထဲတွင် ရွတ်ဖတ်၍ သွားကြရ၏၊ တပ်မတော်ကြီး၏ တပ်ဦးများနှင့် ငပန်းဦး ငမောင်တို့ကလည်း တဖက်နှင့် တဖက် ဆက်မိကြလေပြီ၊ နေဝင်စက ဆင်ဖြူတော်ကလေးလည်း ဆင်အုပ်ကြီးအတွင်းမှာပင် ရှိကြောင်းနှင့် မူလပဌမတွေ့မြင်ရသော နေရာ၌ပင်ရှိကြောင်း သိရှိရလေပြီ၊ မြို့ဝန်, ရေဝန်တို့ ဦးစီးသော တပ်များသည် ၄င်းနေရာနှင့် မနီးမဝေးသို့ ရောက်ရှိပြီး တောင်ဘက်က ပန်း၍ပိတ်ဆို့သော စစ်ကြောင်းလည်း သန်ကောင်ကျော်တွင် သတ်မှတ်သော နေရာသို့ ရောက်ရှိပြီး စီစဉ်သည့်အတိုင်း ဆင်အုပ်ကြီးကို ထွက်ပေါက်မရှိအောင် ဝိုင်းဝန်းပိတ်ဆို့ မိကြလေပြီ၊ အရုဏ်ကျင်း၍ အလင်းလာသည်နှင့် တပြိုင်နက်

ထိုအုပ်ကြီးကို စနစ်တကျ ခွဲရပေတော့မည်၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ရေစောင့်နတ်၊ ဥတိန်နတ်၊ ဟုံးနတ်တို့ကို ပူဇော်ပသတိုင်တည်ကာ မိုးလင်းအောင်စောင့်မျှော်လျက် ရှိကြလေသည်၊ သံဃာတော်အချို့လည်း နောက်ပိုင်းမှ မေတ္တာသုတ်ကို ရွတ်ဖတ်၍ ကြွကြရ၏။

## ဆင်ဖမ်းပွဲကြီးစပြီ

နံနက်လင်း၍ နေမင်းပြူသည်နှင့် တပြိုင်နက် စီးဆင် ၁၀၊ ရဲမက် ၁၀၀၀-စီပါသော စစ်ကြောင်း ၃-ကြောင်းသည် ဆင်အုပ်ကြီးကို တပြိုင်နက်ထိုးဖေါက်ကာ အစောင့်ဆင်ထီးများကို ရှေးဦးစွာ ဖယ်ရှားလေသည်၊ ဆင်ထီးများ တဖြည်းဖြည်း ဖယ်ရှားကုန်သောအခါ အတွင်းပိုင်းတွင် ဆင်ဖြူတော်ကလေးကို ခြံရံထားသော ဆင်မများကို ထိုးဖောက်ခွဲရပြန်သည်၊ ထို့နောက် အထိန်းဖြစ်သော ဆင်မများကို ဆင်ဖြူတော်နှင့်ကွဲအောင် ခွဲပစ်ရပြန်သည်၊ စီးဆင်များနှင့် ဆင်ထိန်း ဆင်ဦးစီးတို့၏ အသံ, စည်သံ မောင်းသံ, တူမီးသေနတ်သံ, ဝါးများမီးရှို့၍ ပေါက်ကွဲသော အသံ, ရဲမက်တို့၏ အသံ, ဆင်ရိုင်းများ၏ အော်ဟစ်သံ, သစ်ပင်

ဝါးပင်တို့ကို နင်းချိုးသော အသံမှစ၍ အသံအမျိုးမျိုးတို့ကား မိုးပြိုသကဲ့သို့ တမိုးလုံးဟိန်း၍မြေကြီးပင်တုန် သလောဟု မှတ်ထင်ရလေသည်။

## ဆင်ဖြူတော်ကိုဝိုင်းခြင်း

ဆင်ဖြူတော်ကလေး ဝင်သွားသော ချုံကို စီးဆင် ၁၀၊ ရဲမက် ၃၀၀၀-နှင့် မလှမ်းမကမ်းက ဝိုင်းထားမိပြီး ဆင်ဖြူတော်ကလေးလည်း နွယ်ချိုတောသို့ဝင်၍ နွယ်ချိုပင်များကို စုပ်လျက်နေ၏ လူစွမ်းကောင်းလေးယောက်ဖြစ်သော-

၁။ ငပန်းဦး

၂။ ငကနီ

၃။ ငတော်

၄။ ငမောင်

တို့က ရှေးဦးဆုံး နွယ်ချိုတောထဲဝင်ကာ ဆင်ဖြူတော်ကလေးထံ ချဉ်းကပ်ပြီး မိမိတို့ဝတ်ထားသော ပုဆိုးလက်မောင်း( ပုဆိုးအရှည်စ) များဖြင့် ပတ်ရစ်ရာ အနည်းငယ်မျှ ရုန်းကန်ခြင်းမပြု၊ ကြောက်လန့် တုန်လှုပ်ခြင်းလည်းမရှိ ပကတိတည်ကြည်သော ဣန္ဒြေဖြင့် လိုက်ပါလာ၏၊ တူရိယာ ငါးပါးလည်း တပြိုင်နက် တီးမှုတ်ကြပြီး ရွှေကြိုး၊ ကတ္တီပါကြိုးများဖြင့် တဲခြင်းကိုလည်း အရေးမစိုက်ချေ။

## ဆင်

"ဖုတ်စာနတ်ရှူး၊ စုန်းဘီလူးကို၊ တောဦးရွေးရှု၊
ပေးမှတ်မှုဖြင့်၊ ဆိတ်ဖြူကြက်ဝက်၊ သေရက်ဝလင်၊
စားသောက်တင်ခြင်း" ပသပူဇော်ခြင်းကိုပြုပြီး-

နိဗ္ဗာန်အရပ်တွင် တန်ဆောင်းကြီးဆောက်လုပ်ကာ ဆဒ္ဒန်ဆင်ဖြူတော်အား အမြတ်တနိုး တရိုတသေထားလျက် ၁၁၆၈- ခု၊ နယုန်လတွင် ဆင်ဖြူများသခင် အသျှင်ဘဝရှင်မင်းတရားကြီး "ဘိုးတော်ဘုရား" ခြေတော်ဦးတိုက် မြင်းသည်တော် အမြန်တို့ကို မြို့ဝန်, ရေဝန်တို့က စေလွှတ်၍ လျှောက်ထားစေသည်။

## ဆင်ဖြူတော်ကို ဆောင်ယူခြင်း

ဘိုးတော်မင်းတရားကြီးနှင့်တကွ နေပြည်တော် တဝန်းလုံးလည်း ဆင်ဖြူတော် သတင်းကောင်းကို ကြားရသောအခါ အတိုင်းထက်အလွန် ဝမ်းမြောက်မဆုံး ဖြစ်ရလေတော့၏၊ ဆဒ္ဒန်ရတနာဆင်ဖြူတော်ကို ရွှေဖောင်နှင့်တင်၍ ရွှေလောင်း, ဆွဲလှေ, ငင်လှေ, ခန့်ထားစီရင်ပြီးလျှင် ဟံသာဝတီမြို့ဝန်, ရေဝန်တို့ကြီးကြပ်ဆောင်ယူခဲ့စေရန် အမိန့်တော် မှတ်လိုက်သည့်အတိုင်း

ဆင်ဖြူတော်ကို ရွှေဖောင်၌တင်၍ ရွှေလောင်း လက်ပြည့်ငင် စေလျက် ရွှေဖောင်တော်၏ ဝဲယာ အရှေ့နောက်တွင်လည်း ပွဲသဘင်စုံ ခြံရံတီးမှုတ်ကာ ဟံသာဝတီရေဝန် နော်ရထာ ကျော်ခေါင် ကြီးကြပ်၍ သာယာ ငြိမ့်ညောင်းစွာ ဆောင်ယူ ဆန် တက်လေသည်။

ယင်းသို့ယူသည်ကို ဒလ, ခနေဖြူ, ဟင်္သာတ, မြန်အောင်, ပန်းတောင်း, ပြည်မြေထဲ, မြင်ကွန်း, ဝက်မစွတ်၊ ကျောက်ရဲ, ပုခန်းငယ်, စလေမှ လောကနန္ဒာ အရပ်ရောက်သည့် တိုင်အောင် ဧရာဝတီမြစ်၏ ဝဲယာကမ်းတလျှောက်တွင် ပြည်သူ ပြည်သား တို့က ကမ်းလုံးညွတ်မျှ ကောင်းချီးသြဘာပေး၍ ဝမ်းသာအားရ ကြိုဆိုကြလေသည်။

## ဆင်ဖြူတော်ကိုထားပုံ ကြိုဆိုပုံ

ဘိုးတော်ဘုရားလည်း မင်းကွန်းတဖက် အလယ်ကျွန်း စံနန်းတော်ရှေ့တွင် ရွှေဖြင့်ပြီးသော ဘုံငါးဆင့်, ဘုံသုံးဆင့် ပြာသာဒ်အဆောင်များကို ဖလ်မှန်ပတ္တမြားစီခြယ်၍ ရွှေသားမှိ တိုင်, ရွှေသား မှီတုံး, အုံးမွှေ့ရာ စသည်တို့ကို စီရင်ဆောက်လုပ် စေသည်၊ ပုဂံမြို့မှ မင်းကွန်းစံနန်းတော်အရောက် ဧရာဝတီမြစ်

ဝဲယာကမ်း ကုန်းကြောင်းတွင် ငှက်ပျောပင်, ကြံပင်, ရာဇမတ်, တံခွန် စသည်တို့ကို တန်ဆာဆင်စေ၍ ရေကြောင်းတွင်လည်း ရွှေလှေ၊ ရွှေလောင်း ပွဲသဘင် တူရိယာအစုံဖြင့် တမြို့က တမြို့ ကျင်းပ ကြိုဆိုစေသည်၊ စခန်းတိုင်းတွင်လည်း ရွှေပြာသာဒ် ဆောက်လုပ်စေသည်၊ စစ်ကိုင်းမြို့ မြစ်ကမ်းနဖူးနှင့် အမရပူရမြို့ တော် မြစ်ကမ်းထိပ်များတွင်လည်း မှန်စီရွှေချ တန်ဆောင်း ပြာသာဒ်များ ဆောက်လုပ်စေသည်။

ထို့နောက် မင်းတရားကြီးလည်း ပြည်ကြီးမွန်ဖောင် တော်ကို စီးလျက် မိဖုရားခေါင်ကြီးမှ အစ သားတော်, သမီးတော်, မြေးတော်, မှူးတော်, မတ်တော်, ဆွေတော်မျိုးတော်ပါ ခေါ်ဆောင် ကာ ကြီးကျယ်ခမ်းနားသော မင်းပွဲသဘင်ကြီးကို ကျင်းပလျက် ကြည်းကြောင်း, ရေကြောင်း စစ်အင်္ဂါ လေးပါးနှင့် ပုဂံမြို့ လောက နန္ဒာအရပ်အထိ ကြွရောက် ကြိုဆိုတော်မူသည်။ ထို့နောက် ပြည်သူ ပြည်သားများ၏ အဖူးအမြော်ကို ခံယူပြီး စစ်ကိုင်းမြို့တွင် ၃-ရက်၊ အမရပူရမြို့တော်တွင် ၅-ရက် နေပြီးမှ မင်းကွန်း အလယ်ကျွန်း ဆင်နန်းတော်သို့ ဆင်မင်းကို ဆောင်ယူတော်မူ သည်။


# ဆင်ဖြူတော်သိမ်းယူပွဲ

ဆင်ဖြူတော် သိမ်းတော်မူရသည့် အခမ်းအနားများ ဆရာတော်သံဃာတော်, ပုဏ္ဏားပညာရှိ, လူပညာရှိတို့က ပိဋကတ်ကျမ်းဂန်, လောကီစာဟောင်း စာတမ်းများကို လေ့လာ ညှိနှိုင်း၍ ထွက်ရှိသည်နှင့်အညီ လျှောက်ထားစေ၏၊ သာသနာပြု ဆရာတော်စသော ဆရာတော် သံဃာတော်, ပုဏ္ဏားပညာရှိတို့ လျှောက်ထားကြသည်ကား-

"ယခု ဘုန်းတော်သမ္ဘာတော်ကြောင့် ရအပ်သော ဆင်ဖြူရတနာသည် ဘုရားအလောင်းတော် ဝေဿန္တရာမင်းကြီး ဖွားတော်မူသော နေ့၌ပင် ဆဒ္ဒန်အမျိုးဖြစ်သော ဆင်ဖြူ ရတနာကို ဆင်တင်းကုပ်၌ အမိဆင်မက ထားသကဲ့သို့ လည်းကောင်း, ဒုဋ္ဌဂါမဏိ မင်းကြီးလက်ထက် ဆဒ္ဒန်အမျိုးဖြစ်သော ဆင်ဖြူရတနာကို မြို့ရွာအနီး မြစ်နား၌ အမိဆင်မက ထားသကဲ့သို့ လည်းကောင်း ယခုလည်း ဘုန်းတော်ကြောင့် ကိုယ်အလုံးဖြူဝင်း နူးညံ့စွာသော ဆဒ္ဒန်အစစ် ဖြစ်သော ဆင်ဖြူရတနာကို နိဗ္ဗာန်ရွာအနီး၌ နတ်တို့ဖန်တီး၍ အမိဆင်မ ထားလာရသည့်အရာ ဖြစ်ပါသည်၊ ဆဒ္ဒန်ရတနာဆင်ဖြူတော်ကို သိမ်းယူတော်မူရသည်မှာ စကြာမန္ဓာတ်မင်းစသည့် ဘုန်းကြီးသော ရှေးမင်းများ ဆင်ဖြူရတနာကို သိမ်းယူတော်မူသည့် ထုံးတမ်းစဉ်လာနှင့်အညီ-

၁။ ရတနာဆင်ဖြူတော်ထားရန် ရွှေငွေဖလ်မှန်တို့ဖြင့် ပြီးသော တန်ဆောင်းပြာသာဒ်ကို စီရင်ခြင်း၊
၂။ အထူးထူးသော ဆင်တော်အဆောင်အယောင် အခင်းအကျင်းတို့ကို စီရင်ခြင်း၊
၃။ ဆင်တော် ဆင်ယင်ရန် အဖိုးထိုက်တန်သော တန်ဆာတို့ကို စီရင်ခြင်း၊
၄။ ဆင်တော် အစောင့်အရှောက်တို့ကို စီရင်ခြင်း၊
၅။ ပြည်တော်ကို တန်ဆာဆင်၍ ဆင်တော် ဆောင် ယူအံ့သော ခရီးလမ်းတလျှောက်ကို စီရင်ခြင်း၊
၆။ ဆင်တော်ရှေ့သို့ ဆောင်ယူမည့် အခမ်းအနားကို စီရင်ခြင်း၊
၇။ ဆင်တော်ကို ဘိသိက်သွန်းတော်မူခြင်းကို စီရင်ခြင်း၊
၈။ ဆင်တော်ကို ဘွဲ့နာမ တပ်တော်မူခြင်းကို စီရင်ခြင်း၊
၉။ ဆင်တော်အား ချီးမြှင့်ရမည်ကို စီရင်ခြင်း၊
၁၀။ ဆင်တော်ကို ခြေတော်တင်မည်ကို စီရင်ခြင်း၊

ဤသို့ဆယ်ပါးသော အစီအရင်တို့ကို အခမ်းအနား ကြီးကျယ်စွာစီရင်၍ သိမ်းတော်မူသင့်ကြောင်းကို တညီတညွတ် တည်း လျှောက်ထားကြလေသည်။



နိဗ္ဗာနပစ္စယနာဂဆင်ဖြူတော်

ဘကြီးတော်ဘုရားလက်ထက် အင်္ဂလိပ်မြန်မာစစ်ပွဲ (၁၈၂၄-၂၆-ခု) ပြီးသည့်နောက် ၁၈၂၉-ခုနှစ်တွင် အင်္ဂလိပ်သံတမန် ဂျွန်ကရော့ဖိုဒ် အင်းဝနန်းတော်ရောက်ရှိစဉ် တွေ့မြင်ရသော နိဗ္ဗာနပစ္စယနာဂဆင်ဖြူတော်၊ (ဟံသာဝတီ ပုံနှိပ်တိုက်ထုတ် အင်းဝမြို့ဘွဲ့ ဆယ့်နှစ်ရာသီလူးတားမှ ရသည်။)

## တွင်းသင်းမင်းကြီး မဟာစည်သူ လျှောက်တင်ချက်

တွင်းသင်းမင်းကြီး မဟာစည်သူက လျှောက်တင်သည် ကား-

"မိုးနတ်သူဇာကဲ့သို့ အလွန်လှပသော သမီးကညာပင် ဖြစ်လင့်ကစား ဘိသိက်သွန်း၍ မိဖုရားတင်မြှောက်မှ မိဖုရားမည်၏၊ အဖိုးအနဂ္ဃ ထိုက်တန်သော ပတ္တမြားပင် ဖြစ်လင့်ကစား အရောင်တင်မှ ထိုပတ္တမြား၏အရောင်သည် တိုက်ခန်းကို လင်းစေနိုင်၏၊ ဣဒ္ဓိတန်ခိုး မဟိဒ္ဓိဖြိုး စေတတ်သည့် အင်းအိုင်လက်ဖွဲ့ပင် ဖြစ်လင့်ကစား သိဒ္ဓိမတင်က အာနိသင်အစွမ်းကုန်မပြနိုင်ပေ၊ ထို့အတူ ကြန်အင်ကောင်းလှသည့် ဆဒ္ဒန်ဆင်ဖြူတော်ရတနာစစ်စစ်ပင် ဖြစ်လင့်ကစား သိဒ္ဓိတင်ခြင်းသဘောနှင့် တူသော ဘိသိက်မသွန်းလောင်းက ဆင်ဖြူရတနာကို အကြောင်းပြု၍ မင်းနှင့်တကွ တိုင်းသူပြည်သားတို့ ရရှိနိုင်မည့် ကောင်းကျိုးမင်္ဂလာ အဖြာဖြာမှာ ဖွံ့ဖြိုး သင့်သလောက် မဖွံ့ဖြိုးဘဲ ရှိတတ်ချေသည်၊ ကာဠာဝက၊ ဂင်္ဂေယျနှင့်, ပဏ္ဍရ, တမ္ဗ, ပိင်္ဂလ, ဂန္ဓ, မင်္ဂလ, ဟေမ, ဥပေါသထ, ဆဒ္ဒန်-ဤဆယ်တန်သော ဆင်မျိုးတွင် အမြတ်ဆုံး

ဖြစ်သော ဆဒ္ဒန်နွယ်ရင်း ဆင်ဖြူမင်း ဖြစ်သဖြင့် အထူးဝိသေသ ရှိသော အစီအရင်ကို ပြုလုပ်ရန်တင်လေသည်။

## နိဗ္ဗာန်မှဆင်ဖြူတော်

နိဗ္ဗာန်ရွာအနီးမှ ယခုရရှိသော ဆင်ဖြူတော်ကား ဆဒ္ဒန်မျိုးအစစ်ဖြစ်၍ ဟံသာဝတီ ကျေးလက် လှိုင်ဘောလယ် မင်းလှနယ်မှရသော "သီရိမင်္ဂလာမဟာသုဘဒ္ဒါ" ဘွဲ့ခံသည့် ဥပေါသထ ဆင်ဖြူတော်မထက်များစွာ သာကြောင်းကို-

"ယခုသော်ကား၊ ဥပေါ်ဖြူဆွ၊ နန်းသူမထက်၊ ဆယ်ဆ စွမ်းအန်၊ ဘုန်းကျိုးဖန်သည်၊ ဆဒ္ဒန်တိမ်ညွှန့် မိုးဦးသည်း"-

ဟု မဟာသင်္ခယာစည်သူ, မဟာသီရိစည်သူ, ဥတ္တမသီရိဘွဲ့ရ ဝက်မစွတ် နဝဒေးက ဝိလာသိနီမော်ကွန်း(နိဗ္ဗာနပစ္စယ နာဂရာဇာ ဆင်တော်မကွန်း)တွင် ဖော်ပြထား၏၊ ယင်းဆင်ဖြူတော်၏ ကြန်အင် စုံလင်ကောင်းမြတ်ပုံကိုလည်း ထိုမော်ကွန်းတွင်ပင် ဤသို့ ဖော်ပြထားပေသည်။

## မြန်မာယဉ်ကျေးမှု မော်ကွန်းကဗျာ

ဦးကင်းပန်းကုံး၊ စွယ်ဖုံးလျနစ်၊ သရစ်စီစီ၊ တရေးညီလျက်၊ လှမ်းချီယာပေါက်၊ ရှေ့နောက်ထပ်မျှ၊ သည်မသည်ရုံ မင်းစံဂီဝါ၊ သန္တာလိုလို၊ နကိုယ်ရေသား၊ ပိုင်းခြားပြက်လျှပ်၊ ဆေးဒန်တပ်သို့၊ ဘိနပ်ဘဝါး၊ ရောင်ပြားမြူးမြူး၊ တန့်လူးလုလင်၊ နေ့နှယ်တင်၍၊ အပြင်မုနော၊ အပြောပြန့်ပြန့်၊ လင်ပန့်သဏ္ဍာန်၊ လုံးဖန်လည်ရေး၊ အာမေးခံတွင်း၊ စွယ်ရင်းပေါ်ပေါက်၊ စကောက်မုန်ဖူး၊ ပုံထူးကြဲသော၊ နီပြေနယ်နု၊ ပဒုမာလျှံ၊ ညီးညီးပုံမျှ၊ မြီးဆံဦးနား၊ ဖားဖားပင်ခြည်၊ ထူရှည်ညှံ့သေး၊ ကိုယ်လုံးမွေးလည်း၊ ဖွေးဖွေးဖြူညက်၊ ငွေရွက်ကျော ထောင်၊ ကုန်းခေါင်ကတင်၊ ပလ္လင်ပေါ်ပွင့်၊ ဖြာဆင့်ပည်း သိပ်၊ ကြော့စိပ်ရေးခြား၊ နားလည်ကြိုက်ဘွယ်၊ ဝိုက်သွယ် တင့်ညောင်း၊ နှာမောင်း နှာတံ၊ ပတ်ရံဖြိုးလုံး၊ ပန်းကုံး ပုလဲ၊ ရိုးရဲဖိတ်တောက်၊ ရင်းဖျားလျှောက်၍၊ လင်းပျောက်

တချိန်၊ ပွင့်သေးမှိန်သည်၊ စက်ဗိန္ဒုပန်း၊ ရွှေညှင်း
ဖျန်းလျက်၊ ပတ်သန်းပြိုးပြောင်၊ လျှပ်ဝါထောင်သည်၊
ပန်းရောင်ရည်ရင့်၊ ရောရီတည်း-

ဟု ဖွဲ့ဆိုထား၏။

## ဆင်ဖြူတော်ကို သကြွန်ခေါ်ခြင်း

ဆင်ဖြူတော်ကို သကြွန်ခေါ် ရန် ကြီးကျယ်ခမ်းနားသော အစီအစဉ်ကြီး စီရင်ပြုလုပ်လေသည်၊ သကြွံအတွက် တန်ဆောင်း အသွယ်သွယ် ပြာသာဒ်ကြီးငယ် အသီးသီးတို့တွင် ငှက်ပျောပင်, ကြံပင်မှစ၍တံခွန် ကုက္ကား မုလေးပွားမကျန် လှပတင့်တယ် ရှုချင်ဖွယ်မငြီးအောင် တန်ဆာဆင်ပြီး ပုဏ္ဏားတော်တို့နှင့် တိုင်ပင်ကာ စီစဉ်ကြရ၏။ သဲမွှေ့ယာပေါ် ကောဇောများ အပြည့် ခင်းခြင်း, ဝင်းကိုးတပ် ခင်းကျင်းခြင်း, နတ်အပေါင်းအား ပုဏ္ဏားတော်များက ပူဇော်ပသခြင်းများကို ပြုလုပ်ပြီးနောက် ဆင်မင်းအား သကြွန်တန်ဆောင်းသို့ ယူဆောင်လာရာ ရှေ့ ခြောက်ထပ်, အနောက်ခြောက်ထပ် ဝင်းခင်း၍ အမျိုးလေးပါး နှင့်တကွ အဆောင်အယောင်များ မင်းခမ်းမင်းနားဖြင့် လိုက်ပါ ကြရပါသည်။

## သားတော်မင်းသားများ

အခါတော်ကြားသောအခါ သားတော်ပြည်မင်း- သီရိမဟာရာဇာ, သားတော် တောင်ငူမင်း သတိုးမဟာရာဇာ, သားတော် ပုဂံမင်း-သတိုးမင်းဖျား, သားတော်ပုခန်းမင်း-သတိုးမင်းရဲကျော်ခေါင်တို့က သက္ကရာဇ် ၁၁၆၈-ခု တပို့တွဲ လပြည့်ကျော် ၁၃-ရက်တွင် ဆဒ္ဒန်ဆင်ဖြူတော်၏ ဦးခေါင်းကို တရော်ကင်ပွန်းတို့ဖြင့်ဆေး၍ ပရိတ်ရေသွန်းလောင်း ရသည်။ ဧရာဝတီမြစ်သို့ သက်စေလျက် ရေချိုးပြီးလျှင် သားတော်သံလျင်မင်းသား, သားတော် ကနောင်မင်းသား, သားတော် သီပေါမင်းသား, သားတော် ကလေးမင်းသား, သားတော် ၄-ပါးတို့က ပရိတ်ရေ အမွှေးနံ့သာတို့ဖြင့် သွန်းလောင်းလေသည်။

ထို့နောက် တန်ဆာဆင်သော ပြာသာဒ်သို့ခေါ်ဆောင်၍ အဖိုး ၇၀၇၀၈၈-ထိုက်သော ရတနာအပြည့်ဖြင့် ပြီးသော ဦးကင်းဖုံးနှင့် အခြားအဖိုးများစွာထိုက်၍ ရတနာဖြင့်ပြီးသော အဆင်တန်ဆာများကို ဆင်ဖြူတော်အား ဆင်ယင်ပေးလေသည်။ သကြိန်ခေါင်းဆေးရန် လာခဲ့သော အစီအစဉ်အတိုင်းပင် ဆင်မင်းနန်းသို့ ပြန်လည်ခေါ်ဆောင်ပြီး ပွဲကြီးခံလေသည်၊ ဘုရား ရဟန္တာ

များ ပူဇော်ခြင်း, နတ်များကို ပသခြင်းတို့ကို ပြုလုပ်၍ နောက်နေ့တွင် မင်းတရားမှစ ၍ အမျိုးလေးပါးတို့က လက်ဖွဲ့မင်္ဂလာကျင်းပရန် လက်ဖွဲ့ပွဲများကို ပြင်ဆင်လျက် မဏ္ဍပ်များတွင် အသီးသီးနေရာယူရသည်၊ ဆဒ္ဒန်ဆင်ဖြူတော်ကို ဘိသိက်သွန်း လောင်းရန် ဆင်မင်းနန်းမှခေါ်ဆောင်၍ ရွှေတိုင်ပလ္လင်ထက်မှာ ထားပြီး လက်ဖွဲ့ထမင်းကို ဆင်ပေါက်ဝန် - နေမျိုးစည်သူက မင်္ဂလာစကား ၇-ကြိမ်ဆို၍ ဆဒ္ဒန်ဆင်မင်းအား ၇- ခါ ထမင်းခွံ့ရသည်၊ အောက်မားဝန်နေမျိုး ရွှေတောင်စည်သူကလည်း ထမင်းခွံ့ရသည်၊ ထို့နောက် ဆဒ္ဒန်ဆင်မင်းအား ရွှေကျောက်မျက်ရွဲတို့ဖြင့် အပြည့်ပြီးသော ဆင်တန်ဆာအမျိုးမျိုးတို့ကို ဆင်ယင်စေလျက် အလွန်ကြီးကျယ်သော မင်းခမ်းမင်းနားအဆောင်အယောင်များ ရှေ့နောက်ဝဲယာ ခြံရံကာ သားတော်အိမ်ရှေ့မင်း, မြေးတော်စစ်ကိုင်းမင်းမှစ၍ သားတော်, မြေးတော်, ဆွေတော်မျိုးတော်, မှူးမတ်, သေနာပတိတို့ပါမကျန် အမျိုးလေးပါးနှင့်တကွ အစီအစဉ်အတိုင်း လိုက်ပါလျက် ရတနာရွှေတိုင်ပလ္လင်မှ ရွှေနန်းတော်ကို လက်ျာရစ်လှည့်ကာ မြောက်စမုတ်တော်ပြာသာဒ်သို့ ဆင်တော်အား ခေါ်ဆောင် ချီတက်လာကြသည်။

## ဆင်ဖြူတော်ကို မင်းတရားကြီးဘိသိက်သွန်းခြင်း

အခါတော်ရောက်ကြောင်း မဟာသက်တော်ရှည်မင်းကြီးက လျှောက်တင်သောအခါ မင်းတရားကြီးလည်း အဖိုးမဖြတ်နိုင်သော မကိုဋ် ဒုယင် ရတနာတန်ဆာတော်ကို ဆင်ယင်လျက် သိကြားမင်း မန္တာတ်မင်းတို့၏ ကျက်သရေကို ဆောင်ကာ **အနန္တ** ငါးပါးနှင့် သမ္မာဒေဝနတ်တို့ကို ပူဇော်လေသည်၊ ထိုနောက် ရွှေတိုက်စိုး သီရိဇေယျစည်သူ ဆက်သော ရွှေကရားကို ကိုင်ကာ "ဆဒ္ဒန်ဆင်ဖြူတော်ကို သိမ်းယူသောနေ့မှစ၍ သက်တော်ရာကျော် ရှည်တော်မူလျက် သားတော်အစဉ် မြေးတော်အဆက် မြစ်တော်အညွန့် အခွန့်ရှည်စွာ အနွယ်တော်မပျက် သာသနာတော်၏ အစီးအပွား, တိုင်းသူပြည်သားသတ္တဝါများ၏ အစီးအပွားကို ဆောင်ရွက်နိုင်သည် ဖြစ်စေသော"ဟု ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးကိုယ်တော်တိုင် ရွှေနှုတ်တော်က ဘိသိက် မင်္ဂလာစကားကို သွန်းလောင်းတော်မူပြီးလျှင် လက်ျာခြေတော်ကို

၇-ကြိမ် တင်တော်မူသည်၊ ထိုနောက်ဘိသိက်ပုဏ္ဏားတော် ၈-ယောက်ကလည်း မင်္ဂလာစကားကို ၃-ကြိမ်ဆို၍ ဘိသိက်တော်ဆက်ရသည်၊ ထိုနောက် ဝန်ကြီးနေမျိုးသီဟသူ၊ ထိုနောက် အတွင်းဝန်မင်းကြီး သက်တော်ရှည်၊ ထိုနောက် မဟာမင်းလှ၊ ထိုနောက်မဟာဒါန်တိုက်ဝန်နေမျိုးဇေယျကျော်ထင်၊ ထိုနောက် မှူးမတ် သူဌေးသူကြွယ်များနှင့် ကတော်များက တပြိုင်တည်း မင်္ဂလာကောင်းချီးစကားကို လျှောက်တင်ကြရသည်။

ထိုနောက် အရပ်ရပ်လက်ဆောင်စာရင်းကို မြန်မာသံတော်ကို စိန္တကျော်သူက လျှောက်တင်ရသည်၊ ထိုနောက် မင်္ဂလာရတုကို စစ်ကိုင်းမင်းနာခံ ကျော်စွာရန္တမိတ်က ဖတ်ဆိုလျှောက်ရသည်၊ ထိုနောက် မင်းတရားကြီးက တံဆိပ် နာမံ ကျော်စီရွှေဘွဲ့နှင့်တကွ မင်းမြှောက်တန်ဆာငါးပါး မင်းခမ်းမင်းနားအစုံကို အပ်နှင်းသည့်အမိန့်နှင့် သာသနာတော် မြတ်၏ စီးပွား, ပြည်သူပြည်သား ရှင်လူများ၏ စီးပွားတိုးတက်ရန် ပြည်ထဲလေးမျက်နှာ ဝပြောသာယာစေရန် ကြည့်ရှု ရမည်ဟု ပါရှိသည့် အမိန့်ကို နာခံတော်ပြော့ကြီးမှူး ရာဇနော်ရထာ ပြန်လေသည်၊ ထိုနောက် "နိဗ္ဗာနပစ္စယနာဂရာဇာ" ဟူသော ဘွဲ့တော်ကို

ကွမ်းခွက်မှာထည့်၍ ဆင်တော်၏လက်ယာဘက်က ဒူးတုပ်ကာ ဖတ်ကြားပြီးဘွဲ့တပ်ရသည်၊ ထို့နောက် လက်ဖွဲ့တော်စာလျှောက်ရ သည်။

## လက်ဖွဲ့တော်ပစ္စည်း

မင်းတရားကြီးဖွဲ့သော လက်ဖွဲ့ပစ္စည်းတန်ဖိုးမှာပင် ၁, ၆၆၂, ၂၀၀-(အခြားလက်ဖွဲ့၏ တန်ဖိုးမပါသေးပေ) ဖြစ်ကြောင်း နဝဒေးက ဝိလာသိနီ မော်ကွန်းမှာ ဖွဲ့ဆိုထား၏။ ကံကျေးမြို့များ အဖြစ် စလင်း, ဘောင်းလင်း (ဘောင်းလင်းမှာ စလင်းအနီးတွင် ရှိသည်။) တို့ကိုပေးတော်မူ၏၊ ဆဒ္ဒန်ဆင်မင်းအတွက် ဆင်မင်းဝန်, ဆင်မင်း ဝန်ထောက်, ဆင်မင်းအရေးကြီး ဆင်မင်းနာခံများကို ခန့်ထားတော်မူသည်။ ဆဒ္ဒန်ဆင်မင်းကို ပဋ္ဌမတွေ့မြင်သူများ ဖြစ်ကြသော ငပန်းဦးကို ဗျတ္တသီရိဘွဲ့၊ ငတော်ကို ဗျတ္တသူရိန်ဘွဲ့၊ ငကနီကို ဗျတ္တဇေယျဘွဲ့၊ ငမောင်ကို ဗျတ္တဇေတဘွဲ့, နှင့်တကွ ဆုတော်လာဘ်တော် အမြောက်အမြား ပေးသနားတော်မူသည် မှာ-

✱ "ကျွန်ခြွေဘဏ္ဍာ၊ သိန်းသပြာလည်း၊ ထုပ်ဝါဒိမ်မိုး၊
တင်းကျမ်းဖြိုးသည်။ ။ မှုမျိုးလွတ်စေ ငြိမ်းချမ်းတည်း"-
ဟု နဝဒေးက ဖွဲ့ဆိုသဖြင့် ဘဝတသက်တာတွင် ဖူလုံသည်ထက်
ပင် ပိုချေ၏။ ဆင်ဖြူတော်၏ ကျေးဇူးပေတည်း။

---

✱ တရွှန်းရွှန်းလျှင်၊ ထောင်ဝန်းလျှံဖြာ၊ ထွန်းနေဝါသို့ အာကာမိုးတိုင်၊ ညွှန့်ဖြိုးလှိုင်၍၊ အနိုင်နိုင်ငံ၊ ထီးရံနန်းနေ၊ ပဒေရာဇ်မျိုး၊ အရိုးအဖြောင့်၊ အစောင့်အစား၊ တလွှားပြည်ထောင်၊ ကုန်အောင်မသီး၊ ကျွန်ချည်းပြီး၍၊ ရွှေကြီး ငွေစိုင်၊ ပြောင်ခိုင်ဝလာ၊ အဿဇာလည်း၊ စွေရွာထစ်ကြိုး၊ လေးကျွန်းမိုးသို့ ရှိခိုးလက်ဖွဲ့၊ အချဲ့အချီး၊ ပုံဖြိုးမစဲ၊ ဆင့်ဆင့်ကဲ၍၊ ဆောင်းလွှဲနွေလ၊ ဂိမှလုံးစင်၊ ဆုံးမထင်လိမ့်၊ ညာတင်ခေါင်းဖျား၊ တရားပျော်မွေ့၊ မျိုးဘုန်းဟော့နှင်၊ အိမ်ရှေ့ရွှေတောင်၊ ညီနောင်ညီမ၊ မင်းမျိုးစ၍၊ မြို့ပြတိုင်းစွန်း၊ တဝန်းတလျား၊ ဘွားစားစိုးမိုး၊ မှူးရိုးမတ်ပေါင်း ရှစ်သောင်းသူဌေး၊ ဗိုလ်ဖွေးဖွေးတို့၊ ထွေးထွေးထပ်ဖြည့်၊ လည်လှည့်မအား၊ ဝတ်စားတန်ဆာ၊ ရတနာရွှေငွေ၊ ဆက်သထွေကား၊ ရေသော်ပြီးဘွယ်၊ ကြွယ်ကြီးကြွယ်မျှ၊ တောင်ဆယ်လုံးဆင့်၊ ဆင်ထက်မြင့်၏၊ ဆင်မင့်သခင်၊ ဆင်ယာဉ်ချီးပ၊ မင်းဆုမှသာ၊ သည်အရာဝယ်၊ သချာဂဏန်း၊ တင်ပြဋ္ဌာန်းသော်၊ တသန်းဝှန်ထိန့်၊ ခြောက်သိန့်ခြောက်သောင့်၊ နှစ်ထောင့်နှစ်ရာ၊ သပြာဘိုးတန်၊ ထပ်ပြန်ချီးမြှောက်၊ ရောက်လည်းမနား၊ တက်ပွားတိုးပြီး၊ တံပိုးကျူးသည်။ ။ စည်ဆုံးမပိုင်ဖြင်မွမ်းတည်း။ (ဒုတိယ နဝဒေး ဘွဲ့ဆိုသော ဝိလာသိနီ ဆင်တော်မော်ကွန်းမှ။)

## ဆင်မင်း၏သဘာဝနှင့် အစားအသောက်

ဆဒ္ဒန်ဆင်မင်းကား လသားအရွယ်သာဖြစ်သောကြောင့် လူနို့ထိန်းများထားကာ နို့တိုက်၍ မွေးရ၏၊ နို့ထိန်း ၁၆-ဦးမှာ နေ့ညဥ့်အလှည့်ကျ နို့တိုက်ကြရ၏၊ လူနို့စို့သောအခါ နှာမောင်းကလေးကို ဦးခေါင်းပေါ်တင်လျက် နို့စို့၏၊ ငယ်စဉ်ကပင် လူနှင့်နီးကပ်ရင်းနှီးစွာ ကြီးပြင်းလာသော ဆင်မင်းသည် လူစကားကို ကောင်းစွာနားလည်၍ သူ၏လိုအင် ဆန္ဒတို့ကိုလည်း လူတို့နားလည်အောင် နှုတ်ကမပြောတတ်စေကာမူ ဟန်အမူအရာဖြင့် ညွှန်ပြနိုင်လေသည်။

ထိုကဲ့သို့ လူနို့ဖြင့် တိုက်ကျွေးမွေးမြူပြီးနောက် ကြီးပြင်းလာသော အခါတွင်လည်း သာမန်ဆင်များကဲ့သို့ မိမိဘာသာစားသောက်ခြင်းမပြုဘဲ လူတို့က ပြုပြင်ယုယကျွေးမွေးသည့် ငှက်ပျောသီး, အုန်းသီး, ကြံပင်, မြက်နု, မျှစ်နုကလေးများကိုသာ စားလေသည်။ ကြံများကို အခွံခွာ၍ အဆစ်များကို ဖြတ်တောက် ပယ်ရှားပြီး ရွှေအင်တုံတွင် ထည့်၍ ပေးမှ စားသည်၊ ဆင်များစားသော အစာများသာမက ထမင်း, ဟင်း, မုံ့မျိုးစုံ, ကွမ်းယာ,

လဘက်များကိုလည်း စားတတ်လေသည်။ ကွမ်းများကို လူတို့စားသကဲ့သို့ ကွမ်း ထုံး ကွမ်းသီး ဆေး စမုန်စပါး ရှားစေးမကျန် ကောင်းမွန်စွာ ကွမ်းယာများယာ၍ ရွှေကွမ်းခွက်တွင် ထည့်၍ ကျွေးရသည်။အဖျော်ယမကာများကိုလည်း သောက်တတ်သည်။ စားသောက် ဖွယ်တို့ကို ကျွေးသောအခါ၌လည်း စည်းကမ်းစနစ်ကျကျ သူ့ခွက်နှင့်သူ ကျွေးမှ စားသောက်သည်၊ မှားယွင်းသော ခွက်နှင့် ကျွေးမိလျှင် ၎င်းအမှုထမ်းအား နှာမောင်းဖြင့် ပုတ်ခတ်ရိုက်နှက်ကာထည့်သည့် ရွှေခွက်ကိုပါ မှောက်ပစ်တတ်သည်။ လူတို့၏ အရိပ်အကဲကိုလည်း အလွန်သိတတ်သည်။ ကျင်ကြီးကျင်ငယ် တို့ကိုလည်း ငွေအင်တုံအတွင်း၌သာ သန့်ရှင်းစွာ စွန့်လေသည်၊ ဆင်မင်းအနီးသို့ သွားရောက်ကြည့်ရှုလျှင် ဣန္ဒြေသိက္ခာရှိစွာဖြင့် ကြည့်ရှုရသည်။ ဣန္ဒြေမဲ့ပြုကျင့်မှုကို မကြိုက်ပေ။

လပြည့်လကွယ် သီတင်းနေ့တို့တွင် ဘုရားပုထိုးများသို့ အဖူးအမြော်ထွက်ခြင်း, ရဟန်းသံဃာတော်အား လူမင်းတို့ကဲ့သို့ ဝါဝင်, ဝါထွက်, နှစ်ကူးအခါတို့တွင် သက်န်းပရိက္ခရာ, ဆွမ်း, ဘောဇဉ်တို့ကို ကပ်လှူခြင်း, ပရိတ်တရား နာခြင်း, ရွှေကရားဖြင့် ရေစက်သွန်းခြင်းများကိုပြုလုပ်၍ ဝါတွင်းသီတင်းနေ့များတွင်လည်း လူတို့ဥပုသ်သီတင်း ဆောက်တည်သကဲ့သို့ မွန်းလွဲအခါတွင်

ရေမှုတပါး အစားအစာတို့ကို မစားမသောက်ဘဲနေလေသည်။ ဆင်မင်းအထံတွင် ရဟန်းသံဃာတော်များက သီလပေးခြင်း, ပရိတ်ရွတ်ခြင်းများ ပြုသောအခါ နှာမောင်းကို ဦးခေါင်းထက်တွင် တင်ကာ ရှိခိုး နာယူလေ့ရှိသည်။ ဝါဝင်ဝါထွက် အခါကြီးရက်ကြီးများတွင်လည်း ဆင်မင်း၏ ခြွေရံမှုထမ်းတို့က ဆင်မင်းအား လူမင်းတို့အား ပူဇော်သကဲ့သို့ ကန်တော့ပူဇော်ကြရသည်။ ဆင်မင်း ကလည်း ပြန်၍ ဆင်မင်းဝန်, ဆင်မင်းဝန်ထောက်မှစ၍ အမှုထမ်း အရာထမ်းအားလုံးတို့အား ဆုလာဘ်များ ပေးကမ်းချီးမြှင့်လေသည်။ ဆုလာဘ်များ ပေးရန် အဝတ်အထည် ရွှေငွေစသည်တို့ကို ခင်းကျင်းထားပေးပြီးသောအခါ ဆင်မင်းကြီး၏ ဆန္ဒအတိုင်း သူပေးလိုသော အမှုထမ်းအား သင့်တော်သည့်ဆုကို သူ့ဘာသာ သူ ရွေးချယ်ယူငင်ပြီး ပေးလေသည်။ ဆုတော်ချီးမြှင့်သင့်သူတို့ကို သင့်လျော်အောင် ထိုက်တန်ရာကို ရွေးချယ်ပေးတတ်လေသည်။

## ဆင်မင်းကောင်းမှုအုဋ်တံတား

မဟာမြတ်မုနိ ဘုရားကြီးကိုလည်း မုခ်ဝမှနေ၍ မကြာခဏ ဖူးမြော်လေသည်။ ပုဂံမင်းလက်ထက်တော်တွင် မန္တလေးမြို့ အိမ်တော်ရာဘုရားအရှေ့မုခ်မှာ ဆင်မင်းပိုင်ငွေဖြင့် အုဋ်တံတား

ခင်းခိုင်းသောကြောင့် တံတားခင်းရသည်။ ယခုတိုင် "ဆင်မင်း တံတား"ဟု တွင်လျက်ရှိသည်။ ဆင်မင်းကြီးမှာ သိန်းပေါင်းများစွာ ကြွယ်ဝချမ်းသာ၍ ဘုရား တန်ဆောင်း ကျောင်း ကန် ဇရပ်မှစ၍ ကုသိုလ်အများ ဆောက်လုပ်လှူဒါန်းလေသည်။ ဆင်မင်းကြီး သိနားလည်မှုတို့မှာ အံ့ဖွယ်မဆုံး ရှိချေသည်။

## ဆင်မင်းငွေနှင့်စစ်လျော်ကြေး

ဘကြီးတော်ဘုရားလက်ထက် ပဌမအင်္ဂလိပ်, မြန်မာ စစ်ပွဲတွင် မြန်မာတို့ အရေးနိမ့်၍ ၁၁၈၇-ခုနှစ်၊ ရန်တပို စာချုပ် အရ စစ်လျော်ကြေး ကျပ်သုံးဒင်္ဂါးပြားရေ တစ်ကုဋေ ပေးရမည် ဖြစ်ရာ မလုံလောက်သည့်အတွက် ဆင်မင်းထံသို့ အကျိုး အကြောင်း ပြောစေ၍ ဘုရင်မင်းမြတ်က ချေးငှားစေရသည်။ ဆင်မင်းကြီးထံမှ ရွှေတုံးငွေတုံး အမြောက်အမြား ချေးယူ၍ ပေးဆပ်ရလေသည်။ ဆင်မင်းသဘောတူသည့် အထိမ်းအမှတ် အမှုအရာ အနေဖြင့် ခေါင်းညိတ်ကာပြသော ရွှေငွေတို့ကိုသာ ယူခွင့်ရလေ သည်။

## ကြို၍တင်၍သိနိုင်သောဆင်မင်း

နိုင်ငံတော်အတွင်း၌ လေမိုးကျမည်, လျှော်လှုပ်မည် ကိုလည်း ဆင်မင်းကြီး ကြိုကင်၍ သိတတ်လေသည်။ ဘကြီးတော် ဘုရားလက်ထက်တော်တွင် တနေ့သောအခါ ဆင်မင်းကြီး အိပ်နေကျဖြစ်သည့် အုဌ်နန်း အတွင်းသို့ ဆင်မင်း မဝင်ဘဲ ငြင်းဆန်နေသည်ကို ဆင်မင်းဝန်, ဆင်မင်းဂန်ထောက်တို့က အတင်းသွင်းလေလျှင် အသံကုန်ဟစ်လေသည်ကို ဘုရင်မင်းမြတ် ကြား၍ မေးမြန်းလေသော် အကြောင်းစုံကို လျှောက်တင်လျှင် "ဆင် မင်းကြီး နေလိုရာ နေစေ"ဟု အမိန့်တော်မှတ်သဖြင့် ဆင်မင်းကြီး သည် ထူးကိုဖြုတ်ခိုင်းပြီးလျှင် ကွင်းပြင်၌သာ အိပ်လေသည်။ အုဌ်နန်းကွင်းသို့ ဝင်သမျှသော ဆင်ထိန်း အမှုထမ်းတို့ကိုမြင်လျှင် "ယောင်"ကိုဆွဲ၍ အတင်းထုတ်လေသည်။ လူအချို့တို့လည်း ဆင်မင်း၏အပြုအမူတို့ကို နားမလည်သော ကြောင့် ညဥ့်အခါ ဆင်မင်းမသိအောင် အုဌ်နန်းအတွင်းသို့ တိတ်တဆိတ် ဝင်၍ အိပ်ကြလေသည်။ ညဥ့်သန်းကောင်ကျော် အချိန်ခန့်တွင် မြန်မာ တနိုင်ငံလုံးတွင် လျှော်ကြီးစွာလှုပ်၍ ဘုရားပုထိုး များစွာ ပြိုကျ လေသည်။ ဆင်မင်း၏ အုဌ်နန်း ပြာသာဒ်တော်လည်း ပြားပြားဝပ် ပြိုကျလေရာ တိတ်တဆိတ် ဝင်အိပ်ကြသော သူတို့လည်း မရှုမလှ သေဆုံးကုန်ကြလေသည်။

## ဆင်မင်းကြီးတောသို့ဝင်ခြင်း

နန်းမတော် မယ်နု၏မောင်၊ စလင်းစား မောင်အို၏ ကုန်းချော့မှုကြောင့် ဘကြီးတော်ဘုရားနှင့် ညီတော် သာယာဝတီမင်း (ရွှေဘိုမင်း)တို့ စိတ်ဝမ်းကွဲသဖြင့် ရွှေဘိုမင်းသည် အဝမြို့တော်မှ ထွက်ခွာ၍ ညီတော်နောင်တော်တို့ စစ်ပြိုင်အံ့ဖြစ်နေသည့် အချိန်အခါတွင် ဆင်မင်းကြီးလည်း စိတ်အလိုမကျဖြစ်ကာ တောဝင် (တောခို)သွားလေသည်။ ဆင်ဝန်, ဆင်ထိန်းတို့လည်း ဆင်မင်းအား မြင်တွေ့ရသော်လည်း ဆင်မင်းက အချဉ်းအကပ် အဖမ်းမခံချေ။ စားသောက်ရန် အစားအစာတို့ကို ကျွေးနေကျ အတိုင်းပင် ပြင်ဆင်၍ တောစပ်တွင်ထားရသည်၊ ညဥ့်အခါ၌သာ လာရောက် စားသောက်လေသည်၊ အဖမ်းကားမခံချေ။ စလင်းမင်းသား မောင်အိုနှင့် နန်းမတော်မယ်နုတို့၏ အကြံအစည်ကို မနှစ်မြို့သောကြောင့် ဆင်မင်းတောဝင်သွားသည်ဟုပင် တီးတိုး ပြောစမှတ်ပြုကြလေသည်။ ဆင်မင်းကြီး၏ တတ်သိလိမ္မာပုံတို့ကား အံ့မခန်းဖြစ်တော့သည်၊ ညီတော် နောင်တော် ကြေအေး၍ ရွှေဘိုမင်းနန်းတက်ပြီးမှ အသာတကြည်ပြန်၍ အဖမ်းခံလေသည်။ ရှေးဦးစွာ ရွှေဘိုမင်း ယာယီစံမြန်းသော စစ်ကိုင်းစံနန်းတော်နီးရှိ ဆင်မင်းနန်းသို့ ၁၁၉၉-ခုနှစ်တွင် ဆင်မင်းကို

ထားစေပြီးနောက် ထွက်စံတော်မူရာ ဖြစ်သည့် ကျောက်မြောင်းသို့ ရွှေဖောင်တော်နှင့် ပို့ရ၏။ ဘိုးတော်မင်းတရားကြီးမှ စ၍ ဘကြီးတော်, ရွှေဘိုမင်း, ပုဂံမင်း, မင်းတုန်းမင်းတရားကြီး လက်ထက်တော်အထိ မင်းငါးဆက်တိုင်တိုင် ဆင်မင်းကြီး အဖြစ် ဖြင့် နှစ်ပေါင်း ငါးဆယ့် တစ်နှစ်တာမျှ ဆင်မင်း၏စည်းစိမ်ကို ခံစံသည့် ဆဒ္ဒန်ဆင်မင်းကား မည်သည့် ဆင်ဖြူတော်နှင့်မျှမတူ အလွန်ထူးခြား လှပေ၏။

## ဆင်ဖြူတော်ကံကုန်ခြင်း

နေပြည်တော်များပြောင်းရွှေ့တိုင်း ဆင်မင်းကြီးလည်း ဘုရင်နှင့်အတူ လိုက်ပါပြောင်းရွှေ့ရသည်။ ရွှေဘိုမင်းက ဘိုးတော် နောင်တော်တို့နည်းတူ ဆင်မင်းအတွက် လယ်ကိုင်းမြို့ကို အသုံး ကံကျွေးခံပေးတော်မူသည်၊ တထောင့်နှစ်ရာ တဆယ့်ကိုးခု (၁၂၁၉)ခု နယုန်လဆန်း ၁၄-ရက် သောကြာနေ့သို့အဝင် ညဥ့်သုံးချက်တီး ကျော်အချိန်တွင် “နိဗ္ဗာနပစ္စယ နာဂရာဇာ” ဆင်မင်းသည် ကံကုန်(ကွယ်လွန်)လေသည်။

ယင်းသို့ ကံကုန်သည်ကို မင်းတုန်းမင်းတရားကြီးက ဘေးလောင်းတော် ဘိုးတော်ဘုရားလက်ထက် မင်းကွန်း အလယ်ကျွန်း စံနန်းတော်တွင် ကံကုန်သည့် သီရိမလ္လာမဟာ သုဘဒ္ဒါ ဆင်ဖြူတော်မ ကံကုန်ရာတွင် သင်္ဂြိုဟ်သည့် အခမ်း အနားနှင့် အလားတူ လုပ်ဆောင်စေရန် အမိန့်တော်ရှိသည်နှင့် အညီ ဆင်မင်း၏အလောင်းတော်ကို စွပ်ဖားပေါ်တွင် တင်ဆောင် ကာ ထီးဖြူအုပ်မိုး၍ ဘိုးတော်ဘုရားမှစ၍ မင်းငါးဆက်က သနားချီးမြှောက်သည့် ရွှေငွေ ကျောက်သံပတ္တမြားတို့ဖြင့်ပြီးသော အဖိုးထိုက်တန်လှသည့် တန်ဆာအဆောင်အယောင်များမှစ၍ ထီးဖြူ, ယပ်မား, မင်းခမ်းမင်းနား, ရွှေအင်-ရွှေကြည်စသော အဆောင်အယောင်များကို ဆင်မင်းအလောင်း၏ ဝဲယာတွင် ခင်းကျင်းစေပြီးလျှင် တိုင်းသူပြည်သားတို့ကို ၃-ရက် ရွှေနန်း တော်အတွင်း ဝင်ထွက်ကြည့်ရှုစေသည်၊ ၎င်းလပြည့်ကျော် ၂-ရက်နေ့ ဆင်မင်းနန်းမှ ရွှေနန်းတော် မြောက်ဖက်သို့ မင်းခမ်း မင်းနားဖြင့်ဆောင်ယူ၍ အနောက်တံခါးမှ ထွက်ပြီးလျှင် အာဋဝီ လမ်းအဆင်း ရေဖြန်းဆိပ်ကုန်းတွင် မီးသင်္ဂြိုဟ်စေသည်၊ ဆင်မင်း ကံကုန်သည့် နံနက် နေထွက်ချိန်တွင်. . .

## နိမိတ်ထူးပြခြင်း

တောင်အရပ်မှ ငှက်အကြီးစား ၅၀ - ခန့်တို့သည် အုပ်လိုက် ပျံလာပြီး ဆင်မင်းကြီး၏ အလောင်းတော်အထက် တည့်တည့်တွင် တနာရီခန့်ပျံဝဲနေပြီးမှ မြောက်အရပ်သို့ ပျံသွားကြလေသည်၊ ထိုကဲ့သို့ လူတို့မမြင်ဖူးသည့် ငှက် ပေါင်းစုံနှင့်တကွ တောနက်ရာတွင်သာနေလေ့ရှိသော ဥဒေါင်း, ကြိုးကြာ, ကျေးငှက်, သာလိကာမှစ၍ နှံပြည်စုတ် ငှက်, စာကလေးငှက်များပါ မကျန် တအုပ်ပြီးတအုပ် တသုတ်ပြီးတသုတ် ပျံဝဲလာကြ၍ ဆင်မင်း၏ အလောင်းတော်ပေါ် သို့ ၃-ရက်တိုင်တိုင် အလှည့်မပြတ် ငှက်ကြီးများနည်းတူ တောင်ကလာ၍ မြောက်သို့ ပျံကာ ပူဇော်ကြလေ၏။

ဆင်မင်းကြီး၏ အကြောင်းအရာတို့ကား အံ့သြမကုန်နိုင်အောင် ထူးကဲလှသဖြင့် ရဟန်းပညာရှိ, လူပညာရှိ, ပုဂ္ဂိုလ်တို့က ဆင်မင်းသည် အလောင်းအလျာ တပါးအပါအဝင် ဖြစ်ပေမည်ဟု ယူဆကြလေသည်။ ဘုရင်မင်းတရားကြီး မှစ၍ မင်း, မိဖုရား, သားတော်, သမီးတော်, ဆွေတော်မျိုးတော်ပေါင်းနှင့်တကွ ရဟန်းရှင် လူ ပြည်သူတို့ပါမကျန် ဆင်မင်းကြီး ကွယ်လွန်သဖြင့် နှမြောတသ ကြေကွဲဝမ်းနည်းကြလေသည်။

## အစဉ်ဥဒါန်းမော်ကွန်းဖြစ်စေခြင်း

ဆင်မင်း၏အလောင်းတော်ကို ၃-ရက်စေ့သောအခါ အစဉ်အတိုင်း သင်္ဂြိုဟ်ရန် ဆောင်ယူလျက် မီးမရှို့မီ အစွယ်တော် အစုံကို ဖြတ်ယူပြီး နန်းဦး၌ ထားလေသည်၊ ဆင်မင်း၏ ယာဘက် အစွယ်ရင်းတွင် ဒေါင်းတံဆိပ်ကဲ့သို့ ဒေါင်းရုပ်အသွင် အထင်အရှား ပါလေသည်၊ ဆင်မင်း၏ အလောင်းတော်ကို မီး သင်္ဂြိုဟ်၍ အရိုးတို့ကို အိုးတွင်ထည့်လျက် မဟာဝိဇယရံသီ ဘုရား တံတိုင်းအတွင်း မြှုပ်နှံပြီးမှ အထက်က အုဌ်ခုံပလ္လင်တည်၍ အစဉ်ဥဒါန်း မော်ကွန်းဖြစ်စေ ခြင်းငှာ ဆဒ္ဒန်ဆင်မင်းပုံတူ ဆင်ရုပ် လုပ်၍ တန်ဆောင်းပြာသာဒ် ဆောက်လုပ်ကာ "နိဗ္ဗာနပစ္စယနာဂ ရာဇာ ဆဒ္ဒန် ဆင်မင်း ဟူသော ဆင်မင်း၏ဘွဲ့ကို ရေးသားထား လေသည်။

[ လက်ဝဲမင်းညို၏ ထူးစွ ငါးဆက်မင်း-ဟူသော စာတမ်းမှ ထုတ်နုတ်ချက်၊ အယူတော်မင်္ဂလာ လျှောက်ထုံး တွင်လည်း ကြည့်နိုင်သည်၊ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး ဒုတိယတွဲ နှာ-၁၃၉။]

## သီပေါမင်း၏ဆင်ဖြူတော်

ရှေးမြန်မာမင်းများ လက်ထက်တော်အခါများတွင် ဆင်ဖြူရတနာကို အမြတ်တနိုး ထားခဲ့ကြလေသည်၊ အကျဉ်းအားဖြင့်ဆိုသော် ဝေဿန္တရာမင်းကြီးသည် ဆင်ဖြူတော်ကို လှူသည့်အတွက် ပြည်အနှင်ခံခဲ့ရ၏။ ယိုးဒယားဘုရင်ထံမှ ဆင်ဖြူတောင်းရာ မရသည်ကို အကြောင်းပြု၍ ဟံသာဝတီ ဆင်ဖြူများရှင် မင်းတရားကြီးနှင့်ယိုးဒယားမင်းတို့ စစ်မက် ဖြစ်ပွားကြရာ ယိုးဒယားပြည်အလုံး ပျက်စီးခဲ့ရ၏။ ပင်းတယတွင်လည်း ဆင်ဖြူမရှိသည့်အတွက် ဘုန်းကျက်သရေ မရှိ-ဟု ယူမှတ်နေကြစဉ် ဆင်ဖြူအသေတစီးမျောလာရာ ညှပ်ဖြင့်ထူမ-ပြီး တစီးရှင်ဘွဲ့ကို ပင် ခံယူဖူးလေသည်၊ မွန်ဘုရင်တပါးသည် ဆင်ဖြူရှင်ဘွဲ့ကို ခံယူလိုသောကြောင့် ယိုးဒယားပိုင် ဆင်တကောင်ကို သွားရောက်ယူဆောင် လာခဲ့ရာတွင် ဆင်ဖြူမဟုတ်ဘဲ ဆင်ကျားဖြစ်နေသောကြောင့် ဆင်ကျားရှင်အမည်ကို ခံယူလေသည်။

ယင်းသို့ ဆင်ဖြူကို မြန်မာဘုရင်များ အထွတ်အမြတ်ထားခဲ့သော ထုံးဟောင်းများ အထင်အရှားရှိခဲ့သော်လည်း အင်္ဂလိပ်အစိုးရလက်ထက်သို့ ရောက်သောအခါ သီပေါမင်း၏

ဆင်ဖြူတော်ကို ဂရုမစိုက်ဘဲ ရန်ကုန်တိရစ္ဆာန်ရုံသို့ ပို့လိုက်လေတော့သည်၊ ယင်းဆင်ဖြူတော်သည် တောင်ငူမြို့ ရန်အောင်မြေတောတွင်းမှ ဖမ်းယူရရှိသော အရပ် သုံးတောင်နှစ်မိုက်၊ အစွယ်ပြင်တော်တမိုက်ခန့်ရှိ ဆင်ဖြူတော်ဖြစ်သည်။ ဖမ်းယူရရှိစဉ်က အရပ်ပမာဏဖြစ်ပေသည်။

## ဆင်ဖြူတော်အသတ်ခံရပုံ အကျဉ်းချုပ်

လွန်ခဲ့သော နှစ်ပေါင်း ၆၆-နှစ် သက္ကရာဇ် ၁၂၇၀ (၁၉၀၈)ခုနှစ် တိရစ္ဆာန်ရုံသို့ လာရောက်ကြည့်ရှုသူများ မရောက်မီ နံနက်စောစောအချိန် ဆင်ရုံမှ ဆင်ဖြူတော်ကို ထုတ်ယူပြီး လမ်းလျှောက်လျက် အညောင်းအညာ ပြေစေရန် လုပ်ရ၏။ ကုလားအုပ်လည်း နှစ်ကောင်မျှရှိရာ ၎င်းတို့အားလည်း အညောင်းပြေစေရန် နံနက်ခင်း လမ်းလျှောက်စေရ၏။ လမ်းလျှောက်သည့်အခါများတွင် ကုလားအုပ်နှင့်ဆင်မှာ တဦးကိုတဦး ငြိမ်သက်စွာပင် ဖြတ်သန်းလေ့ရှိသော်လည်း အထူးသဖြင့် မုန်ယိုသည့်နေ့ နံနက် ၇-နာရီအချိန်၌ကား လူဝံများထားသည့် တောင်ပူစာအထွတ် အငြိမ်လေ့ကား ခြေရင်းမှာ မုန်ပြင်းလာပြီး ကုလားအုပ်တကောင်ကို အစွယ်ဖြင့်ထိုးကာ ခြေဖြင့် နင်းသတ်

လိုက်လေသည်။ ဆင်ဦးစီးလည်း မုန်ယိုခြင်းမှပျောက်စေရန် ချွန်းဖြင့် အကြိမ်ကြိမ်ထိုးရာ စိတ်ခက်ထန်ခြင်း လျော့မသွားဘဲ ဆိုးဝါးလာလေသည်။ အနီးရှိ သစ်ပင်တပင်ကို ပြေး၍ အစွယ်နှင့် ထိုးလိုက်ရာ ဦးစီးလိမ့်ကျသွားလေ၏။ ထိုအခါ ဦးတည့်ရာသို့ ထွက်ပြေးစဉ် မုန်ယိုလျက်ရှိသော ဆင်ကြီးက နောက်မှအတင်း လိုက်၍ ထိုးလေသည်။

သို့ရာတွင် ဆင်ဦးစီးသည် ရုတ်တရက် စိတ်ကူးပေါ် လာပြီး ဝေးဝေးမပြေးရသေးမီ ဝမ်းဘဲနှင့်ငန်းများထားသော ရေအိုင်နှင့် ဆင်ရုံအကြားရှိ ရေမြောင်းကလေးကို ဖြတ်ကျော် ဆောက်လုပ်ထားသော တံတားကလေးအောက်တွင် ဝင်ရောက် ပုန်းအောင်း နေလိုက်၏။ ကျန်သော အခြားဆင်ဦးစီးများသည် ငယ်သံပါအောင် အော်ဟစ်ပြီး အကူအညီ တောင်းရာ တိရစ္ဆာန်ရုံ တွင်းရှိ အားလုံးသော အစောင့်အရှောက်များ ရောက်လာပြီး ဝိုင်းဝန်းကူညီကာ ဆင်ရုံသို့ မောင်းသွား၍ ခြေလေးဘက်စလုံး ထူးခတ်ထားလိုက်လေသည်။

မုန်ယိုနေသော ဆင်ကို ထိန်းရသည့် ပုန်းအောင်းရာမှ ထွက်လာသော ဆင်ဦးစီးကား အနီးအနားတွင်ရပ်လျက် အခြား သူများအား ကူညီရင်း စီမံနေရာ ရုတ်တရက် ၎င်း၏အကျီကို

နောက်မှနေ၍ ဆွဲလိုက်လေသည်၊ ကံအားလျော်စွာ အင်္ကျီမှာ ကျယ်သီးတပ်မထားသည့်အတွက် လက်နှစ်ဘက်လုံး နောက်သို့ ဆန့်ပေးလိုက်သဖြင့် အင်္ကျီသာလျှင် ပါသွားလေသည်။ ၎င်း အင်္ကျီကို အစွယ်ဖြင့်ထိုး ရှေ့ခြေဖျားဖြင့်နင်းကာ ဆုတ်ပစ်လိုက်လေသည်။ ၁၀-နာရီခန့် ရှိသောအခါ ဆင်ကြီးသည် ပို၍ ဆိုးဝါးလာမည့် လက္ခဏာပြလျက်ရှိလေသည်။ ထို့ကြောင့် တိရစ္ဆာန်ရုံဝန်ထောက်က တိရစ္ဆာန်အဖွဲ့ ဥက္ကဋ္ဌ ချိပ်ကုတ်တရားဝန်ကြီးချုပ်ဆာချားရ်ဖော့အား ဖြစ်ပျက်ပုံများကို အကြောင်းကြားလိုက်လေသည်၊ ထူးခြားစွာ တိုက်ဆိုင်နေသော အချက်တရပ်မှာ ထိုစဉ်အခါက အစိုးရ၏ဆင်ဖမ်းဌာနဟူ၍ ရှိဖူးလေသည်။ ၎င်းဌာနမှာ အစိုးရ ဆင်ဖမ်းသမားများ ဆင်ဦးစီးများထားကာ ဖမ်းဆီးရောင်းချလေ့ရှိသည်။ ၎င်းဌာနအတွက် အမှုတစ်ခုရှိ၍ ဆင်ဖမ်းဌာနမှ သက်သေခံရန် လူပေါင်း၁၈၀-ခန့် ရုံးတွင်ရှိနေလေသည်။ ထို့ကြောင့် ကျွမ်းကျင်သူ လူ၂၀-ခန့်ကို တိရစ္ဆာန်ရုံသို့ စေလွှတ်ပြီး မုန်ယိုနေသောဆင်ကို မူလအတိုင်း ထူးများပြန်လည်ခတ်ရန် စီစဉ်ပြီး စေလွှတ်လိုက်ရ၏။ ထိုအချိန်မှာ ဆင်ကြီး၏ ရှေ့ခြေတချောင်းမှ သံကြိုးမှာ ပြတ်သွားပြီဖြစ်၏။ ချိပ်ကုတ်မှလွှတ်လိုက်သော ဆင်ဦးစီးများ မွန်းတည့်ချိန်လောက်တွင် ရောက်လာကြရာ နောက်ခြေတစ်ဖက်မှ သံကြိုးလည်း ပြတ်သွားပြန်သည်။

ဤဆင်ဦးစီး အားလုံးတို့သည် မိမိတို့စွမ်းအားရှိသမျှ ချွန်းများဖြင့် ထိုးကာ သံကြိုးအားလုံး ခတ်ရန် ကြိုးစားပါသော်လည်း ချွန်းနှင့် ထိုးလေ ဆိုးလေဖြစ်ပြီးလျှင် ရှေ့ခြေနှင့်နောက်ခြေတစ်ဖက်စီသာ သံကြိုးနှင့်ရှိသော ဆင်ကြီးမှာ ဆင်ရုံကိုပင် ဖျက်ဆီး ပစ်ရန် တိုင်များကို အစွယ်နှင့်ထိုး နှာမောင်းဖြင့်ရစ်ပတ်ကာ နှဲ့လျက် ရှိသည်။

ညနေ ၃-နာရီတိုင်အောင် ခြေနှစ်ချောင်းကို ထူးခတ်ရန် အားထုတ်နေကြသူများမှာ လွန်စွာပင်ပန်းနွမ်းနယ် နေကြပြီဖြစ်သော်လည်း အထမမြောက်ကြတော့ချေ၊ ထိုမျှမကသေး ရှေ့ခြေ တဖက်မှ သံကြိုးကိုဖြုတ်ရန် ကြိုးစားလျက် ရှိပြန်သောကြောင့် အကယ်၍ သံကြိုးတစ်ချောင်းသာ ကျန်ရစ်သည့်အဖြစ်သို့ ရောက်လျှင် ရောက်လည်းရောက်တော့ မည့်ဆဲဆဲ ဖြစ်သဖြင့် ဤအခြေ အနေတွင် မတားမဆီးလိုက်ပါက ရန်ကုန်တစ်မြို့လုံး တုန်လှုပ် ခြောက်ချားမည့်အရေးကို မြင်သောကြောင့် ဆင်ရုံအနောက်ဖက် ဂေါ်ရာကုန်းပေါ်ရှိ ဗြိတိသျှခြေလျင်တပ်သား ၁၀-ဦးကို အရာရှိ တစ်ဦး အုပ်ချုပ်လျက် လာရောက်ကူညီရန် အကြောင်းကြားလိုက် သဖြင့် အဆင်သင့်ရောက်လာကြလေသည်။

## ဆင်ဖြူတော်ကိုပစ်သတ်ခြင်း

မုန်ယိုသောဆင်တို့သည် ငြိမ်သက်စွာမနေတတ်၊ အစဉ်မပြတ် လှုပ်ရှားနေတတ်သည့်အလျောက် သေကွင်း ဖြစ်သော ဦးခေါင်းကို မှန်အောင်မထိလျှင် ပိုမိုးဆိုးဝါးလာဖွယ်ရှိ၏၊ သို့အတွက် စစ်သားများသည် ဒူးထောက်ကာ ဆင်ရုံကုန်း အနောက်ဖက် လှေခါးရင်းမှ ချိန်ရွယ်လျက် ကောင်းကင်သို့ တစ်ချက်ပစ်ဖောက် လိုက်၏၊ ထိုအခါလန့်ပြီး ငြိမ်နေခိုက်မှာ ကျန်လူများက ဦးခေါင်းကို ပစ်ရန် စီစဉ်ပြီး ပစ်ခတ်ကြလေသည်၊ ဆင်ကြီးမှာ ကျည်ဆံများ ဒဏ်ချက်ကြောင့် မြေသို့ ဦးခေါင်း ငိုက်စိုက်ကျပြီး ပုံရက်သား လဲသေလေတော့သည်။

ဆင်ကြီးသေဆုံးသောအခါ မြူနီစီပယ်မှ လမ်းလိမ့်စက်ကြီးတစ်ခုနှင့် ကူလီတအုပ် အကူအညီခေါ်လျက် ကတ္တဝါများထားသော အိမ်ကြီးအနောက်ဖက်မှာပင်တွင်းတူးပြီး ဆွဲငင်ယူ ဆောင်မြှုပ်နှံလိုက်ရလေသည်၊ တွင်းထဲ၌ ဆင်သေ၏အလောင်း အောက် နှစ်ဖက်လုံးတွင် တုံးများထည့်ပြီး မြှုပ်ကြရာ ည ၁၁-နာရီတိုင်မှ ပြီးလေသည်။ ဤသို့လျှင် သီပေါမင်း၏ ဆင်ဖြူတော် မရှုမလှ ဇာတ်သိမ်းသွားရရှာလေသတည်း။ အရှင်သခင်ဖြစ်သော

သီပေါမင်း ကံဇာတာ မေ့းမှိန်ရသကဲ့သို့ မင်း၏ဆင်ဖြူတော် လည်း ကံမကောင်းရှာချေ။

## ဆင်ဖြူမကလေး

ရန်ကုန်မြို့ တိရစ္ဆာန်ဥယျာဉ်အတွင်း၌ရှိနေသော ဆင်ဖြူမကလေးအကြောင်းကိုလည်း ဖော်ပြသင့်ပေသည်။ သက္ကရာဇ် ၁၃၂၀-ခု (၁၉၅၈၊ မတ်လ ၁၇-ရက်) တနင်္လာနေ့ညတွင် မြစ်ကြီးနားခရိုင် ကာမိုင်းတောင်တန်းနယ် မိုင်းနောင်ရွာဟောင်းကြိုးဝိုင်းအတွင်း ခေါင်းတုချောင်းဖျား၌ နိုင်ငံပိုင်သစ်ထုတ်လုပ်ရေး၌ရှိသော မိစုအမည်ရှိ ဆင်မကြီးက မွေးဖွားလိုက်သော ဆင်ဖြူမကလေးဖြစ်သည်။

## တော်လည်း, လျှောင်လှုပ်

ထိုဆင်ဖြူမကလေး ဖွားမြင်ချိန်တွင် တော်လည်းခြင်း, လျှောင်အကြိမ်ကြိမ် လှုပ်ခြင်းများ ဖြစ်ခဲ့သည်ဟု အဆိုရှိ ပေသည်။ ဆင်ဖြူမကလေး မွေးကင်းစတွင်ရှိသော အရပ်အမောင်းမှာ အမြင့် ၃-ပေ၊ ကိုယ်လုံး ၄-ပေ၊ အမြီးမှာ တံခါးပိတ်ဖြစ်ပြီး အရှည်မှာ တပေ ၉-လက်မ၊ ကျောငှက်ပျောကိုင်း၊ လည်ပင်း

၃-ပေ တလက်မနှင့် ကိုယ်ရေအဖြူ မျက်စိအပြာဖြူ သူငယ်အိမ် ပုလဲရောင်ဖြစ်သည်။ မွေးကင်းစတွင် မျက်လုံးများ၏ထူးခြားပုံမှာ "ဆင်ဖြူမလေး၏ မွေးဖွားစ မျက်လုံးသူငယ်အိမ်သည် နံနက် ခြောက်နာရီတွင် ရွှေးစေ့ခန့်ကြီး၍ ညနေခြောက်နာရီတွင် ရွှေးစေ့ခန့်ငယ်သွားသည်" ဟု ဆင်အုပ်၏ မှတ်တမ်းစာအုပ်တွင် မှတ်သားထားသည်ကို တွေ့ရသည် ဟူ၍ ဆင်လုပ်သား စာအုပ် တွင် ဖတ်ရှုရသည်။

## ကျမ်းထွက်ဆင်နှင့် ဆင်ဖြူတော်

ရှေးမြန်မာဘုရင်တို့သည် ဆင်ဖြူကို အလွန်အရေးပေး ကြသည်။ ဆင်ဖြူရှင်ဘွဲ့ မရရှိသော ဘုရင်တို့ကို သာမန်မင်းမျှ သာဟု ယူဆကြလေသည်။ ထို့ကြောင့် ပင်းယတစီးရှင်သီဟသူ သည် စမုန်မြစ်တွင် မျောပါလာသော ဆင်ဖြူမ အသေကောင်ကို ဆယ်ယူကာ ညှပ်ဖြင့် မတ်တတ်ထားစေလျက် ထိုဆင်အလောင်း ပေါ်သို့ တက်စီးကာ " တစီးရှင် သီဟသူ" ဘွဲ့ ခံယူကြောင်း ရာဇဝင်တွင် အဆိုရှိပေသည်။

ကြွန်အင်လက္ခဏာနှင့်ပြည့်စုံသော ဆင်ဖြူသည် မင်းမြောက်တန်ဆာတပါး (ရတနာ) ဖြစ်၏။ ဘုရင်မှတပါး မှူးမတ်စသော အခြားပုဂ္ဂိုလ်များ စီးနင်းပါက ဘေးဒုက္ခရောက်တတ်သည့်ပြင် ဆင်မှာလည်း ဘုန်းယုတ်နိမ့်ကြောင်း ကုသပျို့၌ မုံရွေးဆရာတော်ဘုရား စပ်ဆိုတော်မူခဲ့သည်။ ဆင်ဖြူရတနာ ပေါ်ပေါက်လာခြင်းသည် တရာ့တပါးသော ထီးဆောင်း မင်းအပေါင်းကို အောင်မြင်မည့် အတိတ်နိမိတ်ဖြစ်သည်ဟု ရှေးမြန်မာဘုရင်များ ယုံကြည်ကြသည်၊ ဆင်ဖြူတော်ပေါ်လာခါနီးတွင် မြေငလျင်လှုပ်တတ်သည်ဟုလည်း လူအများယူဆကြသည်။

## ဆင်ဖြူပေါင်းချုပ်

မြန်မာ့ရာဇဝင်တွင် သက္ကရာဇ် ၆၇၄-ခု နန်းတက်သော ပင်းယခေတ် တစီးရှင်သီဟသူသည် ဆင်ဖြူရှင်ဘွဲ့ ခံယူသည်၊ အမရပူရမြို့တည် နန်းတည် ဘိုးတော်မင်းတရားသည် သက္ကရာဇ် ၁၁၃၅-ခု၊ မြို့သစ်တွင်ရသော ရတနာ ဆင်ဖြူတော်ကို “ဥပေါ်ပြောင်မွန်”ဟု ဘွဲ့အမည်ပေးတော်မူ၍ ဆင်ဖြူရှင်ဘွဲ့ကို ခံယူသည်။

သက္ကရာဇ် ၁၁၄၃-ခု မှစ၍ ၃၈-နှစ်ကြာမျှ အမရပူရ၌ ထီးနန်းစိုက်ခဲ့သော ဘိုးတော်ဘုရားလက်ထက်၌ အမရပူရ ထီးပေါင်းကား အရပ်မှ ရရှိသော ဆင်ဖြူတော်ကလေး, စော်ဘွား ဆက်သသော ဆင်ဖြူတော်လေး, မင်းကွန်း အလယ်ကျွန်း၌ စံနေတော်မူစဉ် ဟံသာဝတီ ကြေးလုလင်မြို့နယ် မင်းလှအရပ်မှ အရံဆင်များနှင့် ရရှိသော ကိုယ်လုံးဖြူ ဥပေါသထမျိုးနွယ် ဆင်ဖြူမ, ဟံသာဝတီမြို့တောင် နိဗ္ဗာန်ရွာအရှေ့ ကွင်းသာယာ အရပ်မှ ဆွတ်ဆွတ်ဖြူသော ဆင်ဖြူတော်၊ ဤသို့လျှင် ဘိုးတော်ဘုရား လက်ထက်၌ ဆင်ဖြူတော်များ ပေါ်ပေါက်ခဲ့၍ တိုင်းပြည် စည်ပင်ဝပြော သာယာသည်ဟု ယူကြသည်။ ထိုအခါ မြန်မာနိုင်ငံ နှင့် တရုပ်နိုင်ငံ ရွှေလမ်းငွေလမ်းဖောက်၍ တရုပ်သံများ အမရပူရ မြို့တော်သို့ ရောက်ရှိစဉ် ဆင်ဖြူတော်များကို ဒိဋ္ဌတွေ့မြင်ရ၍ အံ့ဩကြပုံ စာဆိုတော်ကြီး ဒုတိယနဝဒေးက တရုပ်သံရောက် မော်ကွန်းတွင် စပ်ဆိုခဲ့ပေသည်။

ပုဂံခေတ် ကုန်ဆုံးပြီးနောက် သက္ကရာဇ် ၆၀၀-ကျော် ပင်းယခေတ်မှစ၍ စစ်ကိုင်း, အင်းဝ, ကုန်းဘောင်ခေတ် နောက်ဆုံး သီပေါမင်းတိုင်အောင် နှစ်ပေါင်း ၆၀၀-ကျော်အတွင်း ရှေးမြန်မာဘုရင်များသည် ဆင်ဖြူများရှင်, တစီးရှင်, ငါးစီးရှင်,

ဆဒ္ဒန်ဆင်မင်းသခင် အစရှိသည်ဖြင့် ဆင်ဖြူပိုင်ဆိုင်ကြောင်းကို ထင်ရှားပြသော ဘွဲ့များကို ခံယူခဲ့ကြလေသည်။

ကုန်းဘောင်ဆက် နောက်ဆုံး သီပေါမင်းလက်ထက်တွင် တောင်ငူမြို့ ရန်အောင်မြင်တောတွင်းမှ ဖမ်းယူ ရရှိသော အရပ် ၃-တောင် ၂-မိုက်၊ အစွယ်ပြင်တော်တမိုက်ခန့်ရှိ ဆင်ဖြူတော်ကို ရရှိခဲ့ပြီးသည့်နောက် ဆင်ဖြူများ တိမ်မြုပ်သွားခဲ့ရာ ယခုအခါ တိရစ္ဆာန်ဥယျာဉ်၌ ရှိနေသော ဆင်ဖြူမအထိ နှစ်တစ်ရာကျော် ကာလကြာရှိခဲ့လေပြီ။ ထို့ကြောင့် ဆင်ဖြူဆိုသည်မှာ အလွန် ရှားပါးသော ရတနာတပါးဟု ရှေးပညာရှိများ ယူဆခဲ့ကြသည်။

## ဆင်ဖြူတော်၏လက္ခဏာ

ဆင်ဖြူတော်၏ လက္ခဏာအင်္ဂါများမှာ အမြီးက တံခါး ပိတ်ရှိပြီး ရှေ့ခြေနှစ်ဖက်တွင် ခြေသေးငါးလုံးနှင့် နောက်ခြေ နှစ်ဖက်တွင် ခြေသေးငါးလုံး အစုံပါရမည်။ မျက်လုံးမှာ ပီပြင် ကြည်လင်သော ပုလဲအဆင်းရှိ၍ ကြန်စုံမှသာ ဆင်ဖြူတော် အစစ်ဖြစ်သည်ဟု ဆိုကြသည်။

အမြီးတံခါးပိတ်ဆိုသည်မှာ အခြားသာမန်ဆင်များကဲ့သို့ အမြီးဖျားရှိ အမွေးများသည် ထောင်လိုက်မဟုတ်ပဲ ကန့်လန့်ပိတ်

ဖြစ်နေရမည်။ ထိုသို့ကန့်လန့်ပိတ် အမွေးပါသော ဆင်မှာ တရာတွင် တစ်ကောင်မရှိချေ၊ တွေ့ရခဲလှသည် ဟုဆို၏။ ဆင်ဖြူသာမဟုတ် အချို့ဆင်မဲများတွင်လည်း ထိုသို့အမြီးတံခါးပိတ်ခေါ် အမြီးဖျားတွင် ကန့်လန့်အမွေး ပေါက်သော ဆင်များရှိသည်။ ထိုတံခါးပိတ် အမြီးဖျားမှ ဆင်မွေးကို သုံးလွန်းတင် လက်စွပ်ထိုး၍ ဝတ်လျှင် စုန်းနတ် တစ္ဆေရန်မှ ကင်းလွတ်သည်ဟု ဆင်သမားများက ယူဆကြသည်။ ဆင်မြီးလက်စွပ်ဟုခေါ်သည်။ ရှေ့ခြေငါးပါး၊ နောက်ခြေငါးပါးဆိုသည်မှာ "ပန်းကွင်း"ခေါ် ခွာသီးကိုဆိုသည်။ မျက်လုံးပုလဲဆိုသည်မှာ ဆင့်မျက်လုံးသည် ပုလဲကဲ့သို့ ဖြူသော အမျိုးအစားရှိရမည်။ ဆင်ဆရာတို့၏ဝေါဟာရအရ ဘုတ်မျက်လုံး ကြက်တူရွေး သာလိကာနှင့် အစပ်ကပြားများ မဖြစ်ရပေ၊ ကြန်စုံသည်ဆိုခြင်းမှာ နားရွက်ဖျားနှစ်ဘက်နှင့် အမြီး၊ နှာမောင်း၊ ခြေဖျား၊ လက်ဖျား ဖြူသောဆင်ကို ခေါ်ခြင်းဖြစ်သည်။

## ပြက်ရယ်မပြုသင့်

ဆင်ဖြူအကြောင်းကို မသိသူအချို့က ဆင်ဖြူဆိုသည်မှာ လူများညှင်းစား၍ တစ်ကိုယ်လုံး ညှင်းခြံသွားသကဲ့သို့ ဆင်များလည်း ပွေးစား၍ ဆင်မဲမှ တစ်ကိုယ်လုံးနီကြင်ကြင် အရောင်ဖြစ်

သွားသော ဆင်မျိုးဟုဆိုတတ်ကြ၏၊ ဤသို့ ဆိုခြင်းမှာ ရှေးပညာရှိကြီးများနှင့် မြန်မာဘုရင်တို့ကို အလေးမထား ပြောင်လှောင်ပြက်ရယ်ပြောသော စကားမျိုး ဖြစ်လေသည်၊ ဆင်ဖြူသည် ပွေးစားပြီးမှ ဖြူသွားခြင်းမဟုတ်ဘဲ မွေးဇာတိကပင် အဖြူရောင်ပါလာခြင်းဖြစ်သည်။

* ဆင်ပွေးမှာ လူကို ကူးစက်တတ်သည်၊ ရွှေလီတောထဲတွင် ဆင်ရိုင်းများဖမ်းသော ဆင်ဖမ်းလုပ်သားများထဲတွင် ဆင်ပွေးစွဲကပ်နေသော လုပ်သားတယောက်ကို ကိုယ်တိုင်မြင်ဖူး

---

ဆင်ပွေးစွဲသူကိုယ်ပေါ်တွင် ငါးပြားစေ့, ဆယ်ပြားစေ့, မတ်စေ့လောက်ရှိသော မဲမဲအကွက်များသည် ဆေးပြောက်များ ထိုးထားသကဲ့သို့ တကိုယ်လုံး ပြည့်နှက်နေသည်၊ ရေမှန်မှန် မချိုးသောကြောင့် ဆင်ပွေးကျခြင်း ဖြစ်သည်ဟု တိရစ္ဆာန်ဆေးကုဝန်ထောက်က ဆို၏၊ ဆင်များဖမ်းဆီးပြီး၍ မိုးဦးကျချိန်ရောက်လျှင် အလိုလိုပျောက် သွားတတ်သည်၊ ဆင်ပွေးသာမဟုတ် ဆင်ဝဲစားခြင်း, ဆင်ခူပေါက်ခြင်းသည်လည်း လူကို ကူးစက်တတ်သည်၊ များသော အားဖြင့် ဆင်ဖမ်းလုပ်သားများထဲတွင် ဆင်ပွေးကျခြင်း, ဆင်ဝဲစားခြင်း များကို တွေ့ရတတ်လေသည်။

(ဆင်လုပ်သားမှ)

သူပင်ရှိသည်၊ ဆင်ဖြူပေါ်၍ မင်းလောင်းပေါ်မည်၊ စကြာမင်း လာမည်ဆိုသော ရှေးဟောင်းအယူအဆကို ယခုခေတ် ဆင်သမားများက လက်မခံကြတော့ပေ။ မြန်မာလူမျိုး မိဘအစစ်မှ တခါတရံ လူဖြူကလေးများ မွေးတတ်သကဲ့သို့ ဆင်မဲမများမှ တခါတရံ ဆင်ဖြူမွေးတတ်သည် ဟုအဆိုရှိသည်။ ပုဂ္ဂလိက ဆင်သမားများကမူ ဆင်ကလေးမွေးဖွားရာ၌ အမြီးတံခါးပိတ်၊ သို့မဟုတ် ကြန်စုံအင် မွေးပါက လာဘ်ရွှင်မည်, အကျိုးပေးမည် စသည်ဖြင့် ရိုးရာအယူရှိကြသည်။

## တောဆင်ရိုင်းနှင့် ဆင်ဖြူ

တောဆင်ရိုင်းများထဲတွင် ဆင်ဖြူမွေးလာလျှင် အခြားဆင်များသည်ဆင်ဖြူကလေးကို ဘေးအန္တရာယ် မဖြစ်အောင် ကာကွယ်ပြီး သွားရာလာရာ၌ ဘေးကဝိုင်းရံ စောင့်ရှောက်လေ့ရှိကြသည်။ ဆင်ဖြူအိပ်ရာ နေရာကိုပင် အခြားဆင်များက သစ်ခက်သစ်ရွက်များ ရှာ၍ ခင်ကျင်းပေးကြသည်ဆိုသည်။ အမှန်မှာ ဆင်များသည် ဆင်ဖြူကလေးကိုသာ စောင့်ရှောက်ကြသည်မဟုတ် အခြားသော ဆင်ကလေးများကိုလည်း ညအိပ်သောအခါ တောခွေး, ကျား စသည့် သားရဲတို့၏ ဘေးအန္တရာယ်မှ ဝိုင်းဝန်းကာကွယ် စောင့်ရှောက်တတ်ကြလေသည်။

## စကြာမင်း၏ဆင်ဖြူရတနာ

ဆင်ဖြူကို အထင်မသေးမိကြရန် သုတ်မဟာဝါ၊ မဟာသုဒဿနသုတ်(ဗုဒ္ဓဒေသနာ)လာ စကြာမင်း၏ ဆင်ဖြူရတနာရောက်လာပုံကို ဖော်ပြလိုက်ပါသည်။

မင်းတကာတို့တွင် အမြတ်ဆုံးဖြစ်သော စကြာမင်းသည် စကြာရတနာ, ဆင်ရတနာစသော ရတနာ ၇-ပါး ရောက်လာရန် ကုသိုလ်ကောင်းမှု အသစ်များကို ထပ်၍ ပြုရသေးသည်။ ဆင်ဖြူရတနာရောက်လာစေရန် နံနက် စောစောကပင် တစ်သိန်းတန် အလှူကြီးကိုပေး၍ နံ့သာရေအိုး ၁၆-လုံးတို့ဖြင့် ဦးခေါင်းကလောင်း၍ ရေချိုးရသည်။ ဥပုသ်သီလဆောက်တည်ရသည်။ ပြီးမှ ကောင်းမြတ်သော ဘောဇဉ်ကိုစား၍ အပေါ်ရုံအဝတ်ကို စမွယ်တင်လျက် ပြာသာဒ်အထက်ဆင့်ရှိ ကျက်သရေတိုက်ခန်းသို့ဝင် တင်ပလ္လင်ခွေထိုင်ကာ မိမိ၏ ဒါန, သီလစသော ကောင်းမှုများကို ဆင်ခြင်ရ၏။ ထိုအခါ မှူးမတ်တို့က မင်္ဂလာဆင်ထားသည့် နေရာကို ညီညွတ်သန့်ရှင်းအောင် ပြုပြင်၍ စန္ဒကူးရွှေစသော မွှေးကြိုင်သော နံ့သာပျောင်းတို့ဖြင့် လိမ်းကျံစေသည်။ အောက်မြေအပြင်၌ ဆန်းကြယ်မွှေးကြိုင်သော ပန်းတို့ဖြင့် ဖြန့်ကြဲထားစေသည်၊ အထက်၌ ရွှေကြယ်ပြောက်များ အကြားအကြားတွင် နှစ်သက်ဖွယ်ရာ ပန်းဆိုင်းတို့ဖြင့် တန်ဆာဆင်ထားသော မျက်နှာကြက်ကို

နတ်ဗိမာန်ကဲ့သို့ ပြုပြင်စေပြီးမှ စကြာမင်းကြီးအား- "မင်းမြတ်. . . မင်းမြတ်နှင့် ထိုက်တန်သော ဆင်ရတနာရောက်လာခြင်းကို ကြံစည်အောက်မေ့တော်မူပါ"ဟု လျှောက်တင်ကြ၏။ မင်းကြီးသည် ဒါနစသော ကောင်းမှုအသစ်များကို အာရုံပြု ဆင်ခြင်တော်မူလျှင် ထိုကောင်းမှုရှိန်စော် အာနုဘော်ကြောင့် ဆဒ္ဒန်ဆင်မျိုးမှဖြစ်စေ, ဥပေါသထဆင်မျိုးမှဖြစ်စေ တက်သစ်စနေဝန်းအသွင် နီမြန်းသောခြေ, လည်ပင်း, ခံတွင်းရှိသော စင်ကြယ်ဖြူဆွတ်သော ကိုယ်, ခြေ ၄-ဘက်, အစွယ် ၂, အမြီး ၁ ဤ ၇-ဖြာတို့ မြေ၌ထိတွေ့ တည်ရှိသော ကောင်းသော သဏ္ဌာန်အင်္ဂါကြီးငယ်စုံလင်သော ပွင့်သစ်စ ကြာပဒုမ္မာနီ အဆင်း ကိုယ်လုံးဝင်းသော (တန်ခိုးရှိသော ယောဂီအလား) ကောင်းကင်ပျံသွားနိုင်စွမ်းသော ဆေးဒန်းမြင်းသီလာမှုန့်တို့ဖြင့် အနားသတ်ထားသော ငွေတောင်ကဲ့သို့သော ဆင်ပျံ ရတနာသည် ရောက်လာ၍ ပြုပြင်ထားသော ဆင်မင်းနေရာ၌ တည်နေလေ၏။ ဆဒ္ဒန်ဆင်မျိုးမှလာလျှင် ဆင်အငယ်ဆုံး ဖြစ်၍ * ဥပေါသထဆင်မျိုးမှလာလျှင် ဆင်အကြီးဆုံးအရွယ်ဖြစ်ရ၏။

---

* ပါဠိတော်၌ကား ဥပေါသထဆင်ဖြူရောက်လာသည်-ဆို၏၊ ဤဆင်ဖြူမျိုးကား သာမန်လူ, သာမန်မင်း တို့၏ အသုံးအဆောင် မဖြစ်နိုင်၊ (သုတ်မဟာဝဂ်၊ မဟာသုဒဿနသုတ် အဋ္ဌကထာ-နှာ ၂၁၆။)

# ဝိနယပိဋက ပါစိတ်ပါဠိတော်လာ
# စစ်တပ်ဖွဲ့ပုံ

* စစ်သည်မည်သည်ကား-

ဆင်, မြင်း, ရထား, ခြေသည်တို့သည် စစ်သည် မည်ကုန်၏၊ ဆင်စီး, ဆင်ခြေဖုံး ယောကျ်ားဆယ့်နှစ်ယောက် ရှိသော ဆင်စစ်သည်၊ မြင်းစီးသူ, လှံကိုင်ယောကျ်ား သုံးယောက်ရှိသော မြင်းစစ် သည်၊ စီးသူ, မောင်းနှင်သူ, နားပန်းစောင့်ဟူသော ယောကျ်ား လေးယောက်ရှိသော ရထားစစ်သည်၊ လက်နက်စွဲကိုင်ကုန်သော ယောကျ်ားလေးယောက် တို့သည် ခြေသည်စစ်သည် မည်ကုန်၏၊ (ဆင်သည် ရှေးဦးက နေသည်ကို သတိပြုပါ)

\+ တပ်မည်သည်ကား-

---

"သေနာ နာမ ဟတ္ထီ အဿာ ရထာ ပတ္တီ။ ဒွါဒသ ပုရိသော ဟတ္ထီ။ တိပုရိသော အဿော၊ စတုပုရိသော ရထော၊ စတ္တာရော ပုရိသာ သရဟတ္ထာ ပတ္တီ။"

"အနိကံ နာမ ဟတ္ထာနိကံ အဿာနိကံ ရထာနိကံ ပတ္တာနိကံ။ တယော ဟတ္ထီ ပစ္ဆိမံ ဟတ္ထာနိကံ၊ တယော အဿာ ပစ္ဆိမံ အဿာနိကံ၊ တယောရထာ ပစ္ဆိမံ ရထာနိကံ၊ စတ္တာရော ပုရိသာ သရဟတ္ထာ ပစ္ဆိမံ ပတ္တာနိကံ"။ (ဝိနယ ပါစိတ်ပါဠိတော် ဥယျုတ္တသေနာ သိက္ခာပုဒ်။)

ဆင်တပ်, မြင်းတပ်, ရထားတပ်, ခြေသည်တပ်တို့ပင် တည်း၊ ဆင်သုံးစီးသည် အနည်းဆုံး ဆင်တပ်မည်၏၊ မြင်းသုံးစီး သည် အနည်းဆုံး မြင်းတပ်မည်၏၊ ရထားသုံးစီးသည် အနည်းဆုံး ရထားတပ်မည်၏၊ လက်နက်စွဲကိုင်သော ယောကျ်ားလေးယောက် သည် အနည်းဆုံးခြေသည် (ခြေလျင်) တပ်မည်၏၊ ဆင်တပ်, မြင်းတပ်, ရထားတပ်, ခြေလျင်တပ်- ဤ ၄-ပါးစုံမှ စစ်တပ်ဟု ခေါ်၏။ (ဥယျုတ္တသေနာသိက္ခာပုဒ်)

ဘုရားမပွင့်မီ ရှေးအခါကပင် ဘုရင်ဟူသမျှ ဤနည်း အတိုင်းပင် စစ်တပ်ဖွဲ့စည်းကြလေရာ စစ်တပ်၏ အခြေအနေကို ကြည့်လျှင် ဆင်တပ်သည် တပ်၏ထိပ်ဆုံးက ပါဝင်လျက်ရှိသည်မှာ ထင်ရှား၏။ ယခုအခါ ခေတ်မီ စစ်တပ်များတွင် သံချပ်ကာတပ် သည် အရေးပါအရာရောက်သကဲ့သို့ ရှေးအခါ စစ်တပ်များတွင် ဆင်တပ်သည် အလွန်အရေးပါ အရာရောက်လေသည်။

ရာဇဝင်တွင် ထင်ရှားလှသော ဟံသာဝတီ ဆင်ဖြူများရှင် (ဘုရင့်နောင်) လက်ထက်တွင် မိုးနားစန္ဒားသို့ ချီတက်ရာ၌ ပါဝင် သည့် စစ်ကြောင်းချီတပ်များ၏ အင်အားကို ဤသို့ ဖော်ပြထား လေသည်။

"တပ်ပေါင်း ၁၂-တပ်တွင်ပါသည့် တိုက်ဆင် ၄၀၀၊ မြင်း ၅၀၀၀၊ စစ်သည်သူရဲ တသိန်းနှစ်သောင်းနှင့် မိုးမိတ်ကြောင်း ချီရသည်"။

"သည် ၁၂-တပ်တွင် ပါသည့်တိုက်ဆင် ၄၀၀၊ မြင်း ၅၀၀၀၊ စစ်သည်သူရဲတသိန်း နှစ်သောင်းနှင့် ရင်ကြောင်း သီပေါကို တိုက်၍ချီရသည်"

"သည် ၁၂-တပ်တွင်ပါသည့် တိုက်ဆင် ၄၀၀၊ မြင်း ၅၀၀၀၊ စစ်သည်သူရဲတသိန်းနှစ်သောင်းနှင့် သက္ကရာဇ် ၉၂၄-ခု တပေါင်းလဆန်း ၄-ရက် သောကြာနေ့ ဟံသာဝတီက မိုးမိတ်ကြောင်း ချီရသည်"။

အထက်ပါစစ်ကြောင်းချီတပ်များ၌ စစ်ကြောင်းတကြောင်းစီတွင် သောင်းတပ် ၁၂-တပ်ပါဝင်သော သိန်းတပ်များဖြစ်သည်ကိုလည်းကောင်း, ဆင်ပေါင်းတထောင့်နှစ်ရာ ပါဝင်သည်ကိုလည်းကောင်း, မြင်းပေါင်းတသောင်းငါးထောင်ပါသည်ကိုလည်းကောင်း မှတ်သားအပ်ပေသည်။

ဘုရင်များကိုယ်တိုင် စီချင်းတိုက်ကြရာ၌ မိမိကြိုက်ရာ ဆင်ကို ရွေးချယ်ပြီးလျှင် ဆင်စီးချင်း တိုက်လေ့ရှိကြသည်

သာများသည်။ မဟာဇနကဇာတ်တွင် အရိဋ္ဌဇနကနှင့် ပေါလဇနကတို့ ဆင်စီးချင်းတိုက်ကြကြောင်း ထင်ရှားလှ၏။

အင်းဝဘုရင်မင်းခေါင်နှင့် ဟံသာဝတီဘုရင် ရာဇာဓိရာဇ်တို့ စစ်ဖြစ်ကြရာ၌ ဆင်တပ်ကိုအဓိကထား၍ တိုက်ကြကြောင်း ရာဇဝင်၌ပါရှိလေသည်။ ထိုစစ်ပွဲတွင် ဆင်စီးချင်းတိုက်ပုံ, ဆင်၏အလိမ္မာနှင့် အင်အားကိုလိုက်၍ အရှုံးအနိုင်ဖြစ်ရပုံများမှာ မှတ်သားဖွယ် ကောင်းလှပေသည်။

## ဆင်လိမ္မာ ဗကမတ်

ကောဇာသက္ကရာဇ် ၇၇၈-ခုနှစ် မွန်ဘုရင် ရာဇာဓိရာဇ်နှင့် မြန်မာဘုရင် အင်းဝမင်းခေါင်၏သားတော် မင်းရဲကျော်စွာတို့သည် ဒလတွင် နောက်ဆုံးတိုက်ပွဲအဖြစ် တိုက်ခိုက်ကြလေသည်။ ဤတိုက်ပွဲတွင် ရာဇာဓိရာဇ် အနိုင်ရခြင်းမှာ ဆင်လိမ္မာ ဗကမတ်ကြောင့်ဟုဆိုနိုင်သည်။

ဒလတိုက်ပွဲ မတိုင်မီ ပန်းကျော်တိုက်ပွဲတွင် ရာဇာဓိရာဇ်၏ ဆင်လိမ္မာ ဗကမတ်ကို မင်းရဲကျော်စွာ ရရှိ သွားလေရာ ဒလတိုက်ပွဲဝင်ခါနီးအချိန်တွင် ဆင်လိမ္မာဗကမတ်ကို ပြန်လည်

ရရှိရန် ဗကမတ်၏ ဆင်ဦးစီး ပေျန်ကို ခေါ်တော်မူလျက် ဤသို့ မိန့်လေသည်။

“ငါ့ဆင် ဗကမတ်ကို သူကရလေသည်၊ ငါတို့ ဆင်အလုံးတွင် ဗကမတ်ကို နိုင်မည့်ဆင်မရှိ၊ မည်သို့ပြုမည်နည်း” ဟု တိုင်ပင်တော်မူလျှင် ဦးစီးပေျန်က-

“ဆင်မလေးစီးတွင် အားကောင်းသူများကိုတင်မည်၊ အကျွန်ုပ်အသံကြားလျှင်ဆင်မများကိုမငေ့ပြီ၊ ဤအခါ ဆင်မနှင့် ချဉ်းကပ်၍ ဗကမတ်ကိုစီးသည့်အမတ်ကို ထိုးချစေပြီးလျှင် ကျွန်ုပ်ယှဉ်၍တက်မည်၊ ဤသို့မဟုတ်လျှင် ညအခါတွင် တိတ်တဆိတ် ဗကမတ်ရှိရာသို့ သွားပြီး ဗကမတ်၏ဘိနပ်နှစ်ဖက်ကို တပ်က မထွက်နိုင်အောင် မယ်န(သံစူး) နှက်ပါမည်။ ဤ ၂-ချက်တွင် ကြိုက်ရာရွေးတော်မူတော့ ဆိုလျှင် နောက်အချက်ကို ကြိုက်သည် ဟု မိန့်တော်မူ၏။

ညဥ့်အခါ မြန်မာတို့အိပ်ပျော်စဉ် ပေျန်နှင့်တကွ လူသုံးယောက်သွားကြလေရာ ပေျန်လည်း ကြံ ၃-ချောင်းကို သတ်၍ ဗကမတ်ကို ပေးမည်ယူခဲ့၏၊ တပ်တွင်းသို့ရောက်၍ ဗကမတ်ကို ချည်သည့် တင်းကုပ်သို့ဝင်သောအခါ ဗကမတ် လည်း အနံ့ရလျှင်

အထိန်းတော်မှန်းသိ၍ နားမခတ်ဘဲနေလေ၏၊ ငပျန်လည်း ယူလာသည့် ကြံသုံးချောင်းကို ဗကမတ်ကို ပေးပြီးမှ ဤသို့ဆို၏။

"ယခုလာရသည်မှာ. . . မင်း၏ဘိနပ်ကို မယ်နနှက်ချေ. . . ရှင်ဘုရင် စေတော်မူ၍ဖြစ်သည်၊ မင့်ကိုငါ မြင်လျှင် မှာတော်မူတိုင်း မင့်ကိုငါမပြုနိုင်ပြီ၊ ငါနှင့်မင်းညီနှစ်ယောက်ကို ချစ်သော် နက်ဖြန် မြန်မာတို့ထွက်လျှင် တိုက်မည် ပြုသောအခါ က-လျှင် အကမခံဘဲ တပ်တွင်းတွင် ဆင်မြင်းလူသူတို့ကို လိုက်လံ၍ တိုးဝှေ့ပါ၊ ငါတို့သုံးယောက်ကို မင်းချစ်၍ သည်အတိုင်းပြုပါမှ ငါတို့သုံးယောက် အသက်ရှင်ရပါမည်"ဟု ငပျန်ဆိုလျှင် ဗကမတ်သည် လည်ညိတ်၏၊ မျက်ရည်လည်း ယို၏။ ပါလာသော အဖော်နှစ်ယောက်တို့ကလည်း "ငါတို့အားဆင်၏ ဘိနပ်ကို မယ်နနှက်ရန်စေသည်၊ ယခုမင်းကိုမပြု၊ နောင်အပြစ်ရှိသော် ငါတို့နှင့်ကင်းပါစေဟု ဆိုပြီးလျှင် ထွက်လာကြ၏။

ရာဇာဓိရာဇ်လည်း စက်တော်မခေါ်ဘဲ စောင့်နေရာ ငပျန်တို့ သုံးယောက်သည် ညဥ့်သုံးချက်တီးကျော်တွင် ရောက်လာ၍ အမိန့်တော်အတိုင်း ပြီးခဲ့ပြီလောဟု မေးတော်မူလျှင် ငပျန်လည်း ဆိုခဲ့သည့်အတိုင်း လျှောက်သောအခါ ပါးကိုပုတ်လျက် "နင်သည် ငါ့အမိန့်တော်အတိုင်း ကျင့်သော် ငါသူကောင်းပြုမည် ကြံတော်မူသည်၊ နင့်ဆင်သည် နင်ဆိုတိုင်းမပြုသောအခါမှ နင့်ကို

သားမယားနှင့်တကွ မီးတိုက်မည်”ဟု မိန့်တော်မူလျက် အကျဉ်းထားလေ၏။

နောက်နေ့တွင် ဒလစစ်ပွဲ စသောအခါ မင်းရဲကျော်စွာသည် ဆင်တော်ငချစ်ခိုင်ကို စီး၍ စစ်မြေပြင်သို့ ထွက်တော်မူရာ မြေတူးစားအား ဆင်ဗကမတ်ကို စီးစေ၍ တပ်မင်းစစ်ကဲ အမှူးအမတ်တို့ကို ဆင်မြင်း အမြန်ပြင်ပြီးလျှင် လိုက်ခဲ့စေဟု အမိန့်ပေးခဲ့၏။

နောက်လိုက်နောက်ပါ တပ်ရင်းများတွင်လည်း မြေတူးစား သက်တော်ရှည်သည် ဗကမတ်ကို စီးရာ သူ့သခင် မှာခဲ့သည့် အတိုင်း လည်ဖတ်တိုင်က ကွာလျှင် မြေတူးစားကို ခါ၍ချလေ၏။ ဗကမတ်လည်း မြေတူးစားကျလျှင် တပ်တွင်းတွင်ရှိသော ဆင်မြင်း လူသူတို့ကို လိုက်လံဝှေ့ပက်သဖြင့် ပရမ်းပတာပြုကွဲ ရှိချေ၏။ ဤတွင်ရဲမက်တော်တို့မင်းရဲကျော်စွာကို မမီနိုင် တန့်၍ရှိချေ၏။ မင်းရဲကျော်စွာမှာ နောက်ထပ် တပ်များမမီဘဲ တစ်တပ်တည်း ချွန်၍ဝင်လာရာ ရာဇာဓိရာဇ်၏သားတော် သုံးပါးကသိ၍ မင်းရဲကျော်စွာစီးသော ဆင်ကို ဆင်အစီး (၃၀) ခန့် အုံညီ၍ တိုက်ကြလေသည်။ မင်းရဲကျော်စွာသည် ဆင်တော်ပန်းသည်နှင့် စစ်ကူလည်းမမီ၍ ဆင်တော်ကို လှံချက်တရာ လောက်ကျလျှင် နာလှသဖြင့် ဆင်တော်ခါသောကြောင့် ဆင်ထက်မှကျ၍ ပေါင်ကို နင်းမိလေ၏၊ ဤနည်းဖြင့် မင်းရဲကျော်စွာအရှုံးကြီးရှုံးရလေသည်။

ဆင်လိမ္မာဗကမတ်လည်း ငပျန်မှာထားခဲ့သည့်အတိုင်း မြေတူးစားကို ခါချပြီးလျှင် မြန်မာတပ်များ ဖရိုဖရဲ ဖြစ်နေခိုက် မြန်မာတပ်ကို နင်းချေ့ပြီးလျှင် တပ်မှထွက်၍ မွန်တို့ဘက်သို့ ပြေးဝင်လာလေ၏။ ယင်းသို့ ပြေးဝင်လာသည် ကို ရာဇာဓိရာဇ် မြင်သောအခါ ဦးစီးငပျန်ကို သံခြေကျဉ်းခတ်ရာမှ လွှတ်၍ ကြိုစေ၏၊ ဗကမတ်လည်း ဦးစီးငပျန်ကို မြင်လျှင် နှာမောင်းဖြင့် ပိုက်ပြီးသော် တပ်သို့ဝင်လေ၏။

ရာဇာဓိရာဇ်လည်း အားရတော်မူ၍ ကြံငှက်ပျော ကျွေး မွေးပြီးလျှင် စစ်တောင်း ကျေးတကောင်းရွာကို ပေးတော်မူ၏။ ငပျန်အားလည်း "နာဂပတ္တိ"ဟူသော အမည်နှင့် ဇာလမန်ဟူသော ရွာကိုပေးတော်မူ၏။

ဗကမတ်ဆင်လိမ္မာသည် မြန်မာတို့လက်သို့ရောက်၍ မြန်မာ့ဆင်ဖြစ်နေခိုက် စစ်တိုက်သောအခါ မိမိ၏ မြန်မာစစ်တပ် ကိုပင် ပျက်စီးအောင် ပြန်၍နင်းသောကြောင့် တပ်ပျက်ရသည်၊ ထို့ကြောင့် "ကိုယ့်တပ်ကို ကိုယ်ပြန်နင်း" ဟူသော စကားပုံလည်း ထင်ရှားလာလေသည်။

## ဆင်ကို "အကောင်"ဟု မသုံးထိုက်

မြန်မာဝေါဟာရ၌ အရာဝတ္ထု၏ ယုတ်, မြတ်သဘော အားလျော်စွာ သုံးနှုန်းရသော အလေ့အထရှိ၏၊ ဥပမာ- အရေ အတွက် သချ်ာတူဖြစ်ပါလျက် အသုံးမတူပုံမှာ-

"ဘုရားတဆူ၊ ဘုန်းကြီးတပါး၊ လူတယောက်၊ ခွေး တကောင်၊ လှေတစင်း၊ နွားတရှဉ်း၊ မြင်းတစီး၊ ဆင်တစီး၊ ကျောင်းတဆောင် စသည်တည်း။"

များသောအားဖြင့် တိရစ္ဆာန် သတ္တဝါများကို "အကောင်" ဟု ခေါ်ဆိုလေ့ရှိကြ၏။ သို့ရာတွင် လူ့အသုံးအဆောင် တို့တွင် ရတနာထိုက်သော ဆင်-မြင်းတို့ကို ဆင်တကောင် မြင်းတကောင် ဟု ခေါ်ဆိုတတ်ကြ၏၊ စင်စစ် မသုံးထိုက်ချေ၊ ဆင်တစီး, မြင်း တစီး-ဟူ၍သာ သုံးရမည်ဟု ပညာရှိများ မိန့်မှာချက်ကို မှတ်သား ရဖူးပေသည်၊ မိမိငယ်စဉ် သင်ပုန်းကြီး သင်နေခိုက် လက်ရေး လှလှရေးရန် ဆရာဘုန်းတော်ကြီးက-

"ဘုရားကျွန်တော်၊ တောင်ကျွန်းပေါ်က၊ ဆင်တော်တစီး၊ ကျမုန်ကြီးနှင့်၊ အမြီးခွေလိပ်"ဟု စာတမ်းပေးတော် မူသည်ကို

လိုက်ရေးရခဲ့ဖူးသည်။ ဤတွင် "ဆင်တော် တကောင်"ဟု မဆိုဘဲ "ဆင်တော်တစီး"ဟု ရေးထားသည်ကို သတိပြုရန်ဖြစ်ပါသည်။

အချို့ပုဂ္ဂိုလ်တို့သည် လူနှင့်လူချင်းကိုပင် "ဟိုအကောင် လာခဲ့-ဒီအကောင်သွား" စသည်ဖြင့် ပြောဆိုတတ်ကြသည်၊ အကောင်ဟူသော ပုဒ်၏ ယုတ်နိမ့်ပုံကို သိပြီးဖြစ်သော ပညာရှိများက ဤသို့မသုံးသင့်ကြောင်း ကန့်ကွက်သည်ကို ကြားရဖူးပါသည်။

မိမိကိုယ်ကို နှိမ့်ချသောအားဖြင့် "ကျွန်တော်လို အကောင်ကို မဆိုထားနှင့် ပညာရှိကြီးများတောင် အမှားမကင်းကြပါ"ဟု ပြောဆိုတတ်ကြရာ ထိုအသုံးမှာ နှိမ့်ချခြင်းသဘောဖြစ်၍ အပြစ်မဆိုထိုက်ချေ။

## ရေဆင်

ကုန်းဆင်အကြောင်း ပြပြီးလျှင်-ရေဆင်အကြောင်းကိုလည်း ပြသင့်သည်၊ ရေဆင်ဆိုသော သတ္တဝါရှိသည်ဟု လူအများပင် လက်ခံယုံကြည်ကြသည်၊ ရေဆင်သည် အမည်အားလျော်စွာ ကုန်းဆင်များနှင့် အစစဆင်တူ၍ အရွယ် အားဖြင့် အလျား ၄-လက်မမှ ၅-လက်မခန့်ရှိသည်ဟု ဆိုကြသည်၊ ရေဆင်အထီးသည်

ဆင်ထီးကြီးများကဲ့သို့ပင် အစွယ် ၂-ချောင်းရှိပြီး အစွယ်အလျား တလက်မခွဲခန့်ရှိသည်၊ ရေဆင်ဟုခေါ်ရခြင်းမှာ ငါးစသော အခြား ရေသတ္တဝါများ ကဲ့သို့ ရေထဲ၌ပင် ကျက်စားလေ့ရှိလျက် ရေ သတ္တဝါများနည်းတူ ကျွမ်းကျင်လျင်မြန်စွာ ကူးခတ်သွားလာနိုင် ခြင်းကြောင့် ဖြစ်သည်၊ ရေဆင်သည် ကုန်းပေါ်၌လည်း အချိန် အနည်းငယ် တက်ရောက်နေနိုင်စွမ်းရှိသည်။

## ရေဆင်ကျက်စားရာအရပ်

ရေဆင်တို့ ကျက်စားလေ့ရှိသော နယ်မြေအရပ်ကား အတန်ပင်ကျယ်ဝန်း၏၊ ချင်းတွင်းမြစ်တလျှောက်တွင် မြောက်ပိုင်း ဟုမ္မလင်းနယ်အထိ အရပ်များ၌ ရေဆင်ကို တွေ့ဖူးကြသည် ဆို၏၊ ပျဉ်းမနားနယ်အတွင်းရှိ ပဲခူးရိုးမ၏ အနောက်ဖက် တောင် ခြေတလွှားရှိ ကျောက်ဆောင်ကျောက်တုံးအောက်ခံရှိသော ရေအိုင် ရေကန်များတွင်လည်း တွေ့ရသည်၊ သို့သော် ရေဆင်တို့ အများအားဖြင့် နေထိုင်ကျက်စားရာ, ကျက်စားလေ့ရှိသော ပဓာနအရပ်သည် ရခိုင်ကမ်းရိုးတန်းနှင့် တနင်္သာရီကမ်းရိုးတန်းရှိ ပင်လယ်ကမ်းခြေတလျှောက်နှင့် ကမ်းလွန်ဒေသရှိ ကုန်းများ ဒီရေ အတက်အကျရှိသော မြစ်လက်တက်များ၏ ကမ်းပါးတလျှောက်

တို့ ဖြစ်ကြသည်၊ ရေဆင်သည် မိကျောင်းကဲ့သို့ ပင်လယ်ရေငန်တွင် လည်းကောင်း၊ ရေတက် ရေကျရှိသော ချောင်းမှ ရေချိုပိုင်းတွင် လည်းကောင်း နေထိုင်ကျက်စားနိုင်သည်၊ ရေချိုနှင့်ရေငန်တို့ တွေ့ဆုံရာစပ်ကြားဒေသတွင်လည်း ရေဆင်ကို တွေ့လေ့ရှိကြောင်း ပြောစမှတ်ပြုကြသည်။

## ရေဆင်၏ထူးခြားချက်

ငင်း၏ထူးခြားချက်တရပ်မှာ ဤသေးငယ်သော ရေဆင်ကို ကုန်းနေ ဆင်ကြီးများက ကြောက်ရွံ့ကြသည်၊ ရေဆင်ကိုက်လျှင် (ထိုးလျှင်) ဆင်ကြီးများ ပျက်စီးရသည် ဆိုသည့်အချက်ဖြစ်၏၊ ရေဆင်ကို ဆင်ကြီးများ ကြောက်ရွံ့ကြ ရာတွင် သက်ရှိရေဆင်ကိုသာမက သေဆုံးပြီးသော ရေဆင်အလောင်းကောင် အခြောက်ကိုပင် ကြောက်ရွံ့ကြသည်၊ အထူးသဖြင့် ရေဆင်အသေကောင်၏အစွယ်ကို အထူးကြောက်ရွံ့ကြသည်၊ သို့ကြောင့် ရေဆင်ရှိသည်ဆိုသော ရေအိုင်များ ချောင်းများတွင် ဆင်များကို ရေချ၍မရပေ၊ ယင်းသို့သော ရေအိုင်နှင့်ချောင်းများထဲသို့ မဆင်းဝံ့ကြသဖြင့် ချွန်းဖြင့်ပေါက် လှံဖြင့်ထိုးဆွ၍ အတင်းပို့ပေးကြရသည်၊ ရေဆင်ကိုက်လျှင် ဆင်ကြီးများ သေဆုံးပျက်စီးကြရသည် ဆိုသော

ပြောဆိုချက်များကိုကား အစဉ်မပြတ် ကြားဖူးနား၀ ရှိနေကြရလေသည်။

ယင်းသို့ ရေဆင်ကို ကြောက်တတ်သည့် ဆင်များ၏ အားနည်းချက်သည် ဆင်ဦးစီးများ ဆင်ထိန်းများအဖို့ ဆင်များကို နှိမ်နှင်းရန် အခွင့်ကောင်းတခုဖြစ်ရလေသည်၊ ဆင်နှင့်ယှဉ်တွဲ၍ အလုပ်လုပ်ရခြင်းသည် အသက်ဘေး နီးလှသဖြင့် ဆင်ဦးစီးများသည် ရေဆင်အခြောက်တကောင်ကိုဖြစ်စေ, ရေဆင်အစွယ်ကိုဖြစ်စေ ကိုယ်နှင့်မကွာ ဆောင်ထားတတ်ကြသည်၊ ယင်းသို့ အဆောင်ပြုရာတွင် ရေဆင်၏အစွယ်သည် အစွမ်းပို၍ ထက်သည်ဟုဆိုသည်၊ ရေဆင်အစွယ်ကို ဆောင်ထားခြင်းအားဖြင့် ဆင်ဆိုးများကို ဦးကျိုးသွားစေနိုင်သည်သာမက တောထဲ, တောင်ထဲ, ခက်ခဲသော နေရာများတွင် တပင်တပန်း သစ်ဆွဲခြင်း, သစ်ထုတ်ခြင်းအလုပ်တို့ကို စေခိုင်းရာတွင်လည်း ဆင်များကို ပို၍ အလုပ်လုပ်အောင် လှုံ့ဆော်ပေးနိုင်ကြောင်း တွေ့ရှိရသည်၊ အလုပ်လုပ်ရာတွင် ပေကပ်ကပ်(ကပ်ဖွဲ့) လုပ်လေ့ရှိသော ညဉ်ဆိုးရှိသည့် ဆင်များသည်ပင် ချွန်းဖြင့် အကြိမ်ကြိမ်ပေါက်သည့်တိုင်အောင် တလှမ်းမရွေ့ သော်လည်း ရေဆင်အသေကောင်၏ အစွယ်နှင့်ထိုးပေးလိုက်သောအခါ ဒုံးစိုင်း၍ပြေးလုမတတ်ပေါ့ပါးဖျတ်လပ်စွာ အလုပ်လုပ်တော့သည်-ဟု အဆိုရှိသည်။

ရေဆင်အကြောင်းနှင့်ပတ်သက်၍ ၁၃-၈-၇၀နေ့ထုတ် လုပ်သားပြည်သူ့နေ့စဉ် သတင်းစာတွင် ဖော်ပြပါ ရှိသော သံတွဲမှ ပင်စင်စား တိရစ္ဆာန်ဆေးကုဌာန အင်စပက်တော် ဦးဘမြိုင်၏ ဆောင်းပါးတွင် အတော်ပင်ရှင်းလင်း တင်ပြထားပါသည်။ ဦးဘမြိုင် သည် ရေဆင်ရှာဖွေစူးစမ်းမှုကို ၁၉၅၂-ခုနှစ်ဆီကပင် သံတွဲခရိုင် ပင်လယ်ကမ်းရိုးတန်း တစ်လျှောက်ရှိ တံငါသည်များအကြားတွင် အစပြုခဲ့သော်လည်း မအောင်မြင်ခဲ့ပေ၊ စစ်တွေခရိုင် ပေါက်တော မြို့နယ်တွင်အလုပ်လုပ်ကိုင်နေစဉ် ၁၉၃၀-ပြည့်နှစ်တွင် ဘာရွန်ဂါး ကျွန်းစုထဲတွင် ပါဝင်သောဆံတော်ရှင်ကျွန်း၏ တောင်ဘက် ကမ်းရိုးတမ်းတွင် တံငါတဦး ဖမ်းဆီးရမိထားသည့် ရေဆင် တကောင်ကို အသေရရှိတော့သည်။

ဦးဘမြိုင်သည် ရေဆင်အမ တကောင်ကို ကြာရှည်ခံရန် ဆေးစိမ်ထားလိုသော်လည်း ဆေးရည်မရှိသဖြင့် ဆေးမစိမ်နိုင် ခဲ့ပေ၊ သို့သော် ရေဆင်အမကို လတ်ဆတ်စွာရှိနေဆဲမှာပင် ခွဲစိတ် လေ့လာ၍ အောက်ပါအချက်များ မှတ်သားထားခဲ့သည်။

(၁) အရေခွံ။ ။ အရေခွံသည် မွဲပြာရောင်ရှိပြီး ချောမွတ်သည်။

(၂) ခြေထောက်များ။ ။ ခြေထောက်တချောင်းတွင် ခြေ ချောင်းငယ်လေးချောင်းစီပါရှိပြီး ခြေထောက် လေးချောင်းတွင်

ခြေချောင်းငယ်ပေါင်း ၁၆-ချောင်းရှိသဖြင့် ဆင်ကြီးများနှင့် လုံးဝ တူညီသည်။

(၃) သွားပေါက်ပုံ။ ။ အထက်မေးရိုးတွင် အံသွား ၂-ချောင်း၊ အောက်မေးရိုးတွင် အံသွား ၂-ချောင်းရှိသည်။

(၄) မျိုးဆက်ပြန့်ပွားမှုဆိုင်ရာ အင်္ဂါအစိတ်အပိုင်းများ။ ။ ရေဆင်မ၏ မျိုးဆက်ပြန့်ပွားမှုအတိုင်းပင် ဖြစ်သည်၊ ရေဆင်မ၏ သားအိမ်သည် အလျားလက်မဝက်ခန့်နှင့် တလက်မ၏ လေးပုံ တပုံခန့်ရှိသည်။

(၅) အစာအိမ်။ ။ အစာအိမ်မှာ စထရောဘဲရီ အရိုင်းအသီး၏ အရွယ်ခန့်ရှိပြီး စားထားသောအစာများမှာ အပြည့်ရှိနေသည်၊ ၎င်းအစာတို့မှာ အလွန်ပျော့ပျောင်း၍ "အဲလ်ဂျေး"ခေါ် ရေမှော် အမျိုးအစားဖြစ်သည်၊ အစာအိမ်အတွင်းမှ အစာဖတ်များကို မီးရှူး ကြည့်သောအခါ ကြွင်းကျန်ပြာများသည် မုန့်မုန့်ညက်ညက်ရှိပြီး မာကြောသော အစိုင်အခဲဟူ၍ တခုမျှမပါဝင်ချေ၊ ဤအချက်ကို ထောက်၍ ရေဆင်သည် ကုန်းဆင်များကဲ့သို့ပင် အသီးအရွက်များ ကိုသာ စားသောက်သည်ဟု ယူဆရသည်။

၁၉၃၅-ခုနှစ်တွင် ဦးဘမြိုင်သည် ရေဆင်အထီးတကောင် ကို အစွယ်များနှင့်တကွ ရရှိပြန်သည်။ ထိုရေဆင် အထီးကို သံတွဲ

ခရိုင် တောင်ကုတ်မြို့နယ် ပဒင်းကျွန်းပေါ်မှ ငမောက်ချောင်းရွာ အနောက်ဖက်တွင် ပိုက်ကွန်ဖြင့် ဖမ်းမိခဲ့ကြသော တံငါသည်များ ထံမှ ရရှိခြင်းဖြစ်သည်။ ထိုရေဆင်အထီးကိုလည်း ခွဲစိတ်လေ့လာ ပြီးနောက် ဦးဘမြိုင် သည် အောက်ပါမှတ်စုများကို ရေးမှတ်ထား ခဲ့သည်။

(၁) အရေခွံ။ ။ အရေခွံအရောင်မှာ မီးခိုးရောင်သန်းသော ခပ်ဖြူဖြူအရောင်ဖြစ်သည်။

(၂) ခြေထောက်များ။ ။ ရေဆင်မကဲ့သို့ပင် ရေဆင်ထီးမှာ လည်း ခြေထောက်တချောင်းစီတွင် ခြေချောင်းကလေးများ လေးချောင်းစီရှိကြောင်း တွေ့ရသည်၊ခြေထောက်တချောင်းစီ၏ အရွယ်ပမာဏမှာ ခဲတံအလုံးခန့်တုတ်သည်။

(၃) အစွယ်များ။ ။ အဖြူရောင်ရှိသော အစွယ်များမှာ ၁-လက်မခန့် အလျားစီရှိပြီး လုံးပတ်မှာ မီးခြစ်ဆံချောင်း ခန့်ရှိ သည်။ အစွယ်များကို နုတ်ယူကြည့်သောအခါ ဆင်၏အစွယ်များ ကဲ့သို့ပင် မေးရိုးထဲသို့ဝင်နေကာ အစွယ်ပိုင်းသည် ခေါင်းပွဖြစ် ကြောင်း တွေ့ရသည်။

(၄) သွားပေါက်မှုအခြေအနေ။ ။ ရေဆင်အမကဲ့သို့ပင် ရေဆင်အထီးမှာလည်း အံသွားလေးချောင်းရှိသည်ကို တွေ့ရသည်။

(၅) ရေဆင်အထီး၏လိင်အင်္ဂါ။ ။ ရေဆင်အထီး၏ လိင်အင်္ဂါ (တန်ဆာ) မှာ ဆင်ကြီးများ၏ တန်ဆာအတိုင်းရှိပြီး အရွယ်မှာ ⅔ ပိုင်းလက်မ အလျားရှိသည်။

(၆) အစာအိမ်။ ။ ရေဆင်ထီး၏အစာအိမ်မှာ ရေဆင်မ၏ အစာအိမ်ကဲ့သို့ပင် "ဟူးစဘဲရီး"သီးအရွယ်ခန့်ရှိပြီး အစာ များပြည့်လျှက်ရှိသည်။ အစာအိမ်အတွင်းရှိ အစာဖတ်များကို စစ်ဆေးသောအခါ အစိမ်းရောင်ရှိ၍"အဲလ်ဂျေး" ခေါ် ရေမှော်ပင်နှင့်ပင်လယ်ရေညှိပင်များ ဖြစ်ဟန်ရှိသည်၊ အစာအိမ်များကို လက်ဝါးတွင်ထည့်၍ လက်မနှင့်ကြိတ်ခြေကြည့်သောအခါ ဖားအရိုး၊ ငါးအရိုးဟု ယူဆနိုင်သော မာကြောကြောအစိုင်အခဲ ဟူ၍ လုံးဝမတွေ့ရချေ။ ထို့ကြောင့် ရေဆင်ထီးသည်လည်း ရေဆင်မနည်းတူ ကုန်းပေါ်မှ ဆင်များကဲ့သို့ပင် အသီးအရွက်စားသတ္တဝါများ ဖြစ်ကြောင်း ကောက်ချက်ချရသည်။

## ရေဆင်၏သတ္တိ

ရေဆင်သည် ကုန်းဆင်ထက် အနံ့ခံ ကောင်းသည်၊ ရေထဲကုန်းပေါ် နှစ်နေရာစလုံးမှာပင် အလွန်လျင်မြန်စွာ လှုပ်ရှားသွားလာတတ်သည်၊ ကုန်းဆင်များသည် ရေဆင်ကို အလွန်

ကြောက်ရွံ့ကြ၏၊ ချောင်းထဲမှ ရေချိုးနှင့်ရေငန် တို့တွေ့ဆုံရာ နေရာအနီးအပါးသို့ ရေဆင်တကောင်ရောက်သွားလျှင် ကုန်းဆင်များသည် ထိုချောင်းထဲသို့ ရေချိုးရန် လည်းကောင်း, ရေသောက်ရန် လည်းကောင်း မဆင်းဝံ့ကြတော့ဟု ပြောစမှတ်ပြုကြသည်၊ ထိုအချက်မှန်မမှန် စမ်းသပ်ရန် ဦးဘမြိုင်သည် ရေဆင် အခြောက်တစ်ကောင်နှင့် အစွယ်ကို ဆိုခဲ့သော ချောင်းရေအောက်တွင် တိတ်တဆိတ် ချထားကြည့်၏၊ ထို့နောက် ထိုချောင်းထဲသို့ ဆင်များကို မောင်းချ ကြည့်သည်၊ ဆင်များသည် အလွန်ကြောက်ရွံ့သည့် လက္ခဏာပြ ပြီး ဆင်ဦးစီးများက လှံချွန်ဖြင့်ထိုး၍ မောင်းချသော်လည်း ဆင်များသည် ချောင်းရေထဲသို့ လုံးဝမဆင်းကြတော့ဘဲ နောက်လှည့် ၍ ပြေးကြသည်ကို တွေ့ရသည်။

တကြိမ်တွင်မူ ဦးဘမြိုင်သည် ရေဆင်၏ အစွယ်တချောင်းကို ရေအိုင်တခုထဲ၌ သို့ဝှက်ချထားလိုက်၏၊ ဆင်ဦးစီးများက ဆင်များကိုရေချရန် ရေအိုင်တွင်းသို့ မောင်းသွင်းရာတွင် ဆင်များအလွန်ကြောက်ရွံ့လျက်ရှိကြပြီး ရေအိုင်တွင်းသို့ လုံးဝမဆင်းကြချေ၊ သူ၏အတွေ့အကြုံအရဆိုလျှင် ကိုယ်ဝန်ရှိသော ဆင်မနှစ်ကောင်သုံးကောင်တို့သည် ရေဆင်အစွယ် သို့ဝှက်မြှုပ်နှံထားသော ရေအိုင်အတွင်းသို့ ဆင်းရသောအခါ ကြောက်လန့်၍

သန္ဓေသား လျှောကျပျက်စီးကာ များမကြာမီပင် သေဆုံးသွားကြ ရရှာသည်ဟု ဆိုသည်။

## သဘာဝ၏ဆန်းကြယ်မှု

အလွန်သေးငယ်သော ရေဆင်ကို အလွန်ကြီးမားသော ကုန်းဆင်များက ကြောက်ရွံ့ခြင်း, မြွေဟူသမျှက အဆိပ်မရှိသော မြွေပါကို ကြောက်ရွံ့ခြင်းတို့ကား သဘာဝဓာတ်ခိုက်မှုကို တိရစ္ဆာန် အချင်းချင်း သိကြသောကြောင့် ဟု ဆိုနိုင်ပေသည်။ သို့ရာတွင် အဘယ့်ကြောင့် ( အဘယ်ဓာတ်သဘော ရှိနေသောကြောင့် ) ကြောက်ရွံ့ကြသည် ဟူသောအကြောင်းကိုကား ဆေးကျမ်း, ဓာတ်ကျမ်းတို့၌ တစုံတရာ ဖော်ပြခြင်းမရှိချေ။ ဓာတ်အမျိုးမျိုးတို့၏ သဘာဝကို အကုန်အစင်သိမြင်သော (အနေကဓာတု နာနာဓာတု ဉာဏ်ရှင်) သဗ္ဗညုမြတ်စွာဘုရားတို့သာ အကြွင်းမရှိ သိမြင်တော်မူနိုင်ရကား မြတ်စွာဘုရား၏ အရာသာဖြစ်သည်ဟု ဆိုရတော့သည်။

## ဆင်ဖြူဝပ်ရာ၌ စေတီတည်ထားခြင်း

မြန်မာနိုင်ငံတွင် ရှေးဦးဆုံး ဗုဒ္ဓသာသနာတော်ကို တည်ထောင်တော်မူသော အနုရုဒ္ဓဒေဝမည်သော အနော်ရထာမင်းစောသည် အသျှင်အရဟံစသော ဆရာတော် သံဃာတော်၊ မှူးတော် မတ်တော်တို့နှင့် တိုင်ပင်၍ သတ္တဝါ ခပ်သိမ်းတို့၏ အကျိုးစီးပွားအလို့ငှာ သာသနာငါးထောင်ပတ်လုံးတည်စေလို၍ ဂန္ဓာရတိုင်းကရခဲ့သော စွယ်တော်ပွား၊ မြဆင်းတု၊ ကမ်းယံပြည်က ရခဲ့သော နဖူးသင်းကျစ်၊ ညှပ်ရိုးတော်၊ ဒလမြို့ကရခဲ့သော ဆံတော်ဓာတ်များကို ထည့်ရာ ရတနာပန်းတောင်းကို ရွှေကကြိုး၊ ထီးဖြူတို့ဖြင့် တန်ဆာဆင်အပ်သော ရတနာဆင်ဖြူထက်သို့ တင်ပြီးလျှင် “ ဓာတ်တော်မွေတော်များ ကိန်းဝပ်တော်မူလိုသော အရပ်၌ ဆင်ဖြူတော်ဝပ်စေသား” ဟု အဓိဋ္ဌာန်၍ ဆင်ဖြူတော်ကို လွှတ်လေ၏။

အနော်ရထာမင်းစောလည်း မှူးမတ်အပေါင်းခြံရံ၍ သဘင်ကြီးစွာခံလျက် အထူးထူးသော ပူဇော်ဖွယ်တို့ဖြင့် ပူဇော်ကြမြှောက်ကာ ဆင်ဖြူတော်နောက်က လိုက်လေ၏၊ ဆင်ဖြူတော်လည်း ရွှေစည်းခုံဘုရားတည်ရာ သဲစုခုံ (သောင်ခုံ)၌ ဝပ်လေ

၏။ မင်းကြီးလည်း ဆင်ဖြူတော်သဲစဲခုံ၌ ဝပ်သည်ကိုမြင်လျှင် "သာသနာငါးထောင်ပတ်လုံး တည်ရစ်စေဟု ငါအကြံတော်ရှိသည်၊ ယခု သယံဇာတမြေတွင်ကား ဆင်ဖြူတော်မဝပ်ခဲ့၊ ညှော်မြေ (ယာယီမြေ) ဖြစ် သော သဲစဲခုံ၌ဝပ်ဘိ၏" ဟု နှလုံးမသာရှိလေ၏။

ထို့နောက် မင်းကြီးလည်း အရှည်ထာဝရ ခိုင်ခံ့လောက်သောအရပ်သို့ ပြောင်းကြွတော်မူပါမည့် အကြောင်းနှင့် အကြိမ်ကြိမ်အဖန်ဖန် တောင်းပန်လေ၏၊ စွယ်တော်, ဓာတ်တော်, ဆင်းတုတော်များလည်း ခြောက်ပါးသော ရောင်ခြည် တော်များကို လွှတ်၍ တန်ခိုးပြာဋိဟာပြလျက် ကိန်းဝပ်မြဲ ကိန်းဝပ်တော်မူကြ၏။ ထိုအခါ သိကြားမင်းသည် ပုဏ္ဏား ယောင်ဆောင်၍ အောင်ဆုပေးကာ မင်းကြီးအနီးသို့ ချဉ်းကပ်လာပြီးလျှင်- "အရှင်မင်းကြီး . . . ဤအရပ်ကား ဘုရားအလောင်းတော် ရွှေငါးကြင်းဖြစ်စဉ်က ကျင်လည်ရာအရပ်တည်း၊ မစိုးရိမ်လင့်၊ ဤအရပ်ကား သာသနာငါး ထောင်ပတ်လုံးတည်လတ္တံ့၊ နှစ်သိန်းလေးသောင်းအထုရှိသောမြေကို ကျောက်အတိပြီးစေပြီးဖြစ်၍ အလွန်ခိုင်ခံ့သော မြေပေတည်း၊ ရေကြောင်းလည်း လွှဲပြောင်း၍ သွားလတ္တံ့၊ ကြောင့်ကြဖွယ်မရှိ" ဟုဆိုပြီးလျှင် ကွယ်ပျောက်သွားလေ၏။ (အချို့ကျမ်း၌ အိပ်မက်ပေးလာသည်ဟု ဆို၏။)

ထိုအခါ မင်းကြီးလည်း အလွန်ဝမ်းမြောက်သည်ဖြစ်၍ သက္ကရာဇ် ၄၂၁-ခုနှစ်၊ တပို့တွဲလဆန်း ၁၀-ရက် ကြာသပတေးနေ့၌ ရွှေစည်းခုံစေတီတော်ကြီးကို တည်လေ၏။

(အဂ္ဂမဟာပဏ္ဍိတ ပခုက္ကူ ဆရာတော် အသျှင်နန္ဒဝံသ စီရင်တော်မူသော ပုဂံရွှေစည်းခုံသမိုင်းကျမ်းသစ်မှ)

ဆင်ဖြူတော်ဝပ်ရာဌာနကို ပဓာနထား၍ ရှေးဦးစွာတည်ထားသော စေတီတော်မှာ ယနေ့တိုင် ဖူးမြော်နေရသော ပုဂံရွှေစည်းခုံစေတီတော်ပင်တည်း၊ ထို့ပြင် အထက်မြန်မာနိုင်ငံ စစ်ကိုင်းမြို့မြောက် ၁၂-မိုင်ခန့်အကွာ ကန်ကြီးကုန်းရွာနှင့် ကျောက်ပန်းရွာ စပ်ကြား၌ ဆင်ဖြူဝပ်ဘုရားဟု ယနေ့တိုင် တည်ရှိ၏။ ဆင်ဖြူတော်ရုပ်နှင့်တစ်ကွ ကျောက် ပန်းရွာ၏ အရှေ့မြောက် အရပ် မန္တလေးမှ မြစ်ကြီးနားသို့ သွားသောရထားလမ်း အနောက်ဖက်တွင် ထင်ရှားစွာ တည်လျက်ရှိပါသည်။ ရာဇဝင်တွင် အဆိုမရှိသော်လည်း ပါးစပ်ရာဇဝင်အရဆိုသော် အင်းဝမင်းကြီးစွာ လက်ထက် စစ်ကိုင်းမြောက်ဘက် တလွှားတွင် ဘုရားတည်လိုသဖြင့် ဆင်ဖြူတော်ကို အဓိဋ္ဌာန်ပြီး လွှတ်လိုက်ရာ ယခုပြခဲ့သော နေရာတွင် ဆင်ဖြူတော် ဝပ်လေသည်၊ ဆင်ဖြူတော်ဝပ်ဖူးကြောင်းကို နောင်လာအစဉ်သိကြစေရန် ဆင်ဖြူဝပ်နေပုံနှင့်တကွ စေတီတည်ထားခဲ့သည်ဟု အဆိုရှိပေသည်။

## ပိဋကတ်တော်များကို ဆင်ဖြူဖြင့် တင်ယူခြင်း

ပုဂံပြည် အနော်ရထာမင်းသည် ဗုဒ္ဓသာသနာတော်ကို စတင်တည်ထောင်ရာ၌ ပိဋကတ် ၃-ပုံ စာပေနှင့်တကွ ဘုရားရှင်၏ ဓာတ်တော်မွေတော်များ ပုဂံပြည်၌ လုံးဝမရှိသေးချေ။ သို့အတွက် ပိဋကတ်စာပေနှင့် ဓာတ်တော်မွေတော် များကိုရရှိရန် သထုံပြည် မနူဟာမင်းထံသို့ သံတမန်လွှတ်၍ ပဌမတောင်းဆို၏၊ မရလေ၊ ဒုတိယအကြိမ် စစ်တပ် အင်အားဖြင့်တိုက်ခိုက်မှ သထုံပြည်အလုံး ကို သိမ်းပိုက်ရလေ၏။

ထိုအခါ အနော်ရထာမင်းစောလည်း သထုံပြည်မှ ဘုရားရှင် ဓာတ်တော်မွေတော်မြတ်တို့ကို လည်းကောင်း၊ အစုံ ၃၀-သော ပိဋကတ်တို့ကိုလည်းကောင်း ၃၂-စီးသော ထိုမင်း၏ ဆင်ဖြူတွင် တင်၍ ဆောင်ယူတော်မူ၏။ ဆင်ဆေးသမား၊ ဆင်အတတ် တတ်သော သူများပါ မကျန် ဆောင်ယူတော်မူ၏။ မဟာရာဇဝင်၊ မှန်နန်း ရာဇဝင်တို့၌ အကျယ်ပါရှိပြီးဖြစ်၍ ထို၌ကြည့်ရှု ကြရန်ဖြစ်ပါသည်။ ဆိုလိုရင်းမှာ- ပိဋကတ်တော်အစုံ ၃၀-တို့ကို ဆောင်ယူရာ၌ အခြားသောရထား၊ မြင်းယာဉ်တို့ဖြင့် မတင်ဘဲ ဆင်ဖြင့်တင်၍ ဆောင်ယူခြင်းကို ထောက်က ဆင်ကို

မည်မှုအရေးထားကြောင်း, ဆင်သည် စစ်တိုက်ရာ၌ စစ်အင်္ဂါ တရပ်အနေဖြင့် ပါဝင်ရုံမျှမက အမြတ်ဆုံးဖြစ်သော ပိဋကတ်တော်တို့ကို ဆောင်ယူရာ၌ ဆင်သည်သာလျှင် ပိဋကတ်တော်တင်ရန် ထိုက်တန်ကြောင်းကို ဖော်ပြရာရောက်သည်ဟု မှတ်ယူအပ်ပေသည်။

## သီဟိုဠ်ကျွန်းနှင့် ဆင်ဖြူတော်

သီဟိုဠ်ကျွန်းအစ ဝိဇယမင်းမှစ၍ ရေတွက်သော် (၁၄) ဆက်မြောက် မင်းကား ရာဇဝင်ထင်ရှားလှသော ဒုဋ္ဌဂါမဏီမင်း ဖြစ်သည်။ ကာကဝဏ္ဏတိဿမင်းကြီးနှင့် ဝိဟာရဒေဝီမိဖုရားတို့မှ ဖွားမြင်၍ သာသနာနှစ်၃၈၃-ခုတွင် သီဟိုဠ်ဘုရင်အဖြစ်သို့ ရောက်သည်။ ဒုဋ္ဌဂါမဏီမင်း ဖွားမြင်သောအခါ၌လည်း ထူးခြားသည်ကား ဝေဿန္တရာမင်း ဖွားမြင်သောအခါ ဥပေါသထ ဆင်ဖြူတော်ရောက်လာသကဲ့သို့ ဆဒ္ဒန်ဆင်မျိုးဖြစ်သော ဆင်ဖြူ တစီးရောက်လာရသည်၊ " ကဏ္ဍုလ" ဆင်တော်ဟု ဘွဲ့ချီလေသည်။

ဒုဋ္ဌဂါမဏီမင်းသည် ဗုဒ္ဓသာသနာကို အလွန်လေးစားယုံကြည်တော်မူသည့်အတိုင်း ဗုဒ္ဓသာသနာကို အစဉ် နှောင့်ယှက်လျက်ရှိသော ဧဠာရကျေးမင်းများကို စွန့်စွန့်စားစား တိုက်ခိုက်

တော်မူရလေသည်။ ယင်းသို့တိုက်ခိုက်ရာ၌ အလွန်အင်အား ကောင်းလှသော သူရဲကြီး ၁၀-ဦးနှင့် စစ်သည်ပေါင်းများစွာတို့ ပါဝင်လျက်ရှိရာ တကယ်အရေးကြီးသော မြို့တော်, မြို့ရိုးတံခါးကို ဖွင့်ရာတွင် ကဏ္ဍုလဆင်တစီးသာလျှင် ရှေ့ဆုံးမှနေ၍ မပွင့် ပွင့် အောင် ကြိုးပမ်းတိုက်ခိုက်နိုင်လေသည်။ မြို့တံခါးကို ဖွင့်ရာ၌ အလွန်ခက်ခဲသော ကိစ္စဖြစ်ကြောင်းကို ဒုဋ္ဌဂါမဏိမင်း သိတော် မူသဖြင့် ကဏ္ဍုလဆင်၏ ဦးကင်းကို လက်ဖြင့် သပ်တော်မူ၍ "ချစ်သားကဏ္ဍုလ. . ကြိုးပမ်း၍အစွမ်းထုတ်ပါလော့၊ ဤဝိဇာတ မြို့တော်ပေါက်၍ အောင်မြင်ပါလျှင် ဤသီဟိုဠ်ကျွန်း၌ မင်းအဖြစ် ကို သင့်အားငါပေးမည်" ဟု မင်းအဖြစ်နှင့်ပင် အားပေး ချီးမြှောက် တော်မူသည်။

ကဏ္ဍုလဆင်ဖြူတော်သည် ဝိဇာတမြို့တံခါးကို အစွမ်းရှိ သမျှ တိုက်ခိုက်ဖွင့်လေရာ ဆင်တော်၏အင်အားကို မခံနိုင်သဖြင့် အလွန်ခိုင်ခံ့လှသော မြို့တံခါးသည် တံခါးတိုင်နှင့်တကွ ယိုင်လဲ ပျက်စီး၍ ပွင့်သွားလေတော့သည်။ ဗိုလ်ပါဟူသမျှ မြို့တံခါးဖြင့် ဝင်ရောက်၍ တိုက်ခိုက်ကြသည်တွင် ကျေး၂၈-ပြည်ထောင်၏ နောက်ဆုံးပွဲသည် ဒုဋ္ဌဂါမဏိမင်း၏ အောင်မြင်ခြင်းဖြင့် အဆုံး သတ်သွားလေသည်။ ဒုဋ္ဌဂါမဏိမင်း၏ နှုတ်မိန့်ကတိသစ္စာအရ

ကဏ္ဍုလ ဆင်ဖြူတော်သည် ဒုဋ္ဌဂါမဏိမင်း၏ လက်အောက်ခံ သီဟိုဠ်ဘုရင်အဖြစ်သို့ ရောက်လေသည်၊ ကမ္ဘာပေါ်တွင် ဆင်ဘဝ ဖြင့် တိုင်းပြည်အထွတ်အထိပ် ဘုရင်အဖြစ်သို့ ရောက်ရသည်မှာ ဤကဏ္ဍုလဆင်ဖြူတော် တစီးသာရှိလေသည်။ ဤသို့သော ဂုဏ် ကျေးဇူးကို ထောက်၍ သီဟိုဠ်နိုင်ငံရှိ အဓိကရ ဘာသာရေး အဆောက်အဦ မှန်သမျှတို့၌ ( မြန်မာနိုင်ငံတွင် ခြင်္သေ့ရုပ်ထု လုပ်တည်ထားသကဲ့သို့) ဆင်ရုပ်ကို အလေးအမြတ်ပြုကာ ထုလုပ် တည်ထားလေ့ရှိကြသည်။

မြန်မာနိုင်ငံ ဘုရင်အဆက်ဆက်တို့သည် ဆင်ဖြူတော်ကို အလေးအမြတ် ထားကြသဖြင့် မိမိတို့ဘွဲ့အမည်ကို " ဆင်ဖြူ တော် တစီးရှင်"၊ "ဆင်ဖြူရှင်"ဟု မြန်မာဝေါဟာရဖြင့် မှည့်ခေါ် ကာ ဆင်ကို အမွှန်းတင်ကြလေသည်။ သို့ရာတွင် မည်သည့် ဆင်ဖြူတော်ကိုမျှ ဒုဋ္ဌဂါမဏိမင်းကဲ့သို့ ဘုရင်အဖြစ်ဖြင့် ချီးမြှင့် ခဲ့ခြင်းမရှိချေ၊ ဆင်ဖြူပိုင်ရှင် ဆင်ဖြူ၏သခင် ဖြစ်ကြောင်းကိုသာ ဂုဏ်ယူခဲ့ကြလေသည်။ သီဟိုဠ်နိုင်ငံအကြောင်းကို အစုံအလင် ဖော်ပြသော မဟာဝံသကျမ်း၊ ဂါမဏိကုမာရသုတိကဏ္ဍ၊ ဗာဝီသတိမ ပိုင်းတွင် အကျယ်ဖော်ပြပါရှိပေသည်။

## မဟာစေတီတည်ရာ၌ထူးခြားချက်

ဒုဋ္ဌဂါမဏိမင်းသည် သီဟိုဠ်နိုင်ငံ မဟာစေတီကြီးကို တည်ထားခဲ့သော ဘုရားဒါယကာ ဘုရင်ဖြစ်လေသည်၊ မဟာစေတီ၌ ဓာတ်တော်များကို ဌာပနာသွင်းရန် ပို့ဆောင်သော အခမ်းအနား၌ ပို့ဆောင်မည့်နေ့ နံနက်စောစောတွင် ဘုရားရှင်၏ ဓာတ်တော်များကို ရွှေပန်းတောင်း၌ထည့်၍ ကဏ္ဍုလ ဆင်တော် ကျောက်ကုန်းတွင် တင်ထားပြီး ထီးဖြူအုပ်မိုးစေသည်၊ ကဏ္ဍုလ ဆင်တော်ကို ရှေ့ဆုံးတင်ကာ ထွက်ခွာစေ၍ ဆင်တော်၏နောက်မှ ကိုယ်လုံးဖြူသော သိန္ဓောမြင်း ကသည့်ရထားကို စီးလျက် စစ်သည်ဗိုလ်ပါ များစွာခြံရံ၍ လိုက်ပါတော်မူသည်၊ ကဏ္ဍုလ ဆင်ဖြူတော်၏ ကျက်သရေကား အံ့မဆုံးဖွယ် ကြီးကျယ် ခမ်းနားပါပေသည်။

## ရတနာစေတီ ဆင်များရှင်ဘုရား

မြန်မာနိုင်ငံ စစ်ကိုင်းမြို့တွင် ကောဇာသက္ကရာဇ် ၇၉၂- ခုနှစ် တပေါင်းလပြည့် စနေနေ့၌ မိုးညှင်းမင်း တရားကြီးသည် ဥဏ်တော်အတောင် ၁၂၀-ရှိသော ရတနာစေတီတော်ကြီးကို ဓာတ်တော်မွေတော်စစ်များ ဌာပနာ၍ တည်ထားတော်မူခဲ့သည်။

သက္ကရာဇ် ၇၉၂- ခုနှစ်က စတင်တည်ထားခဲ့သော ရတနာစေတီတော်ကြီးသည် နှစ်ပေါင်း ၅၅- နှစ်မြောက်ဖြစ်သော ၈၄၇- ခုနှစ် ဝါခေါင်လဆန်း ၃-ရက် ၅-တေးနေ့တွင် လျှင်ကြီးစွာလှုပ်၍ ပန်းတင်ခုံအထိ အစိတ်စိတ် ပြိုကွဲပျက်စီးလေသည်။

ယင်းသို့ လျှင်ဒဏ်ကြောင့် ပြိုပျက်သွားသော ရတနာစေတီတော်ကြီးကို မိုးညှင်းမင်းတရားကြီး၏ အနွယ်ထဲမှ မြစ်တော်ဖြစ်သော ဒုတိယမင်းခေါင်သည် မယ်တော်မိဖုရားနှင့်တကွ ထွက်ကြွတော်မူလာ၍ ရတနာစေတီတော်ကြီးနှင့်တကွ တံတိုင်းမဟာရံတွင် ဆင်ရုပ်အများရံလျက် တည်ထားပြုလုပ်တော်မူသည်။ သို့ကြောင့် ရတနာစေတီဆင်များရှင်ဘုရားဟု နောက်သားတို့ ခေါ်ဝေါ်ကြလေသည်။ ဤကိုရည်၍ ပညာရှိ ညောင်ပင်သာ ဦးပုညက "ဒွေနောသတ္တကောဝိန်ခါမှာ၊ ရတနာစေတီတည်ခဲ့ကိုး၊ ဘွဲ့တော်တဖန်နောက်မှတိုးတယ်၊ မြတ်နိုးခေါ်ကြ ဆင်များရှင်" ဟု ရေးစပ်ဖော်ပြထားခဲ့ပေသည်။

ရှေးစာတမ်းဟောင်းတစောင်၌ ရတနာစေတီဘုရားတွင် ရွှေဆင်, ငွေဆင်, မိုးကြိုးဆင်, ပတ္တမြားဆင်စသော ရတနာဆင်ပေါင်း တထောင်ခံသောနဝရတ် ၉-ပါးခြယ်သည့် အပ္ပရာဇိတပလ္လင်တော်ထက်၌ မြတ်စွာဘုရား၏ သရီရ ဓာတ်တော်မွေတော်,

ဆင်းတုတော်များ ကိန်းဝပ်စေလျက် ဌာပနာခဲ့သောကြောင့် ဆင်များရှင် ဘုရားတွင်ကြောင်း တွေ့ရသည်။ စေတီတော်အပြင် မဟာရံဝန်းကျင်၌ အရံဆင်ရုပ်ပေါင်းများစွာကို ဒိဋ္ဌတွေ့နေရခြင်း ကြောင့် ဌာပနာတိုက် အတွင်း၌ ရတနာဆင်ပေါင်း တထောင် ရံလျက်ရှိသည်ဟူသော စကားသည် ယုတ္တိရှိသည်ဟု ဆိုရပေမည်။

သီဟိုဠ်ကျွန်းရှိ စေတီပုထိုးတို့၌သာ ဆင်ကို အမြတ်တနိုး ပြုကာ ဆင်ရုပ်များကို တည်ထားကြသည်မဟုတ်၊ မြန်မာနိုင်ငံ၌ လည်း အဓိကရ စေတီတော်ကြီးများတွင် ဆင်ရုပ်များကို အမြတ် တနိုးတည်ထားကြကြောင်း အထောက်အထားရှိပေသည်။

မြန်မာနိုင်ငံ၏ အထွတ်အထိပ် သိင်္ဂုတ္တရကုန်းတော်၌ တည်ထားသော ငလေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်ရင်ပြင်သို့ အဖူးအမြော်ရောက်လျှင် ရင်ပြင်တော်၏ အနောက်အရပ်၌ ဆင်ဖြူတော်ဝပ်နေဟန်တစီး၊ ရာဟုထောင့် ဆုတောင်းပြည့် စေတီ၏ ရုပ်ပွားတော်ကြီး ပုလ္လင်ဘေးတွင် ပုလလဲဆင်က ဘုရားရှင်အား ပြုစုလုပ်ကျွေး နေဟန်တစီး၊ စေတီတော်၏ အရှေ့ဘက် အုတ်စေတီအနီးတွင် ဘိုးမင်းခေါင်ပုံနှင့်တွဲလျက် ကနက္ကဒဏ်ထီးမိုးထားသော ဆင်ဖြူတော် ရုပ် ၃-စီး၊ အရှေ့ဘက်

စေတီတော်၏ ပန်းတင်ခုံအနီးတွင်ကပ်လျက် အထက်က ထီးဖြူမိုး ထားသော ဆင်ဖြူတော် သုံးစီး ဝပ်နေဟန်နှင့် ငှင်းဆင်ဖြူ ၃-စီး၏မြောက်ဘက် စေတီရံတဆူ၏မုခ်ဝဘေးတွင် နှာမောင်း မြှောက်ချီထားသော ဆင်ဖြူ တော် ၂-စီး၊ ပေါင်း ဆင်ဖြူတော်ရုပ် (၁၀) စီးတည်ထားသည်ကို တွေ့ရပါလိမ့်မည်။

## ဆင်ဖြူတောင်

ပျဉ်းမနားမြို့ အရှေ့ဘက်၌ ဆင်ဖြူတောင်ရှိ၏။ မန်း စက်တော်ရာ ဘုရားတည်ထားရာဖြစ်၍ ၁၂၆၁-ခုနှစ်တွင် ဆင်ဖြူ တောင် မန်းစက်တော်ရာကို ရသေ့ကြီးဦးခန္တီပြင်ဆင်ခဲ့လေသည်။ ဆင်ဖြူတောင်ခေါ် ရခြင်းအကြောင်းကို အတိအကျ မသိရသော် လည်း ဆင်ဖြူရှိခဲ့ခြင်း (ဆင်ဖြူနေခဲ့ခြင်း) ကြောင့်သာ ဆင်ဖြူ တောင် အမည်ရသည်ဟူ၍ ဟူဆနိုင်ပေသည်။

# ဆင်ကို ဥပမာပေး၍ဟောကြားတော်မူသော ဒေသနာတော်များ

## နာဂါပလောကိတ-ဆင်ကြည့် ကြည့်တော်မူခြင်း

မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံတော်မူမည့်နှစ်တွင် ဝေသာလီပြည်မှ ကုသိနာရုံပြည်သို့ ထွက်ခွာတော်မူသော အခါ ဝေသာလီပြည်ကို နောက်ဆုံးကြည့်ခြင်းဖြင့် ကြည့်တော်မူသည်၊ ရှေ့သို့မျက်နှာနေရာမှ နောင်ဖက်သို့လှဲ၍ (နာဂါပလောကိတ-ဆင်ကြည့်) ကြည့် တော်မူခြင်းဖြစ်သည်။

## ဆင်ကြည့်ဟူသည်ကား

ဆင်များသည် နောက်ဖက်သို့ လှည့်ကြည့်သောအခါ လည်ပင်းတွင်မက တကိုယ်လုံးလှဲ၍ ကြည့်ရသည်။ အကြောင်းကား လူသာမန်တို့မှာ ခန္ဓာကိုယ်ရှိ အရိုးအစွန်းတို့ တခုနှင့်တခု ဆက်ရာ၌ ထိပ်ခြင်းထိကာ တော့ဆက်ဆက် ကြ၏။ ပစ္စေကဗုဒ္ဓါတို့မှာ အရိုးချင်းဆက်ရာ၌ သံချိတ်များဆက်သကဲ့သို့ ချိတ်ဆက်ဆက်ကြ၏။ မြတ်စွာဘုရားတို့၏ အရိုးဆက်ပုံကား သံကြိုးကွင်း

ဆက်သကဲ့သို့ ဆက်ကုန်၏၊ ထို့ကြောင့် နောက်ဖက်သို့ လှည့်ကြည့်လိုလျှင် ကိုယ်မပါဘဲ လည်ပင်းချည်းသှည့်လို့မရ တကိုယ်လုံး လှည့်ရသည်။ ဆင်များ လှည့်ကြည့်သောအခါ တကိုယ်လုံး လှည့်မှ ကြည့်နိုင်သကဲ့သို့တည်း။ ထို့ကြောင့် မြတ်စွာဘုရားတို့ နောက် ဖက်သို့ လှည့်၍ကြည့်ခြင်းကို " နာဂါပလောကိတ-ဆင်ကြည့်ကြည့်တော်မူသည်" ဟု ခေါ်ဆိုရလေသည်။

မြတ်စွာဘုရားသည် ဝေသာလီမြို့ တံခါးဝတွင် ရပ်တော်မူ၍ နောက်ဆုံးကြည့်ခြင်းဖြင့် ကြည့်တော်မူသည်ဟု စိတ် အကြံ ဖြစ်တော်မူရုံဖြင့် မြတ်စွာဘုရား၏ ပါရမီတော်အဟုန် ဂုဏ်တော် များကြောင့် မဟာပထဝီမြေကြီးသည် မြတ်စွာ ဘုရား တကိုယ်လုံး မလှည့်ခင် အိုးထိန်းစက်လည်သကဲ့သို့ ဝေသာလီပြည်ဘက်သို့ တကိုယ်လုံးလှည့်ပြီးဖြစ်အောင် လှည့်ပေး (လည်ပေး) လိုက်လေသည်။ ယင်းသို့ နောက်ဆုံးကြည့်တော်မူခြင်းကို အမှတ်တရဖြစ်စေရန် ဝေသာလီပြည်သားတို့သည် ထိုနေရာတွင် "နာဂါပလောကိတ စေတီ"ဟူသောအမည်ဖြင့် စေတီတည်ထားကိုးကွယ် ပူဇော်ကြလေသည်။(သုတ်မဟာဝဂ္ဂအဋ္ဌကထာ၊ မဟာပရိနိဗ္ဗာန သုတ်-၁၅၄။)

## စစ်တိုက်ဆင်ကဲ့သို့ခံနိုင်ရည်ရှိရမည်

(၁) စစ်ပွဲသို့ဝင် ယဉ်ကျေးပြီးသောဆင်ပြောင်ကြီးသည် လေးညို့မှ မိမိအပေါ်သို့ ကျလာသော မြားချက်ကို မတုန်မလှုပ်ခံသကဲ့သို့ ငါဘုရားသည် လွန်ကျူးစော်ကားသော စကားကို သည်းခံအံ့၊ လောကဘုံသားလူအများသည် သီလမရှိသူအလွန်များ၏။

(၂) ယဉ်ကျေးပြီးသော ဆင်စသည်ကိုသာ လူစုလူဝေးရှိရာ ပွဲသဘင်သို့ ဆောင်ယူကုန်၏။ ယဉ်ကျေးပြီးသော ဆင်စသည်ကိုသာ ဘုရင်မင်းသည် စီးတော်မူ၏။ လွန်ကျူးစော်ကားသော စကားကို သည်းခံနိုင်သောသူသည် ယဉ်ကျေးပြီးဖြစ်၍ လူတို့တွင် အမြတ်ဆုံးဖြစ်၏။

(၃) အဿတိုရ်မြင်းတို့သည်လည်းကောင်း, အာဇာနည်မြင်း တို့သည်လည်းကောင်း, သိန္ဓောမြင်းတို့သည်လည်းကောင်း, ကုဥ္စရမည်သော ဆင်ပြောင်ကြီးတို့သည်လည်းကောင်း ယဉ်ကျေးကုန်မှသာလျှင်မြတ်ကုန်၏။ ကိုယ်စိတ်နှစ်ပါး ဆုံးမ ယဉ်ကျေးပြီးသောသူသည် ထိုမြင်းကောင်း, ဆင်ကောင်းတို့ထက် လွန်မြတ်၏။

## ဆင်သည်တောသွဲ့သာပျော်ပိုက်၏

(၄) ပြင်းထန်စွာအမုန်ယစ်၍ နှိပ်နှင်းရန်ခဲယဉ်းသော ဓနပါလမည်သော ဆင်သည် အဖွဲ့အချည်ခံရသဖြင့် အစာကို မစားနိုင်၊ ဆင်သည်မိမိနေရာတောသွဲ့သာ မွေ့လျော်ပျော်ပိုက်၏။

## ညွန့်နစ်သောဆင်ကဲ့သို့ ကျွတ်လွတ်အောင် ကြိုးစားရမည်

(၅) မမေ့မလျော့သော အပ္ပမာဒတရား၌ မွေ့လျော်ကြကုန်လော့၊ မိမိစိတ်ကိုစောင့်ရှောက်ကြကုန်လော့၊ ညွန်၌ကျွံနစ်နေသော ဆင်သည် မိမိကိုယ်ကို ညွန်ပြောင်းမှ ကျွတ်ထွက်အောင် ရုန်းကာထုတ်သကဲ့သို့၊ သင်တို့သည်ကိလေသာညွန်ပျောင်းမှ မိမိကိုယ်ကို ထုတ်နုတ်ကြကုန်လော့။

မြတ်စွာဘုရားသည် သူတပါး၏ မကြားကောင်း မနာသာ ဆဲရေးခြင်း,ပြောဆိုစော်ကားခြင်းစသည်ကို အတူမရှိ သည်းခံတော်မူနိုင်သည်။ စစ်မြေပြင်၌ ယဉ်ကျေးပြီးသော ဆင်ပြောင်ကြီးသည် တဘက်ကပစ်လိုက်သမျှ မြားဒဏ်ကို ခံနိုင်သကဲ့သို့၊

သည်းခံ တော်မူနိုင်ကြောင်းဖြင့် ဓမ္မပဒနာဂဝဂ်၌ (* ၁-၂-၃-ဂါထာကို) ဟောတော်မူသည်။

သားသမီးများက ပစ်ထားသဖြင့် ဆင်းရဲဒုက္ခရောက်နေရှာသော ပုဏ္ဏားအိုကြီးကို အကြောင်းပြု၍ မိဘအားလုပ်ကျွေးသော + ဓနပါလဆင်အကြောင်း ဝတ္ထုဖြင့်ဆုံးမဟောကြားတော်မူသည်။ ဧကာဒသ နိပါတ် မာတုပေါသကဇာတ်လာဂါထာကို ထုတ်ဆောင် ဟောကြားတော်မူသည်။ ဝတ္ထုအကျယ်ကို ဓမ္မပဒနာဂဝဂ် ပရိဇိဏ္ဏ ဗြာဟ္မဏပုတ္တဝတ္ထုနှင့် ဧကာဒသနိပါတ် မာတုပေါသကဇာတ်လာ ဂါထာကို ထုတ်ဆောင် ဟောကြားတော်မူသည်။ ဝတ္ထုအကျယ်ကို ဓမ္မပဒနာဂဝဂ် ပရိဇိဏ္ဏပုတ္တဝတ္ထုနှင့် ဧကာဒသနိပါတ် မာတု ပေါသကဇာတ်တို့တွင် ကြည့်ရှုကြပါကုန်၊ ဆင်အကြောင်း သိကောင်းစရာများ အကျယ်ပါရှိပေသည်။ (ဂါထာနံပါတ် ၄)

---

* အဟံ နာဂေါ၀ သင်္ဂါမေ၊ စာပတော ပတိတံ သရံ။
အတိဝါကျံ တိတိက္ခိဿံ၊ ဒုဿီလော ဟိ ဗဟုဇ္ဇနော။
၂။ ဒန္တံ နယန္တိ သမိတိံ၊ ဒန္တံ ရာဇာဘိရူဟတိ။
ဒန္တော သေဋ္ဌော မနုဿေသု၊ ယောတိဝါကျံ တိတိက္ခတိ။
၃။ ဝရမဿတရာ ဒန္တာ၊ အာဇာနီယာ စ သိန္ဓဝါ။
ကုဉ္ဇရာ စ မဟာနာဂါ၊ အတ္တဒန္တော တတော ဝရံ။
(ဓမ္မပဒ၊ နာဂဝဂ်၊ အတ္တဒန္တဝတ္ထု)
၄။ ဓနပါလော နာမ ကုဉ္ဇရော၊ ကဋုကဘေဒနော ဒုန္နိဝါရယော။
ဗဒ္ဓေါ ကဗလံ န ဘုဉ္ဇတိ၊ သုရမတိ နာဂဝနဿ ကုဉ္ဇရော။
( ပရိဇိဏ္ဏ ဗြာဟ္မဏ ပုတ္တဝတ္ထု)

အခါတပါး ကောသလမင်းကြီး၏ ပါဝေယျက (ဂါထာ-၁) မည်သော စစ်ဆင်ကြီးသည် အိုမင်းမစွမ်းရှိသောအခါ လွှတ်ထားရာမှ ရေအိုင်သို့ ဆင်းမိသည်တွင် ညွန်ပျောင်း၌ ကျွံနစ်လျက် မရုန်းနိုင် မတက်နိုင်ဖြစ်နေသည်ကို လူအများမြင်ကြလျှင်-“အားကောင်း သော ဆင်ပြောင်ကြီးသော်မှ ဤသို့ဖြစ်ရချေသေးဟု အဆင့်ဆင့် ပြောကြရာမှ ကောသလမင်းကြီး ကြားသိတော်မူ၍ ဆင်ဆရာ, ဆင်ထိန်းတို့ကိုလွှတ်ပြီး ဆင်ကြီးရုန်းထွက်နိုင်အောင် ဆောင်ရွက် ရမည်ဟု အမိန့်ပေး တော်မူလိုက်ရာ ဆင်ဆရာတို့က ဆင်ကြီး အနီးတွင် စစ်ရေးပြခြင်း, စစ်ပွဲ၌တီးသော စည်ကြီးကို တီးပေး ခြင်းဖြင့် နှိုးဆွပေးကြ၏။ ဆင်ကြီးလည်း အားတက်လာကာ အတင်းရုန်းလိုက်သဖြင့် ကုန်းပေါ် သို့ ရောက်သွားလေ၏၊ ရဟန်းတို့သည် ဤအကြောင်းကို သိမြင်သည့်အတိုင်း မြတ်စွာဘုရား အား လျှောက်ကြားကြလျှင် ဆင်ကိုဥပမာပြု၍ အောက်ပါ ဂါထာကို ဟောတော်မူသည်။

---

၁။ အပ္ပမာဒရတာ ဟောထ၊ သစိတ္တမနုရက္ခထ။
ဒုဂ္ဂါဥဒ္ဒရထတ္တာနံ၊ ပင်္ကေ သန္နောဝ ကုဉ္ဇရော။
(ပါဝေယျကဟတ္ထိဝတ္ထု)

## ဆင်မင်းကဲ့သို့တင့်တယ်စွာ ကြွတော်မူခြင်း

မြတ်စွာဘုရားသည် ကပိလဝတ် နေပြည်တော်သို့ ကြွတော် မူသောအခါ အလွန်တင့်တယ်စွာ ကြွတော် မူကြောင်းကို ရှင်မဟာဗုဒ္ဓဃောသ အဋ္ဌကထာဆရာ မထေရ်သည် ဂါထာပေါင်း ၁၀-ဂါထာတို့ဖြင့် ချီးကျူးတော်မူခဲ့သည်။ ယင်း ၁၀-ဂါထာတို့ကို မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ၊ သေခသုတ်အဖွင့်တွင် အပြည့်အစုံ ဖတ်ရှုနိုင်ကြပါသည်။ ယင်း ၁၀-ဂါထာအနက် ဆင်မင်း၏ တင့်တယ်ခြင်းကဲ့သို့ တင့်တယ်စွာ ကြွတော်မူကြောင်း ဖွဲ့ဆိုသော ဂါထာတပုဒ်ပါသည်၊ မြန်မာ ဘာသာဖြင့် ပြန်ဆိုသော်-

* "မာရ်ငါးပါးကို အောင်မြင်တော်မူပြီးသော မြတ်စွာဘုရားသည် ဆဒ္ဒန်ဆင်မင်း၏ သွားခြင်းကဲ့သို့ တင့်တယ်စွာ သွားခြင်းရှိသဖြင့် ကြွသွား တော်မူသောအခါ ကြည့်ရှုမဝ အလွန်တင့်တယ်လှပေ၏။ လောကသုံးပါးထက် မြတ်တော်မူသော မြတ်စွာဘုရားသည် နတ်ပြဟ္မာနှင့် တကွသော လူအပေါင်းတို့ကို နှစ်သက် ရွှင်လန်းစေလျက် တင့်တယ်ယဉ်ကျေးစွာ ကြွတော်မူ၏။"

---

* နာဂဝိက္ကန္တစာရော သော၊ ဂမနေ သောဘတေ ဇိနော။
စာရုံ ဂစ္ဆတိ လောကဂ္ဂေါ၊ ဟာသယန္တော သဒေဝကေ။ ။
(မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ၊ သေခသုတ်၊ နှာ ၁၇)

လောကသုံးပါး၌ အတူမရှိပုဂ္ဂိုလ် ဖြစ်တော်မူသော မြတ်စွာဘုရား၏ ကြွသွားတော်မူပုံ အခြင်းအရာကို ဆင်၏ သွားခြင်းနှင့်နှိုင်း၍ တင့်တယ်ပုံကို ပြ၏၊ ဝေသာလီပြည်ကို ပြန်လည်ကြည့်တော်မူရာ၌လည်း ဆင်မင်း၏ ပြန်လည် ကြည့်ပုံနှင့် နှိုင်းခိုင်းပြပေ၏၊ လောကစံကိုသည်းခံတော်မူရာ၌ စစ်မြေပြင် ဆင်ပြောင်ကြီး၏ ခံနိုင်ရည်ရှိပုံနှင့်နှိုင်း၍ ပြတော်မူ၏၊ ရဟန်းတော်များ (သတ္တဝါများ) ကိလေသာ ညွှန်တွင်းမှ လွတ်အောင် ရုန်းထွက်ရန် ကောသလမင်းကြီး၏။ ပါဝေယျကဆင်ပြောင်ကြီးကို ဥပမာထား၍ ဟောကြားတော်မူ၏၊ ထိုမှတပါး လောက၌ သတိတရားသည် အားလုံးသော သမာဓိ, ပညာစသော တရားတို့ထက် အရေးကြီးပုံ, အခြေခံဖြစ်ပုံကို ဟတ္ထိပဒေါပမ* သုတ္တန်တွင် ဆင်ခြေရာနှင့်တူကြောင်း ဟောတော်မူသည်၊ ဆင်နှင့် ပတ်သက်သော ဒေသနာတော်တို့ကား များပြားလှ၏။ ဤ အဘိဓာန်၌ကား ဆင်နှင့်စပ်လျှင်း၍ အရေးပါ အရေးကြီးသော အချက်အလက် အချို့ကိုသာ ဖော်ပြလိုက်ပါသည်။

---

* ဟတ္ထိပဒေါပမ-ဆင်ခြေရာ ဥပမာထား၍ ဟောတော်မူသောသုတ်၊ သတိတရားသည် ဆင်ခြေရာနှင့်တူ၏။ မူလပဏ္ဏာသ၊ ဟတ္ထိ-ပဒေါပမသုတ္တန်။

## ယောကျ်ားမိန်းမတို့၏အကျိုးပြလက္ခဏာ

ရှေးမဟာတိတ်ထုံကျမ်းကြီး၌ ယောကျ်ား, မိန်းမတို့၏ လက္ခဏာအသီးသီးကို ပြရာတွင် အကြင်ယောကျ်ား၏ အသံသည် ဆင်ငယ်၏အသံ, ကြိုးကြာသံကဲ့သို့ရှိမူ ရေမြေ့ရှင်ဖြစ်အံ့။ (ဆင်ငယ်၏ အသံကိုဆိုသော်လည်း ဆင်ကြီးသံကိုပင် ယူနိုင်၏) မှူးကြီးမတ်ကြီးဖြစ်အံ့။

အကြင်ယောကျ်ား, မိန်းမတို့သည် သွားသောအခါ ဆင်ကဲ့သို့ သွားပုံလာပုံရှိမူ ထင်ရှားကျော်စောအံ့-ဟု အဟောရှိသည်။ ဆင်အသံနှင့်ဆင်သွားပုံကို အထူးပြဆိုထားလေသည်၊ (အထူးမှတ်ရန်-ဘုရားရှင်လက်ထက်တော် အခါ ရာဇဂြိုဟ်ပြည်၌ သူဆင်းရဲအသွင်ဆောင် နေသော ကုမ္ဘဃောသက သူဌေးအသံကို ဗိမ္ဗိသာရ မင်းကြီးကြား၍ "ဤအသံကား သူဌေးကြီး အသံတည်း"ဟု မိန့်ဆိုတိုင်း မှန်သည်ကိုထောက်၍ လူတို့၌ ဆင်းရဲ, ချမ်းသာ, ယုတ်, လတ်, မြတ် စသည်တို့ကား ရုပ်သွင် လက္ခဏာ, အသံသြဇာ, သွားပုံလာပုံတို့၌ အပြီးပါရှိသည်ဟု မှတ်သင့်သည်)။

## မျက်စိလက္ခဏာ

လူတို့၌ မျက်စိလက္ခဏာ အမျိုးမျိုးရှိရာ လက္ခဏာထူးခြားသည့်အလျောက် အကျိုးအပြစ်လည်း အမျိုးမျိုးရှိလေသည်။

မျက်စိနီသူ, ကျား ခွေး ကြက်တို့ မျက်စိနှင့်တူသော မျက်စိရှိသူ, သမင်မျက်စိနှင့်တူသော မျက်စိရှိသူ, ကြောင်မျက်စိ ဥဒေါင်းမျက်စိ မြွေပါမျက်စိ နွားလားဥသဘမျက်စိ ဆင်မျက်စိတို့နှင့် တူသောမျက်စိရှိသူ, ပုဇွန်မျက်စိနှင့်တူသော မျက်စိရှိသူဟူ၍ ရှိရာတွင်-

နွားဥသဘ၊ ဂဇပုံနှုန်း၊ ဘုန်းမင်္ဂလာ၊ လွှမ်းရိုက်ဖြာမျှ၊
ကြွေငြာကျော်ဝှန့်-

ဆိုသည့်အတိုင်း နွားလားဥသဘမျက်စိ, ဆင် မျက်စိနှင့်တူသော မျက်စိရှိသူတို့သည် ဘုန်းကြက်သရေရှိလျက် အဓိကရ ကြွေငြာထင်ရှားသူ ဖြစ်လိမ့်မည်၊ အထူးသဖြင့် ဆင် မျက်စိနှင့်တူသော မျက်စိရှိသူသည် မည်သည့်အလုပ်မျိုးကို မဆို ရှပ်ရှပ်ချွန်ချွန် အာဇာနည်စိတ်ထားနှင့် မဖြစ်မနေ လုပ်ထားခြင်း, ယင်းသို့ လုပ်တတ်သဖြင့် အကျော်အစော အရှိန်အဝါ ပြည့်စုံ တတ်ခြင်း, အသိဉာဏ်ထူး ရှိတတ်ခြင်း ဤသို့သောဂုဏ်တို့နှင့် ပြည့်စုံ တတ်သည်။

## ဆင်ဖြူတော်နှင့်စပ်လျဉ်းသော အိပ်မက်နှင့်အကျိုး

(၁) သိဒ္ဓတ်မင်းသား၏ မယ်တော် မဟာဒေဝီသည် သိဒ္ဓတ်မင်းသား ဘုရားအလောင်းတော် ပဋိသန္ဓေနေအံ့သော အခါ ဘော်သာခွါ ငွေတောင်ကဲ့သို့ ဖြူဆွတ်သော အဆင်းရှိသည့် ဆင်ဖြူတော်သည် မြောက်အရပ်မှလာ၍ မဟာမာယာဒေဝီ၏ လက်ယာနံပါးကို ဖွင့်လှစ်၍ ဝင်လာသည်ဟု အိပ်မက်မြင်မက်တော်မူ၏။ ယင်းအိပ်မက်အရ ဘုရားအလောင်း ပဋိသန္ဓေနေလာတော်မူသည်။ (ဗုဒ္ဓဝင်)

(၂) သာသနဒါယကာ အသောကမင်းကြီးသည် ရှင်မဟာမောဂ္ဂလိ ပုတ္တတိဿမထေရ်ကြွလာအံ့သောအခါ ကိုယ်လုံးဖြူသော ဆင်ပြောင်ကြီးသည် ရောက်လာ၍ မင်းကြီး၏ ဦးခေါင်းမှစပြီး တကိုယ်လုံးသုံးသပ်လျက် ဘုရင်၏လက်ယာလက်ကိုကိုင်သည်ဟု အိပ်မက် မြင်မက်တော်မူ၏၊ ထိုအိပ်မက်အရ မထေရ်မြတ်ကြွလာ ၍ တတိယ သံဂါယနာ တင်သည်အထိ ကျေးဇူးပြုတော်မူလေသည်။ (မဟာဝင်)

(၃) အင်းဝကို ပဌမဆုံးတည်သော သတိုးမင်းဖျားသည် (၇၂၆)ခု အင်းဝတည်အံ့သောအခါ အင်းဝတည်ရာ အရပ်၌ လက်ပံပင်ကြီးတပင်၊ ၄င်းအပင်ဖျား၌ ဆဒ္ဒန်ဆင်ပျံနားသည်။ ခက်မ ၅-ဖြာတွင် ပရိက္ခရာ ၈-ပါးနှင့်တကွ ရဟန္တာ ၄-ပါး၊ အပင် ရင်း၌ ခြင်္သေ့၊ အမြစ်ဖျား၌ နဂါး၊ ရဟန္တာ ၄-ပါးကို ဂဠုန်သုတ် သည်ဟု အိပ်မက်မြင်မက်တော်မူ၏။ ယင်းအိပ်မက်အတိုင်း အင်းဝပြည်ကြီးကို စတင်တည်ရသည်၊ အိပ်မက်အကျိုးနှင့် ပတ် သက်၍ ပန်တူကြီးသံဃရာဇာ ဟောပုံအကျယ်ကို အင်းဝရာဇဝင် တွင် ဖတ်ရှုနိုင်ပေသည်။ (ရာဇဝင်)

(၄) တောင်တွင်းကြီးမြို့ နတ်မီးလင်းဆရာတော်သည် ရှင်မဟာသီလဝံသ အလောင်းကလေး ကျောင်းလာအပ်ခါနီး တညတွင် ဆင်ဖြူတော်တစီးသည် ကျောင်းသို့ဝင်လာ၍ ဆရာတော်၏ လက်ယာနို့ကိုစို့ပြီး ကျောင်းတွင်း၌ ဝင်နေသည်ဟု မြင်မက်တော်မူ၏။ မြင်မက်သည့်အတိုင်း ပညာရှိပညာကျော် ရောက်လာတော့ မည်ဟု ဆရာတော်ကိုယ်တိုင် အိပ်မက် ဖတ်တော်မူ၏။ မှန်လှပေသည်၊ ယနေ့တိုင် ထင်ရှားကျော်စော တော်မူသော ရှင်မဟာ သီလဝံသပေတကား. . .။ (ဂန္ထဝင်)

ဆင်ဖြူတော်အိပ်မက် နိမိတ်ထင်လျှင် ဘုရားအလောင်းသော်လည်းကောင်း, ရဟန္တာပုဂ္ဂိုလ်သော်လည်းကောင်း, ပညာရှိပုဂ္ဂိုလ်သီလဝန် ဂုဏဝန်ပုဂ္ဂိုလ်သော်လည်းကောင်း မုချဖြစ်ပေါ်လာရလေသည် ဆင်ဖြူ တော်သည် ဤမျှ ထူးခြားလှပေသည်။

ဆင်ပါသော မြို့ရွာရပ်ကွက်အမည်များ

၁။ ဆင်ဖြူကျွန်း
၂။ ဆင်ပေါင်ဝဲမြို့
၃။ မုတ္တမမြို့ဆင်ဖြူရပ်
၄။ ဆင်ဖြူကျောင်း (မော်လမြိုင် ဒိုင်းဝန်ကွင်း)
၅။ ခာင်ပုန်းဘုရား ( ကျိုက္ခမီ)
၆။ ဆဒ္ဒန်ဂူ ( မော်လမြိုင်အရှေ့ဘက်)
၇။ ဟိုင်းကြီးကျွန်း (ပုသိမ်)
၈။ ဆင်ခေါင်းရွာ (ရခိုင်ပြည် သံတွဲမြို့နယ်)
၉။ ဆင်လမ်းရွာ
၁၀။ ဆင်သေချောင်း
၁၁။ ဆင်မင်းကွက်သစ် (ရန်ကုန်အလုံ)
၁၂။ ဆင်မလိုက်သဘော်ကျင်း

၁၃။ အင်းစိန် (မွန်ဘာသာ) ဆင်ရေချိုးရာအင်း
၁၄။ ဆင်မြီးဆွဲမြို့(ပြည်ခရိုင်)
၁၅။ ဆင်ကျုံးရွာ(ပြည်ခရိုင်၊ ပေါင်းတည်မြို့နယ်)
၁၆။ ဆင်ဖြူရွာ, ဆင်မင်းရွာ (မြင်းခြံခရိုင်)
၁၇။ ကျုံစိန်(မွန်ဘာသာ) ဆင်ချောင်း
၁၈။ ဆင်စွယ်ရွာ (ပခုက္ကူခရိုင်)
၂၀။ ဂယာသီသ (ဣန္ဒိယနိုင်ငံ ဗုဒ္ဓဂယာတည်ရာ) ဂယာ
သီသ- ဂဇသီသ၊ ဂဇ=ဆင်၊ သီသ=ဦးခေါင်း၊ ဆင်ဦး
ခေါင်းနှင့်တူသော တောင်ရှိရာဌာန။

(၁) ဆင်ဖြူကျွန်းမြို့။ ။၄င်းမြို့သည် စလင်းမြို့အရှေ့မြောက် ၆-မိုင်ကျော်ခန့် အကွာ ဧရာဝတီမြစ်နှင့် စလင်း မြစ်တို့ တွေ့ဆုံရာ ဆိပ်ကမ်းအနီး၌ တည်ရှိသည်၊ ရှေးမြန်မာ ဘုရင်များ လက်ထက်နှင့် အထူးသဖြင့် ကုန်းဘောင်ဆက် ဘကြီးတော် (မြန်မာ ၁၁၈၁-၁၁၉၉) လက်ထက်တို့၌ ဆင်ဖြူများရရှိရာ ဒေသဖြစ်၍ ဆင်ဖြူကျွန်းဟုတွင်ခဲ့သည်။ ယနေ့တိုင် ထင်ရှားလျက်ရှိ၏။

ဆင်ဖြူတော် (၁၄)

## သထုံ ဆင်ဖြူကျွန်း

ရှေးအခါက သထုံပြည် မနူဟာမင်းကြီးသည် သထုံရာဇဝင်အရ ဆင်ဖြူ ၃၂-စီး (တွင်းသင်းရာဇဝင်အရ ၃၃-စီး) သူ့ရဲကောင်းကြီးနှစ်ယောက်၊ ရန်အပေါင်းကို အောင်မြင်စေနိုင်သော ဖားစည်တို့ကို ရရှိတော်မူ၏။

သထုံမြို့၏ အနောက်တောင်အရပ် (မီးရထားလမ်းကို ကျော်ပြီးနောက်) မလှမ်းမကမ်းတွင် ဆင်ဖြူကျွန်းဟူ၍ ယခုတိုင် ရွာကြီးတစ်ရွာရှိသည်၊ မြေမြို့ရိုး သုံးထပ် ကာရံထားသည်၊ မနူဟာမင်း လက်ထက်က ဆင်ဖြူတော်များကို သီးသန့်ထားရာ ကျွန်းဖြစ်သောကြောင့်“ဆင်ဖြူကျွန်း” အမည်တွင်သည်ဟု ယူဆရန်ရှိပေသည်။ ၎င်းရွာသို့ ကိုယ်တိုင်သွားရောက် လေ့လာသဖြင့် အိမ်ခြေ ၂၀၀-ကျော်ခန့်ရှိသော ရွာကြီးတရွာ ဖြစ်နေကြောင်း သိရသည်။

ထိုရွာနေ အသက် (၈၀) ရှိ အဖွားကြီးတစ်ယောက်နှင့် တွေ့၍ မေးမြန်းကြည့်ရာ သူ့အိမ်အနီးတွင် အုတ်ကျိုးများ ရှိသေးကြောင်း၊ ယင်းအုတ်တို့မှာ အလျားတထောင်ခန့်ရှိသော ရှေးအုတ်များဖြစ်၍ ဤနေရာတွင် ပတ်ဝန်းကျင်ကို ကြည့်ရှုမြင်နိုင်ရန် မျှော်စင်ရှိခဲ့ဖူးရာ ဤအုတ်များသည် မျှော်စင်ကြီးပျက်သွား

ရာမှ ကြွင်းကျန်ရစ်သော အုတ်များဖြစ်ကြောင်းနှင့် မိဘဘိုးဘွားများ ပြောပြသည့်အတိုင်း မှတ်သားခဲ့ရပါသည်ဟု လျှောက်ထားသည်ကို ကြားသိခဲ့ရပါ သည်။ ယင်းအဖွားကြီးကား ထိုဆင်ဖြူကျွန်းဇာတိပင်ဖြစ်ကြောင်း သိရသည်။ ဆင်ဖြူကျွန်း၏ အလယ်ကုန်းမြင့်ရာ၌တွင် အထိမ်း အမှတ်အဖြစ်ဖြင့် စေတီတော်တဆူ (ဉာဏ်တော်အတောင် ၃၀-ရှိ) ကို တည်ထား၍ စေတီတော်အနီးတွင် ဘုန်းတော်ကြီး ကျောင်းတဆောင် ဆောက်လုပ်ကာ ကျွန်းသူကျွန်းသားတို့၏ ကိုးကွယ်ရာအဖြစ် ရှေးဆံဆံ တည်ရှိနေသည်ကိုလည်း တွေ့ရ သည်။

(၂) ဆင်ပေါင်ဝဲမြို့။ ။ ၄င်းမြို့သည် သရက်ခရိုင်၊ အောင်လံ (အာလံ) နယ်ပိုင်၊ ဆင်ပေါင်ဝဲမြို့နယ်၏ ရုံးစိုက်ရာ မြို့ဖြစ်သည်။ ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းတွင် တည်ရှိ၏။ မြန်မာမင်းများလက်ထက်က ဆင်ပေါင်ဝဲမြို့နယ်ကို မြေထဲစီရင်စုဟုခေါ်ခဲ့သည်။ ဆင်ပေါင်ဝဲဟူသောအမည်မှာ ဆင်ဖြင့်ပေါင်၍ ဆွဲယူရအောင် ကြီးသော ဝဲရှိခြင်းကြောင့်ဟု အဆိုရှိသည်။ မြန်မာသက္ကရာဇ် ၄၅၅-ခု၌ ပုဂံဘုရင် နရပတိစည်သူမင်းကြီးသည် ဖောင်စကြာဖြင့် တိုင်းခန်းလှည့်လည်ရာမှ အပြန်တွင် ဤနေရာသို့ ရောက်သော အခါ ဖောင်တော်သည် ကြီးမားသော ဝဲတခုကို မကျော်လွန်နိုင်

သဖြင့် ဆင်များဖြင့်ကုန်းပေါ်မှ ဆွဲယူခဲ့ရသည်။ ထိုသို့ ဆွဲယူပြီးနောက် ဖောင်တော်ဆိုက်ကပ်ရာဒေသ၌ ဖောင်တော်ဦးအမည်ဖြင့် ဘုရားတဆူ တည်ထားခဲ့သည်ဟု ပြောစမှတ်ရှိခဲ့သည်၊ မြို့ကိုလည်း " ဆင်ပေါင်ဝဲ" ဟု သမုတ်ခဲ့လေသည်။

(၃)မုတ္တမဆင်ဖြူရပ်။ ။ မုတ္တမထက်စောသော သထုံမနူဟာဘုရင်လက်ထက်တွင် ဆင်ဖြူ ၃၂-စီးရှိကြောင်း ရာဇဝင်တွင် အဆိုရှိ၏၊ သို့ရာတွင် ဆင်ဖြူတော်များ၏ ထူးခြားချက်ကိုကား ဖော်ပြထားသည်ကို မတွေ့ရချေ၊ မုတ္တမသို့ ရောက်လာသော ဆင်ဖြူတော်ကား ထူးခြားကြောင်း ရာဇဓိရာဇ်အရေးတော်ပုံတွင် ထင်ရှားပါရှိ၏၊ မွန်ဘုရင် မဂဒူးသည် တကော့ဝန် (ဒုံဝန်း) မြို့တွင် ဘုရင်ဖြစ်ပြီးနောက် သက္ကရာဇ် ၆၄၃-ခုတွင် မုတ္တမကိုရရှိသည်၊ ထိုမြို့၌ ဝါရီရူမမ္ဘသတ်တစောင်ကို ပြုစုခဲ့သည်၊ သက္ကရာဇ် ၆၄၉-တွင် မြို့တည်ရန် ကြငှန်းတိုင်စိုက်သောအခါ ပညာရှိတို့က ဆင်ဖြူတော်ရောက်မည်ဟု ဟောကြသည်၊ ဘိသိက်ခံသောအခါ ယောက္ခမဖြစ်သော သောက္ကတဲ (ဆူခိုးထိုင်) ဘုရင်ထံမှ မင်းမြောက် တန်ဆာတို့ကို တောင်းယူရ၏၊ ဝါရီရူမင်း (မိုးပေါ်ကျမင်း) ဟူသောဘွဲ့ကိုခံယူလေသည်။

ဝါရီရှုမင်း မုတ္တမတွင်မင်းပြု၍ ၆-နှစ်ရှိလျှင် (သက္ကရာဇ် ၆၅၅)တွင် သောက္ကတဲမင်းထံသို့ ဆဒ္ဒန်ဆင်ဖြူမျိုး ဆင်ပေါက်တစီး ရောက်လာ၏၊ ဆင်ဖြူ၏အဆင်းကား ဗိုင်းဝါဂွမ်းကဲ့သို့ဖြူ၏၊ အစွယ်ကား ခေါင်ရန်းပွင့်အဆင်းနှင့်တူ၏၊ ခံတွင်းကား ကျီး အာသီးမှည့် အဆင်းနှင့်တူ၏။ ဆင်ဖြူအသက် ၉-နှစ်ရှိလျှင် ဆင်ဖြူအိပ်မက်ပေးသည်ကား “ ယခုငါသည် ဤအရပ်တွင် မနေ ကောင်းပြီ၊ နေသော် ဥပဒ်ရောက်မည်” ဟူ၏၊ ဘုရင်က ၎င်း အကြောင်းကို အမတ်တို့အား ပြန်ကြားရာ “ ဆင်မင်းနေလိုသော အရပ်ကို သိရအောင် စီရင်တော်မူ”ဟု လျှောက်တင်ကြ၏၊ စီရင်ပုံကား၊ ၁-ဇင်းမယ်မြက်တထုံး၊ ၂-လဂွန်းမြက်တထုံး၊ ၃-ယိုးဒယားမြက်တထုံး၊ ၄-မုတ္တမမြက်ထုံး၊ ၄င်းမြက်လေးထုံး ကို ဆောင်ယူစေ၍ “ ဆင်ဖြူတော်နေလိုသည့်အရပ်က မြက်ထုံးကို ကောက်ယူစားစေသော” ဟု အဓိဋ္ဌာန်ပြုပြီး ဆင်တော်အားပေး၏၊ မြက်ထုံး ၃-ထုံးကို နှာမောင်းဖြင့်တွန်းဖယ်လိုက်၍ မုတ္တမမြက်ထုံး ကိုသာ စားလေ၏။ သက္ကရာဇ် ၆၅၅-ခုတွင် ဆင်ဖြူရတနာ မုတ္တမသို့ ရောက်လာသည်၊ ဆင်ဖြူတော် ရောက်သည်ဟုကြား လျှင် အခြားပြည်ထောင် ဝေါဒေါမင်း (ရှမ်းမင်း) က ဗိုလ်ပါ တသိန်းရှစ်သောင်းနှင့် မုတ္တမကိုဝိုင်းရံလာ၏၊ ပြည်သူပြည်သားတို့ ထိတ်လန့်ကြသည်တွင် ဆင်ဖြူတော်အိပ်မက်ပေးသည်ကား

"ငါတို့ဘုရင် ကျော်စောထင်ရှားဖြစ်အောင် စစ်ရောက်လာခြင်းဖြစ်သည်၊ မကြောက်ကြလင့်၊ သင်းထုံမွှေးကြိုင်သည့်ရေကို ရွှေအင်တုံ၌ ထည့်၍ ငါ့အပါးတွင်ထားလှည့်" ဟု အိပ်မက်ပေး၏၊ ပေးသည့်အတိုင်းထားလျှင် ရွှေအင်တုံမှရေကို နှာမောင်းဖြင့်ယူ၍ ဖျန်းလေ၏၊ ဆင်ဖြူတန်ခိုးကြောင့် ဝေါဒေါမင်း တပ်ပျက်ပြေးရ၏၊ ဤမျှတန်ခိုးရှိသော ဆင်ဖြူကို ထားရာအရပ်သည် ဆင်ဖြူရပ်ဟု ယနေ့တိုင် ထင်ရှားလျက်ရှိ၏၊ အခြားဆင်ဖြူတို့နှင့် မတူ ထူးခြားလှသောကြောင့် " ဆင်ဖြူအစ မုတ္တမ"ဟု ဆိုသင့်ပေသည်။

(၄) ဆင်ဖြူကျောင်း။ ။ မော်လမြိုင်မြို့၊ ဒိုင်းဝန်ကွင်းတွင် ဆင်ဖြူကျောင်းဟူ၍ ယခုတိုင်ထင်ရှားရှိ၏၊ ယင်းဆင်ဖြူတော်ကျောင်း၏ အတိတ်အကြောင်းကား-ရှေးလွန်ခဲ့သောနှစ်ပေါင်း ၂၀၀-ကျော်လောက်က ယခုကျောင်းနေရာတွင် အိုးဖိုကျောင်းဒကာမှာ ယခုဆင်ဖြူကျောင်းဖြစ်သော (ကွယ်လွန်သူ) ဦးဖိုးခင်၏အဖဖြစ်၏၊ ကုန်းဘောင်ခေတ် နောက်ပိုင်းနှင့် ဗြိတိသျှခေတ်အစတွင် မော်လမြိုင်နယ်တဝိုက်ရှိ သာသနာရေးဆိုင်ရာတို့ကို စီရင်အုပ်ချုပ်ရသော ဆရာတော်ကြီးမှာ " စာရိတ္တာဘိဇေရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ အင်းဝကျောင်းဂိုဏ်းအုပ်ဆရာ တော်ကြီးဖြစ်တော်မူသည်။

အခါတပါး ထိုဂိုဏ်းအုပ်ဆရာတော်ကြီးအား ဤသို့ အိပ်မက်ပေးလာပါသတဲ့ " ယခုရရှိနေသော အိုးဖိုကျောင်းသည် ဟောင်းနွမ်းနေပြီ၊ ကျောင်းသစ်တည်ဆောက်၍ ယင်းကျောင်း ဝင်းအတွင်း၌ ဆင်ဖြူရုပ်တခု တည်လုပ်ထားရမည်" ဟူ၏၊ အိုးဖို ကျောင်းဒကာအားလည်း ဤနည်းတူ အိပ်မက်ပေးလေသည်။

ဂိုဏ်းအုပ် ဆရာတော်ကြီးသည် အိပ်မက်အကြောင်း ပြောပြရန် အိုးဖိုကျောင်းသို့ကြွရောက်၍ ကျောင်းဘုန်း ကြီးနှင့် ကျောင်းဒကာကိုခေါ်ပြီးလျှင် အိပ်မက်အကြောင်းကို အမိန့်ရှိ တော်မူရာ ကျောင်းဒကာကြီးက" တပည့်တော်လည်း ဤအတိုင်း အိပ်မက်မြင်မက်ကြောင်း" လျှောက်ထားလေသည်၊ အိပ်မက် ၂- ရပ်တူနေပုံနှင့် ထူးထူးခြားခြား အိပ်မက်ပေးပုံတို့ကို တွေးတော အံ့အားသင့်ကြသည်၊ ထိုအခါကား မွန်နယ်နှင့် ရှမ်းယွန်းနယ်တို့ နယ်ချင်းစပ်နေသဖြင့် မကြာခဏ မွန်နှင့်ရှမ်းတို့ ပဋိပက္ခဖြစ်နေကြ လေသည်။

အဓိကရ ဂိုဏ်းချုပ်ဆရာတော်ကြီးနှင့် ကျောင်းဒကာကြီး တို့၏ ထူးခြားသောအိပ်မက်အရ ကျောင်းဟောင်းကို ဖျက်၍ ကျောင်းသစ်ဆောက်လုပ်ရန် ဆုံးဖြတ်ချက်ချပြီး မကြာမီ ကျောင်း ဆစ်ဆောက်လုပ်ကာ ကျောင်းပရိဝုဏ်အတွင်း၌ ဆင်ဖြူရုပ်ကို

လည်း သင်ပုတ်ပလ္လင်ကဲ့သို့ အုတ်ခုံခံလျက် ရှေ့ခြေနှစ်ဖက်က အုန်းသီး သဏ္ဍာန်ကျောက်တုံးများပေါ်မှာ နင်းထားဟန် ခန့်ညားစွာ တည်ထားပြုလုပ်ကြလေသည်၊ ယင်းဆင်ဖြူရုပ်ကို အကြောင်း ပြု၍ ဆင်ဖြူကျောင်းဟူသော **အမည်သစ်ဖြင့်** ထင်ရှားလာခဲ့ လေသည်။

အချိန်ကား တစတစကုန်ဆုံးခဲ့လေပြီ၊ ဂိုဏ်းချုပ် ဆရာတော်ကြီးသည်လည်းကောင်း, အိုးဖိုကျောင်းနှင့် ကျောင်း ဒကာကြီးသည်လည်းကောင်း ကွယ်လွန် ကုန်ကြလေပြီ၊ ပျောက် ကုန်ကျလေပြီ၊ မွန်ပြည်နယ်သည်လည်း မင်းအဆက်ဆက်ပြောင်း ၍ နောက်ဆုံး လွတ်လပ်ရေးခေတ်သို့ ရောက်လာခဲ့ပေပြီ၊ ဆင်ဖြူကျောင်း အတွင်းရှိ ဆင်ရုပ်ကြီးသည်ကား တည်ထားစဉ် ကအတိုင်း မူမပျက် ဆက်လက်တည်ရှိလာခဲ့သည်၊ သို့ရာတွင် လွပ်လပ်ရေး ခေတ် နောက်ပိုင်း လွန်ခဲ့သော ၆-နှစ် လောက်က ဆင်ဖြူကျောင်းသို့ စိတ်မနှံ့သူ တယောက်ရောက်လာပြီး ဆင်ဖြူ ကြီးအား မြက်ကျွေးသလို အမူအရာ ခင်မင်သလို အသွင်ဖြင့် ဆင်ဖြူကြီးအနီးမှ မခွာဘဲနေလေသည်၊ တခါ တရံပျောက်ကွယ် သွားတတ်သည်၊ ကျောင်းရှိပုဂ္ဂိုလ်တို့ကလည်း စိတ်မနှံ့သူ တယောက်ဟူ၍ ဂရုမစိုက် အမှတ်မဲ့နေကြလေသည်၊ တနေ့သ၌ နံနက်လင်းချိန် ဆင်ဖြူကြီးကို မြင်ရသည်မှာ နင်းထားသော

ကျောက်တုံးများပေါက်၊ အတွင်းလိုဏ် ရောက်အောင် ပွင့်လျက် ရှိလေသည်။ ထိုအခါ အုံ့အားသင့်ကာ ဝိုင်းဝန်း ကြည့်ကြလေရာ လိုဏ်ခေါင်းတွင် ကျန်ရစ်ခဲ့သော ရွှေစများကို မြင်ရမှ စိတ်မနှံ့ သူမှာ ဟန်ဆောင်နေသော ဘူမိယဂိုဏ်း သိုက်ဆရာဖြစ်၍ သိုက်စာအရ လာရောက်ထွင်းဖောက်သူဟု သိကြရ လေတော့ သည်၊ ရှေးက လူကြီးများသည် ကာလ ပျက်သောအခါ ဆင်ဖြူရုပ်ကို လုံခြုံသောနေရာဟု အမှတ်ပြုကာ ရွှေငွေစိန် ကျောက် စသော ရတနာများကို သိုမှီး မြှုပ်နှံ (ဌာပနာ) ထားခဲ့ ကြောင်း သဘောပေါက်မိကြလေသည်၊ ယခုမြင်တွေ့နေရသော ဆင်ဖြူ ရုပ်ကား ဟောင်းလောင်းနှင့် မြင်မကောင်းသော လိုဏ်ကို ပိတ်ပြီး အသစ်တဖန်ပြုလုပ်၍ (လုံခြုံစေရန်ဝင်းခတ်ကာ) ထား သော နောက်ဆင်ဖြူဖြစ်၏၊ ဝင်းခတ်ခြင်းကား နောက်ကျသွား လေပြီ၊ ဤကား ဆင်ဖြူကျောင်း၏ အတိတ်အကြောင်း အကျဉ်း ချုပ်ဖြစ်ပါသတည်း။

(၇) ဟိုင်းကြီးကျွန်း။ ။ ပုသိမ်မြို့တဖက်ကမ်းတွင် အစွယ်မဲ့ ဟိုင်းဆင်ကြီးနှင့် သဏ္ဍာန်တူသော တောင်ကိုအစွဲပြု၍ ထိုဒေသ ကို ဟိုင်းကြီးကျွန်းဟု ခေါ်ဆိုကြသည်၊ အလောင်းဘုရား လက်ထက်က အင်္ဂလိပ်များအား နေထိုင်ခွင့်ပေးရာမှစ၍ မြန်မာနှင့် အင်္ဂလိပ်တို့ အချင်းဖြစ်ပွားခဲ့ဖူးသည် ကုန်းဘောင် ဆက် ရာဇဝင်တွင် ထင်ရှားပါရှိ၏။

အခြားမြို့ရွာရပ်ကွက်အမည်များမှာ မှတ်တမ်းမတွေ့ရ၊ ဆင်နှင့်ပတ်သက်သော အကြောင်းအားလျော်စွာ လူအများ ခေါ်ဝေါ်ရာမှ ဖြစ်ပေါ်လာသော အမည်များဖြစ်၍ အထူးဖော်ပြရန် မလိုတော့ပြီ။

## ဆင်မုန်ယိုခြင်းနှင့်မုန်အာသောက်

ဆင်များသည် ပြည့်ပြည့်ဝဝ အရွယ်ရောက်လာသောအခါ သဘာဝအားဖြင့် အသက်၂၀-မှ ၄၀-ကျော်ထိ ဤအတွင်း တနှစ်လျှင် အနည်းဆုံးတကြိမ်နှစ်ကြိမ် မုန်မှန်မှန်ကျတတ်လေသည်၊ အမှန်အားဖြင့် ဆင်၏ကျန်းမာရေးသည် မုန်ပေါ်၌တည်သည်။

မုန်ကျ မုန်ယိုရာ၌ ဆင်ထီးရောဆင်မပါ နှစ်မျိုး စလုံး မုန်ယိုတတ်သည်၊ မုန်သည် အပေါ်မုန်,အောက်မုန်ဟူ၍ ရှိရာ အပေါ်မုန်ကျပုံမှာ ဆင်၏အပေါ်နားကင်း(နဂင်း) အထက်ရှိ မုန်ပေါက်မှ မုန်ရည်များ စီးကျလာတတ်သည်၊ ယင်းသို့စီးကျလာသော မုန်ရည်များ ပါးစပ်ထဲသို့ဝင်လျှင် သာ၍ဆိုးတတ်သည်၊ ပါးစပ်ထဲသို့ မုန်ရည်ဝင်၍ သာ၍ဆိုး လာသည်ကို " မုန်အာသောက်သည်" ဟုခေါ်သည်၊ ဆင်များ မုန်အာသောက်နေသောအခါ ရာဂစိတ်လွှန်ကဲ၍မွှန်ထူပြီး ရူးနေပြီဟု ဆိုကြသည်၊ လူ့ဝေါဟာရ လူ့ဖြစ်ပုံအရဆိုလျှင် မယားတ-ရူး ရူးနေခြင်းပင်တည်း။

ယင်းသို့ဖြစ်နေစဉ် သူ့အနားသို့ကပ်လာသော လူဟူသမျှ ကို ရန်ရှာတတ်သည်၊ သခင်ဟူ၍ လည်းကောင်း, ဆင်ဦးစီးဟူ၍ လည်းကောင်း, လူစိမ်းဟူ၍လည်းကောင်း မရွေးချယ် (မသိ)တော့ဘဲ တွေ့သမျှကို ဒုက္ခပေးတတ်လေသည်၊ ဆင်များမုန်အာသောက်နေပြီဆိုလျှင် မျက်စိအစုံပင် အရောင်ပြောနှမ်း၍ အရူးတပိုင်းဖြစ်နေလေနေတော့သည်၊ ဤသို့ဖြစ်ခြင်းမှာ အပေါ်မုန်ယိုခြင်း၏ သတ္တိပင်တည်း။

အောက်မုန်ကျခြင်းဆိုသည်မှာ ဆင်၏အောက်ပိုင်း သံဝါသစပ်ယှက်သောနေရာမှ ယိုကျခြင်းပင်ဖြစ်၏၊ အောက်မုန်ကျသော ဆင်ဆိုလျှင် သာ၍ ရုန့်ရင်းကြမ်းတမ်း တတ်လေသည်၊ သဘာဝအားဖြင့် ဆင်သည် အပေါ်မုန်ကျပြီး တရက်နှစ်ရက်ကြာလျှင် အောက်မုန်ပါ လိုက်လာတတ်သည်၊ နားလည်သူတို့က ကြပ်မတ်ထိန်းချုပ်ထားပါမူ အပေါ်မုန်နှင့်ပင် ရပ်သွားသည်လည်းရှိလေသည်။

ဆင်များအသက် ၄၀-ကျော်လာသောအခါ မုန်ကျခြင်း နည်းပါးလာပြီး အသက်၅၀ကျော်အရွယ်တွင် လုံး၀ ရပ်စဲသွားသည်၊ ထိုအခါ အလုပ်လုပ်ရန် သန်စွမ်းခြင်း မရှိတော့ချေ၊ ပါဠိဘာသာဖြင့် ဆင်သည် အသက်၆၀-ကျလျှင် အားအင်ဆုတ်ယုတ်သောကြောင့် " သဋ္ဌိဟာယန " ဟု ခေါ်ရာ ယခုအခါ

ကား အားလုံးဆုတ်ယုတ်သော အချိန်ဖြစ်သောကြောင့် အသက် ၅၀-ကျော် လျှင်ပင် အားအင်ဆုတ်ယုတ်လေတော့သည်၊ ထို့ ကြောင့် အသက် ၅၀-ကျော်သောဆင်များကို သစ်ထုတ်လုပ်ရေး တွင် ဝန်တင်ဆင်အဖြစ်သာ အသုံးပြုကြရလေတော့သည်။

နည်းလမ်းအတိုင်းဆိုလျှင် မုန်ကျနေသောဆင်များကို မုန်လျော့ (မုန်ရပ်) သွားစေလိုသောသဘောဖြင့် ပင်ပန်းကြီးစွာ ဖိနှိပ်ပြီးမခိုင်းရပေ၊ ဆင်အကြောင်းကိုနားလည်သော ဆင်ဦးစီး များသည် ဆင်မုန် မကျခင် မုန်ရိပ်မြင်ကတည်းကပင် အလျှင် အမြန် ဆိုင်ရာသို့ အဆင့်ဆင့်တိုင်ကြားရလေသည်၊ အထီးအမ မဟူ ဆင်တစ်ကောင်မုန်ကျတော့မည်ဆိုလျှင် သုံးလေးရက်ကပင် ဆင်ဦးစီးက ကြိုတင်သိရသည်၊ ဆင်သည် အဖော်ရှာလိုသော ဝမ်းခေါင်းသံများ, ထိုင်မှိုင်းတွေဝေခြင်းများဖြင့် မုန်ရိပ်ပြသည်၊ ဆင်ထီးဆိုလျှင် ကာမကြောမျှား တင်းလာတတ်သည်၊ ဤသို့သော လက္ခဏာများသည် မုန်ကျတော့မည့် ဆင်၏ရုပ်လက္ခဏာများ ပင်တည်း၊ မုန်တိုင်းကျတော့မည်ဖြစ်လျှင် မိုးကောင်းကင်က ကြိုတင်လက္ခဏာ ပြသည်နှင့်တူသည်။

ဆင်ဦးစီးသည် မိမိစီးနေရသော ဆင်၏ မုန်ရိပ်ပြပုံ လက္ခဏာများကို မြင်ရသည်နှင့် တပြိုင်နက် ရိုးရိုးကြီးနှင့်

ထူးများအစား မုန့်ထူးမုန့်ကြိုးတို့ကို ပြောင်းလဲတပ်ပေးရသည်၊ မုန့်ထူးမှာ ရိုးရိုးသာမန်ထူး ငါးမူးလုံးထက် ကြီးသောခြောက်မူးလုံး မုန့်ထူးဖြစ်သည်၊ မုန့်ထူးမုန့်ကြိုးများ တပ်ဆင်ပြီးသောဆင်ကို အခြားဆင်များနှင့် အနည်းဆုံး ငါးမိုင်ဝေးသော နေရာသို့ ရွှေ့ပြောင်းထားပေးရသည်၊ ထိုဆင်၏ ဦးစီးများအပြင် ဖြစ်နိုင်ပါက ချောင်းခေါင်း တယောက်ကိုပင် ထိုဆင်နှင့်အတူ လိုက်သွားစေရသည်၊ မုန့်ဆင်ကို ငါးမိုင်ဝေးသော နေရာထိ ရွှေ့ပြောင်းရန် မဖြစ်နိုင်ခဲ့သော် အခြားတိရစ္ဆာန်များ၊ အထူးသဖြင့် တောဆင်ရိုင်းများ အနီးသို့ရောက်လာလျှင် သိသာစေရန်နှင့် လူများအချိန်မီ ကာကွယ်နိုင်ရန် စခန်းအနီးတွင် ချည်နှောင်ထားရသည်၊ ဆင်တကောင်မုန့်ကျပြီး မုန့်နံ့ရပြီဆိုလျှင် တောဆင်ရိုင်းများ လိုက်လာပြီး ဆင်ထီးဖြစ်ပါက ထိုးသတ်တတ်သည်၊ ဆင်မဖြစ်လျှင်လည်း အလိုမတူက ထိုးသတ်တတ်သည်၊ ထို့ကြောင့် ဆင်တကောင်ကောင် မုန့်ကျသောအခါ ဆင်ဦးစီး, ဆင်ခေါင်း, ဆင်အုပ်တို့က အထူးသတိပြုဂရုစိုက်ကြရသည်။

ဆင်တကောင်မုန့်ကျလျှင် အနည်းဆုံး ၂၀-၂၅ ရက်မှသည် တလအထိ အလုပ်ရပ်နားပေးထားရသည်၊ ထို့ကြောင့် အချို့ပုဂ္ဂလိကပိုင် ဆင်များမှ၂ မုန့်ကျလျှင် အလုပ်ပျက်မည်စိုးသဖြင့် မုန့်ရိပ်မြင်ကတည်းကပင် မုန့်ရပ်သွားစေရန်

ပိုင်ရှင်များက အလုပ်ပင်ပင်ပန်းပန်း ခိုင်းပစ်ကြ၏၊ သို့မဟုတ် ဘိန်း, ဆေးခြောက်နှင့် ကျောက်ဖရုံသီးများ ကျွေးတတ်ကြလေသည်။

ဘိန်း, ဆေးခြောက်နှင့် ကျောက်ဖရုံသီးများကျွေးလျှင် မုန်ကျနေသောဆင်မှာ မုန်ရပ်သွား၏၊ သို့သော် ကျွေးဖန်များသောအခါ အားအင်ကုန်ခန်းပြီး သစ်မဆွဲနိုင်သော အခြေအနေသို့ ရောက်သွားတတ်လေသည်၊ ထိုအခါ လူများ ပန်းသေသလိုဖြစ်၍ မုန်နာကျသည်ဟု ခေါ်သည်၊ ထို့ကြောင့် ဆင်များ သဘာဝအလျောက် မုန်ကျခြင်းကို မပိတ်ပင်မတားဆီးသင့်ချေ။

မုန်ကျနေသောဆင်သည် အခြားဆင်များကို ရန်ရှာတတ်သည်ဖြစ်၍နေ့အချိန်တွင် အခြားတိရစ္ဆာန်များနှင့် မတွေ့ရအောင် ဆင်ဦးစီးက အမြဲလိုက်၍ စောင့်ရှောက်ရ၏၊ ညအခါအစာရေစာဝဝလင်လင်ကျွေးပြီး ထူးခတ် ချည်ထားရသည်၊ မုန်ကျနေသောဆင်ထီးတကောင်က ဆင်ဝိုင်းထဲရှိ ဆင်မတကောင်ကို အမှန်တကယ် တပ်မက်နေကြောင်း အသေအချာသိရလျှင် ထိုဆင်မနှင့် အတူလွှတ်ပေးထားနိုင်၏၊ သူကြိုက်သောဆင်မနှင့် အတူတကွသွားလာနေရလျှင် အခြားဆင်များနှင့် လူများကို အန္တရာယ်မပြုတတ်ပေ၊ မုန်ကျတိုင်း မိတ်လိုက်ခြင်းမရှိဟုဆိုသော်လည်း

များသောအားဖြင့် မုန်ဆင်များသည် မိတ်လိုက်တတ်ကြသည်၊ မိတ်အစ မုန်ကပင်ဖြစ်သည်။ မိတ်လိုက်ရာ၌ ဆင်မက သဘော မတူလျှင် စွယ်စုံဆင်သည် ဆင်မကို ထိုးသတ်ပစ်တတ်သည်၊ သစ်ထုတ်လုပ်ရေးဌာနတွင် မုန်ကျသော ဆင်ထီးများကို ဆင်ဆိုးများကဲ့သို့ သံခလောက်ဆွဲထားကြသည်၊ ဤသို့ပြုခြင်းမှာ ရွာနီးချုပ်စပ်မှ ထင်းခွေ၊ ရေခပ်လာသော လူများအား ဤနေရာတွင် မုန်ကျနေသော ဆင်ရှိကြောင်း သတိပေးရန်အတွက်ဖြစ်သည်။

## တောဆင်နှင့် အိမ်ဆင်

ဆင်များမုန်ကျရာ၌ တောဆင်နှင့်အိမ်ဆင် မတူကြချေ၊ တောဆင်များမှာ စိတ်လွတ်ကိုယ်လွတ် ဖြစ်သဖြင့် အိမ်ဆင်များထက် မုန်ကျနေသော အကြိမ်များသည်၊ အိမ်ဆင်များမှာမူ လူက ကြပ်မတ်ပေးထားသည့်အပြင် အလုပ်ကလည်း ပင်ပန်းသဖြင့် တစ်နှစ်လျှင် အများဆုံး ၃-ကြိမ်လောက်သာ မုန်ကျတတ်သည်၊ မုန်မကျသောဆင်ကို မုန်ကျအောင် လုပ်ပေးသောနည်းမှာ သစ်ချို ခေါက်ကို ကျိုပြီး အရက်နှင့်ရောတိုက်လျှင် မုန်ကျပြီး လူကိုပါ ရန်ရှာတတ်သည်ဟု ဆိုသည်။

သစ်ထုတ်လုပ်ရေးမှ ဆင်များသည် များသောအားဖြင့် နွေရာသီ ဆင်ကျောင်းစခန်းရောက်မှ မိတ်လိုက်တတ် မှုန်ကျတတ်သည်၊ ဆင်များအလုပ်နားချိန်, ဆင်ကျောင်းစခန်းပို့ချိန်သည် မတ်လဆန်းမှ မေလဆန်းအထိဖြစ်သည်။

## မုန်ရည်သည် ပီယဆေးဖြစ်နိုင်သလော

ဆင်၏သုက်သွေးဖြစ်သော မုန်ရည်မုန်ခြောက်ကိုယူ၍ လူများ ပီယဆေးအဖြစ် သုံးတတ်ကြသည်ဟူသော ရှေးလူကြီးများ ပြောစကားအရ ဆင်အကြောင်းနားလည်သူများကို မေးမြန်းကြည့်ရာ "ဆင်မုန်ကိုတော့ အသုံးမပြုခဲ့ ဖူးပါ။ သုံးလဲမသုံးကောင်းဘူးလို့ ဘိုးစဉ်ဘောင်ဆက် ဆင်ဦးစီးလူကြီးများ အမှာစကားရှိခဲ့ဖူး ကြောင်း၊ တကယ်လို့ သုံးမိရင် ဆင်မုန်ကို လူသုံးတဲ့အချိန်မှာ အဲဒီဆင်ဟာ ချက်ချင်း မုန်ရူးထပြီး ဆင်ဦးစီးကို ကိုယ်ပေါ်ကချပြီး ထိုးသတ်နင်းသတ်တတ်တယ်လို့ အယူအဆရှိသော ဆင်သမား တွေဟာ ဆင်မုန်ကို ဘယ်သူ့မှ မပေးရဲကြ၊ ကိုယ့်အတွက်လည်း မသုံးရဲကြပါဘူး၊ ကျွန်တော်တို့ဟာ ဆင်နဲ့ဖက်ပြီး နေ့စဉ်အလုပ် လုပ်ကြရတော့ တိရစ္ဆာန်နဲ့လူဖြစ်ပေမဲ့ တဦးနဲ့တဦး သစ္စာရှိရမယ် ဆိုတဲ့ အစဉ်အလာရှိကြပါတယ်"ဟု ပြောပြလေသည်။ ဤအချက်

ကို ထောက်ခြင်းဖြင့် ဆင်မုန်သည် ပီယဆေးအဖြစ် သုံးနိုင်သော်လည်း ဆင်ဦးစီးများအဖို့ အသုံးမပြုရဲကြကြောင်း သိနိုင်ပေသည်။

## ဆင်စွယ်အကြောင်း

ဆင်သည် အစွယ်ကြောင့်အသတ်ခံရ၏၊ "နာဂေါ ဒန္တေသု ဟညတေ" ဟု ဆိုရိုးပြုခဲ့ကြ၏။ ဆင်စွယ်ဝန်းယှက်, ဆင်စွယ်ဘီး, ဆင်စွယ်ပုတီး စသည်ဖြင့် အမျိုးမျိုးအသုံးပြုကြ၏။ ဆဒ္ဒန်ဆင်မင်းဝတ္ထုကို ဖတ်ကြည့်ပါက အစွယ်ကြောင့် အသတ်ခံရကြောင်းနှင့် ဆင်မင်းကြီးကိုယ်တိုင် ဤအစွယ်ကို လှူဒါန်းခြင်းဖြင့် သဗ္ဗညုတဉာဏ်တော်တည်းဟူသော အစွယ်မြတ်ကို ရပါလို၏ဟု ထူးခြားစွာ ဆုတောင်းပတ္ထနာပြုခဲ့ကြောင်းကို တွေ့နိုင်သည်။ သို့အတွက် ဆင်စွယ်၏ သိကောင်းစရာများကို ဖော်ပြအပ်ပါသည်။

## ဆင်စွယ်ခွဲခြားပုံ

ဆင်စွယ်သည် သာမန်အားဖြင့် ၁-စွယ်တုတ်၊ ၂-စွယ်ကား၊ ၃-စွယ်စိုက်၊ ၄-ငှက်ပျောဖူး၊ ၅-ကြက်နင်းဟူ၍

ငါးမျိုးရှိ၏။ ထိုတွင် စွယ်တုတ်မှာ တုတ်တုတ်ခိုင်ခိုင်ရှိသော အစွယ်မျိုး ဖြစ်၏။ စွယ်ကားမှာ အစွယ်ထွက်လာကတည်းကပင် ခပ်ကားကားဖြစ်လာသော အစွယ်မျိုးဖြစ်၏။ စွယ်စိုက်မှာ အောက်သို့စိုက်ကျနေသော အစွယ်မျိုးတည်း၊ ငှက်ပျောဖူးမှာ သူ့အမည်အတိုင်း အလယ်ဖေါင်းပြီး အရင်းအဖျား ရှူးနေသော အစွယ်မျိုးတည်း၊ ကြက်နင်းမှာ ဘယ်စွယ်ညာစွယ်ထွက်လာရာ၌ ညီညာခြင်းမရှိဘဲ တဖက်အောက်, တဖက်အထက် ပေါက်လာသော အစွယ်မျိုးတည်း။

## ထူးခြားသော ဆင်စွယ်များ

ထူးခြားသော အစွယ်များရှိသေး၏။ ၎င်းတို့မှာ ၁-ကြံဆစ်၊ ၂-အနက်၊ ၃-မျက်ဖြတ်ဟူ၍ သုံးမျိုးရှိသည်။ ထိုတွင် ကြံဆစ်ဆင်စွယ်ဆိုသည်မှာ အစွယ်အရင်းမှသည် အဖျားအဆုံးအထိ အရစ်အရစ်ပါသော အစွယ်မျိုးကို ဆိုလိုသည်။ ယင်းအစွယ်မျိုးကား အလွန်ရှားပါးသော အစွယ်မျိုးဖြစ်၏။။ ဆင်စွယ်နက်မှာ ယခုရန်ကုန် သဘာဝသမိုင်းပြတိုက်တွင်ရှိ၍ ရခိုင်သစ်တောဌာနမှ ရရှိလေသည်ဟု ဆိုသည်။ ဆင်စွယ် မျက်ဖြတ်ဆိုသည်မှာ အစွယ်၏ အဖျား၌ အရစ်အဆစ်အနာ တစုံတခုပါလာပြီး ကြီးလာ

သောအခါ ထိုအရစ်အနာမှ ပြတ်ထွက်သွားသော အစွယ်ကို ဆိုလိုသည်။ ဤသုံးမျိုးစလုံးသည် ရှားပါးသော ဆင်စွယ်များ ဖြစ်ကြ၏။

## ဆင်မာန်စွယ်

ဆင်မာန်စွယ်ဆိုသည်မှာ သီးသန့်အစွယ် တမျိုးကို ခေါ်ဆိုခြင်းမဟုတ်၊ ဆင်များမုန်ကျ၍ဖြစ်စေ, စိတ်ဆိုး၍ဖြစ်စေ, အချင်းချင်း ဟန်ရေးပြထိုးကြ၍ဖြစ်စေ ကျိုးကျန်ခဲ့သော အစွယ်များကို "ဆင်မာန်စွယ်"ဟုခေါ်သည်။

ယင်းဆင်စွယ်အကျိုးကို ၁-မာန်ကျိုး၊ ၂-ဒဏ်ကျိုး၊ ၃-ရန်ကျိုးဟူ၍ ဆင်ဆရာများ ခွဲခြားခေါ်ဝေါ်ကြသေးသည်။ မာန်ကျိုးမှာ မုန်ကျ၍ သစ်ပင်စသည်တို့ကို ထိုးသဖြင့် ကျိုးကျန်ခဲ့သော အစွယ်များဖြစ်၏။ ဒဏ်ကျိုးမှာ နဂိုကပင် ဆင်စွယ်အဖျား၌ အနာအဆာပါလာပြီး သူ့အလိုလို သစ်ခေါက်များကို ထိုးစားရာ၌ ကျိုးသွားသော အစွယ်ကျိုးတည်း၊ ရန်ကျိုးမှာ တကောင်နှင့် တကောင် ရန်ထောင်ကြ၍ ဟန်ရေးပြရင်း သစ်ပင်စသည်ကို ထိုးမိရာမှ ကျိုးကျန်ခဲ့သော အစွယ်ဖျားဖြစ်၏။

## ဆင်မာန်စွယ်၏စွမ်းရည်

ဆင်မာန်စွယ် ဆောင်ထားလျှင် ဒုတ်ဓားသေနတ်ပြီးနိုင်သည့်အပြင် ဆင်မာန်စွယ်ဆောင်ထားသူကို အခြားဆင်များက ရန်မမူနိုင်၊ ရင်ဆိုင်တွေ့ပါက ရှောင်ရှားသွားကြသည်ဟု ရှေးလူကြီးများ အဆင့်ဆင့် ပြောဆိုကြသည်။

ဤအကြောင်းနှင့် ပတ်သက်၍ သစ်တောဘက်တွင် အလုပ်လုပ်နေသော ပုဂ္ဂိုလ်တဦးက ပြောပြဖူးသည်မှာ- "ထိုပုဂ္ဂိုလ်သည် သစ်တောဘက်တွင် အလုပ်ဝင်ရသောအခါ ဆင်များနှင့် နေ့စဉ် အလုပ်လုပ်နေရသော သားအတွက် သူ့အမေက စိတ်မချသဖြင့် ဆင်စွယ်ကို ထုလုပ်ထားသော ဥဒိန္နနတ်ရုပ်တစ်ရုပ်ကို ပေးသည်။ ထိုနတ်ရုပ်မှာ ဆင်မာန်စွယ်ကို ဥဒိန္နနတ်ရုပ်ထုလုပ်ပြီး ဆေးစီရင်ထားသော အဆောင်ဖြစ်သည်ဟု ဆိုသည်။ ဤနတ်ရုပ်ကို ဆောင်ထားလျှင် ဆင်အန္တရာယ်မှ ကင်းဝေးသည်ဟု ပြောသဖြင့် ထိုပုဂ္ဂိုလ်သည် ဥဒိန္နနတ်ရုပ်ကို ငွေကြုတ်တွင် ထည့်ကာ ငွေကြိုးဖြင့် လည်ပင်းမှာ အမြဲဆွဲထားလေ့ရှိသည်။

သစ်ထုတ်လုပ်ရေးဌာန၌ ဆင်များသေလျှင် အစွယ်ကိုဖြတ်၍ အရှည်အလျား, လုံးပတ် စသည်ကို တိုင်းထွာသတ်မှတ်ပြီး ရန်ကုန်မြို့ရှိ သစ်ထုတ်လုပ်ရေးရုံးသို့ ပို့ရသည်။ ထိုရုံးကသစ်လုံး

ရောင်းဝယ်ရေးဌာနသို့ ပို့၍ နိုင်ငံခြားသို့ ရောင်း၏၊ ပြည်တွင်း၌လည်း လေလံရောင်းချသည်။ ဆင်စွယ်လေလံဆွဲသူများမှာ ပန်းပုဆရာများဖြစ်၏၊ လေလံဆွဲသော ဆင်စွယ်ဈေးမှာ ကျပ်နှစ်ရာ့ငါးဆယ်မှ ကျပ်သုံးရာလေးရာအထိ ဖြစ်သည်၊ ဈေးမှာ အမှန်မရှိဘဲ အတက်အကျရှိသည်။

## ဆင်ရှူးခြင်းနှင့်သေခြင်း

ဆင်သည် လိပ်ကိုနင်းမိသော်ရှူး၏၊ ဆင်တွင် ကျိုးနားသော် သေ၏။ သူပြုသူတိုက် (ပြုစား) သည်ဟူ၍လည်းဆို၏။ (မုံရွေးမှတ်စု)

## ဆင်အစိတ်အပိုင်း

၁-စွယ်ဘုံ၊ ၂-အစွယ်၊ ၃-လုံးလျား၊ ၄-ဖြူဝါ၊ ၅-တိုရှည်၊ ၆-ပျာတောင်၊ ၇-ကျံဝ၊ ၈-မျက်နှာပြင်၊ ၉-ဥကင်း၊ ၁၀-ပန်းကုံး၊ ၁၁-မျက်လုံး၊ ၁၂-မျက်ရိုး၊ ၁၃-ရေခမိုး၊ ၁၄-မုန်အိုး၊ ၁၅-နှာရွပ်၊ ၁၆-နှာမောင်း၊ ၁၇-စကောက်၊ ၁၈-နား၊ ၁၉-ကြေးမေး၊ ၂၀-လည်၊ ၂၁-လက်ပြင်၊ ၂၂-မင်းနေ၊ ၂၃-ကုန်း၊ ၂၄-ကိုယ်ရောက်၊ ၂၅-မြီးထူး၊ ၂၆-မြီးပတ်၊ ၂၇-မြီးရိုး၊ ၂၈-မြီးဆံ၊ ၂၉-သရက်စေ့၊

၃၀-ထူးခင်၊ ၃၁-လိပ်မေး၊ ၃၂-တစမ်း၊ ၃၃-အိမ်ဘုံး၊ ၃၄-ဝမ်းပြင်း၊ ၃၅-ခံစက်၊ ၃၆-ခြေကြည်၊ ၃၇-လက်ကြည်၊ ၃၈-အသား၊ ၃၉-အရေ၊ ၄၀-ခြေသည်း၊ ၄၁-လက်သည်း ဟူ၍ ဆင်အစိတ်အပိုင်းပေါင်း ၄၁-ရှိလေသည်။

## ကိုယ်တွေ့ဆင်လိမ္မာဦးပေါ

တိရစ္ဆာန်ဖြစ်ပါလျက် လူကဲ့သို့ နားလည်မှုရှိ၍ လိမ္မာသည်။ နှီးစပ်ရာ လူ့အပေါ်၌ သံယောဇဉ် ခင်တွယ်မှု ခိုင်မြဲသဖြင့် သူခင်တွယ်သောသူ ကွယ်လွန်သွားသောအခါ လူကဲ့သို့ ပရိဒေဝမီးတောက်လောင်၍ မစားနိုင် မသောက်နိုင် အလုပ်မလုပ်နိုင် တမှိုင်မှိုင် တတွေတွေဖြစ်တတ်သည်။ ဖြေ၍မရ သောကမီးဆူ၍ ပူပုံပန်းဖြစ်ရာမှ ရာဂစိတ်ဝင်လာကာ ဖေါက်ပြန်သော ရတက်မီးကြောင့် ပျက်စီးဆုံးရှုံးရသည်ဟုဆိုလျှင် ဒဏ္ဍာရီကဲ့သို့ ထင်ကောင်းထင်ကြပေမည်၊ "ယုံတမ်းစကား၊ ပြောလို့သာ ကြားရသည်။ တိရစ္ဆာန်ဟာ တိရစ္ဆာန်လောက်ပဲ သိမှာပေါ့" ဟု ပြောကောင်း ပြောကြပေလိမ့်မည်၊ ထင်လဲထင်စရာ၊ ပြောလဲပြောစရာပင်။

သို့ရာတွင် ဒဏ္ဍာရီမဟုတ်၊ မိမိကိုယ်တိုင် အသက် ၁၂-နှစ်အရွယ်က ဒိဋ္ဌကိုယ်တွေ့ဖြစ်သည့် ဆင်လိမ္မာ ဦးပေါ၏ ဘဝဇာတ်လမ်းကို ကြည့်ခြင်းဖြင့် တကယ့်အဖြစ်မှန် ဒဏ္ဍာရီ မဟုတ်ကြောင်း အမှတ်တရ ဖြစ်စေရန် အောက်တွင် အချုပ်မျှ ဖော်ပြလိုက်ပါသည်။

ကော့ကရိတ်နယ် လောင်းကိုင်ကြာအင်းရွာ "စောလဖော်" အမည်ရှိသော ကရင်အမျိုးသားပိုင် ဆင်တစီးသည် လူ့စကားကို အကုန်နားလည်၍ သခင်၏ အကျိုးကို သယ်ပိုးဆောင်ရွက်ရာ၌ ကျေးဇူးသစ္စာ သိတတ်လှသောကြောင့် ကော့ကရိတ်တနယ်လုံး မသိသူ မရှိသလောက် ကျော်စောထင်ရှားခဲ့လေသည်။

သူ၏နာမည်မှာ ဆင်ဦးပေါ ဆိုသဖြင့် ရုတ်တရက်သော် ဆင် ၁၀-မျိုးအနက် ဥပေါသထ ဆင်မျိုးလိုလို ထင်ဖွယ်ရှိပေသည်။ သူ၏အသွေးအမွေးမှာ မည်းနက်သော ကာဠဝက အဆင်းမျိုးဖြစ်သောကြောင့် ဆင်ဖြူအစစ်ဖြစ်သော ဥပေါသထမျိုး မဖြစ်နိုင်ချေ။ သူ၏ ထူးခြားသော သဘာဝတခုမှာ အမြောက်အပင့်ကြိုက်၏။ အထူးသဖြင့် မိန်းမကလေးများ၏ ချီးကျူး မြှောက်ပင့်ခြင်းကို ပို၍ သဘောကျ၏။ သူတပါးက မြှောက်ပင့်

ပေးလျှင် (အမြှောက်ကြိုက်သော လူပေါ်များကဲ့သို့) မဖြစ်မနေ အပြင်းအထန် နင်းကန်လုပ်လေ့ရှိ၏။ လိမ္မာနားလည်သည့် အပေါ်တွင် အမြှောက်အပင့်ကြိုက်သော ခပ်ပေါပေါသတ္တိကို အစွဲပြု၍ သူ့အား ထူးထူးခြားခြား "ဦးပေါ" ဟု အမည်ပေးထားကြလေသည်။ သူ့ကိုယ်တိုင်ကလည်း ဦးပေါ-ဟု ခေါ်လျှင် သူ့ကိုခေါ်ကြောင်း နားလည်၏။

ဆင်ပိုင်ရှင် "စောလဖော်" ထက် ဆင်ဦးစီး "ပီဂျကယ်" ကို ပို၍ ခင်မင်၏။ သူ့အသက်ကဲ့သို့ ခင်မင်သည်ဟု ဆိုလျှင် မမှားချေ။ ၉-ပေမျှမြင့်သော ဆင်ကြီးမျိုး၊ ခွန်အားဗလနှင့်လည်း ပြည့်စုံ၏။ သူ၏ခွန်အားဗလ ကိုယ်လုံးကိုယ်ထည်ဖြင့် အစိုးရသစ်များကို ဆင်ဦးစီး ညွှန်ပြသည့်အတိုင်း ဆွဲ၍ လုပ်ကိုင်ကျွေးမွေး၏။ သစ်ဆွဲအလုပ် မရှိသည့်အခါတွင် အိမ်မှုကိစ္စ ထင်းခွေရေခပ် မောင်းထောင်း ဆန်ဖွပ်အလုပ်များကိုပင် မလစ်လပ်ရအောင် ကူညီလုပ်ကိုင်ပေးလေ့ရှိသည်ကို တွေ့မြင်ရ၏။ မော်လမြိုင်, မုတ္တမ, သထုံအထိ ထင်ရှားလှသော တောင်ဝိုင်းကြီးဆင်ကဲ့သို့ ရှင်ပြုမင်္ဂလာကိစ္စ ကြုံလာလျှင် ရှင်လောင်းလှည့်ပေးခြင်းဖြင့် ပါဝင်ဆောင်ရွက်လေ့ရှိ၏။ တကယ့်ဆင်သူတော်ကောင်းဟု ဆိုကြသည်။

## ဦးပေါ်အမြှောက်ကြိုက်ပုံ

သူ၏ အမြှောက်ကြိုက်ပုံမှာ ကြီးလေးသော သစ်တုံးကြီးများကို ဆွဲရာ၌ တခါတခါ မဆွဲနိုင် မရုန်းနိုင်လောက်အောင် ကြုံတတ်သည်။ ထိုအခါ ဆင်ဦးစီးက သူ့သဘောကို သိသည့် အတိုင်းအရွယ်ရှိသော အမျိုးသမီးကလေးများကို ခေါ်ပြီး ဆင်ကြီးကို မြှောက်ပင့်ပြောဆို အားပေးကြရန် အကူအညီ တောင်းရလေသည်။ ထိုအခါ အမျိုးသမီးကလေးများက "ငါတို့ ဦးပေါ်ကြီးဟာ အင်မတန် အားကောင်းတယ်၊ သစ်တုံးကြီးက ဘယ်လောက်ပဲကြီးကြီး "ဦးပေါ်ဆွဲလိုက်ရင် မခံနိုင်ဘူး၊ တချက် ရုန်းလိုက်တာနဲ့ အကုန်လုံးပါနိုင်တယ်။ ဦးပေါ်ကြီးရဲ့ သတ္တိကို ကြည့်ကြစမ်းပါ ဟော ဆွဲပြီ- ဆွဲပြီ" ဤသို့ အားတက်သရော ပြောကြသည်နှင့် တပြိုင်နက်ရှိသမျှ အားအင်ကို အကုန်အစင် ထုတ်ပြီး ရုန်းလေတော့သည်။ သစ်တုံးလည်း မခံနိုင် ပါရလေ တော့သည်။

ယောက်ျားကလေးများက ဤအဖြစ်ကို မြင်ကြသဖြင့် ဝိုင်းဝန်းလှောင်ပြောင်သည့်အနေနှင့် "ဦးပေါ်ကြီးဟာ အမြှောက် ကြိုက်သဟေ့၊ ကောင်မကလေးတွေက မြှောက်ပေးတာနဲ့

အားကုန်ရုန်းတာပဲ၊ တကယ့်ဆင်ကြီးကွ” ဟု အော်ဟစ် ကြလေ၏။ ဦးပေါသည် “ငါ့ကို ဒီလိုပြောရမလား၊ သက်သက် ငါ့ကို အရှက်ခွဲတာပဲ” ဟု အရှက်ရသည့်အနေဖြင့် ပြောင် လှောင်သူများကို တွေ့ရာခဲ (ဂဲ) များဖြင့် နှာမောင်းအားရှိ သလောက် ပစ်ပေါက်လေတော့သည်။ အာက ဦးပေါပေ။

## ဆင်ဦးစီးကို စောင့်ရှောက်ပုံ

ဆင်ဦးစီး ပီဂျကယ်အပေါ်၌ အထူးချစ်ခင် မေတ္တာဝင်သောကြောင့် ဆင်ဦးစီး နေထိုင်မကောင်းဖြစ်နေသောအခါ အထူးယုယ စောင့်ရှောက်သည်။ နှာမောင်းဖြင့် ပွေ့ပိုက်ပြီး လှုံခြုံရာတွင် ထားလေ့ရှိသည်။ အပြင်မှာနေခိုက် ရုတ်တရက် မိုးရွာလာပါက ဆင်ဦးစီးကို မိုးမစွတ်စေရန် ခြေလေးဘက်ဖြင့် ခွကာ ကြက်မကြီးများ သားကိုအုပ်သလို အပေါ်က အုပ်ထားတတ်လေသည်။

## ချစ်သူနှင့် ကွေကွင်းရခြင်း

ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ခင် တနှစ်လောက်တွင် ဆင်ကြီး၏အချစ်ဆုံး ဦးစီး ပီဂျကယ် အနိစ္စရောက်ခဲ့ရာ ဆင်ကြီး

မှာ ဆောက်တည်ရာမရအောင် ပရိဒေဝမီး တောက်လောင်လှ သဖြင့် တမှိုင်မှိုင် တထွေထွေ ဘာကိုမှ မလုပ်ဘဲ နေလေတော့ သည်။ "သေသောသူ ကြာလျှင်မေ့" ဆိုသည့်အတိုင်း အတန်ကြာ၍ မေ့လောက်သောအခါ ဆင်ပိုင်ရှင်က အခြားဆင်ဦးစီးလက်သို့ လွှဲအပ်ပြီး ခိုင်းကြည့်၏။ ဆင်ကြီးမှာ ဦးစီးဟောင်းကို မမေ့ တမြေ့မြေ့ ဖြစ်နေရှာရကား အခြားဆင်ဦးစီးများကို အကပ်မခံ၊ ငြင်းဆန်နေတော့၏။ တဖြည်းဖြည်း ထိန်းမနိုင် သိမ်းမရ စိတ္တဇ ရောဂါ ပြင်းထန်လာလေတော့သည်။

## ဘဝနိဂုံးချုပ် ရင်နာဖွယ်

ခြောက်လလောက်ရောက်သောအခါ လွမ်းဖျားလွမ်းနာ စိတ္တဇရောဂါဖြစ်ရာမှ ရာဂစိတ် တမျိုးဖောက်ကာ မုန်ယိုလာတော့ သည်။ မုန်ပြင်းသလောက် ဖောက်ပြန်ပုံထူးခြားပြီး အဆိုးဝါးဆုံး အခြေအနေသို့ ရောက်လာလေပြီ၊ ဆင်ပိုင်ရှင်နှင့် ဦးစီးများက ဆင်ကြီးကို နှမြောလှသဖြင့် အမျိုးမျိုး သဘောကျအောင် အသံပေး ချော့မော့ကြ၏။ ဆင်ဦးစီးများကလည်း တတ်သမျှ မှတ်သမျှ ထိန်းကြချုပ်ကြ၏။ မရတော့ချေ၊ ချိုးဖဲ့ဖျက်ဆီး မီးကုန် ယမ်းကုန်ဆိုသလို အနှောင့်အယှက်ပေးလေတော့သည်။ သူ့

အတွက် လူပေါင်းများစွာ၏ အသက်အန္တရာယ် စိုးရိမ်ဖွယ် ဖြစ်လာချေပြီ။ လူ့အသက်အတွက် သူ့အသက်ကို မညှာနိုင်တော့ သဖြင့် လူ့အသက်ကို ကာကွယ်သည့်အနေဖြင့် အလိမ္မာဆုံးသော ဆင်ကြီးကို အပြင်းထန်ဆုံးသောသေနတ်ဖြင့် အသေသတ် လိုက် ရလေတော့သတည်း။

## ဆင်နှင့်ပတ်သက်သော မြန်မာစကားပုံများ

၁။ ဆင်သေကို သားရေဖုံးလို့မလုံ၊
၂။ ဆင့်နောက်ခွေးပါ၊
၃။ ဆင်ကျီစားရာ ဆိတ်မခံနိုင်၊
၄။ ဆင်ဇွေ့ရန်ရှောင်၊
၅။ ဆင်ချေးတတုံး ဆိတ်ချေးတရာ၊
၆။ ဆင်ကန်းတောတိုး၊
၇။ ဆင်ပြောင်ကြီး အမြီးကျမှတစ်၊
၈။ ဆင်ပါးစပ် နှမ်းပက်သလို၊
၉။ ဆင်အိပ်ရာဆိတ်နှိုး၊
၁၀။ ဆင်လိုက်ရာ ထေရ်စဉ်ဝါစဉ် ရွေးမနေနှင့်၊
၁၁။ ဆင်သတ်ပြီး အရပ်ဝေ၊
၁၂။ ဆင်သတ်ပြီး ခွေးနာဆေးကု၊

၁၃။ ဆင်ပိန် ကျွဲလောက်၊
၁၄။ ဆင်ဖိုးထက် ချွန်းဖိုးကမြင့်၊
၁၅။ ဆင်ဝန်ကတော် အကြောင့်ကြမဟုတ်၊
၁၆။ ဆင့်ဟိုဒင်းကို ခွေးမျှော်သလို၊
၁၇။ ဆင့်ခြေကိုဘာမှတ် ဘိနပ်ဖြစ်မည်၊
၁၈။ ဆင်တစ မြင်းတစ အဝေးကရှောင်၊
၁၉။ ဆင်စွယ်စစ်လျှင် ပိုးမစားဘူး၊
၂၀။ အမြင်မတော် ဆင်တော်နှင့်ခလောက်၊
၂၁။ ဆင်ကြံကြံသည်၊
၂၂။ ထိုးမည့်ဆင် နောက်သို့တလှမ်းဆုတ်၊
၂၃။ ဆင်ပေါ်ကလူနှင့် ဆင်အောက်ကလူလို၊
၂၄။ ဆင်စီးပြီး မြင်းရံတာကို မြင်ချင်၊
၂၅။ ဆင့်ခေါင်းကို ခွေးမချီနိုင်သလို၊
၂၆။ ဆင်ပြဆန်တောင်း၊
၂၇။ ထွက်ပြီးဆင်စွယ် ဝင်တယ်လို့မရှိ၊
၂၈။ မျက်နှာကိုက ဆင်နင်းသရက်လို၊
၂၉။ ဆင်လှူပြီး ချွန်းကျမှနှမြော၊
၃၀။ ဆင်ဖြူရေချ တပေါင်းလ၊

၃၁။ ဆင်ဖြူတော် ဝင်မည်ကို ချည်ဝင် တဝင်နှင့်
ကျိန်းကျေ၊

၃၂။ ဆင်ဖြူမျက်နှာ ဆင်မည်းမကြည့်ဝံ့သလို၊

၃၃။ ဆင်ဖြူတော်မှီပြီး ကြံစုပ်၊

၃၄။ ဆင်ဖြူတော်ပြုတ်စားဆို ချင့်ယုံ၊

၃၅။ ဆင်ဖြူတော်ကြီး ကောက်ရိုးလှည်းတပ်၊

၃၆။ တောနက်လေ ဆင်ချေးထူလေ၊

၃၇။ ဆင်ကောင်ကြီးတွေ့နေမှ ဆင်ခြေရာရှာ၊

၃၈။ ဆင်မှာလဲ ဆင့်အတောင် ပရွက်ဆိတ်မှာလဲ
ပရွက်ဆိတ်အတောင်၊

၃၉။ ရှမ်းနှင့်ဆင် လယ်ပြင်ကျမှသိရမည်၊
(ရှမ်းနှင့်ရှင်- မူကွဲ)

၄၀။ ဆင်ကျင်ငယ်စွန့် ပရွက်ဆိတ်ပင်လယ်ဝေ၊

၄၁။ တောဆင်ခမည်းပေး (ခမဲလေး)

၄၂။ ကြီးကျယ်လိုက်တာ ဆင့်ဖင်၊

၄၃။ ဇာဝီတရစ် ဆင်တအစ်၊

မှတ်ချက်။ ။ တစုံတခုသော အကြောင်းအရာပေါ်လာလျှင် သင့်လျော်ရာ စကားပုံကိုထုတ်၍ သုံးတတ်ကြသည်၊ လူပေါင်းများစွာအား ကျွေးမွေးရမည့်နေရာမှာ စရိတ်

အနည်းငယ်သာပေးလျှင် " ဆင့်ပါးစပ်နှမ်းပက်သလို" ဟုသုံးကြ၏၊ မဆင်ခြင် မစဉ်းစားဘဲ အရမ်းမဲ့ပြုလုပ်လျှင် " ဆင်ကန်းတောတိုး" ဟုသုံးကြ၏၊ ဤသို့စသည်ဖြင့် နေရာအလိုက် သုံးတတ်ကြလေသည်။

## ဆင်ပါသောဆေးပင်များ

၁။ ဆင်ကဒက်ပင်
၂။ ဆင်ငိုမြက်
၃။ ဆင်တုံးမနွယ်
၄။ ဆင်နှာမောင်းကလေး
၅။ ဆင်နှာမောင်းကြီး
၆။ ဆင်ခရမ်း
၇။ ဆင်ပိတ်ချင်း
၈။ ဆင်နီကြီးပင်
၉။ ဆင်နီကလေး
၁၀။ ဆင်ကဖို (မင်းကိုကာအဖြူ)
၁၁။ ဆင်ပြာသဲ
၁၂။ ဆင်ခေါင်းပဲ

## ဆင်နှင့်ပတ်သက်သောရောဂါ

၁။ ဆင်ဂူလည်ပြတ်

၂။ ဆင်ခြေထောက်

၃။ ဆင်ရေယုန်

၄။ ဆင်ဘိနပ်

၅။ ဆင်ဆီးရောဂါ

၆။ ဆင်နှင်းခူ

## ဆင်နှင့်စပ်လျဉ်းသော အကျိုးအာနိသင်

(၅) ဆင်သားသည် အဆီမရှိဆိမ့်၏၊ စဉ်းငယ်ချဉ်ငန်ရှိ၏၊ လေသလိပ်ကိုနိုင်၏ သည်းခြေကို ပျက်စေတတ်၏၊ လူကိုပိန်စေတတ်၏၊ ပူ၏။

ဆင်ကျောင်ငယ်သည် ခါး၏၊ ဖန်၏၊ သည်းခြေကိုပျက်စေတတ်၏၊ လေကိုနိုင်၏၊ အသံပျက်နာ, ပွေးညှင်းနာ, ကျင်ကြီးတောင့်ခိုင်သော အနာများကိုပျောက်စေတတ်၏။

ဆင်နို့သည် ချိုဆိမ့်၏၊ စဉ်းငယ်ဖန်၏၊ လွန်စွာကြေခဲ၏၊ အေး၏၊ ဝစေတတ်၏၊ အဆီဩဇာရှိ၏၊ သုက်ကိုပွားစေတတ်၏၊

အားကိုဖြစ်စေတတ်၏၊ မျက်စိနှင့်သင့်၏၊ ကိုယ်၏ခိုင်ခံ့ခြင်းကို ပြုတတ်၏။

ဆင်နို့ဓမ်းသည် ကြေလွယ်၏၊ စဉ်းငယ်ဖန်သော အရသာရှိ၏ ကျင်ကြီးကို ပွားများစေတတ်၏၊ သလိပ်ကိုနိုင်၏၊ သည်းခြေကို ပျက်စေတတ်၏။

ဆင်စွယ်သည် မျက်စိနာ, တိမ်နာစသည်ကို လည်းကောင်း, အတွင်း ပူသော အနာကိုလည်းကောင်း, သွေးသည်းခြေ, သလိပ်အားကြီးသော အနာကိုလည်းကောင်း, ကျောက်, ဝက်သက်နာကို လည်းကောင်း, ပန်းနာကိုလည်းကောင်း, အဘိညာဉ် သန္နိပါတ် အနာကိုလည်းကောင်း ချမ်းသာစေတတ်၏။

ဓာတုရသ အဆို ဆင်သားသည် လေ, သလိပ်ကို လည်းကောင်း, အလွန်ခက်ခဲသော သည်းခြေကို လည်းကောင်း ပယ်နိုင်၏၊ အနာမြစ်ကိုလည်း စားတတ်၏။

## ဆေးအသုံး

(၆) ခရုသင်းရောဂါအတွက် လိမ်းဆေး။ ။မြွေပွေးရေ, ကျားရေ, ဆင်ရေ, မိကျောင်းပြာကို ရေနံချေးနှင့်ဆီ အတူဖျော်၍နေလှန်း၊ နွေးနွေးပူလျှင် ခရုသင်းရှိရာကို လိမ်းသုတ်ပေး၊

၃- ရက်ကြာလျှင် ပို၍ဖြူလာလိမ့်မည်၊ ၅- ရက်ကြာလျှင် နီညို ရောင်ဖြစ်၍ ကွက်လာလိမ့်မည်၊ ထို့နောက် တဖြည်းဖြည်း ကျဉ်းလာ, ငယ်လာပြီး ပျောက်ကင်းမည်၊ သင့်ရာ ဝမ်းနုတ်ဆေး နှင့် ခုနစ်ရက်တခါ ဝမ်းနုတ်လေ။

မြန်မာသမားရိုးကျထိုးဆေးကြီး။ ။ (မြေကိုင်, ထုံနာ, ကျင်နာ, အကိုက်အခဲ, အဖုအကျိတ်ကင်ဆာပျောက်ထိုးဆေး) ဆေးဒန်း, ဇဝက်သာ, ကန့်, ပရုတ်, ကျောက်ချဉ်, လက်ချား, လူရိုး, ကျွဲရိုး, မြင်းရိုး, ကျားရိုး, မျောက်ရိုး, သုသာန်ခုနစ်ခုမှ မြေကြီးနှင့် မီးသွေး၊ ၎င်းဆေးတို့ကိုစု၍ လူရိုး, ကျွဲရိုး, ဆင်ရိုး, မြင်းရိုး, ကျားရိုး, မျောက်ရိုးတို့ကို ပြာချပြီးထည့်ပါလေ၊ မြေကိုင် ခြင်း, ထုံနာ, ကျင်နာ, ကိုက်ခဲနာတို့အတွက်နှင့် အကွက်များ အတွက် သမ္ဗရာရည်နှင့်ဖျော်၍ စုတ်တို့ပြီးလိုက်ထောက်ပါ၊ မနာသော နေရာတွေ့လိမ့်မည်၊ ယင်းမနာသောနေရာကို စုတ်ဖြင့် လက်တဆစ်ခန့် ဝင်အောင်ထိုးနိုင်သည်၊ ရောဂါနည်းပါက အပေါ်ယံတွင် ထိုးနိုင်ပါသည်၊ ကိုက်ခဲ, ထုံနာ, ကျင်နာများမှာ ဆေးတို့ပြီး လိုက်ထောက်ပါက ခါးဆစ်, ဒူးခေါင်း, ခြေမျက်စိနား တို့တွင် မနာသောနေရာတွေ့နိုင်သည်၊ ၎င်းနေရာတွင် ဆေးဖြင့် ထိုးပါက အထက်ဝေဒနာများပျောက်ကင်းပါသည်၊ ဤဆေးဖြင့် ဝေဒနာမျိုးစုံ, အဖုအကျိတ်, ကင်ဆာ စသောဝေဒနာများကို

ကုသပေးနိုင်သည်၊ ဒူလာမီးယပ်ကြောင့်ဖြစ်သော ဝေဒနာမှန်သမျှ ပျောက်ကင်းစေနိုင်သည်။

ဆီးရောဂါများအတွက်- ဆင်သားကို ချက်၍စားသော် ဆီးပူ, ဆီးအောင့်, ဆီးချုပ်, ဆီးလွန် စသော ဆီးနှင့် ပတ်သက်သမျှသော ရောဂါများပျောက်ကင်းစေ၏၊ ဆင်သားကို ပြာဖုတ်၍ ၎င်းပြာအချိန် တမူးသားခန့်ကို ရေဖြင့်သောက်သော် အဆိုပါဆီးရောဂါများကို ပျောက်ကင်းစေနိုင်သည်၊ ဆင်စွယ် ၂-ကျပ် ၅-မူးသားခန့်ကို ရေဖြင့်ပြုတ်ပြီး သောက်သော် အဆိုပါဆီးရောဂါများ ပျောက်ကင်းစေနိုင်သည်၊ ၎င်းဆင်စွယ်ကို ဓားဖြင့်ခြစ်၍ ညက်စွာ အမှုန့်ပြု၊ သံဆူး, ပြောင့်, အရိုးစသည် စူးဝင်၍ နုတ်မရလျှင် ၎င်းဆင်စွယ်အမှုန့်ကို ဖြူးသိပ်ပါက ထွက်စေ, ကျွတ်စေနိုင်၏၊ ၎င်းဆင်စွယ်ကို သမ္ဘရာရည်နှင့်သွေး၍ သွားကိုက်သောအခါ လိမ်းလျှင် ကေန်ပျောက်ကင်းချမ်းသာစေနိုင်သည်၊ ဆင်သည်းခြေကို ရေဖြင့်ဖျော်၍ မျက်စိအပူနာဟူသမျှကို လိမ်းသုတ်လျှင် သက်သာပျောက်ကင်းစေနိုင်၏၊ အနာမဖြစ်မီ အဖုအပိမ့်ထ၍ လာသော နေရာတို့ကို လိမ်းသုတ်သဖြင့် သက်သာပျောက်ကင်း **စေနိုင်၏။**

**ဆင်ဖြူတော် (၁၇)**

သူငယ်နာ၀မ်းပုပ်ချဆေး။ ။ ကြွေတစေ့မီးဖုတ်, ဆင်ချင်း, ဆင်ရွေးဖြူပြုတ်အခွံသင်, ပရုတ်, မဟာကာကြီး, ပဲဆိပ်နီ- ဤဆေးတို့ကိုအမျှစုကြိတ်၊ ကြိတ်သောအခါ ရွှေငွေ ဆန်ပန်း ကွမ်းယာ လက်ဖက်အစုံကို ကျောက်ပျဉ်လေးထောင့် ပေါ်မှာ တင်၍ထား၊ အသုံးကား- ၀မ်းကျစေလိုသော် ပိုးဟပ်ချေး ခန့်ခွဲ၊ များများကျစေလိုလျှင် တမြိတ်သီးခန့်ခွဲ၊ အပုပ်အစပ်ရှိသမျှ ကျလျှင်ရပ်၏။

ဖ၀ါးလေနာ, ပါဒရက်သွေးလေ, သွေးငန်းသွေးကြွက်, မြေစုန်း, သစ်စုန်း, ရောဂါအတွက် ရေချင်းရားနက်, ရာဇ၀င်, ပျဉ်းတော်သိမ်, ခပေါင်းကြီး, မိုးကြိုးသွား, ဆင့်စွယ်, ဆေးပုလဲ, သစ်ကြပိုး, နံ့သာနီ- ဖြူ့ ကတိုးပြက်၍ (ကတိုးထည့်၍) အမှုန့်ပြု လှိုင်လှိုင်ရှူပေးပါလေ။

ခြေလက်ဦးခေါင်း- ကိုယ်အင်္ဂါတို့၌ အသားအရေကွာ၍ အရေလသဟဲ့သို့ဖြစ်သော မီးယပ်ပါဒရက်နာအတွက်ဆေးကား- ရှိန်းခို, လက်ချား, ချယားစေ့အဆံ, ပန်းဥ, ပန်းနု, ချင်းခြောက်, ပိတ်ချင်း, ငရုတ်ကောင်း, လင်းလေ, ကပ်ဖို့, သစ္စာပန်း, ငှက်စွေ့စာ, တမာရွက်, စသာဆန်, နကျယ်အိမ်, စစ်မြစ်, ခရမ်းပိမ့်ခွဲ, ချင်းစိမ်း, မြင်းသွား, ဆင်အံ, လူ့ခေါင်းခွံ, ကြွေပုပ်, ပင်လယ်ရေမြှုပ်,

ခရုသင်းဖုတ်, ယောက်သွားဖုတ်, နွားစားငုတ်, ကန့်ချုပ်နီ, သင်ပန်း, ဆေးဒန်း, ကန့်တိုက်, နရပသီ, ပဲစိပ်နီ, စမုန်မျိုးငါးပါး, သိဒ္ဓေ, ဇာတိပ္ပိုလ်, မရိုး, ခပေါင်း, ခါး, ကတိုး, နံ့သာမျိုးငါးပါး, မြေရှစ်ပါး, စကားပွင့်, ကြာမျိုးငါးပါး, ကာလကဏ္ဏီ, ကျောက်မျိုးငါးပါး, ကနခိုစေ့, မဟာကာ, တွင်းနက်ကြီး, ကံ့ကော်ဝတ်ဆံ, တမာစေ့, ကြောက်ပန်းစေ့, ပေါက်စေ့, ဇီယာ, ကန့်ပလူ၃, ခနောက်စိမ်း, ကုက္ကိုမံ- ၎င်းဆေး ၇၁- ပါးကိုအမှုစု၊ အညက်ကြိတ်၊ နွာရှုလေ၊ သိယံ်ာကလျာဏီဆေးခေါ်၏၊ (သမားစဥ်ကုထုံးကျမ်းမှ)

ဤဆေးတွင် ကြက်သွန်ဖြူ, ကြက်သွန်နီထည့်၍ မျက်စဥ်းခတ်၊ ၎င်းမျက်စဥ်းကိုပင် သကာရည်နှင့်ကြိတ်၍ ဇီးကင်းခန့် ညနံနက်စား၊ သည်စားဆေးကို ကနခိုနန်းချင်းထည့်၍ ဝမ်းနုတ်လေ၊ မီးယပ်ပါဒရက်နာ ဆေးတည်း။

သွားနာရေစီးကမ်းပြိုဆေး။ ။ ဆင်အံကိုအကျွမ်းဖုတ်၊ ၎င်းနှင့် အမျှစီ လက္ခားမီးပေါက်, လေးညှင်းပွင့်မီးသင်း- ၎င်းသုံးပါးတွင် ဒုတ္ထာအနည်းငယ်သင့်ရုံထည့်စွက်၍ လေလုံစွာထား၊ သွားနာ, ရေစီးကမ်းပြိုနာဖြစ်သော် သွားရင်း၌သိပ်ပေးပါ၊ နေ့စဥ် ဖန်ရည်ကိုလည်း ငုံပေးပါ၊ ဖန်ရည်မှာ ကျောက်ချဥ်, လဘက်ခြောက် တမျိုးဖြစ်စေ, ၂-မျိုးလုံးဖြစ်စေပြုလုပ်ပါလေ။

သန္ဓေတည်ဆေး။ ။ ပဋိသန္ဓေရှိသော ဆင်မ၏အမြီးကို ဆင်မြီးလက်စွပ်ကွင်းဝတ်ပါက ၁- သန္ဓေတည်စေသည်၊ ၂- မွေးဖွား လွယ်သည်။

မက်ခရုဖြစ်သော်- ဆင်အံကိုဆန်ဆေးရေနှင့် သွေးလိမ်းက ပျောက်ကင်း၏။

ပါးချိတ်ရောင်သော်- ဆင်အံကိုသွေး၍ ပါးချိတ်ရောင်ရာ၌ လိမ်းက ပျောက်ကင်း၏။

ရေငတ်ဝမ်းကျဖြစ်သော်- ဆင်ရိုးကိုသွေး၍တိုက် ပျောက်၏။

နှင်းခူနာဖြစ်သော်- ဆင်ခွာကိုပြာချ၍ ဂုင်းပြာကို အုန်းဆီနှင့် လိမ်းပေးက ပျောက်ကင်း၏။

## ဆီးရောဂါနိုင် ဆင်သိုဆေးနည်း

ဆေးမြတ်လက်ာ၊ တနည်းသာစိမ့်၊ ငါးဖြာ့စမုန်၊ ငါးပုံ ကျောက်မြတ်၊ ငါးပါးကပ်နှင့်၊ တောလပတ်-ရုံ့ပတူ၊ လိုကျူ- ရေတကျည်း၊ မြစ်ချည်းယူနှော၊ ကလော-ချေးညို၊ ရှိန်ခိုနံဖြူး၊ အဆူးလိပ်ကျောက်၊ ဆင်ပေါက်၏လိင်၊ ကွန္ဒနီလာ၊ မသာရဂလ်၊ ထက်ချွန်ဖြူဆူး၊ ရေမြုးပျော်ပိုက်၊ လိပ်တိုက်ခေါင်းကြွေ၊ ပေါင်းတွေ

ယှဉ်မှီး၊ ရွက်သီးကရဝေး၊ ဖြူဖွေးလက်ချား၊ ထွေပြားဆန်းကြယ်၊ ပင်လယ်ရေမြှုပ်၊ သရုပ်ဤမျှ၊ တေတ္တိသကို၊ သမညီစေ၊ ကြိတ်ညက်ကြေသော်၊ ရေနွေးတခါ၊ သမ္ဗရာလှည့်၊ ဝမ်းရိပ်ကြည့်၍၊ ဆားထည့်ဖျော်သုံး၊ အပူရုံး၍၊ အူဆုံးထွက်မြောက်၊ ကျောက်ဆို့ကျောက်တည်၊ ကျင်ရည်လမ်းလွဲ၊ ရိစွဲဖြူနီ၊ ဂရင်ဂျီတသီး၊ ခါးမီးတင်ညောင်း၊ သက်တန့်ခေါင်းကို၊ လွတ်ကြောင်း မနေ၊ ချမ်းသာစေသည်။ ။ ညာကြေပက်လွှဲ့ ကျော်သဲတည်း၊ (နရမာလာ-မုတ္တယာတ်, မုတ္တကိစ် ဆေးလက်ာ)

မိမိတို့ ဆေးပညာသင်ယူစဉ် ကျေးဇူးရှင်ဆရာတော်ဘုရားကြီးသည် ဖေါ်ပြပါဆေးနည်းကို ဆီးရောဂါ အမျိုးမျိုးအတွက် လွန်စွာအကျိုး သက်ရောက်သည်ဟု မိန့်ဆိုပြီးလျှင် သင်ကြားပို့ချပေးတော်မူ၏၊ ဆရာတော် ကိုယ်တိုင်လည်း ဝေဒနာရှင်များအတွက် အမြဲသုံးစွဲသည်ကို တွေရ၏၊ မိမိတို့သုံးစွဲရာ၌လည်း ဆီးရောဂါ အမျိုးမျိုးအတွက်နှင့် ဆီးကိုအကြောင်းခံ၍ ဖြစ်သော မီးညောင့်ရိုးနှင့် ပတ်သက်သောရောဂါ, ခါးနာခြင်း, စအိုလျှောခြင်း, အူဆုံးထွက်ခြင်းစသော ရောဂါအမျိုးမျိုးအပြင် ကျောက်တည်ရောဂါအမျိုးမျိုး, ကျင်ချောင်းတွင်ကျောက်ဆို့သော ရောဂါအတွက်နှင့် ဆီးရှိလျက် ဆီးမဆင်းသော မုတ္တယာတ်ရောဂါ အတွက် ထူးကဲစွာ အကျိုးတက်ရောက်သည်ကို တွေ့ရပါသည်။

ဤနေရာ၌ ဆေးနည်းကိုရှင်းလင်းဖော်ပြမည့် နေရာမျိုးမဟုတ်ငြားလည်း ဆင်သို-ဆင်လိင်နှင့် ပတ်သက်ပြီး အကျိုးသက်ရောက်ပုံကို ဖော်ပြလိုသည်လည်းတကြောင်း၊ များလှစွာသော ဆီးရောဂါရှင်များသို့ ငွေမကုန်လူမပန်းဘဲ သုံးစွဲလိုက သုံးစွဲကြစေလိုသည်လည်းတကောင်း ဖြစ်၍ ဆေးနည်းလက်ာကို ရှင်လင်းချက်နှင့် တကွ ယှဉ်တွဲပြီး ပြလိုက်ပါသည်။

| | | |
|---|---|---|
| ငါးဖြာစမုန် | ၅ | စမုန်မျိုးငါးပါး |
| ငါးပုံကျောက်မြတ် | ၁၀ | ကျောက်မျိုးငါးပါး |
| ငါးပါးကပ်နှင့် | ၁၅ | ကပ်မျိုးငါးပါး |

(ပုံပြဆေးအဘိဓာန် တွင် အပြည့်အစုံဖော်ပြထားသည်)

| | | |
|---|---|---|
| ထောလပတ် | ၁၆ | ထောလပတ်မြစ် |

(အချို့စာမူ၌ ထောပတ်ဟုများရေးထားသည်)

| | | |
|---|---|---|
| ရုံ့ပတူ | ၁၇ | ငါးရုံ့ပတူဖြစ်၊ |
| လိုကျူ | ၁၈ | အလိုကျူမြစ်၊ |
| ရေတကျည်း | ၁၉ | ရေတကျည်းမြစ်၊ |
| ကလောချေးညို | ၂၁ | ကလောသီး, ချေးသီး၊ |
| ရှိန်းခိုနံ့မြူ | ၂၂ | ရှိန်းခိုမီးဖောက်ထည့်၊ |
| အဆူးလိပ်ကျောက် | ၂၃ | လိပ်ကျောက်ဆူး၊ |

| | | |
|---|---|---|
| ဆင်ပေါက်၏လိုင် | ၂၄ | ဆင်သို (ဆင်ပျို၏သို၊ ဆင်အို၏ သိုကိုလည်း မရသော် ထည့်နိုင်သည်) |
| ကွန္တနီလာ | ၂၅ | ကွန္တနီလာကျောက်၊ |
| မသာရဂလ် | ၂၆ | မသာရဂလ်ကျောက်၊ |
| ထက်ချွန်ဖြူဆူး | ၂၇ | ဖြူဆူး၊ |
| လိပ်တိုက်ခေါင်းကြွေ | ၂၈ | လိပ်တိုက်ခေါင်းနှင့် ကြွေပုပ်၊ |
| ရွက်သီးကရဝေး | ၃၁ | ကရဝေးသီး- ၎င်းအရွက်၊ |
| ဖြူဖွေးလက်ချား | ၃၂ | လက်ချား၊ |
| ပင်လယ်ရေမြှုပ် | ၃၃ | ပင်လယ်ရေမြှုပ်၊ |
| တေတ္တိသကို၊ သမညီစေ | | အားလုံးဆေးဘက် အမျိုးပေါင်း ၃၃-မျိုးကို အမျှစီစု၊ |

အမှုန့်ပြု၍ ရေနွေးနှင့် တခါသောက်ပါ၊ သမွာရာရေနှင့် တလှည့်သောက်ပါ၊ ဝမ်းအခြေအနေကိုကြည့်၍ ဝမ်းချုပ်သော် ဆားစွက်၍သုံးပါ။

ဖော်ပြခဲ့သည့်အတိုင်း ဆေးဘက်တွင် ဆင်၏အသုံးဝင်ပုံကို ဆရာစဉ် သမားစဉ်ရိုးရာတခွင် မည်မျှအထိ အသုံးဝင်ပုံကို မဆိုထားဘိ ဆင်အမည်ပါသော ဆင်နှာမောင်းပင်, ဆင်ကဒက်ပင်, ဆင်ငိုမြက်, ဆင်တုံးမနွယ်, ဆင်ခရမ်း, ဆင်ပိတ်ချင်း,

ဆင်နီကြီးပင်, ဆင်နီကလေးပင်, ဆင်ကဖို (မင်းကိုကာဖြူ) ဆင်ပြာသဲ, ဆင်ခေါင်းပဲ စသော အပင်များပင်လျှင် လူသားတို့အတွက်ဆေးအဖြစ်ဖြင့်မည်မျှအသုံးဝင်သည်ကို မိမိတို့ပြုစုထားသောပုံပြဆေးအဘိဓာန် (ပ) တွဲတွင် ကြည့်ရှုလေ့လာပါက သိရှိနိုင်ပါလိမ့်မည်။

ဎင်းအပင်တို့တွင် ဆင်နှာမောင်းပင်ကို ပြာချ ဆားချက်ပြီး ဆီးရောဂါအတွက် အသုံးပြုပါက ထူးကဲစွာအကျိုး သက်ရောက်သည်ကို တွေ့ရပါသည်၊ ဎင်းပြာကို လျှာနာ, အာနာတို့၌အမှုန့်ကို သိပ်ပေးပါက လွန်စွာပြင်းထန်နေသော လျှာ, အာတို့တွင် နီမြန်းရိရွဲ ပေါက်ပြဲပွဲရွဲ့နေသော အနာများ မြစ်ချင်းပြီးပျောက်ကင်းသည်ကို တွေ့ရပါသည်။

## ဆင်အကြောင်းအရာနိဂုံး

ဖော်ပြခဲ့သည့်အတိုင်း ဆင်နှင့်စပ်လျဉ်း၍ သိဖွယ်, မှတ်ဖွယ်ရှိသမျှ မကြွင်းမကျန်ရအောင် သိစေလို မှတ်စေလိုသောဆန္ဒပြင်းစွာဖြင့် တတ်နိုင်သမျှ စုဆောင်းရေးသားခဲ့ရာ အပြီးအဆုံးသို့ရောက်ပြီဟု ဆိုနိုင်ပါပြီ။

" မကြွင်းမကျန်ရအောင်" ဟုဆိုသည်မှာ ဆင်နှင့်စပ်လျဉ်းလာလျှင် ကုန်းဆင်, ရေဆင်, ဆင်ဖြူ, ဆင်မဲ, မင်းသုံးဆင်, ပြည်သူပြည်သား သုံးဆင်, သက်ရှိဆင်, သက်မဲ့ဆင်နှင့် ဆင်လက္ခဏာ, ဆင်နိမိတ် (အိပ်မက်) မှ မကျန်ရအောင် မဟာဇနကမင်းသား ဂုဉ်းကစားရာ၌ဆိုသော (စလေဦးပုညရေး) ဒိုးကြိမ်းကဲ့သို့ စုံလင်အောင် ရေးသားသည်ဟု ဆိုလိုပါသည်။

ဇနကမင်းသား- ဒိုးကြိမ်းမှာ-

" လာလေဟဲ့ ဒိုး. . . သည်တပွဲတွင်ဖြင့်၊ လက်ဝဲချိုးလိုက်မည်၊ ဒိုးဒိုးဒိန့်၊ နိုးနိုးနိမ့်၊ အိုးထိန်းစက်နှယ်၊ ဇယ်ဘရာခွင်တောင်၊ ကွင်းလုံးကျွတ်လို့ပြောင်ရမည်၊ ခါးပိုက်ဆောင်အိတ်တွင်း၊ အိမ်မှာကြွင်းရစ်တဲ့၊ ဂုဉ်းမှမကျန်ရဘူး၊ ဒူးထဲကဂုဉ်းဆံ၊ နင်ဘယ်မှာပုန်းမတုံး၊ ပြုန်းရအောင်ကြဲရော့၊ ချုံဖျားတခွင်လုံးဂုဉ်းပင်၊ မြင်မြင်သမျှဂုဉ်းတောင့်၊ တတောင့်နှင့်တတောင့်၊ ကြက်ဖချင်းဆောင့်သည့်နှယ်၊ တအောင့်လောက်အနေ၊ ပင်လုံးကျွတ်ကြွေရမည်၊ အောင်ပါလေသည်တပွဲတွင်ဖြင့်၊ လက်ဝဲကိုချိုးလိုက်မည်၊ မိုးကြိုးသံဟိန်းရော့လဟယ်. . . " ဟူ၏။

ဤဒိုးကြိမ်းတွင် ဂုံညင်းမှန်လျှင် သစ်ပင်ချုံနွယ်ရှိ ဂုံညင်းကို မဆိုထားနှင့်၊ လူ့ဒူးခေါင်းထဲက ဂုံညင်းတောင်မကျန်စေရ၊ အကုန်သိမ်းကြုံးပြီး အနိုင်ယူရမည်ဟု ဆိုထားသကဲ့သို့ ဆင်နှင့်စပ်လျဉ်းသမျှ အကြောင်းအရာတို့ကို လက်လှမ်းမီသမျှ စုဆောင်းလျက် ဖော်ပြထားပါသည်၊ သက်ရှိဆင်နှင့်တူအောင် ပြုလုပ်ထားသော ဆင်ရုပ်မှမကျန်ရအောင် ရေးသားဖော်ပြထားရာ စာပြုသူအနေဖြင့် အဘိဓာန် (သားငါးကျေးငှက်) ကျမ်းအနေအထားအား လျော်စွာ အပြီးအဆုံးသို့ရောက်ပြီဟု ဆိုနိုင်ပါသည်။

သို့ဆိုနိုင်သော်လည်း ဤမျှဖြင့် ကမ္ဘာပေါ်ရှိ ဆင်အားလုံးကို သိမ်းကြုံးပြီး (ပြည့်စုံပြီး) ဖြစ်ပြီဟူ၍ကား မဆိုနိုင်ပါချေ၊ သက်ရှိသက်မဲ့ မည်သည့်အရာမဆို နက်နဲကျယ်ဝန်းများပြားလျက်ရှိသောကြောင့် တကျမ်းတဖွဲ့, တပိုင်းတကဏ္ဍဖြင့် ပြည့်စုံပြီ-ဟု မဆိုနိုင်ခြင်းမှာ ဓမ္မတာသဘောတရပ်ဖြစ်ပါသည်၊ သို့ဖြစ်စေကာမူ သမုဒ္ဒရာအတွင်းမှ ရေတစက်ယူ၍ မြည်းကြည့်ကာမျှဖြင့် သမုဒ္ဒရာတွင် ကျန်သမျှရေတို့၏ အရသာကိုအကဲခတ်ဆုံးဖြတ် နိုင်သကဲ့သို့ ဤဥပမာမခြား ဖော်ပြထားသော ဆင်အကြောင်းအရာကို ကြည့်ခြင်း လေ့လာခြင်းဖြင့် ဇာတ်တူသဘာဝတူဖြစ်သော ဆင်အားလုံးတို့၏ သဘာဝကို အကဲခတ်-ဆုံးဖြတ်နိုင်လောက်ပြီဟု ယူဆထားပါသတည်း။

---

ပ.ဆ.သ.၈ - ၁၄/၉.၁၁.၀၁ (၂၀၀၀) လက်သို့



- ဆင်ဖြူတော်သည် မည်မျှအားရှိသနည်း။
- ကောင်းကင်သို့ ပျံနိုင်သော ဆင်များရှိပါသလား။
- ဆင်ပျံသည်ဆိုလျှင် အတောင်ပံပါသလား။
- စကြဝတေးမင်း၏ ဆင်ဖြူတော်ရတနာသည် မည်သို့သော ဆင်အမျိုးအစားဖြစ်ပါသလဲ။
- ဆင်ပြောင်ငါးစီးအားကို ဆောင်နိုင်သည့် အမျိုးသမီးဆိုသည်မှာ ရှိခဲ့ဖူးပါသလား။